www.burmeseclassic.com

# တောင်မှူးကြီးသိန်းဝင်း

## အီဒါးကျွန်းသလုံနတ်ဘုရားရတနာသိုက်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၄၊ ဩဂုတ်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ *Myat Min Han (New Idea)*
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Zin Oo & Brothers*

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ . ၈၃
သိန်းဝင်း၊ ထောင်မှူးကြီး
အီဒါးကျွန်းဆလုံနတ်ဘုရားရတနာသိုက်/ထောင်မှူးကြီးသိန်းဝင်း။
–ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၄။
၂၀၀–တ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) အီဒါးကျွန်းဆလုံနတ်ဘုရားရတနာသိုက်

BURMESE CLASSIC

## ကျေးဇူးတင်လွှာ

စာအုပ်စာတမ်းများ အကူအညီပေးသော သည်းထိတ်ရင်ဖိုမဂ္ဂဇင်းနှင့် ဂမ္ဘီရလောက မဂ္ဂဇင်းအယ်ဒီတာ ဦးဝေလွင်မြင့်မောင်နှင့် အတွေ့အကြုံများအားပြောပြသော ရှေ့နေကြီး ဦးဇော်မင်း၊ မြိတ်မြို့မှ ပံ့ပိုးကူညီကြသော မိတ်ဆွေအပေါင်းအသင်း အားလုံးတို့အား ကျေးဇူး အထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ အမှာစာ

'မရှိခဏ'ဟူသော လုံးချင်းဝတ္ထုရှည်ကို ကျွန်တော် ၂၀၀၃ ခုနှစ် ဇွန်လအတွင်းက ရေးသားပြီး ထုတ်ဝေဖြစ်ခဲ့သည်။ ကျွန်တော့်တပည့် ဖောက်ထွင်းဝိဇ္ဇာ ပုဏ္ဏားတင်ဦး ကိုးကွယ်၍ဆရာတင်ထားသော အင်းဝမြို့မှ သူခိုးကြီးတေက်ပြား၏ ဘုရားအမည် 'မရှိခဏ'ဟူသည်ကိုလည်းကောင်း၊ ကျွန်တော်နှင့် တပည့်များမှာ ရတနာ မှဆိုးများပီပီ မကြာခဏရတနာသိုက် မြေပုံညွှန်းများရကြပြီး ဖော်ထုတ်နိုင်သဖြင့် ရတနာရွှေငွေများ အစုအပုံ လိုက်ရကြသည်။

သို့သော် အလှူအတန်းရက်ရောသဖြင့်လည်းကောင်း၊ အသုံးအဖွဲ့ ကြီးသဖြင့် ငွေးဥစ္စာပစ္စည်းများမှာ မမြဲ။ တွန့်တိုခြင်းလည်း မရှိခဲ့။ ကျွန်တော်နှင့် တပည့်များမှာ မြန်မာနိုင်ငံအနှံ့ လှည့်ပတ်သွားလာရင်း ရတနာသတင်း အနံ့ခံ၍ ရတနာသိုက်ရှာဖွေရေးသမားများ၊ ခွန့်စားသူများ၊ တောမှဆိုးများ ဖြစ်မှန်းမသိဖြစ်လာကြသည်။

လိုအစ်လျှင် အဓိက ငွေကြေးထောက်ပံ့သူမှာလည်း ကျွန်တော်၏ ငယ်ချစ်ဟောင်း၊ မန္တလေးမြို့မှ 'ယွန်းပွင့်စံ' ရတနာဆိုင်ပိုင်ရှင် မကြီးဖြစ်

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

သည်။ ထို့ကြောင့် ကျွန်တော်တို့တွင် ဥစ္စာပစ္စည်း မပြည့်စုံသော်လည်း မရှိလျှင် ခဏသာဖြစ်သည်။ အကျိုးပေးကံအလျှောက် ဟိုနေရာက သည်နေရာက ငွေငွေ အစုလိုက်၊ အပုံလိုက် ရနေတတ်သည်။

ယခုလည်း ကျွန်တော်၏ စာဖတ်ပရိသတ်များ တောင်းဆိုချက်အရ ဖောက်ထွင်းဝိဇ္ဇာတပည့်များဖြင့် ပေါင်းပြီး မြိတ်ကျွန်းစုရတနာသိုက်ရှာဖွေရေးလုပ်ငန်းအား ရေးသားလိုက်ရပြန်ပါသည်။ ဤဝတ္ထုမှာ 'မရှိခဏ' ဝတ္ထု၏ အဆက်ဟူ၍လည်း ဆိုနိုင်ပါသည်။

စာဖတ်ပရိသတ်များကို အစဉ်လေးစားလျက်
တောင်မြူးကြီးသိန်းဝင်း

အခန်း[၁]

## မရှိခဏ ဝတ္ထုဇာတ်လမ်းအကျဉ်း

❑

၂၀၁၀ ခုနှစ်ကျော်ကာလ တစ်ခုသော နွေဦးပေါက်ရာသီတွင် ကျွန်တော်နှင့် တပည့်လက်သားစုံညီစွာ ကျောက်ဆည်နှင့် မန္တလေးမြို့များသို့ ခရီးထွက်ကြရင်း လမ်းတွင် အဝေးပြေးကားကြီး ပျက်နေသဖြင့် ဒုက္ခရောက်နေသောမွေးဖွားလုဆဲဆဲ မွေးလူနာဖြင့် ဆုံသဖြင့် ကူညီပြီး နေပြည်တော်ဆေးရုံသစ်ကြီးသို့ အချိန်မီပို့ပေးနိုင်သဖြင့် ချောမောစွာ မွေးဖွားနိုင်ခဲ့သည်။

မွေးလူနာ၏ ညီမတော်သူ၊ ဆရာမလေး စန္ဒီနွယ်က ကျွန်တော်တို့အဖွဲ့အား ကျေးဇူးတင်သဖြင့် ကျောက်ဆည်မြို့ ခရီးကြုံတွင် သူတို့နေထိုင်ကြသည့် မိဘများအိမ်သို့ ဝင်လည်ရန် စာရေးပေးသောကြောင့် ဝင်လည်ကြရာမှ ဆရာမလေး စန္ဒီနွယ်၏ ဘခင်ဖြစ်သူ အငြိမ်းစားတောခေါင်းကြီးက ကျေးဇူးဆပ်သောအနေဖြင့် ကြေးနီပုရပိုက် (ရတနာမြေပုံ) တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ပေးရာ၊ အသုံးလုံးလုပ်အားပေး ကျောင်းဆရာလုပ်ခဲ့သော ကျေးရွာများနှင့် မြစိမ်းဘုရားအား ဖွံ့ဖြိုးရေးကိစ္စများလုပ်ပေးပြီးသည်နှင့် ကျွန်တော်တို့ပူဦးမနား သစ်တောကြိုးဝိုင်းအတွင်းရှိ 'ဒိမ်ရှေ့မြောင်စခန်း' အား သစ်တောအုပ် ဦးကျော်စိန်ဝင်းတို့ လက်နက်ကိုင်သစ်တောအဖွဲ့နှင့် တောနင်းရှာဖွေစဉ်၊ သစ်ခိုးသမားများနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပြီး ရတနာမြေပုံရှိသည့် သိုက်အား ရှာဖွေတွေ့ရှိသော်လည်း ထိုမြေပုံက မြိတ်ကျွန်းစုဘက်သို့ ညွှန်းပြနေသဖြင့် ခေတ္တရပ်နားကြရပြန်သည်။

ကျေးရွာများ ဖွံ့ဖြိုးရေး၊ ဘုရားနှင့်လမ်း၊ လျှပ်စစ်မီးသွယ်တန်း၍ တပေါင်းလဘုရားပွဲအပြီး မန္တလေးမှ ကျွန်တော်၏ ငယ်ချစ်ဟောင်းမမကြီး ၏သမီး ယွန်းပွင့်စံနှင့် ဆရာဝန်ကလေး မောင်ဇော်တို့ 'မင်္ဂလာပွဲပြီးမှ ဟန်းနီးမွန်းထွက်ရင်း မြိတ်ကျွန်းစုတွင် ရတနာသိုက်ပါရှာဖွေရန် 'မရှိခဏ' လုံးချင်းဝတ္ထု၌ ရေးသားဖော်ပြခဲ့ပါသည်။

✿ ✿ ✿

□

မြစိမ်းဘုရားတပေါင်းပွဲတော်ကြီးကို (၇) ရက်တိုင်တိုင် စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။ ယခင်က လူသိနည်းသော တံတားဦးသွား ကားလမ်းအနီး ပန်းလောင်မြစ်ကမ်းဘေးမှ မြစိမ်းဘုရားနှင့် အုန်းလက် ကောက်ရွာ။ နန္ဒီတောင်ရွာ၊ မြောက်ရွာ၊ နေပူရွာ၊ ကုန်းသာရွာတို့မှာ လျှပ်စစ်မီးတထိန်ထိန်၊ ပြန့်ပြူးသော အင်္ဂတေလမ်းကြီးကြောင့် ဘုရားပွဲတော် ရက်အတွင်း၌ပင် ထင်ရှား၍ လူသိများလာသည်။ အမရပူရလေယာဉ်ကွင်း ဖြင့်လည်း နီးပြီး ကျောက်ဆည်မြို့နယ်တွင် ထင်ရှားကျော်ဇောသော အုန်း လက်ကောက် ဆရာတော်ဘုရား၏ ဌာနေဖြစ်သဖြင့်လည်း မကြာမီ တောမြို့ ကလေးတစ်မြို့ ဖြစ်လာပေလိမ့်မည်။

ဘုရားပွဲပြီးတော့ ငွေစာရင်းရှင်းတမ်း လုပ်သည်။ လမ်းလုပ်ငန်း လျှပ်စစ်မီးတိုင်နှင့် မီးကြိုးသွယ်တန်းခြင်း၊ ထရန်စဖော်မာဝယ်ယူခြင်း၊ ဇာတ် ပွဲအငြိမ့်ပွဲငှားခ၊ မြစိမ်းဘုရားအား ဘက်စုံမွမ်းမံပြင်ဆင်ခြင်း၊ ကျေးမွေးစရိတ် နှင့် အထွေထွေ ကုန်ကျစရိတ်များ နုတ်ပြီးသော်လည်း သိန်း (၅၀၀) ကျော် ပိုနေသေးသည်။ အလှူရှင်များ လှူဒါန်းထားသော ရွှေငွေ၊ လက်ဝတ်လက် စားအဖိုးတန်ပစ္စည်းများမှာ ဘုရားဌာပနာတိုက်တွင် ထည့်သွင်းလှူဒါန်းထား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်သော်လည်း ကျွန်တော်တို့ရရှိထားသော ချစ်တီးတိုက်ဝါကြီးများအထဲမှ ရွှေဒင်္ဂါးများပါ ရတနာကွမ်းအစ်ကြီး (    ) လုံးကို ကျောက်ဆည်မြို့ မြန်မာ့စီးပွားရေးဘဏ် (SAFE BOX) ထဲမှ လုံးဝထုတ်သုံးခြင်း မပြုရသေးပါ။

အုန်းလက်ကောက်ဆရာတော်က ...

"ကဲ ... ဒကာကျောင်းဆရာ၊ ကောက်ခံရရှိငွေ၊ လှူဒါန်းငွေတွေနဲ့ အသုံးစရိတ်ရှင်းတမ်းကို စေ့စပ်သေချာစွာ ရှင်းလင်းပြီးပါပြီ။ နောင် ဆက်လုပ်ရမဲ့ တာဝန်တွေအတွက် ဂေါပကအဖွဲ့ ပြန်ဖွဲ့ဖို့ လိုပြီ။ အခု တစ်ထိုင်တည်း လူစုံတုန်း လုပ်လိုက်ကြရအောင်"

"မှန်ပါ့ဘုရား ... ဂေါပက ဥက္ကဋ္ဌကတော့ ဆရာတော်ဘုရားပဲ ဆက် လုပ်စေချင်ပါတယ်ဘုရား။ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်တွေတော့ ပြန်ရွေးကြတာပေါ့ဘုရား"

"အတွင်းရေးမှူးက ကျောင်းဆရာလုပ်မှ ဖြစ်မှာပေါ့"

"တင့်ပါဘုရား ... အတွင်းရေးမှူးဆိုတာက ဥက္ကဋ္ဌနဲ့ အနီးကပ်နေမှ ဖြစ်မှာပါဘုရား။ တပည့်တော်ကို အဖွဲ့ဝင်တစ်ဦးနေရာလောက်ပဲ ပေးပါ ဘုရား"

"နို့ ... အဲ့ဒါဆို ဘယ်လိုရွေးကြမလဲ"

"တပည့်တော် စီစဉ်ထားပါတယ် ဘုရား။ အများသဘောမတူရင်လည်း ပွင့်ပွင့်လင်းလင်း ကန့်ကွက်နိုင်ပါတယ်"

"အတွင်းရေးမှူးကတော့ အုန်းလက်ကောက်ရွာ ဥက္ကဋ္ဌ ဦးသာနိုးကလုပ်ပြီး ဘဏ္ဍာရေးမှူးက နန္ဒီတောင်ရွာသူကြီး ဦးခေတ်မို၊ အဖွဲ့ဝင် (၁) က နန္ဒီမြောက်ရွာသူကြီး ဦးလှထွန်းက လုပ်ပါ။ အဖွဲ့ဝင် (၂) ကတော့ ကျွန်တော်လုပ်ချင်ပေမဲ့ ခရီးဝေးတာကြောင့် ကုန်းသာရွာက ဦးအောင်သန်းက လုပ်ပါ"

"ဒါဖြင့် ကျောင်းဆရာလေးက ဘာလုပ်မှာလဲ"





"တပည့်တော်က အဝေးရောက်မို့ အတိုင်ပင်ခံအကြံပေး လုပ်ပါ့မယ်။ ငွေထုတ်၊ ငွေသွင်း ဘဏ်လုပ်ငန်းဆိုင်ရာကိုတော့ (JOINT) လုပ်ထားပြီး ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး (၃) ဦးလက်မှတ်စုံမှထုတ်၊ သွင်းလို့ရတဲ့စနစ်ကို လုပ်စေချင်ပါတယ်"

ဆရာတော်က ...

"ကဲ ... အာလုံး သဘောတူကြသလား"

"တူပါတယ်ဘုရား"

"အေး ... သဘောတူရင်လည်း ဘုန်းကြီးမိန့်မယ်။ ငွေသွင်းတာကတော့ ကိစ္စမရှိဘူး။ ငွေထုတ်ရင်တော့ ဒကာကျောင်းဆရာလေးဆီ ဖုန်းဆက်။ သူ သဘောတူမှလုပ်၊ တကယ်တော့ ဒီငွေတွေဟာ ကျောင်းဆရာလေးရှာဖွေထားတာ။ သူ့အလှူငွေက အများစုပဲ၊ ကြားကြရဲ့လား"

"တင်ပါ့ဘုရား"

အစည်းအဝေးပြီးတော့ ဘုရားပွဲတော်ပိုငွေ သိန်း (၅၀၀) ကျော်အား နောက်တစ်နေ့တွင် ဘဏ်အပ်ရန် ဆုံးဖြတ်ကြပြီး လျှပ်စစ်မီးသွယ်ရန် ငွေကြေးလိုအပ်သော အိမ်များအား (၅/) အတိုးနှုန်းဖြင့် ထုတ်ချေးရန်၊ ကောက်ပဲသီးနှံပေါ်ချိန်ပြန်ဆပ်ရန်၊ သက်ဆိုင်ရာရွာသူကြီးနှင့် ဆယ်အိမ်ခေါင်းများက ထောက်ခံမှ ထုတ်ချေးရန် ဆုံးဖြတ်ကြသည်။

ကိစ္စအဝဝပြီးတော့ နေ့လယ်စာ ဘုန်းတော်ကြီးကျောင်းတွင် စားကြပြီး ကျွန်တော်တို့ ဆရာတော်နှင့် သက်ဆိုင်ရာ ရပ်မိရပ်ဖများအား နှုတ်ဆက်ကန်တော့၍ မန္တလေးသို့ ပြန်တက်ခဲ့ပါသည်။ သမီး ယွန်းပွင့်စံနှင့် ဆရာဝန်ကလေးကိုဇော်တို့ မင်္ဂလာဆောင်ရန် ကိစ္စနှင့် ပြင်ဦးလွင်မြို့၊ မိုးမခစံအိမ်သစ်ဆောက်လုပ်ရန် ကိစ္စများက ရှိပါသေးသည်။

ထိုနေ့ညနေစောင်း၊ မန္တလေးအိမ်ပြန်ရောက်တော့ ကောင်းစွာအနားယူကြရင်း မင်္ဂလာဆောင်ကိစ္စနှင့် မိုးမခစံအိမ်ဆောက်လုပ်ရန်ကိစ္စ၊ မြိတ်ကျွန်းစုသို့ခရီးထွက်ရန် ကိစ္စများအား၊ ကျွန်တော်မမကြီးနှင့် တိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးကြသည်။ တပည့်များကတော့ ခြံတွင်းဆင်း၍ သရက်ပင်ရိပ် ခုံ ဝိုင်းတွင် ဝိုင်းဖွဲ့စားသောက်ရင်း အပန်းဖြေနေကြသည်။ ယွန်းပွင့်စံနှင့် ဆရာဝန်ကလေး မောင်ဇော်တို့ကတော့ မောင်ဇော်မိဘများ အိမ်သို့ လိုက် သွားကြသည်။

"မောင်မောင် . . . သမီးတို့ မင်္ဂလာကိစ္စကတော့ မန္တလေးဟိုတယ် မှာ စီစဉ်ထားတယ်။ မင်္ဂလာအခမ်းအနားအပြီး ညစာစားပွဲလည်း ပါတယ်။ အဲ့ဒီဟိုတယ်မှာပဲ သမီးတို့ (၂) ရက်၊ (၃) ရက်နေကြလိမ့်မယ်။ မိုးမခစံအိမ် သစ် ဆောက်လုပ်ရေးကိစ္စကတော့ မောင်မောင့်သဘောကျ စီစဉ်ပါ"

"အင်း . . . အကုန်အကျနည်းအောင် တိုက်ပျက်ကြီးက အုတ်တွေ ကို စံအိမ်ကြီးဝင်း ပြန်ခတ်မယ်။ အရင်အဆောက်အဦက သံထည်တွေက တော့ အင်္ဂလန်လုပ်သံထည်တွေမို့ အလွန်ကောင်းပြီး ခိုင်ခန့်သေးတယ်။ အဲဒါမျိုးတွေ ပြန်ဝယ်ရဖို့ မလွယ်တော့ဘူး။ ကျွန်တော်အရင် တစ်ထပ်တိုက် ကလေးဘဲ ပြန်ဆောက်ဖို့ ကြံရွယ်ထားပေမဲ့ ဆောက်လုပ်ရေးအင်ဂျင်နီယာ က (၇) ဆောင်မြိုင် အိမ်ကြီးဖျက်တော့ သံထည်တွေ အများအပြားရပြီး ပိုနေတာကြောင့် နှစ်ထပ်တိုက်ဆောက်ဖို့ အကြံပေးတယ်။

အခုခေတ်မီ အဆောက်အဦတွေမှာ အုတ်တိုင်၊ သစ်တိုင်မသုံး တော့ဘဲ သံထည်တွေပဲ သုံးတယ်တဲ့။ ဒါကြောင့် ပိုနိုင်ပြီး ပိုမြန်မယ်လို့ ပြောပါတယ်။ အပေါ်ထပ်၊ အောက်ထပ် အလယ်မှာ ဧည့်ခန်းကျယ်ကြီးတစ်ခု စီပါမယ်။ အိပ်ခန်းတွေကတော့ စင်္ကြံပတ်လမ်းနဲ့ အရှေ့ဘက်လှည့်၊ အနောက်ဘက်လှည့် ကျောချင်းကပ်တစ်ဖက် (၅) ခန်းစီ (၁၀)ခန်း ပါမယ်။ လှေခါးတစ်ဖက်မှာလည်း အဲဒီအတိုင်းပဲဆိုတော့ (၁၀)ခန်း။ အပေါ်ထပ်မှာ ချည်း အခန်းပေါင်း (၂၀)ပါတယ်။ ခေါင်းရင်းဘက်က အခန်းတွေကတော့ နည်းနည်းကျဉ်းတယ်။ သီးသန့် တစ်ယောက်အိပ်ခန်းလုပ်ထားတာ၊ အခန်း တိုင်းဧည့်ခန်း၊ အိပ်ခန်း၊ ရေချိုးခန်း အိမ်သာပါတယ်။ အောက်ထပ်မှာ လည်း ဒီအတိုင်းပဲ ဧည့်ခန်းကျယ်ကြီးက စားသောက်ခန်းမကြီးပေါ့"





"ဟင် . . . အဲဒါဆို အခန်းတွေက အများကြီးပဲ။ မောင်မောင်က တည်းခိုရိပ်သာ ဖွင့်မလို့လား"

"တည်းခိုရိပ်သာတင်မကဘူး . . . မမ၊ ဟိုတယ်ပါဖွင့်ဖို့ စီစဉ် ထားတာ။ မိုးမခစံအိမ်ကြီးနေရာက တောင်ကုန်းပေါ်မှာဆိုတော့ အလွန် မြင်ကွင်းကောင်းတယ်လေ။ တည်းခိုရုံတင်မက၊ အရက်နဲ့ စားသောက်စရာ မျိုးစုံပါမယ်။ မွေးမြူရေးခြံတွေနဲ့ စိုက်ပျိုးရေးခြံတွေက လတ်လတ်ဆတ် ဆတ် ပံ့ပိုးနိုင်တယ်။ ငါးကန်တွေလည်း တိုးချဲ့ရဦးမယ်။ မြင်းတွေကို အလှ မွေးထားမဲ့အစား တည်းခိုသူတွေက အပျော်တမ်းစီးနိုင်အောင် စီစဉ်တော့ ဝင်ငွေရတာပေါ့။ နောက်ပြီး အမဲလိုက်အဖွဲ့တွေအတွက်လည်း တောစပ် နဲ့နီးတော့ အပျော်တမ်း အမဲလိုက်နိုင်အောင် လမ်းပြမုဆိုးပါ စီစဉ်ထားမယ်။ သစ်ခွခြံကိုလည်း တိုးချဲ့ပြီး နားလည်သူပညာရှင်တွေနဲ့ မြန်မာနိုင်ငံလုံးက သစ်ခွတွေကို မျိုးယူပြီး ပွားမယ်၊ ရောင်းမယ်"

"အမလေး . . . မောင်မောင်ရယ်၊ အလွန်အကြံအစည် ကောင်း ပါတယ်။ ဒါပေမဲ့ . . . မောင်မောင် အရမ်းပင်ပန်းမှာပေါ့။ အဲသည့်လောက် ရှာစရာလိုသေးလို့လား . . . မောင်မောင်ရယ်"

"လက်ရင်း လူယုံတပည့်တွေရှိတာပဲ . . . မမရယ်။ လသာတုန်း ဗိုင်းငင်ထားရမှာပေါ့။ ကျွန်တော်တို့ အသက်တွေကြီးလာကြပြီပဲ။ နောက် ပိုင်း စိတ်ချရအောင် အခွင့်သာတုန်း လုပ်ထားရမယ်လေ။ အရင်ပြင်ဦးလွင် အံ့နီးစခန်းဆိုတာက ရွာကလေးအဆင့်၊ အခုရပ်ကွက်အဆင့် မြို့ရွာနဲ့ မဝေး တော့ဘူးလေ။ စည်ကားတိုးတက်လာနေပြီပဲ . . . မမရယ်"

"မောင်မောင့်သဘောပါ . . . မောင်ရယ်၊ မမကတော့ မောင် မောင့်ကို အားကိုးပြီးသားပါ"

"ကဲ . . . အဲဒါဆို မမ အေးအေးဆေးဆေး စိတ်ချလက်ချနေပေ တော့။ မောင်မောင်ပဲ ဆက်လုပ်ရှားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးမခဟိုတယ် ကိစ္စစိတ်အေးရပြီး မင်္ဂလာဆောင်ကိစ္စ ပြီးတာနဲ့ သမီးတို့ ဟန်းနီးမွန်းကိစ္စ ဆက်လုပ်ရမယ်။ မြိတ်မြို့မှာ ကျွန်တော့်သူငယ်ချင်း ရဲအုပ်ကြီး မောင်မောင်ဝင်းရှိတယ်။ တပည့်တွေရှိတဲ့ မြိတ်ထောင်ရှိတယ်။ အကူအညီလိုအပ်ရင် ယူရအောင် ကြိုတင်ဆက်သွယ်ထားရမယ်"

နောက်တစ်နေ့မှစ၍ ကျွန်တော်နှင့်တပည့်များ မန္တလေးမှ နာမည်ကြီးဆောက်လုပ်ရေးကုမ္ပဏီအား စာချုပ် ချုပ်၍ ပြင်ဦးလွင်သို့တက်ကာ လုပ်ငန်းကိစ္စအဝဝအား အပ်နှံသည်။ ကုမ္ပဏီကလည်း လျင်မြန်စွာ စတင်၍ အကောင်အထည်ဖော် လုပ်ဆောင်ပါတော့သည်။

မကြာမတင် သမီးယွန်းပွင့်စံနှင့် ဆရာဝန်ကလေး မောင်ဇော်တို့ မင်္ဂလာပွဲအား မန္တလေးဟိုတယ်တွင် စည်စည်ကားကား ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သည်။ မမကြီးနှင့် မောင်ဇော်တို့မိသားစုများမှာ မန္တလေးမြို့မျက်နှာဖုံးများ ဖြစ်ကြ၍ မင်္ဂလာဆောင်က အလွန်ကြီးကျယ်စည်ကားသည်။ ကျွန်တော့်ဘက်ကတော့ ကျွန်တော်၏ ကျောက်ဆည်မြို့နှင့် ပတ်ဝန်းကျင်မှ မိတ်ဆွေသင်္ဂဟများ ဖြစ်ကြပေတော့သည်။ ဧည့်သည် (၁၀၀၀) ကျော်လာသဖြင့် ဝက်ဝက်ကွဲစည်ကားသော မင်္ဂလာဆောင်ဖြစ်ပေတော့သည်။ အကျွေးအမွေးကလည်း အလွန်ပြည့်စုံသည့်အပြင် ညစာ စားသောက်ဧည့်ခံပွဲကလည်း မြိမ့်မြိမ့်သဲသဲ စည်ကားလွန်းလှသည်။

✿ ✿ ✿

❑

ထိုအတွင်း မင်္ဂလာဆောင်ကိစ္စပြီးသည်နှင့် မြိတ်ကျွန်းစုခရီးစဉ်အတွက် ကျွန်တော်နှင့် တပည့်များလိုအပ်သော ပစ္စည်းများအား ဝယ်ယူစုဆောင်းရသည်။ မိသားစုဖြင့်ညှိ၍ လေယာဉ်လက်မှတ် Booking လုပ်ရသည်။ မောင်ဇော်ဘက်မှ မိဘများနှင့် မိတ်ဆွေများ၊ မမကြီးတို့ဘက်မှ ဆွေမျိုးနှင့် မိတ်ဆွေများ၊ ကျွန်တော်နှင့် တပည့်လက်သားအစုံအလင် ပါသောကြောင့် လူဦးရေက (၂၀)ကျော်ခန့် ဖြစ်သွားသည်။ ထို့ကြောင့် မမကြီး အစီအစဉ်အရ မြန်မာ့လေကြောင်းပိုင် FOKKER JET လေယာဉ်အား စင်းလုံးငှားလိုက်တော့သည်။

သမီးတို့၏ Honey Moon ခရီးစဉ်မှာ မိသားစု ပျော်ပွဲစားနှင့် လေ့လာရေးခရီးစဉ် ဖြစ်သွားတော့သည်။ သမီးတို့မိသားစုနှင့် ဧည့်သည်များကတော့ မြိတ်မြို့တွင် တစ်ပတ်ခန့်နေထိုင်ပြီး ဘုရားဖူး၊ ဈေးဝယ် လေ့လာရေးလုပ်ကြ၊ အနားယူကြပြီး မန္တလေးမြို့သို့ ပြန်ကြရန်ဖြစ်သော်လည်း ကျွန်တော်နှင့် တပည့်များက မြိတ်ကျွန်းစု ရတနာသိုက်ရှာဖွေရန်အတွက် ကျွန်းစုအားလေ့လာပြီး အချိန်ယူရှာဖွေရမည်ဖြစ်သဖြင့် မည်မျှကြာမည်မှန်း မသိနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်မှာ စင်းလုံးငှားလေယာဉ်ဖြစ်သောကြောင့် ကျွန်တော်တို့ အဆင်ပြေသောအချိန် သတ်မှတ်၍ ထွက်ခဲ့ကြရာ ရန်ကုန်မင်္ဂလာဒုံလေဆိပ်သို့ မဝင်တော့။ မန္တလေးမှ မြစ်ကြီးနားမြို့သို့ တိုက်ရိုက်ပျံသန်းခြင်း ဖြစ်သည်။

သူခိုးမြင့်သိန်းက . . .

"ဆရာရေ . . . ပျော်စရာကြီးဗျနော်။ ကျွန်တော် လေယာဉ်ပေါ်မှာ တစ်ခါမှ အရက်မသောက်ဖူးလို့ သောက်ကြည့်ချင်တယ်။ ဆေးလိပ်ကလည်း မသောက်ရလို့ ခံတွင်းချဉ်တယ်ဗျာ"

ပုဏ္ဏားတင်ဦးက . . .

"ဟကောင်တွေ . . . ငါလည်း ခံတွင်းချဉ်လို့ ကွမ်းစားချင်နေတာကို အောင့်ထားရတာကွ"

"ကဲ . . . လေယာဉ်မယ်ကလေးကို ခွင့်တောင်းပြီး သောက်ကြ၊ စားကြပါ။ အရင်ကတော့ ဆေးလိပ်သောက်ခွင့် ပေးပါတယ်"

ကျွန်တော် ခေါ်လိုက်၍ လေယာဉ်မယ်ကလေး ချက်ချင်း ရောက်လာပြီး အရက်သောက်ရန် စီစဉ်ပေး၍ ကွမ်းစားရန်လည်း ခွင့်ပြုပါသည်။ ကွမ်းတံတွေးထွေးရန်တော့ ထိုင်ခုံရှေ့ရှိ အိတ်ထဲမှ လေယာဉ်မူး၍ အန်လျှင် အသုံးပြုရန် ထည့်ထားသည့်အိတ်များကို အသုံးပြုရန်၊ စားပွဲအံကလေးအား ဆွဲ ထုတ်၍ ဖန်ခွက်တင်၍ အရက်သောက်ရန်၊မြည်းစရာအဖြစ် CHEESE နှင့် မြေပဲကို လာချပေးသည်။ မြင့်သိန်းနှင့် ကျော်ကြီးတို့ ဖိမ်ခံသောက်ကြသည်။

လေယာဉ်မယ်ကလေး သတိပေးသည်ကတော့ မုတ္တမပင်လယ်ကွေ့ ရောက်လျှင် AIR Pocket မိတတ်၍ လေယာဉ်လူးမည်၊ လေဟာနယ်ထဲရောက်၍ ပြုတ်ကျတတ်သဖြင့် ထိုနေရာသို့ရောက်လျှင် သတိပေးမည်။ ဆင်ခြင်ရန် အကြံပေးပါသည်။ ကျွန်တော့်အတွေ့အကြုံအရတော့ ယခင်





ပန်ကာတပ် Fokker လေယာဉ်များသာ ထိုနေရာတွင် ဖြစ်တတ်ပြီး Jet လေယာဉ်များ ဖြစ်လေ့ဖြစ်ထမရှိပါ။

ကျွန်တော်တို့နှင့် ကျန်ခရီးသည်များကတော့ အစာရှိ၍ မမူးစေရန် ကော်ဖီနှင့် မုန့်သာစားသောက်ကြပါသည်။ လေယာဉ်များထုံးစံအတိုင်း အတက်နှင့်အဆင်းသာ ကြမ်းတမ်းပြီး လေထဲရောက်တော့ အလွန်ညင်သာသည်။ ကောင်းကင်ယံမှ အောက်သို့ကြည့်ရသည်မှာ လွန်စွာ ကြည်နူးစရာကောင်းသည်။ လေယာဉ်ကြီးမှာ တိမ်တိုက်များဖြင့် ယှဉ်၍ ပျံသန်းနေသည်။ အောက်တွင် မြို့ရွာများ တရိပ်ရိပ် ကျန်ခဲ့ပါသည်။ ဘုရားပုထိုးများကို မမကြီးက ဖူးသည်။ ရန်ကုန်ဘက်ရောက်တော့ ရွှေဟင်္သာနာရီပုံစံ၊ အဝန်းအဝိုင်း အဆောက်အဦများအား ကျွန်တော်ကပြတော့ အားလုံး ငုံ့ကြည့်ကြသည်။

"အဲ့ဒါ အင်းစိန် ဗဟိုအကျဉ်းထောင်ကြီးပဲ"

"ဟယ် . . . အကျယ်ကြီးပဲနော် . . . မောင်မောင်"

"ဟုတ်တယ် မမ၊ ကျွန်တော် အလုပ်စဝင်ရတာ အဲ့ဒီထောင်ကြီးပဲ။ စခန်း ထွက်လိုက်၊ ဝင်လိုက်နဲ့ အနှစ် (၂၀)လောက် တာဝန်ထမ်းခဲ့ရတာ။

"အဲ . . . အဲ့ဒါဆို ဒီအင်းစိန်ထောင်ကြီးအကြောင်း မောင်မောင်သိမှာပါနော်။ ပြောပြပါလား"

မမကြီးက ကျွန်တော့်အားမေးတော့ အားလုံး နားစွင့်နေကြပါသည်။

"ဒီလို . . မမရဲ့၊ အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးကို ၁၈၈၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး၊ တည်ဆောက်ချိန် (၄) နှစ်အကြာ ၁၈၉၃ ၊ ဇူလိုင်လမှာ စတင်ဖွင့်လှစ်ခဲ့တယ်။ အဲ့ဒီမတိုင်မီက အင်းစိန်ထောင်ဖြစ်နေရာဟာ သရက်ခြံ၊ ကနစိုးခြံ၊ ပိန္နဲခြံကြီးတွေရှိတဲ့ နေရာပေါ့။ အဲ့ဒီတိုင်းရင်းသား



www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးတွေကို အင်္ဂလိပ်အစိုးရက သိမ်းယူခဲ့ပေမဲ့ ထိုက်သင့်သလို လျော်ကြေးပေးခဲ့တယ်။

အင်းစိန်ထောင်ကြီးကို ဆောက်လုပ်စဉ်က ရှေးဦးတည်ရှိနေပြီးဖြစ်တဲ့ ရန်ကုန်ထောင်ကြီးက (၆) လအောက် အပြစ်ဒဏ်ကျခံနေရတဲ့ အကျဉ်းသား (၄၀၁) ယောက်ကို ခေါ်ယူပြီး ခိုင်းစေခဲ့တယ်လို့ သိရတယ်။ အိပ်ဆောင် (၆) လုံး တည်ဆောက်ရာမှာ ပြင်ပက အင်ဂျင်နီယာများနဲ့ ဗိသုကာ ပညာရှင်တွေကိုပါ ငှားရမ်းအသုံးပြုခဲ့တယ်။

ထောင်ကြီးအကျယ်အဝန်းက (၁၆၅. ၇၆၈) ဧရိယာက ရှိတယ်။ ထောင်အုတ်ရိုးအတွင်းမြေဧရိယာက (၁၀၄. ၇၄၆) ဧကရှိပါတယ်။ အင်းစိန်မြို့ လှိုင်မြစ်သွား ကားလမ်းကနေ ထောင်ဘူးဝမျက်နှာစာအထိ ပေပေါင်း (၁၁၆၀) ပေ ကွာဝေးတယ်။

အင်္ဂလိပ် အစိုးရဟာ အင်းစိန်ထောင်ကြီးကို စိတ်တိုင်းကျပုံစံရေးဆွဲပြီး ဆောက်လုပ်ခဲ့ခြင်းဖြစ်တယ်။ ရှေးဟောင်းတိုင်ကပ်နာရီ ပုံစံအတိုင်း ထောင် (၁၆) ထောင်ပါတယ်။ အပြင်အုတ်ရိုး၊ အတွင်းအုတ်ရိုးဆိုပြီး အုတ်ရိုး (၂) ထပ်ပါတယ်။ အိပ်ဆောင်တွေက (၂)ထပ်၊ အလယ်က ဟိုချွန်ချွန်ကြီးက (၆၃) ပေမြင့်တဲ့ မျှော်စင်ကြီး။ အဲဒါကြီးကို ပတ်ပြီး ဗိုဝိုင်းကြီးဆောက်ထားတယ်။ ဗိုကြီးကို ပတ်လည်ဝိုင်းနေတာတွေက အကျဉ်းသားအချုပ်သား နှစ်ထပ်အိပ်ဆောင်ကြီး (၅) ဆောင်''


၁၈၉၂ ခုနှစ် အင်းစိန်ထောင်ကြီး စတင်ဖွင့်လှစ်ပြီး အကျဉ်းထောင်ဌာနမင်းကြီးအဖြစ် စတင်အမှုထမ်းဆောင်သူမှာ SURGEON LICUT COLONEL DAVICISNO - LAIRMBEN) ဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်း (၁၉၄၂) ခုနှစ်က ဂျပန်တွေက မြန်မာပြည်ကို သိမ်းယူပြီး အင်းစိန်ထောင်ကြီးကို လက်နက်တိုက်အဖြစ် သုံးခဲ့တယ်။ ၁၉၄၈ လွတ်လပ်ရေးရပြီး ရောင်စုံသူပုန်ခေတ်ကလည်း အင်းစိန်ထောင်ကြီးဟာ ကရင်က သိမ်းပိုက်ပြီး ခံတပ်လုပ်ခဲ့ပြန်တယ်။ အင်္ဂလိပ်ခေတ်က အကျဉ်းသား အချုပ်သား (၅၀၀၀) သာထားရန် စနစ်တကျ စီစဉ်ခဲ့ပေမဲ့





အခုတော့ (၁၀၀၀၀) ကျော်ထားနေရတယ်။ ၁၉၈၈ အရေးအခင်းကာလက အကျဉ်းသားတွေ မီးရှို့ဖျက်ဆီးခဲ့တာကြောင့် နှစ်ထပ်အိပ်ဆောင် ၅ လုံး ပျက်စီးပြီး အခုတော့ တစ်ထပ် အဆောက်အအုံတွေသာ ရှိပါတော့တယ်''




တနင်္သာရီတိုင်းဒေသရှိ မြိတ်ကျွန်းစုများပြမြေပုံ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စီးလာသော လေယာဉ်ကြီး မုတ္တမကွေ့နားရောက်တော့ လေယာဉ်မယ်ကလေးက 'မုတ္တမကွေ့၊ လေဟာနယ်ထဲရောက်တော့မှာမို့ Air pocket မိနိုင်ပါတယ်။ ခရီးသည်များ မမူးစေရန် ထိုင်ခုံခါးပတ်များကို ကြိုတင်၍ ပတ်ထားကြပါရန် မေတ္တာရပ်ခံပါတယ်ရှင့်''

ဂျက်လေယာဉ်ကြီးမှာ တစ်ချက်၊ နှစ်ချက်သာလှုပ်ပြီး ပင်လယ်ပြင်ပေါ်သို့ရောက်ရှိသွားသည်။ ကျွန်တော် ယခင် စီးဖူးသော Fokker ပန်ကာတပ်လေယာဉ်များဆိုလျှင် မုတ္တမကွေ့လေဟာနယ်ရောက်သည်နှင့် အထက်မှ အောက်သို့ပြုတ်ကျလေ့ရှိရာ လှည်းကြမ်းကြီးစီးရသလို တဝုန်းဝုန်းခါယမ်း၍ အသည်းတအေးအေး၊ ရင်တဖိုဖို၊ အလွန်လန့်စရာ ကောင်းသည်။ အချို့ခရီးသည်များ မူးမေ့အော့အန်ကုန်ကြရသည်။ ယခု ဂျက်လေယာဉ်ကတော့ တစ်ချက်နှစ်ချက်သာ တုန်ခါသွားသဖြင့် မြင့်သိန်းနှင့်ကျော်ကြီးက အရက်သောက်ပင် မပျက်ပါ။ မြန်မာ့ပင်လယ်ပြင်ပေါ်ရောက်တော့ ဂျက်လေယာဉ်ကြီးမှာ ပြန်လည်တည်ငြိမ်သွားပြန်သည်။

''မမ . . . ဟောဟိုရှေ့က ကုလားအုတ်ကျွန်းလို့ခေါ်တယ်။ မြိတ်ကျွန်းစုအစပေါ့။ ဟို ညာဘက်က ကိုကိုးကျွန်း၊ အနောက်ဘက် ခပ်လှမ်းလှမ်းက ကပ္ပလီကျွန်း၊ တောင်ဘက်တန်းနေတာတွေက မြိတ်ကျွန်းစုပေါ့။ မြိတ်ကျွန်းစုမှာ ကျွန်းပေါင်း (၈၀၄) ကျွန်းရှိတယ်''

ကျွန်းအမည်တွေကတော့ အင်္ဂလိပ်အမည် တရုတ်၊ ယိုးဒယား မြန်မာနဲ့ ဒေသခံတိုင်းရင်းသား အမည်တွေစုံလို့ပဲ။ ကတန်ကျွန်းကြီးဆိုရင် မြိတ်မြို့အနောက်မြောက်ဘက်မှာရှိတယ်။ အင်္ဂလိပ်အမည် (King island) လို့ခေါ်တယ်။ ဟောင်ကောင်ကျွန်းထက် ပိုကြီးတယ်။ မြိတ်ဆိပ်ကမ်းနဲ့ မျက်နှာချင်းဆိုင်တည်ရှိနေပြီး အရှေ့ဘက်မှာ ပင်လယ်ကွေ့ရှိလို့ ဆိပ်ကမ်းမြို့တစ်ခုအနေနဲ့တောင် တည်ဆောက်နိုင်တယ်။

နောက် မြန်မာအမည်ကျွန်းတွေက ထားဝယ်ကျွန်း၊ ဖိနပ်ကျွန်း၊ လင်မလိုကျွန်း၊ ပန်းဖင်ကျွန်း၊ ဒုံးကျွန်း၊ မြွေကျွန်း၊ ပုလဲကျွန်း၊ ငှက်သိုက်





ကျွန်းရယ်လို့ ရှိတယ်။ အင်္ဂလိပ်အမည်ကျွန်းတွေကတော့ ကတန်ကျွန်း ဆယ်လာကျွန်း၊ ကင်းကျွန်း၊ စိန့်လုတ်၊ လာဘရိုကျွန်း၊ ကင်းတင်းကာယ်ဆယ်ရင်း ဒိုမေ၊ မက္ကဒေါ်နယ် စသဖြင့်ပေါ့။ မြန်မာအမည်ပေးတာကလည်း လွတ်လပ်ရေးရပြီးမှ နာမည်ပြောင်းကြတာ။ ဒေသခံပသျှူးအမည်၊ ဖလောက်ကာကျွန်း၊ တရုတ်အမည် လန်ပိကျွန်း၊ ဆလုံအမည် မကြိုကလက်ကျွန်း၊ ဂျေလန်းကျွန်း၊ မလိကျွန်း၊ ဒုံးလင်းကျွန်း၊ ဓာဒတ်ကြီး၊ ဓာဒတ်ငယ် စတဲ့ကျွန်းတွေပေါ့။ အမည်မပေးရသေးတဲ့ ကျွန်းငယ်ပေါင်းများစွာလည်း ရှိသေးတယ်။

အင်္ဂလိပ်ခေတ်က တရားဝင်ကောက်ထားတဲ့ စာရင်းအရ ကျွန်းပေါင်း (၈၀၄)ကျွန်းရှိပေမဲ့၊ လူမနေတဲ့ ကျွန်းတွေက အများစုရှိတယ်။ ကျွန်တော်တို့ သွားရှာရမှာကတော့ ကျွန်းပေါင်း (၈၀၄)ကျွန်းအထဲက အီးဂဲလ် (လင်းယုန်ကျွန်း) ပဲ၊ မြေပုံထဲမှာကတော့ ကျွန်းနာမည်တောင် ရှာမရဘူး။ ဒေသခံလူဟောင်းတွေကို မေးကြည့်မှ သိနိုင်တဲ့သဘောရှိတယ်။ ကျွန်တော်တို့တော့ မြိတ်ကျွန်းစုမှာ လနဲ့ချီပြီး ကြာမယ်ထင်ပါရဲ့။ မမတို့ကတော့ အလုပ်အကိုင်ကိုယ်စီနဲ့ဆိုတော့ တစ်ပတ်လောက်အနားယူ လည်ပတ်၊ ဘုရားဖူးပြီး ပြန်ကြပေါ့။

''မောင်မောင်ရယ် . . . မမ စိတ်မချဘူးနော်''

''မမရယ် . . . ရာသီဥတု အလွန်ဆိုးဝါးပြီး မြန်မာပြည်မြောက်ပိုင်းက တောနက်ကြီးထဲမှာတောင် ကျွန်တော်နဲ့တပည့်တွေ လနဲ့ချီပြီး နေခဲ့သေးတာပဲ။ ဒီဘက်မှာက ရာသီဥတုကောင်းတယ်။ မြိတ်မြို့နဲ့ နီးတယ်။ သွားလာဖို့လည်း ရေလမ်းခရီးဆိုတော့ မော်တော်ဘုတ်တွေ၊ စက်လှေတွေရှိတယ်။ မပင်ပန်းပါဘူး။ နယ်ခံတွေလည်း ကျွန်းပေါ်မှာရှိတော့ အစားအသောက်အတွက်လည်း ရိက္ခာမရှားပါဘူး။ အသားအတွက်တော့ ပင်လယ်ထဲက ငါးတွေနဲ့ ကျွန်းပေါ်က သားကောင်တွေ ပေါပါတယ် မမရယ်။ ကျွန်တော်တို့က အမဲလိုက်မုဆိုးတွေဆိုတာကိုလည်း မမေ့ပါနဲ့''



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လေယာဉ်စက်သံပြောင်းသွားပြီး အရှိန်လျော့၍ ဝဲပျံနေသည်။ လေယာဉ်မယ်ကလေးက မြိတ်မြို့လေယာဉ်ကွင်းသို့ ဆင်းတော့မည်ဖြစ်၍ ထိုင်ခုံခါးပတ်များ ပတ်ထားကြရန် သတိပေးကြေညာပြန်ပါသည်။ ကျွန်တော်တို့ အဆင်သင့်ပြင်ကြသည်။ လေယာဉ်ဆိုက်တော့ စင်းလုံးငှားလေယာဉ်ဖြစ်သောကြောင့် လေဆိပ်အထူးဧည့်ခန်းတွင် ခေတ္တနားကြသည်။ ကျွန်တော် ဆက်သွယ်ထားသဖြင့် ကျွန်တော့်မိတ်ဆွေ မြို့မရဲစခန်းမှ ရဲအုပ်ကြီးမောင်မောင်ဝင်းနှင့် မြိတ်ထောင်မှ ထောင်မှူးကြီးတစ်ဦး လာကြိုနေကြသည်။

ရဲအုပ်ကြီးမောင်မောင်ဝင်းက ...

"ကိုသိန်းဝင်းရေ .. ပြန်ဆုံကြပြန်ပြီနော်၊ ကျွန်တော်တော့ ပြင်ဦးလွင်က မိုးမခစံအိမ်ကိစ္စနဲ့ ရာထူးတက်ပြီး မြိတ်မြို့ပြန်ရောက်တာ ရက်ပိုင်းပဲ ရှိသေးတယ်"

"ကျွန်တော် သိနေပါတယ်ဗျာ။ မြိတ်ထောင်ကို လှမ်းဆက်သွယ်တော့ ထောင်ပိုင်ချုပ်ဝင်းထွန်းက ခင်ဗျားပြန်ရောက်နေကြောင်း ပြောတယ်။ ဒါကြောင့် သူကတစ်ဆင့် ခင်ဗျားဆီကို ဆက်သွယ်နိုင်းရတာ"

"ဒါဆို အခု ဘယ်မှာတည်းကြမလဲ။ ကျွန်တော် မြိတ်ဟိုတယ်မှာ Booking လုပ်တော့လုပ်ထားတယ်"

ထိုစဉ် ထောင်မှူးကြီးက ...

"ဆရာ ... ထောင်ပိုင်က မြိတ်ထောင် ဧည့်ဂေဟာမှာပဲတည်းဖို့ ကျွန်တော့်ကို အကြိုလွှတ်လိုက်တာပါ။ မြိတ်ထောင်ဧည့်ဂေဟာက အရင်အဟောင်းကြီးမဟုတ်တော့ပါဘူး။ အခု ပြင်ဆင်ထားတဲ့ အသစ်ကြီးပါ၊ ဆရာတို့လူအုပ် ဆန့်ပါတယ်"

မြိတ်ထောင်ပိုင်ချုပ်ဝင်းထွန်းမှာ ကျွန်တော်၏ တပည့်ရင်းဖြစ်သည်။ သူတို့ခေတ်ကာလက ရာထူး အလွန်အတက်မြန်သည်။





"ကဲ ... ဒီလိုလုပ်မယ် ... ကိုမောင်ဝင်းရေ၊ အခုလောလောဆယ်တော့ မြိတ်ထောင်ဧည့်ဂေဟာမှာ တည်းမယ်။ သမီးတို့က လက်ထပ်ပြီးခါစ ဟန်းနီးမွန်းထွက်တာဆိုတော့ မြိတ်ကျွန်းစုဟိုတယ်မှာတည်းပြီး ပင်လယ်အရသာ ခံချင်ကြတာ။ ဒါကြောင့် အကျဉ်းထောင် ဧည့်ဂေဟာမှာတစ်ညှ၊ နှစ်ညအိပ်၊ ဘုရားဖူး၊ ဈေးဝယ်၊ ပြီးမှ ကတန်ကျွန်းဟိုတယ်ကို ပြောင်းကြမယ်။

အဲ ... ကျွန်တော်နဲ့ တပည့်တွေက မြိတ်ကျွန်းစုကိုပတ်ပြီး တစ်လကိုးသီတင်းနေမှာဆိုတော့ စက်တပ်အားကောင်းတဲ့ မော်တော်ဘုတ်တစ်စင်းငှားချင်တယ်။ ငှားရင် အဆင်မပြေလောက်ဘူး။ ကျွန်တော်တို့က သွားချင်ရာသွားမှာ၊ လက်နက်ကိုင် အစောင့်အရှောက်တော့ ခင်ဗျားက ထုံးစံအတိုင်း ကူညီပေးပါဦး ... ကိုမောင်ဝင်းရယ်"

"လုပ်လှချည့်လား ... သူငယ်ချင်းရယ်၊ ဘာလဲ .. ရတနာသိုက်ရှာဦးမလို့လား။ အမဲလည်း ပစ်ဦးမှာမဟုတ်လား"

"ဟုတ်ပါ့ဗျာ"

ထို့ကြောင့် ကျွန်တော်တို့ ပစ္စည်းများ ရွေးပြီးသည်နှင့် မြိတ်အကျဉ်းထောင်သို့ ရဲအုပ်ကြီးကိုမောင်ဝင်း၏ မာစတာဂျစ်၊ အကျဉ်းထောင် ထောင်မှူးကြီး၏ Dyna ကားနှစ်စီးဖြင့် ထွက်ခဲ့ကြပါသည်။ ထောင်ဧည့်ဂေဟာရောက်တော့ ထောင်ပိုင်ချုပ်ဝင်းထွန်းက နေ့လယ်စာ အသင့်ပြင်ဆင်၍ စောင့်နေပါသည်။

"ဆရာတို့အဖွဲ့ ... ကြွပါခင်ဗျား ... ကျွန်တော် နေ့လယ်စာ ပြည့်ပြည့်စုံစုံ စီစဉ်ထားပါတယ်။ ခေတ္တနားပြီး သုံးဆောင်ကြပါခင်ဗျား"

"ကျေးဇူးပဲ ... ချုပ်ဝင်းထွန်းရေ၊ မင်းအရာရှိဖြစ်မှ မညွှန်းဆဲရသေးတော့ ညွှန်းဆဲတယ်ပဲ မှတ်ပါကွာ။ ငါတို့က လူများတော့ အားနာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . . ညှော်ရိပ်သာက အသစ်အကျယ်ကြီးပါ။ သဘောရှိကြိုက်သလို နေလို့ရပါတယ်။ အခုညှော်ခံတာလည်း ထောင်ထမင်း၊ ထောင်ဟင်း မဟုတ်ပါဘူး။ စားသောက်ဆိုင်က မှာထားတာပါ။ စိတ်သန့်သန့်နဲ့ သုံးဆောင်ကြပါခင်ဗျား"

"အေးပါကွာ . . . ကျေးဇူးပါ"

ကျွန်တော်က ကျွန်တော့်အဖွဲ့ဝင်များဖြင့် မိတ်ဆက်ပေးသည်။ နေ့လယ်စာ စားကြတော့ အိမ်ရှင် ချိုဝင်းထွန်းနှင့် ရဲအုပ်ကြီးပါ ကျွန်တော်တို့နှင့် အတူစားကြသည်။ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သဖြင့် ပင်လယ်စာ အစားအစာ၊ ရေချူသုပ်၊ ပင်လယ်ခရုနီသုပ်၊ ဂဏန်းဟင်း၊ ငါးမန်းတောင်ဟင်းချို၊ ငါးစီပေါင်းဟင်း၊ ကျောက်ပွင့်သုပ်၊ ငါးဟင်းအမျိုးမျိုးပါသော ပင်လယ်အစားအစာများ ဖြစ်ကြသည်။ သမီးယွန်းပွင့်စံနှင့် မမကြီးတို့ အကြိုက်ဖြစ်သည်။ အစားမများစေရန်တော့ ကျွန်တော်က သတိပေးရသည်။ သို့သော် လတ်ဆတ်သော အစားအစာများဖြစ်ကြောင်း ချိုဝင်းထွန်းက ပြောသည်။ ထိုနေ့လယ်စာက အလွန် ထမင်းမြိန်ကြပါသည်။ စားပြီးတော့ အခန်းများနေရာချထား၍ ခေတ္တနားကြသည်။ ကျွန်တော်နှင့် ရဲအုပ်ကြီး မောင်ဝင်းတို့ကတော့ ကမ်းနားဘက် လျှောက်ကြရင်း လက်ဖက်ရည်ဆိုင် ထိုင်ကြသည်။

✿ ✿ ✿

❑

"ကိုမောင်ဝင်း . . . ဒီမှာ မြိတ်ကျွန်းစုမြေပုံ ရနိုင်သလား"

"အဲ . . . ရောင်းတဲ့မြေပုံလည်း စာအုပ်ဆိုင်တွေမှာ ရှိတတ်ပါတယ်။ စုံ မစုံတော့မသိဘူး၊ ကိုယ်တို့ဌာနထုတ် ရဲမြေပုံတော့ရှိတယ်။ မြိတ်ခရိုင်အတွင်း ကျွန်းစုတွေပါ ပါတဲ့မြေပုံပေါ့၊ အဲဒီမြေပုံကလည်း အင်္ဂလိပ်ခေတ်ကတည်းက ထုတ်ထားတာဆိုတော့ အခုနောက်ပိုင်း ၁၉၄၈ ခုနှစ်နောက်ပိုင်း မြန်မာအမည်တွေနဲ့ ကျွန်းနာမည်တွေကို ပြောင်းလဲထားတော့ ရှာရဖွေရ ခက်မယ်ထင်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်က တစ်ခါ ထုတ်သေးတယ်လို့ ကြားဖူးတယ်။ အဲဒီမြေပုံကို ကိုယ် ရှာပေးမယ်"

"အေးဗျာ . . . ထုပ်စမ်းပါဦး၊ ကျွန်တော်လည်းအတော်နှံ့စပ်အောင် ရှာပြီးပါပြီ။ ရန်ကုန်မှာတော့ အတော်အစုံရနိုင်တယ်။ ကျွန်တော်တို့ကလည်း ရန်ကုန်ပြန်မဝင်နိုင်၊ အချိန်မပေးနိုင်တော့ ပြည့်စုံတဲ့ ကျွန်းနာမည်ပါ မြေပုံကို မရနိုင်ဘူး။ နောက်ပြီး ကျွန်တော်တို့ရှာတဲ့ကျွန်းက နာမည်မထင်ရှားတဲ့ ကျွန်းကလေးဆိုရင်လည်း မြေပုံပေါ်မှာ အမည်ကိုဖော်ပြထားမှာ မဟုတ်ဘူး"

"ကျွန်းနာမည်က ဘာတဲ့လဲ . . . ကိုသိန်းဝင်း"

"အီးဂဲလ်ကျွန်း (လင်းယုန်) တဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကျွန်တော်လည်း ပထမအကြိမ်တုန်းက မြိတ်မှာ (၂) နှစ်ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး မြိတ်ကျွန်းစုကိုလည်း ရေတပ်နဲ့ ပေါင်းပြီး ကင်းလှည့်တာနဲ့ ယိုးဒယားငါးခိုးလှေဖမ်း၊ ပင်လယ်ဓားပြဖမ်းနဲ့ အတော်နှံ့စပ်ပါတယ်။ လင်းယုန်ကျွန်းဆိုတာတော့ မကြားဖူးဘူးဗျ။ နာမည်ရှိတဲ့ ဘယ်ကျွန်းနဲ့ နီးသလဲသိသလား ... ကိုသိန်းဝင်း"

"ရတနာမြေပုံမှာ မပါဘူးဗျ။ ဒေသခံတွေကို မေးကြည့်မှ ဖြစ်မယ်ထင်ပါတယ်"

"အေးဗျ ... မြိတ်ကျွန်းစုက (၈၀၄) ကျွန်းရှိပြီး အမည်မရှိသေးတဲ့ ကျွန်းအသေးလေးတွေကလည်း တစ်ပုံတခေါင်းကြီး။ ဒါဆို မြေပုံရလည်း အလကားပဲ။ ခင်ဗျားတို့ ကွင်းဆင်းပြီးလေ့လာမေးမြန်းမှ ဖြစ်မှာထင်ပါရဲ့။ ဒါကြောင့် ... ခင်ဗျား မော်တော်ဘုတ်ဝယ်ချင်တယ် ပြောတာကိုး"

"ဟုတ်ပဲ့ဗျာ ... ငှားစီးတော့ သူစိမ်းမောင်းသူပါမယ်၊ ခဏခဏ ငှားရတော့ ဝယ်စီးတဲ့တန်ဖိုးထက်တောင် များသွားဦးမယ်။ ကျွန်တော်တို့ ကိစ္စက လျှို့ဝှက်ကိစ္စဆိုတော့ အပြင်လူမသိစေချင်ဘူး။ ကျွန်တော့်တပည့်တွေအထဲမှာလည်း ယာဉ်မျိုးစုံ အမောင်းကျွမ်းပြီး စက်ပြင်ပါကျွမ်းကျင်တဲ့ သူခိုးမြင့်သိန်းနဲ့ သာယာဝတီမှာ ကားထောင်ထားတဲ့ အောင်သန်းနဲ့ တင်မောင်းပါတယ်လေ။ ဒါကြောင့် ... အပိုင်ဝယ်ချင်တာ၊ ကိုမောင်ဝင်း ... လုပ်ဗျာ၊ အဆက်အသွယ်တွေနဲ့ ရှာဖွေပေးစမ်း… အမြန်လိုချင်တယ်"

"ရပါတယ်ဗျာ ... မြိတ်ဆိပ်ကမ်းမှာ ကျွန်တော့်တပည့်တွေ ရှိပါတယ်။ ရနောင်းဘက်ကတောင် မှာလို့ရပါတယ်။ ဘာအမျိုးအစားလိုချင်သလဲ၊ အစုံရနိုင်ပါတယ်"

"ပျွန်ဆင် စက်နှစ်လုံးတပ်၊ ဆွဲအားကောင်းပြီး အလတ်စား မော်တော်ဘုတ်ဗျာ။ အိမ်ကလေးလိုလည်း နေလို့ ရရမယ်"

"အင်း ... ခင်ဗျားဟာ စက်နှစ်လုံးတပ်ဆိုတော့ မော်တော်အကြီးစားပဲ။ ဈေးတော့ အတော်ပေးရလိမ့်မယ်။ စက်တစ်လုံးတပ်၊ Light Boat





ကလေးတွေကတော့ ပေါပါသဗျာ။ အပျော်စီးပေါ့။ လူသုံးလေးယောက်တော့ ဆန့်မှာပေါ့"

"ကျွန်တော်တို့က တပည့်တွေနဲ့ လူ (၈)ယောက်လောက် ရှိတယ်။ ညှိသည်ပါရင် မကဘူး။ ကိုမောင်ဝင်းတို့ လုံခြုံရေးအဖွဲ့ကလည်း ပါဦးမှာဆိုတော့ (၁၅)ယောက်ဆန့်လောက်မှဖြစ်မယ်။ နောက်ပြီး ... ရိက္ခာတွေ၊ အသုံးအဆောင်တွေ၊ လက်နက်တန်ဆာပလာတွေပါ ပါမှာဆိုတော့ မော်တော်အလတ်စားမှ ဖြစ်မယ်ထင်တယ်"

"အဲဒါဆို ဒီမှာဆင်တဲ့ ပဲ့ထောင်စက်လှေကြီးတွေဆိုရင်ကောဗျာ မဖြစ်ဘူးလား။ စက်အားလည်းကောင်းတယ်။ ဈေးလည်းပေါတယ်၊ ကျယ်ကျယ်ဝန်းဝန်းလည်းရှိတယ်။ စက်လှေလိုင်စင်တောင်ပါသေး"

"အဲဒါမျိုးဆိုရင် ကျွန်တော့်တပည့်တွေက ကြိုက်မှာ မဟုတ်ဘူးဗျ။ သူတို့က ခေတ်မီတာ လိုချင်တာ"

"အေးပါဗျာ ... ကျွန်တော် စုံစမ်းပေးပါ့မယ်၊ တစ်ပတ်လောက် စောင့်ပါ"

"ဟော့လူ ... တစ်ပတ်မစောင့်နိုင်ဘူးဗျ။ နှစ်ရက်သုံးရက်အတွင်း လုပ်ပေး၊ ညှိသည်တွေက တစ်ပတ်ပဲနေကြမှာ၊ သူတို့မပြန်ကြသေးခင် မြိတ်ကျွန်းစုကို ပတ်ပြချင်သေးတာ"

"အဲ ... ကျွန်တော် စဉ်းစားမိပြီဗျို့။ ကျွန်းစု ဆဗ္ဗိုင်းဟိုတယ် ဆောက်တုန်းက ဟိုတယ်ပြီးရင် ပြန်ရောင်းမယ်လို့ ပြောဖူးတဲ့ အင်ဂျင်နီယာတွေ သုံးတဲ့မော်တော်ဘုတ်ကြီးတစ်စီးရှိတယ်။ ခင်ဗျားပြောတဲ့အမျိုးပဲ၊ လွန်ခဲ့တဲ့တစ်နှစ်က စဆောက်တာဆိုတော့ အခုလောက်ဆို ပြီးလောက်ရောပေါ့။ လာဗျာ ... အချိန်ကလေးရှိတုန်း ကတန်ကျွန်းဘက်ကူးပြီး မေးစမ်းရအောင် လာရအောင်၊ မဝေးပါဘူး။ ထိုက်ရင်ရမှာပေါ့။ လုပ်ငန်းပြီးလောက်ပြီဆိုတော့ ဈေးလည်း အလွန်ချောင်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ဦး ပဲ့ထောင်စက်လှေဖြင့် ကတန်ကျွန်းကြီးဘက်သို့ ကူးခဲ့ကြသည်။ ကျွန်းကြီး၏ မြောက်ဘက် ဟိုတယ်သစ်ကြီးတစ်လုံး ရှေ့ရောက်တော့ ပဲ့ထောင်စက်လှေကို ကိုမောင်ဝင်းက ရပ်နိုင်းသည်။

"ဒီဟိုတယ်သစ်ကြီးပဲ ... ကိုသိန်းဝင်း၊ ပိုင်ရှင်က ရခဲနောင်းသူဌေး။ မော်တော်ဘုတ်ကြီးတော့ မမြင်မိဘူး။ ရောင်းပြီးသွားသလားတောင် မသိဘူး"

ထိုစဉ် ဟိုတယ်ကြီးထဲမှ အနောက်တိုင်းဝတ်စုံဖြင့် လူတစ်ဦး ထွက်လာသည်။ ကျွန်တော်တို့ကို မြင်သည်နှင့် ...

"ဟာ ... ဆရာရဲအုပ်ကြီး၊ မြိတ်ကို ပြန်ရောက်နေပြီလို့တော့ ကြားပါတယ်။ ကျွန်တော်တို့လည်း ဟိုတယ်ကြီးကို အမြန်ဖွင့်ဖို့ လုပ်နေတာနဲ့ ဆရာတို့ဆီ မရောက်ဖြစ်ဘူး။ အခုဒီဘက်ကမ်း လာလည်တာလား၊ ဒီဟိုတယ်သစ်ကြီးကို သန်ဘက်ခါ စဖွင့်မယ်ဆရာ။ မနက်ဖြန် ဖိတ်စာတွေ ဝေလိမ့်မယ်။ အထဲဝင်ပါဦး ... ဆရာ၊ ကျွန်တော် အကြိုညွှန့်ခံပါ့မယ်"

"အေး ... ကျေးဇူးပဲ ကိုအောင်ချမ်းရေ၊ ဒါနဲ့ ... မင်းသူဌေး ရခဲနောင်းပြန်သွားသလား"

"ဟုတ်တယ် ... ဆရာ၊ အကြော်ဆရာ Chief cook နဲ့ ကျွမ်းကျင်သူတွေ သွားခေါ်နေတယ်။ မနက်ဖြန်မနက် ပြန်ရောက်မယ်ဆရာ။ သူနဲ့ ကိစ္စရှိလို့လား"

"အေး ... ဒါနဲ့ မင်း သူဌေးစီးတဲ့ မော်တော်ဘုတ်ကြီး ပြန်ရောင်းပြီးပြီလား။ ဒီက ငါ့သူငယ်ချင်း ထောင်မှူးကြီးက ဝယ်ချင်လို့"

"အတော်ပဲ ... ဆရာ မရောင်းရသေးဘူး။ သူဌေးက နောက်တစ်စင်းခပ်ငယ်ငယ် နောက်ဆုံးပေါ်ဝယ်ဖို့ လုပ်နေတယ်။ ဆရာတို့ဈေးချောင်ချောင်နဲ့ ရမှာပါ။ အကောက်ခွန်ဆောင်ပြီး မြန်မာလိုင်စင်လည်း လုပ်ထားပါတယ်။ လာပါ ... ဆရာ ညွှန့်ခန်းမှာ ထိုင်ကြပါဦး"





ကျွန်တော်တို့ ဟိုတယ်အတွင်းဝင်ပြီး 'ညွှန့်ခန်းမှာထိုင်ကြတော့ ဟိုတယ်ကြီးမှာ အနောက်တိုင်းပုံစံနှင့် အရှေ့တိုင်းပုံစံရော၍ ဆောက်လုပ်ထားခြင်းဖြစ်သည်။ အသစ်ဖြစ်၍ လွန်စွာ ခန်းနားထည်ဝါလှသည်။ မဖွင့်ရသေးသဖြင့် Waiter များမရှိသေး။ ထို့ကြောင့် ကိုအောင်ချမ်းက ကိုယ်တိုင်ပြေးလွှားစီစဉ်နေသည်။ သူက ဤဟိုတယ်၏ မန်နေဂျာဟု သိရပါသည်။ မကြာပါ ... ဟိုတယ်ဝန်ထမ်းလေး သုံးလေးယောက်ဖြင့် အမြည်းများ၊ အရက်များနှင့် ဖန်ခွက်များ ယူလာကြသည်။

"ဆရာတို့ ... သုံးဆောင်ကြပါ၊ ဟိုတယ်က မဖွင့်သေးတော့ ရှိတာလေးနဲ့ပေါ့။ သူဌေးက ဆရာ့ဘော်ဒါပဲ။ သူ ရှိနေရင် အလွန်ဝမ်းသာမှာ။ မနက်ဖြန်ညနေ လာကြပါဦးဆရာ။ သူဌေးနဲ့ စကားပြောရတာပေါ့။ အမြည်းလည်း စုံအောင် ကျွန်တော်တို့ လုပ်ထားပါ့မယ်"

"အေးဗျာ ... ဟိုတယ်သူဌေး ကိုနိုင်လတ်က အလွန်သဘောကောင်းပါတယ်။ သူလာရင် မော်တော်ကိစ္စလည်း ပြောထားပါဦး"

"စိတ်ချပါ ... ဆရာ၊ ကျွန်တော် ဆက်ဆက်ပြောထားပါ့မယ်။ ဆရာတို့လည်း အပန်းဖြေရအောင် တစ်နှစ်ညလောက် လာတည်းပါလား။ ဆရာတို့ဆိုရင် (FOC) ပေါ့။ တခြားသူဆိုရင် ပထမပတ်ထဲ တည်းခိုသူကို ၅၀ ရာခိုင်နှုန်း (Discount) ပါဆရာ"

"ဘာလဲ ... ကိုအောင်ချမ်းရဲ့။ (FOC) ဆိုတာလေ"

"ဆရာကလည်း Free of charges လေ ဆရာ။ အခမဲ့ပေါ့"

"ဟာကွာ ... အားနာစရာကြီး၊ လာခဲ့မယ်"

"ဟဲ ... ဟဲ ... ဆရာကတော့ လုပ်ပြီ"

ကျွန်တော်တို့သူငယ်ချင်းနှစ်ဦး ညနေစောင်းပြီဖြစ်၍ အကြိုက်ချင်းတူသော Black Label ကိုသောက်ပြီး သီဟိုဠ်စေ့လှော်ဖြင့် မြည်းကြသည်။ Cheese အတုံးကလေးများကို အရသာခံ၍စားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့ခင်ဗျား . . . မီးဖိုမဖွင့်သေးလို့ သည်းခံကြပါ။ ဒါက ထိုင်းက မြေပဲဆံကြော်၊ ဒါက ငါးမုန့်ကြော်၊ ဒါက ထိုင်းကပဲ ကြက်သွန်ဖြူခြောက်ကြော်၊ လောလောဆယ်တော့ Ready Made အခြောက်တွေပဲ ရှိပါတယ်ခင်ဗျား"

ရဲအုပ်ကြီးက . . .

"ကဲ . . . ကိုအောင်ချမ်း။ ခင်ဗျားလည်း လုပ်လေ"

"ဟဲ . . . ဟဲ . . . မန်နေဂျာဆိုတော့ အုပ်ချုပ်ရေးကောင်းအောင် ဖြတ်ထားရတာ။ ဒီနေ့တော့ ဟိုတယ်မဖွင့်သေးလို့ ဝင်ဆော်လိုက်ဦးမယ် ဆရာရေ့"

"ဒီဟိုတယ်ကြီးဆောက်တာ တစ်နှစ်ကျော်လောက်ပဲ ရှိသေးတာ၊ မြန်တယ်နော်"

"မြန်မှာပေါ့ . . . ဆရာရယ်၊ ရနောင်းမှာ အဆင်သင့်လုပ်ပြီး ဒီကို ကုန်တင် (Cargo) သင်္ဘောနဲ့ သယ်လာတာ။ ဒီကတန်ကျွန်းက ရေနက်ဆိပ်ကမ်းလုပ်လို့ရတယ်ဆရာ။ သင်္ဘောဆိပ်ကမ်းကောင်းတစ်ခုပဲ။ ဟာစကိုဒဂါးမား (နယ်သစ်ရှာသူများ) ခေတ်က ဒီနေရာက အရှေ့ဘက်ကုန်သွယ်ရေး တံခါးပေါက် သင်္ဘောဆိပ်ကမ်းတဲ့။ ဒီကမှ ယိုးဒယား၊ တရုတ်ပြည်မကြီးအထိ လားနဲ့ကုန်သွယ်တာတဲ့။ တစ်ခါ နယ်ချဲ့အင်္ဂလိပ်ခေတ်ဦးကျတော့လည်း အရှေ့အိန္ဒိယ ကုမ္ပဏီရုံးစိုက်ရာ နေရာတဲ့လေ"

"ဟာ . . . ရှေးဟောင်းအဓိကရ နေရာတွေပဲနော်"

ကျွန်တော်က မှတ်ချက်ချတော့ ကိုမောင်ဝင်းက . . .

"ကိုသိန်းဝင်းရယ် . . . မြိတ်မြို့က အဓိကရ ကုန်သွယ်ရေးဗဟိုဌာနဗျာ။ အင်္ဂလိပ်စာရေးဆရာ၊ ဇော်ရစ်ကောလစ်ရဲ့ အိမ်ဟောင်းကြီးတောင် ကမ်းနားလမ်း တောင်ကုန်းပေါ်မှာ အခုထိ ရှိနေသေးတယ်။ သမိုင်းဝင်နေရာဟောင်းကြီးပေါ့ဗျာ။ နောက်တစ်ရက်မှ ဧည့်သည်တွေကို လိုက်ပို့မယ်။ ငှက်





သိုက်အိမ်တွေကိုလည်း ပြမယ်၊ ပထော်ပထက်ဘုရားကိုလည်း ဖူးကြတာပေါ့"

"ကဲ . . . ကိုအောင်ချမ်းရေ ကျေးဇူးပဲ၊ ပြန်ကြဦးမယ်။ ရန်ကုန်က ဧည့်သည်တွေ ပါလာတယ်။ မနက်ဖြန်ညနေမှာ လာပါဦးမယ်။ ကျွန်တော့်သမီးက မင်္ဂလာဆောင်အပြီး ဟန်းနီးမွန်းထွက်ရင်း မြိတ်ကျွန်းစု လေ့လာရေးထွက်လာကြတာ"

"ဆရာရယ် . . . ဒီဟိုတယ်မှာ လာတည်းပါ။ ဒီလထဲမှာ မင်္ဂလာဆောင် သတို့သားနဲ့ သတို့သမီးက (FOC) တစ်ပတ် အလကားတည်းခိုနေထိုင်ခွင့်ပေးပါတယ်။ တခြားဧည့်သည်ကတော့ တစ်ဝက်ဈေးပါ"

"အေးဗျာ . . . အဲဒါဆိုရင်လည်း ကျွန်တော်တို့ သန်ဘက်ခါ ဖွင့်ပွဲနေ့မှာပဲ ပြောင်းလာပြီး တည်းခိုပါ့မယ်။ လူကတော့ (၂၀)လောက် ရှိတယ်"

"ကောင်းပါတယ် . . . ဆရာထောင်မှူးကြီး။ ဟိုတယ်အသစ်မှာ မင်္ဂလာစုံတွဲနဲ့ ဖွင့်မှာဆိုတော့ မင်္ဂလာရှိတာပေါ့။ ကျွန်တော်တို့ဟိုတယ်က လက်ဆောင်ပစ္စည်းတောင် လက်ဖွဲ့ဦးမှာပါ"

"အေးဗျာ . . . ကျေးဇူးပါ။ ကျွန်တော့်နာမည် ထောင်မှူးကြီး ဦးသိန်းဝင်းပါ။ အရင်ကတော့ အင်းစိန်ထောင်က ထောင်မှူးကြီးပေါ့။ အခုတော့ . . . စာရေးဆရာ လုပ်နေပါတယ်။ ရဲအုပ်ကြီး ဦးမောင်ဝင်းနဲ့ အပတ်စဉ်တူ သူငယ်ချင်း ငယ်ပေါင်းတွေပေါ့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်တော်တို့ မြိတ်မြို့ဘက်ကမ်းသို့ စက်လှေဖြင့်ပြန်ကူးပြီး မြိတ်ထောင်သို့ လမ်းလျှောက်ပြန်ခဲ့ကြသည်။ အကျဉ်းထောင်ညွှန်ကြားရေးမှူး ဂေဟာတွင် ထောင်ပိုင်ချိုဝင်းထွန်းတို့အဖွဲ့က ကျွန်တော်တို့အား ကြိုနေသည်။

''ဆရာတို့ . . . ဘယ်ဘက်သွားကြတာလဲ''

''ကိုယ်တို့ ကမ်းနားလက်ဖက်ရည်ဆိုင် သွားကြရင်း မော်တော်ဘုတ်ရှာရင်း တစ်ဖက်ကမ်း ကတန်ကျွန်းဟိုတယ်တွေဘက် ရောက်သွားတာ။ အဲဒီမှာ ဆဗ္ဗိုင်းဆိုတဲ့ ဟိုတယ်သစ်ကြီး ဆောက်နေတယ်။ မန်နေဂျာက ကိုအောင်ချမ်းတဲ့။ အလွန်ဖော်ရွေတယ်။ မော်တော်ကိစ္စ စုံစမ်းရင်း ကိုယ်တို့ကို ညှိခံလိုက်သေးတယ်။ သူတို့သူဌေးက နိုင်လတ်တဲ့။ ရနောင်းကပဲ၊ ငါတို့ အချုပ်ရုံး (အင်းစိန်ထောင်)မှာ ကိုင်ခဲ့တုန်းက ယိုးဒယားသင်္ဘောပိုင်ရှင်၊ ကပ္ပတိန်နာမည်ကလည်း နိုင်လတ်ပဲ။ အဲဒါပေမဲ့ . . . ယိုးဒယားတွေနာမည်က နိုင်တွေများတော့ ဟုတ်ချင်မှတော့ ဟုတ်မယ်။ ငါတို့အချုပ်ရုံးက ယိုးဒယားစကားပြန်၊ ငှါတပည့်ကြီး အောင်မြင့်ဒင်ကိုတောင် သတိရသေးတယ်ကွာ''

''နိုင်လတ်ကိုတော့ ကျွန်တော်လည်း သိပါတယ်။ ဒါပေမဲ့ . . . မရင်းနှီးဘူး ဆရာ။ အောင်မြင့်ဒင်ကတော့ အချုပ်ရုံးက အကျဉ်းသားစာရေးမို့လို့ ကျွန်တော်နဲ့ ခင်ပါတယ်''





''အေးကွ . . . ငါက စကားပြန်အောင်မြင့်ဒင်နဲ့ ပတ်သက်ပြီး နိုင်လတ်တို့နဲ့ ခင်တာ။ သူတို့ သံရုံးညှိတွေ့တွေကို ငါရယ်၊ လဝကက ဦးထွန်းကြည်ရယ်၊ ရဲအုပ်ကိုစိန်မောင်ရယ်က အမြဲတမ်း ပူးပေါင်းပြီး စီစဉ်ပေးရတာ။ နောက်ပြီး ၁၉၈၈၊ အရေးအခင်းမဖြစ်မီ ငါက အိပ်ဆောင်အမှတ်(၅) ယိုးဒယားဆောင်၊ အဆောင်မှူးလုပ်ခဲ့ရသေးတော့ ပိုခင်တာပေါ့။ အဲဒါအပြင် နိုင်လတ်တို့အဖွဲ့ အရေးအခင်းမတိုင်မီ ထောင်ကလွှတ်တော့ ငါက လေဆိပ်ဆင်းခါနီး ဦးနိုင်လတ်တို့အဖွဲ့ကို လဝက ဦးထွန်းမြင့်တို့အဖွဲ့ကို အပ်ရတယ်။ အဲဒီမှာ နိုင်လတ်တို့ကို သူတို့ ဝင်လာစဉ်က ပါလာတဲ့ ပစ္စည်းတွေကို ထုတ်ပေးရင်း ငါ့ကို Omega နာရီလေးတစ်လုံး လက်ဆောင်ပေးတယ်။ ငါကလည်း လက်ဆောင်ပြန်ပေးချင်တော့ အလွယ်တကူပဲ ငါဝတ်ထားတဲ့ မိုးကုတ်နီလာကျောက်ကြီးနဲ့ ကွင်းထားတဲ့ ငါးမူးသားလောက်ရှိတဲ့ ရွှေလက်စွပ်ကို ချွတ်ပေးလိုက်တယ်''

''အင်း . . . အဲဒါဆို ဆရာတပည့်နိုင်လတ်ဆိုရင်တော့ အတော်အဆင်ပြေမှာပဲ။ ဘယ်တော့ သွားကြဦးမလဲ . . . ဆရာ။ ကျွန်တော်ပါ လိုက်ခဲ့ချင်လို့''

မနက်ဖြန်ညနေ သွားကြဦးမယ်။ သန်ဘက်ခါမှာ သူတို့ဟိုတယ်ဖွင့်ပွဲရှိလို့ ဖိတ်ထားသေးတယ်။ အဲဒီဖွင့်ပွဲနေ့မှာ ငါတို့လည်း အဲဒီဟိုတယ်မှာ ပြောင်းပြီးတည်းခိုဖို့ စာရင်းပေးခဲ့ပြီ။

''ဆရာရယ် . . . ဒီမှာလည်း အဆင်ပြေသားနဲ့ အကုန်အကျများမှာပေါ့ . . . ဆရာရယ်''

''အေးကွာ . . . သမီးတို့နဲ့ ညှိသည်တွေကို မြိတ်ကျွန်းစု ပတ်ပြချင်လို့ပါ။ ကျွန်းစုဟိုတယ်မှာတည်းတော့ ပိုအဆင်ပြေမလားလို့ပါ။ ညှိသည်ကများတော့ မင်းတို့ကိုလည်း အားနာတယ်လေကွာ''

''ဆရာရယ် . . . ဆရာတပည့်တွေပါ၊ အားနာစရာ မရှိပါဘူး။ တစ်လကိုးသီတင်းတည်းလည်း ကိစ္စမရှိပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ . . . မင်းနဲ့ငါက ပြောစရာ မရှိပါဘူး။ ငါ့သမီးတို့ကို ကျွန်းစုဟိုတယ်သစ်ကြီးမှာ တည်းခိုစေချင်လို့ပါ"

"ဟုတ်ကဲ့ပါ . . . ဆရာ၊ ညနေပိုင်းကလေး ကျွန်တော်တို့ ပြင်တော့မယ်။ ဆရာတို့ ရေချိုးပြီးတာနဲ့ အတော်ပါပဲ။ ညနေစာ ထမင်းစားချင်သူတွေအတွက်လည်း အဆင်သင့်ပြင်ပေးပါ့မယ်။ မနက်ဖြန်မနက်စာတော့ မြိတ်မြို့က နာမည်ကြီးတဲ့ ကတ်ကြေးကိုက် ဆရာ၊ အသားစုံနဲ့ ပင်လယ်စာ နှစ်မျိုး မှာထားပါတယ်။ ကြိုက်ရာ စားကြပေါ့"

"အေး . . . အေး . . . ကျေးဇူးပဲ . . . ချိုဝင်းထွန်း"

ထောင်ပိုင်ချိုဝင်းထွန်းနှင့် သူ့တပည့်များ ညစာ စီစဉ်နေကြစဉ် ကျွန်တော် ရေချိုးသည်။ ရဲအုပ်ကြီး မောင်ဝင်းကတော့ မြို့မရဲစခန်းခေတ္တပြန်ပြီး ပြန်လာမည်ဖြစ်သည်။ ကျွန်တော့်တပည့်များကို အနားပေးထားရာ အိပ်လိုက်စားလိုက်ဖြင့် ဟန်ကျနေကြသည်။ ညစာ စားပြီးတော့လည်း အပြင်မထွက်ကြ။ TV Series များကြည့်ကြပြီး အနားယူကြသည်။

နောက်တစ်နေ့မနက်တွင် ထောင်ပိုင်ချိုဝင်းထွန်းက မြိတ်မြို့မှ နာမည်ကြီးဆိုင်က ကိုက်ကြေးကိုက်ကိုမှာ၍ ကျွေးသည်။ ရန်ကုန်မှာလည်း ရှိသော်လည်း ဒေသထွက် မြိတ်မြို့ကတ်ကြေးကိုက်က ပို၍အရသာရှိသည်။ လက်ဖက်ရည်ချိုချိုကလေးဖြင့် အလွန်လိုက်ဖက်ပါသည်။

စားသောက်ပြီးတော့ ထောင်ပိုင်ချိုဝင်းထွန်းက တစ်ဖက်ကမ်း ပထော်ပထက်ဘုရားကြီးဖူးရန် ငှက်သိုက်အိမ်များလေ့လာရန်နှင့် ဈေးဝယ်ရန် ထောင်မှူးတစ်ဦးအား ဦးဆောင်စေလျက် လိုက်ပို့ပါသည်။ ကျွန်တော်တို့အားလုံး ဘုရားဖူးကြသည်။ အပြန် ငှက်သိုက်အိမ်များ လေ့လာ၍ ငှက်သိုက်စစ်စစ်ကို လက်ဆောင်ပေးရန် ဝယ်ကြသည်။ ငှက်သိုက်အိမ်များမှာ သဘာဝငှက်သိုက်အိမ်နှင့် လူတို့ဖန်တီးထားသော ငှက်သိုက်အိမ်ဟု နှစ်မျိုးရှိသည်။





ဇီဝဖိုးငှက်ကလေးများမှာ ကျွန်တော်တို့ ရန်ကုန်မြို့တွင် သွယ်တန်းထားသော ဓာတ်ကြိုးလိုင်းပေါ်၌ အုပ်စုလိုက်နားကြသည့် ပျံလွှားငှက်ကလေးများဖြင့် သဏ္ဍာန်တူသည်။ သဘာဝငှက်သိုက်အိမ်က ငှက်ကလေးများ သဘောကျပြီး သူတို့ဘာသာ လာနားခို၍ ငှက်သိုက်ကလေးများစွဲသောအိမ်ဖြစ်သည်။ လူတို့ဖန်တီးထားသော အိမ်က ငှက်ကလေးများ၏အသံကို တက်ဆက်ဖြင့် ဖမ်းယူ၍ အသံပြန်လွှင့်ကာ ငှက်ကလေးများအား ခေါ်ယူသော အိမ်ဖြစ်သည်။ ငှက်သိုက်ဆိုသည်မှာ လူတို့အတွက် အလွန်အသုံးဝင်သော အားဆေးဖြစ်သည်။ ဇီဝဖိုးငှက်ကလေးများ၏ အန်ဖတ်လည်းဖြစ်သည်။ မျက်နှာကျက်၊ အိမ်နံရံတို့တွင်ကပ်၍ ငှက်သိုက်ကို ဆောက်သည်။ အသိုက်ပြီးသည်နှင့် လူတွေက ဖြုတ်ယူ၍ ရောင်းစားကြခြင်းဖြစ်သည်။

ငှက်သိုက်အမျိုးအစား (၃)မျိုးရှိသည်။ ပထမတန်းရောင်းတန်းဝင် အဖြူရောင်အမျိုးက ဈေးကောင်းရသည်။ ဒုတိယအမျိုးက အဝါရောင်၊ တတိယတန်းစားက ငှက်ကလေးများ အာခေါင်ခြစ်၍အန်ရသော သွေးစများပါသည့် နီညိုရောင်၊ သူက ဈေးအနိမ့်ဆုံးဖြစ်သည်။ ဤအလုပ်မှာ တကယ်တော့ ငှက်ကလေးများအား သနားဖို့ အလွန်ကောင်းသည်။ ရွှေညာက်ရှင်လူသတ္တဝါများက အကြံအဖန် လုပ်ကြခြင်းဖြစ်သည်။

ယခင်က ဇီဝဖိုးငှက် ကလေးများမှာ ကျွန်းများပေါ်ရှိ တောတွင်း ကျောက်ဆောင်များအပေါ်တွင်သာ အသိုက်စွဲကြသည်။ လူများက စွန့်စားကာ ဝါးလှေခါးမြင့်ကြီးများဖြင့် ငှက်သိုက်ဆွတ်ကြသည်။ ပုလဲကျွန်းကြီးအနီးတွင် ငှက်သိုက်ကျွန်းဟု သီးခြားခေါ်ဆိုသော ကျွန်းတစ်ကျွန်းရှိသည်။ ယခုအခါတွင်တော့ လူတို့ နှိပ်စက်လွန်းအားကြီးသဖြင့် ငှက်ကလေးများ အသိုက် မစွဲတော့သောကြောင့် ကျွန်းနာမည်သာ ကျန်ရှိတော့ပါသည်။

ပထော်ပထက်ဘုရားကြီးမှာ မြိတ်မြို့တစ်ဖက်ကမ်းတွင် ရှိပြီး လျောင်းတော်မူဘုရားကြီးဖြစ်သည့် မြိတ်ဆိပ်ကမ်းနှင့် ပဏာတင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာ သပ္ပာယ်ခန့်ညားသည့် မြိတ်မြို့၏ ကျက်သရေဆောင်ဘုရားကြီး ဖြစ်သည်။ တစ်ဖက်ကမ်းမျက်နှာချင်းဆိုင် ကျွန်းပေါ်တွင် အုန်းပင်များကြား၌ စံပယ်တော်မူနေသည်။ ဆုတောင်းပြည့်ဘုရားကြီးဟုလည်း နာမည်ကြီးသည်။ ကျွန်တော်တို့ဘုရားကြီးတွင် ရွှေဆိုင်းလှူသည်၊ ပန်း၊ ဆီမီး၊ ရေချမ်းကပ်သည်၊ ဘုရားကြီး ဝေယျာဝစ္စအတွက် အလှူငွေများ ထည့်ဝင်သည်။ တံမြက်လှည်း၊ သန့်ရှင်းရေးပြုလုပ်၍ ကုသိုလ်ယူကြပြီး လိုသောဆုကို တောင်းကြသည်။ မမကြီးနှင့် ဆရာဝန်ကလေး မောင်ဇော်တို့၏မိဘများကတော့ ပုတီးစိပ်ပြီး တရားထိုင်ကြသည်။ အားလုံး ပျော်ရွှင်ကြည်နူးနေကြသည်။ ကျွန်တော်ကတော့ မှတ်တမ်းဓာတ်ပုံများ ရိုက်သည်။ ထိုစဉ် သမီး ယွန်းပွင့်စံက ...

"ဦးဦး ... သမီးတို့ ဘယ်တော့ ကျွန်းစုဟိုတယ်ကို ပြောင်းရမှာလဲ။ သမီးကတော့ ပင်လယ်လေ ရှူချင်နေပြီ။ ထောင်ညှော်ရိပ်သာကြီးက ကောင်းပေမဲ့ စိတ်ထဲ မသိုးမသန့်ကြီး။ အခြေအနေအရ နေနေရတာ"

"သမီးရယ် ... ခေတ္တသည်းခံပါ။ ဦးတို့က ညှော်သည်တွေများတော့ ခေတ္တယာယီတည်းခိုတာပါ။ မနက်ဖြန်မနက်စာ စားပြီးတာနဲ့ ကျွန်းစုဟိုတယ်သစ်ကြီးကို ရွှေ့မှာပါ"

"ကဲ ... ဒီနေ့တော့ သမီးတို့ လွတ်လွတ်လပ်လပ်ပဲ။ အပြန်ကျရင် ဈေးဘက်သွားပြီး ဝယ်ချင်တာဝယ်ကြ၊ ကျွန်းစုဟိုတယ်ရောက်ရင် ဒီဘက်ကမ်းလာဖို့က နည်းနည်းလှမ်းတယ်"

"ဟုတ်ကဲ့ပါ ... ဦးဦး"

ထိုနေ့က ဘုရားဖူးအပြီး မြိတ်မြို့ဘက်ကမ်း ပြန်အရောက်တွင် ဈေးဝယ်လိုသူနှင့် ငှက်သိုက်အိမ်လေ့လာလိုသူ နှစ်ဖွဲ့ခွဲ၍ သွားကြသည်။ ကျွန်တော်နှင့် ရဲအုပ်ကြီး ကိုမောင်ဝင်းတပည့်များကတော့ မြိတ်ဆိပ်ကမ်းရှိ လက်ဖက်ရည်ဆိုင်ကြီးတွင် ထိုင်ကြပြီး လက်ဖက်ရည်သောက်ကြရင်း မြိတ်ဆိပ်ကမ်းကို လေ့လာနေကြသည်။





"ကဲ ... ကိုမောင်ဝင်းရေ ညနေဘယ်အချိန် ဆဗ္ဗိုင်းဟိုတယ်ကို သွားကြမလဲ"

"ညနေ (၄)နာရီလောက် ကျွန်တော် လာခဲ့မယ်လေ။ ဒီနေ့ နေ့လယ်တစ်ဖွဲ့က အစည်းအဝေးရှိတော့ ကျွန်တော် စခန်းပြန်ရဦးမယ်"

"ကောင်းပါပြီဗျာ ... ကျွန်တော်တို့လည်း နေ့လယ်စာ ညှော်ရိပ်သာမှာ စားပြီး အနားယူရင်း အသင့်စောင့်နေပါ့မယ်။ ညနေကျရင်တော့ ယာဉ်မောင်းစက်ပြင်ကျွမ်းကျင်တဲ့ ကျွန်တော့်တပည့်မြင့်သိန်းပါ ခေါ်ခဲ့မယ်။ မော်တော်ဘုတ်ကြီးကို စမ်းမောင်းကြတာပေါ့"

"မမကြီးတို့ကိုပါ ခေါ်ခဲ့ပါလား။ သူတို့လည်း ပျင်းနေရောပေါ့"

"အေးဗျာ ... လေ့လာရအောင် ခေါ်ခဲ့ပါ့မယ်"

ကျွန်တော်တို့ မြိတ်ထောင်ညှော်ရိပ်သာသို့ နေ့လယ်စာ စားရန် ပြန်ကြတော့ ရဲအုပ်ကြီးကိုမောင်ဝင်း၊ မြို့မရဲစခန်း ပြန်သွားသည်။ ညှော်ရိပ်သာတွင် ကျွန်တော်တို့ ခေတ္တအနားယူရေချိုးရင်း ငှက်အိမ်လေ့လာရေးနှင့် ဈေးဝယ်သူများအား စောင့်ရသည်။ ထိုနေ့က နေ့လယ်စာကို မွန်းလွဲ (၁)နာရီခန့်မှ စားဖြစ်သည်။ စားသောက်ပြီး တစ်ရေးတစ်မော အိပ်သည်။

ညနေစောင်းတွင် ရဲအုပ်ကြီး ကိုမောင်ဝင်းလာခေါ်သဖြင့် ယွန်းပွင့်စံ၊ ကိုဇော်နှင့် နှစ်ဖက်မိဘများကိုပါ ခေါ်ကာ ဆိပ်ကမ်းဆင်းခဲ့ကြသည်။ ကိုမောင်ဝင်းက ပဲ့ထောင်တစ်စီးစင်းလုံးငှားပေးသဖြင့် ခရီးသည် မစောင့်ရတော့ဘဲ ကျွန်းစုဟိုတယ်သို့ ထွက်ခဲ့ကြပါသည်။

ကျွန်းစုဟိုတယ်မြောက်ဘက်ထိပ်တွင် ရေဆင်းတံတား၌ အပြာရင့်ရောင် မော်တော်ဘုတ်ကြီးတစ်စင်း ဆိုက်ကပ်ရပ်နားထားသည်။

"ကိုသိန်းဝင်းရေ ... ရောင်းမယ်ဆိုတာ၊ အဲဒီဘုတ်ကြီးပဲဗျ"

"အင်း ... အတော်ကောင်းတာပဲ။ ခေတ်လည်း မီတယ်ဗျ နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . တန်ဖိုးကတော့ အတော်ကြီးမှာပဲ . . . ကိုသိန်းဝင်းရေ"

"ရပါတယ်ဗျာ . . . တန်ဖိုးက အရေးမကြီးပါဘူး။ ရောင်း မရောင်းပဲ အဓိကပါ"

ကျွန်တော်တို့စက်လှေ ဘုတ်ကြီးအနောက်နား ရှိ ဒုတိယဆိပ်ကမ်းတံတားကို ကပ်ချိန်တွင် ဟိုတယ်မန်နေဂျာ ကိုအောင်ချမ်း အပြေးထွက်၍ကြိုလာသည်။

"ကြွပါ . . . ဆရာတို့၊ သူဌေး ရောက်နေပါပြီ။ ကျွန်တော် ပြောထားလို့ စောင့်မျှော်နေပါတယ်"

ကျွန်တော်တို့အား မန်နေဂျာ ကိုအောင်ချမ်းက ကြိုဆို၍ ဆိပ်ခံတံတားပေါ်မှ ဟိုတယ်ဝင်လမ်းအတိုင်း ဟိုတယ်ထဲသို့ ဝင်ကြသည်။

ဟိုတယ်အဝင် မှန်တံခါးကြီးအား ဖွင့်၍ ကြိုဆိုနေသူက သူဌေးကိုယ်တိုင် ဖြစ်သည်။ ကျွန်တော်နှင့် အင်းစိန်ထောင်တွင် ဆုံခဲ့ကြသည့် သဘော်ကပ္ပတိန်နိုင်လတ်။

"ဆဝါရီခတ် . . . ဆရာ"

"ဆဝါရီခတ် . . . နိုင်လတ်ရေ"

"ဟိုတယ်သူဌေးနိုင်လတ်က ကျွန်တော့်အား အပြေးဖက်လဲတကင်းကြိုဆိုနေသည်"

"ဆရာထောင်မှူးကြီး . . . ကျန်းမာပါရဲ့နော်"

"အေး . . . ကျန်းမာပါတယ်ကွာ၊ မင်းကော . . ."

"ဆရာပို့သတဲ့ မေတ္တာကြောင့် ကျန်းမာချမ်းသာပါတယ်"

"နိုင်လတ်ရေ . . . မင်းမြန်မာစကား အတော်တတ်နေပြီပဲ"

"ဆရာ့တပည့် အောင်မြင့်ဒင် သင်ပေးတာလေဆရာ။ ထောင်ထဲမှာကတည်းက သင်လာတာ။ အခုအပြင်ရောက်ပြီး မြန်မာပြည်အတွင်းဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်ခွင့်ရတော့ အောင်မြင့်ဒင်နဲ့တွဲပြီး လုပ်





ကြတာ။ သူက ယိုးဒယားမြန်မာ့ကပြားဆိုတော့ နေရာတကာ ဝင်ဆံ့တယ် ဆရာ။ သူ ကျွန်တော့်ကို အများကြီး အကူအညီပေးတယ်"

"အောင်မြင့်ဒင်က အခု ဘာလုပ်နေသလဲ . . . နိုင်လတ်ရေ"

"အောင်မြင့်ဒင်က မြန်မာရည်လည်တော့ ယိုးဒယားဘက်က ကုမ္ပဏီ တွေအားလုံးက သူ့ကို အားကိုးရတယ်။ သူက ဆောက်လုပ်ရေး အင်ဂျင်နီယာ ခရီးသွားလုပ်ငန်း (အေဂျင်စီ) ပွဲစားကြီးပေါ့ . . . ဆရာရယ်။ အခု သူက႔အလွန်ချမ်းသာနေပြီ ဆရာ"

"ငါ သူနဲ့ တွေ့ချင်တယ်ကွာ၊ ဘယ်မှာနေသလဲ"

"အောင်မြင့်ဒင်က ဘန်ကောက်မှာ အခြေချတာ ဆရာ။ သူ့မိသားစုက ဘန်ကောက်မှာ၊ သူ့ကုမ္ပဏီရုံးကတော့ ဘန်ကောက်နဲ့ ရနောင်းမှာပါ ဆရာ။ ဆီရာနောင်းဟိုတယ်ကြီးနဲ့ကပ်လျက် စင်ထရယ်ကုန်တိုက်ကြီးရဲ့ အောက်ထပ်အစွန်ဆုံး အခန်းဆရာ။ မီရာမဆောက်လုပ်ရေးကုမ္ပဏီပါ ဆရာ။ သူ မနက်ဖြန်မနက် ကျွန်တော့်ဟိုတယ်ဖွင့်ပွဲကို လာမှာပါဆရာ။ အဲဒီတော့မှ ဆရာနဲ့တွေ့မှာပါ"

"ကဲ . . ဆရာတို့အားလုံးပဲ ဧည့်ခန်းကိုကြွပါ။ ကျွန်တော့် ဟိုတယ်ဝန်ထမ်းတွေက ဖွင့်ပွဲအကြိုဆရာတို့ကို ကြိုဆိုဧည့်ခံပါလိမ့်မယ်"

သူဌေးနိုင်လတ်နှင့် မန်နေဂျာ ကိုအောင်ချမ်းတို့က ဦးဆောင်၍ ခေါ်သွားရာ အလယ်ဧည့်ခန်းမကြီးအဝတွင် ယူနီဖောင်းအပြာရောင်ဝတ်ဆင်ထားကြသော ဟိုတယ်ဝန်ထမ်းများက တန်းစီ၍ ဦးညွှတ်ကြိုဆိုကြသည်။

"ဆဝါရီခတ်"

"ဆဝါရီခတ်"

ကျွန်တော်တို့အား ပြင်ဆင်ထားသော စားပွဲကြီးတွင် နေရာပေးပြီး ယိုးဒယားစားဖိုမှူးကြီး မြို့တိုင်က လာရောက်မိတ်ဆက်သည်။ ဧည့်ခန်းဆောင်ခန်းမကြီးမှာ ကျယ်ဝန်းခေတ်မီလှပပြီး မဂ်လာဆောင်အခမ်းအနားတစ်မျှ မီးပန်းဆိုင်း ပန်းမျိုးစုံဖြင့် သစ်လွင်တောက်ပြောင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စားသောက်ကြရင်း ကျွန်တော်က မမကြီးနှင့် သမီး ယွန်းမွှင့်စံတို့ ဖနီးမောင်နှံအပြင် ရဲအုပ်ကြီးမောင်ဝင်းနှင့် တပည့်များဖြင့် သူဌေးနိုင်လတ်အား မိတ်ဆက်ပေးရသည်။ သူခိုးမြင့်သိန်း၊ ကျော်ကြီးနှင့် ပုဏ္ဏားတင်ဦးတို့က အင်းစိန်ထောင်တွင် အတူနေခဲ့ကြသော်လည်း အဆောင် အခန်းမတူ၍ မရင်းနှီးကြ။ ထို့ကြောင့် ကျွန်တော်က မိတ်ဆက်ပေးရခြင်း ဖြစ်သည်။ ကျွန်တော်တို့ အရက်ခွက်အား ကိုင်မြှောက်၍ 'ချီးယား' လုပ် ကြစဉ် နိုင်လတ်၏ လက်ယာဘက် လက်သူကြွယ်တွင် ကျွန်တော် လက် ဆောင်ပေးထားသော မိုးကုတ်နီလာကြီး ကွပ်ထားသည့် ရွှေလက်စွပ်ကို မြင်မိသည်။

"နိုင်လတ် . . . ဒီနီလာလက်စွပ်ကြီးက အခုထိရှိတုန်းပဲနော်။ မင်း တန်ဖိုးထားပြီး ဝတ်ဆင်တာ ငါ ဝမ်းသာပါတယ်"

"ဆရာရေ . . . စကားတွေပြောချင်ဇောနဲ့ မေ့နေတာ။ မနက်က ကျွန်တော် ရနောင်းက ပြန်ရောက်ရောက်ချင်းပဲ မန်နေဂျာက အင်းစိန်က ထောင်မှူးကြီးနဲ့ ရဲအုပ်ကြီးတို့ လာကြောင်း သတင်းပို့ပါတယ်။ ပုံသဏ္ဌာန် ကို မေးကြည့်တော့ ဆရာဖြစ်မှန်းသိတာနဲ့ အလွန်ဝမ်းသာနေတာ။ ဒါ ကြောင့် မနက်ဖြန်မှ ဖွင့်ပွဲလုပ်မည့်အစီအစဉ်ကို ကြိုတင်ပြီး အခုရှိဟာဖယ် လုပ်တဲ့ သဘောပါ။ ဆရာ့ကျေးဇူးတွေက ကျွန်တော့်အပေါ်မှာ အများကြီး တင်နေပြီ။

"အဲ့လိုလည်း မဟုတ်ပါဘူးကွာ။ တာဝန်အရထက်ပိုပြီး မင်းတို့ ကို ခင်မင်လို့ စောင့်ရှောက်ခဲ့တာပါ"

"အဲဒါကတစ်ပိုင်း ဆရာ့၊ ကျွန်တော် အခုပြောချင်တာက ဒီနီလာ လက်စွပ်အကြောင်းပါ။ ကျွန်တော် မြန်မာပြည်က ဘန်ကောက် ပြန်ရောက် တာနဲ့ ကျွန်တော် သဘော်သူဌေးသမီးနဲ့ အိမ်ထောင်ကျတယ်။ သဘော် တူမွှာထဲမှာ ကြီးကြပ်စစ်ဆေးရေးမှူးလုပ်ရင်းနဲ့ မန်နေဂျာဖြစ်လာတယ်။





'အောင်မြင့်ဒင်ကတော့ ကျောက်ပွဲစား၊ အိမ်ပွဲစား ရရစားစားပေါ့။ သူက တော့ ထောင်မကျခင်ကတည်းက အိမ်ထောင်ကျနေတာ။ ကျွန်တော်နဲ့ သူ စတင်သိတာကလည်း ကျွန်တော် ထောင်မကျခင်၊ သဘော်သား ဘဝ ကတည်းကပါ။ သောက်ဖော်စားဖက်ပေါ့။ ကျွန်တော့် သဘော်ကပွတိန်ဖြစ် တော့ သူ ကျွန်တော့် တန်ကေးစက်လှေနဲ့ မြန်မာပြည်က မြိတ်ကျွန်းစုကို အလည်တစ်ခေါက်လောက် လိုက်ချင်ကြောင်းပြောတယ်။ သူက ပုလော ပုလိုင်းသား၊ မွန်မြန်မာကပြား၊ လူပျိုဘဝအရွယ်ကတည်းက ယိုးဒယား ရောက်နေပြီး ထိုင်းလူမျိုးအဖြစ် ခံယူထားတာ။ သူ့အမျိုးတွေက ပုလော ပုလိုင်းကျွန်းမှာ အခုအထိ ရှိနေတုန်းပဲ။ မိဘတွေတော့ မရှိတော့ဘူး။ သူ က တစ်ဦးတည်း သောသား၊ ရောက်တဲ့နေရာ ပျော်ပျော်နေတတ်တယ်။ အပေါင်းအသင်းဆန့်တယ်။ ဒေသန္တရ၊ ဗဟုသုတနဲ့ နယ်မြေနဲ့စပ်တယ်။

အဲဒါနဲ့ပေါ့ . . . ဆရာရယ်၊ မြိတ်ကျွန်းစုကို ကမ်းရိုးတန်းက မဝင် ဘဲ ပင်လယ်ထဲကပတ်ဝင်ရင်း ငါးခိုးဖမ်းကြတာပေါ့။ အဲဒီအချိန်က မြန်မာ့ ပင်လယ်ပြင်မှာ ပင်လယ်ငါးဖမ်းကြတာ အလွန်နည်းတော့ ငါးက အလွန် ပေါတယ်။ ငါးသေတ္တာလုပ်တဲ့ ပလာတူးငါးတွေအပြင် မြိတ်ကျွန်းစုဘက်မှာ ထိုင်းနဲ့ ဂျပန်လူမျိုးတွေ အလွန်ကြိုက်ကြတဲ့ တူနာ၊ မာလာ၊ ပြည်ကြီးငါး၊ ရေချူ၊ ပင်လယ်ဂဏန်း၊ ပင်လယ်ခရုနီ၊ ကမာကောင် အရမ်းပေါတယ်ဆရာ။ ဒါကြောင့် အဲဒီအခေါက်က ကျွန်တော်တို့ စက်လှေအပြည့် ရကြတယ်။ အောင်မြင့်ဒင်က နယ်သားဆိုတော့ သူ လမ်းပြညွှန်ကြားတာလည်း ပါတာ ပေါ့ဆရာ"

"အဲ . . . အပြန်တော့ အောင်မြင့်ဒင်အလိုလိုက်ပြီး လပ်ပိကျွန်း ကို မှောင်ရိပ်ခိုပြီး ဝင်တယ်။ ညအချိန်ပေါ့။ အဲဒီအချိန်မှာ သတင်းရလို့လား ပါရဲ့။ Navy Boat က ကမ်းစပ်မှောင်ရိပ်မှာ ကင်းပုန်းစောင့်နေပြီး ဖမ်းတော့ တာပဲ။ ကျွန်တော်တို့ တန်ကေးလှေတွေက မြင်းကောင်ရေ အောင်ဂဏန်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ ယာမာအင်ဂျင်နှစ်လုံးတပ်ထားတော့ ပင်လယ်ပြင်မှာ အရှိန်ရတာနဲ့ ဘယ်သင်္ဘောမှ လိုက်မမီအောင် မြန်တယ်ဆရာ။ ဒါပေမဲ့ . . . အထနှေး တယ်။ Navy Boat က Johnson အင်ဂျင်တပ်ထားပြီး ဘော်ဖာနဲ့ပါ ထု တော့၊ ငါးအပြည့်တင်ထားတဲ့ ကျွန်တော်တို့ တန်ကေး အမိခံလိုက်ရတာ ပေါ့။ ဒါကြောင့် မြိတ်ထောင်ကတစ်ဆင့် ဆရာတို့ အင်းစိန်ထောင်ကို ကျွန် တော်တို့ ရောက်လာကြတာ''

''နီလာလက်စွပ်အကြောင်း ဆက်ပြောရဦးမယ် ဆရာ။ ဆရာ့ဆီ က ဒီလက်စွပ်ကိုရပြီး အိမ်မက်တွေ ခဏခဏမက်တယ်ဆရာ။ ဖိုးသူတော် ကြီးတစ်ပါးက ကျွန်တော်လုပ်ရမဲ့ ကိစ္စတွေကို ရှေ့ဆောင်လမ်းညွှန်တာပဲ ဆရာ။ ဒါကြောင့် (၁၀) စုနှစ် နှစ်စုလောက်အတွင်း ကျွန်တော့်ဘဝ တစ်ဟုန် ထိုး ပြောင်းလဲတိုးတက်လာတာ။ အန္တရာယ်ရှိရင်လည်း ကြိုတင်သတိပေး တတ်တယ်ဆရာ။ သင်္ဘော (တန်ကေး) အသိမ်းခံရပြီး ထောင်ကျခဲ့ပေမဲ့ ကျွန်တော် အောင်မြင့်ဒင်ကို စိတ်မနာပါဘူးဆရာ။ သူက အလွန်စိတ်ဓာတ် ကောင်းထားတတ်တယ်။ ကံမကောင်းလို့ အဖမ်းခံရတယ်ပဲ မှတ်ပါတယ်။ အခုလို ဆရာပေးထားတဲ့ နီလာလက်စွပ်ကြီးသာရှိရင် ကျွန်တော့်ကို ကြို တင်တားဆီးပြီး သတိပေးမှာ အမှန်ပဲ။

''အစောက ပြောခဲ့သလို အောင်မြင့်ဒင်က လူရည်လည်တယ်၊ နှံ့စပ်တယ်။ အပေါင်းအသင်း ဆန့်တယ်ဆရာ။ သူက ယိုးဒယား (ထိုင်း) နိုင်ငံသားခံယူထားပေမဲ့ ထိုင်းလိုရော၊ မြန်မာလိုအပြင် ပသျှူးနဲ့ ဒေသခံ ဆလုံစကားပါ တတ်ကျွမ်းတော့ ကျွန်တော့်ဆောက်လုပ်ရေးနဲ့ သင်္ဘော လုပ်ငန်းတွေမှာပါ ဦးဆောင်ပေးတာဆရာ။ အခုလည်း ဒီဟိုတယ်ကြီးကို ကန်ထရိုက်ရဖို့သူပဲ ကြိုးပမ်းပေးတာပါ။ သူ့ရှယ်ယာလည်း ဒီဟိုတယ်အထဲ မှာ ပါတယ်ဆရာ။ ဆရာ့တပည့်အောင်မြင့်ဒင်က အခုတော့ သူဌေးကြီး တစ်ဦးပါ ဆရာ''

---

စိတ်ကူးသစ်စာပေ



''မနက်က ကျွန်တော် ဒီဟိုတယ်ကို ရောက်ရောက်ချင်း **မန်နေဂျာ** ကပြောလို့ ဆရာ့အကြောင်းသိတာနဲ့ အောင်မြင့်ဒင်ဆီ ဖုန်းဆက်ထားပါ တယ်။ သူ အလုပ်များနေတဲ့ ကြားထဲက မနက်ဖြန်မနက် ဆက်ဆက်လာပါ့ မယ်တဲ့။ ဒီမော်တော်ဘုတ်ကြီးနဲ့ပဲ သူ့ကို သွားကြိုရမှာ၊ ကြုံတုန်း ဆရာတို့ အဖွဲ့လည်း ရနောင်းကို ခဏလိုက်လည်ပါလား။ ကျွန်တော် အကုန်တာဝန် ယူပါတယ် ဆရာ။ မြန်မာ အင်မီဂရေးရှင်းနဲ့ အကောက်ခွန်ရော၊ ထိုင်းဘက် က အဖွဲ့တွေရော ကျွန်တော်အားလုံးနိုင်ပါတယ် ဆရာ''

''နောက်တစ်ခါ အောင်မြင့်ဒင်ပြန်မှ လိုက်တာပေါ့။ အခုတော့ ဘာမှမပြင်ဆင်ရသေးလို့ မလိုက်သေးဘူး . . . နိုင်လတ်ရေ''

ထိုသည် ကျွန်တော် အလွန်ပျော်သည်၊ ကျွန်တော် ကျေးဇူးပြုခဲ့ဖူး သောတပည့်များ ကြီးပွားချမ်းသာနေကြ၍ ဖြစ်သည်။ ထိုညက ကျွန်တော် တို့ မြိတ်မြို့အပြန် နိုင်လတ်ကိုယ်တိုင် သူ၏ မော်တော်ဘုတ်ကြီးဖြင့် မြိတ် ဆိပ်ကမ်းသို့ ပြန်ပို့သည်။ ယခုညလည်း ရနောင်းမြို့သို့သွား၍ အောင်မြင့် ဒင်အား ကြိုပြီး ကျွန်တော်တို့အဖွဲ့အား ဝင်ခေါ်မည်ဖြစ်သည်။ တပည့်ရင်း အောင်မြင့်ဒင်နှင့် တွေ့ရဦးမည်ဖြစ်သောကြောင့် ကျွန်တော် အလွန်ဝမ်းသာ နေမိသည်။ ကျွန်တော် ရှာဖွေနေသည့်ကျွန်းမှာ နာမည်မထင်ရှားသဖြင့် လမ်ပိကျွန်းသား၊ ဒေသခံ အောင်မြင့်ဒင်အနေဖြင့် သိနိုင်ကောင်းပေသည်။ အကယ်၍ သူမသိပါကလည်း သူ့အဆက်အသွယ်၊ အမျိုးနွယ်တော့ ရှိဖေ လိမ့်ဦးမည်။

ဟိုတယ်သို့ရောက်တော့ ကျွန်တော်က ခရီးသွားအဖွဲ့သားအားလုံး အား မနက်ဖြန် မနက်ဟိုတယ်သစ်ကြီးသို့ ပြောင်းရွှေ့ရမည်ဖြစ်သဖြင့် အား လုံး အသင့်ပြင်ဆင်ထားရန်၊ မနက်ဖြန်မနက် စောစောထကြရန်၊ ရနောင်း မြို့သို့ သွားလည်ရန် အစီအစဉ်ရှိသဖြင့် ဈေးဝယ်လိုလျှင် ရနောင်းမြို့ချမှ ဝယ်ရန် ကြိုတင်မှာကြားထားသဖြင့် အားလုံး ဝမ်းသာနေကြသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုညက ထောင်ပိုင်ချုပ်ဝင်းထွန်းနှင့် ထောင်မှူးကြီးတို့အား ကျေးဇူးတင်စကားပြောပြီး ကြိုတင်နှုတ်ဆက်ရသည်။ ထောင်ပိုင်ချုပ်ဝင်းထွန်းက မနက်စာ မြိတ်မုန့်ဟင်းခါး စီစဉ်ထားသောကြောင့် စားသောက်ပြီးမှ သွားကြရန်လည်း သတိပေးသည်။ ကျွန်တော်ကတော့ ရတနာသိုက်ရှာဖွေရေးကိစ္စ လမ်းစပေါ်လာပြီဖြစ်သဖြင့် လွန်စွာ စိတ်ချမ်းသာရပြန်ပါသည်။ ထိုညက မြိတ်ထောင်ဧည့်ရိပ်သာတွင် လွန်စွာ အိပ်၍ပျော်သည်။ မြင်မက်သည့် အိပ်မက်များကလည်း အနာဂတ်အတွက် ပျော်ရွှင်စရာ အိပ်မက်များဖြစ်သည်။

✿ ✿ ✿

❑

နောက်တစ်နေ့မနက် (၅)နာရီခန့်ကတည်းက ကျွန်တော် အိပ်ရာက နိုးသည်။ မျက်နှာသစ်ပြီး ဘုရားဝတ်ပြုရန်အထိုင်တွင် မြိတ်ထောင်မှ နံနက်ခင်း ထောင်ဖွင့်ရန်အတွက် နှိုးခရာအသံ၊ အလေးပြုသံ၊ သစ္စာ (၄) ချက်ဆိုသံများ ညံစီသွားသည်။ ကျွန်တော် ပုတီးစစိပ်ပြီး တရားထိုင်တော့ အားလုံး ငြိမ်သက်သွားသည်။ ကျွန်တော် အမျှဝေ မေတ္တာပို့တော့ သာဓုခေါ်သံကို ကြားရသည်။ မမကြီးအသံဖြစ်သည်။ ကျွန်တော် ဝတ်ကိစ္စအပြီး ထိုင်ရာကထတော့ မမကြီး ပုတီးစိပ်နေသည်။ ကျွန်တော်တို့အရွယ်က ဘာသာတရား လိုက်စားကြရမည့်အရွယ် ဖြစ်ချေပြီ။

မနက် (၆)နာရီတိတိတွင် ကျွန်တော် ကြိုတင်မှာကြားထားသည့် အတိုင်း အားလုံးအိပ်ရာက ထကြသည်။ သမီးယွန်းပွင့်စံက ကော်ဖီများ ဖျော်နေသည်။ မောင်ဇော်နှင့် ကျွန်တော့်တပည့်များက ဆိုင်မှ ကြိုတင်မှာကြားထားသဖြင့် မြိတ်မုန့်ဟင်းခါးကို မြိတ်ထောင်ဝန်ထမ်းကလေး (၂)ဦး နှင့်အတူ ကျွေးမွေးရန် ပြင်ဆင်နေသည်။

ပုဏ္ဏားတင်ဦးနှင့် ဆရာဝန်ကလေး မောင်ဇော်၏ မိဘနှစ်ပါးက ဘုရားခန်းအဝင်၊ မမကြီးထွက်လာပြီး မုန့်ဟင်းခါးနှင့် ကော်ဖီပန်းကန်များကို နေရာချသည်။ မနက် (၆း၃၀)နာရီတိတိတွင် လူစုံအောင်စောင့်၍ မနက်



www.burmeseclassic.com

www.burmeseclassic.com



စာ အတူစားကြသည်။ မနက် (၇)နာရီတိတိ အသင့်ဖြစ်နေကြစဉ် ထောင်ဝန်ထမ်းတစ်ဦးက မော်တော်ဘုတ်ကြီး ရောက်နေပြီဖြစ်ကြောင်း အကြောင်းကြားလာသဖြင့် ကျွန်တော်တို့အုပ်စု ကမ်းနားဆိပ်ဆင်းခဲ့ကြသည်။ ကွမ်းပေါ်တွင် ကျွန်တော့်တပည့် အောင်မြင့်ဒင်က အပြေးလာရောက်ကြိုဆိုသည်။

"ဆရာ ... ကျန်းကျန်းမာမာပဲနော်"

"မင်းရော ... အဆင်ပြေရဲ့လား"

"ပြေပါတယ် ... ဆရာ၊ ဆရာ့ကို ကျေးဇူးဆပ်ချင်နေတာနဲ့ အတော်ပါပဲ။ ကျွန်တော်တို့မြိတ်ဟိုတယ်ကိစ္စနဲ့ ပတ်သက်ပြီး ရန်ကုန်နဲ့ နေပြည်တော်အထိ ရောက်တယ် ဆရာ။ အင်းစိန်ထောင်ထဲရောက်တော့ ဆရာတို့ ပြောင်းသွားကြပြီပဲ ပြောတယ်။ ဘယ်နေရာပြောင်းသွားမှန်း မသိကြဘူး။ (၁၀) စုနှစ် နှစ်ခုကျော်သွားတော့ လူဟောင်းတွေ မရှိကြတော့ဘူး ဆရာ။ အဲဒါကြောင့် ကျွန်တော်တို့ မဆုံတာပါ။ အခုမှ ဘာကိစ္စနဲ့ မြိတ်ကို လာကြတာလဲဆရာ"

"မင်းနဲ့ငါ ရှည်ရှည်ဝေးဝေး တိုင်ပင်စရာရှိတယ်။ လူအများရှေ့မှာ မကောင်းဘူး။ နောက်ပြီး ငါ့ညှီသည်တွေ စောင့်နေရတာ မကောင်းဘူး။ သူတို့ကို မင်းတပည့်တွေနဲ့ အရင်ပို့ခိုင်းလိုက်။ မင်းနဲ့ငါ လက်ဖက်ရည်ဆိုင်ထိုင်၊ စကားပြောပြီးမှ နောက်က စက်လှေနဲ့ လိုက်ကြတာပေါ့။ မကောင်းဘူးလား"

"ကောင်းတယ် ... ဆရာ၊ ကျွန်တော်ကလည်း ဆရာနဲ့ လွတ်လွတ်လပ်လပ် စကားပြောချင်နေတာနဲ့ အတော်ပါပဲ"

အောင်မြင့်ဒင်က မော်တော်ဘုတ်မှ သူ့တပည့်တစ်ယောက်ကိုခေါ်ပြီး မှာကြား၍ မော်တော်ဘုတ်ကြီး ထွက်ခိုင်းလိုက်သည်။

"နိုင်လတ် ... မျှော်နေမှာစိုးလို့ဆရာ။ အခမ်းအနားက မနက် (၁၀) နာရီမှ စမှာ၊ ဘန်ကောက်နဲ့ရနောင်းက သူ့မိတ်ဆွေတွေအပြင် မြိတ်က ဌာနဆိုင်ရာတွေလည်း ဖိတ်ထားတယ်။ နေ့လယ်စားပွဲပေါ့ဆရာ"





"အေး ... ငါတို့အဖွဲ့ကိုလည်း ဟိုတယ်ဖွင့်ပွဲအပြင် ငါ့သမီးတို့ မင်္ဂလာဦး ဟန်းနီးမွန်းခရီးမို့ သူ့ဟိုတယ်မင်္ဂလာရှိအောင် ဖွင့်ပွဲနေ့မှာပဲ စတင်တည်းခိုဖို့ ဖိတ်ထားတယ်။ ဒါကြောင့် မြိတ်ထောင်ဧည့်ရိပ်သာကနေ ပြောင်းလာကြတာ"

"ကဲ ... ဆရာပြော၊ ကျွန်တော် ဘာကူညီရမလဲ။ အခု ကျွန်တော်က တတ်နိုင်နေပါပြီ။ ဆရာ့တပည့် နိုင်လတ်လည်း ရှိတယ်လေ"

"ငွေရေး၊ ကြေးရေးကိစ္စလည်း မဟုတ်ပါဘူးကွာ။ အခု ငါတို့ ဧည့်သည်တွေနဲ့ ဂျက်လေယာဉ်ကို စင်းလုံးငှားလာတာပါ။ ငါ ရတနာမြေပုံတစ်ခု ပျဉ်းမနားတောင်ညိုဘက်က ရထားတယ်။ နောက်ဆုံး ရတနာသိုက်တည်ရာက လင်းယုန်ကျွန်းတဲ့၊ အင်္ဂလိပ်လို Eagle ကျွန်းပေါ့။ မင်းက လမ်ပိကျွန်းတိုင်းသားဆို။ မြိတ်ကျွန်းစု၊ ၈၀၄ ကျွန်းထဲက တစ်ကျွန်းပေါ့"

"အင်း ... ကျွန်တော် ကြားဖူးသလိုတော့ ရှိတယ်ဆရာ။ ဒါပေမဲ့ ... ငယ်စဉ်ဘဝ လွန်ခဲ့တဲ့ အနှစ်(၄၀)လောက်ကဆိုတော့ မေ့တော့တော့ဖြစ်နေပြီ။ နာမည်ရှိတဲ့ ဘယ်ကျွန်းနဲ့နီးသလဲ ဆရာ"

"အဲဒါလည်း ငါ မပြောတတ်ဘူးကွ။ မြေပုံမှာ မပါဘူး။ နာမည်မထင်ရှားတဲ့ကျွန်းလေး ဖြစ်မယ်။ ဒေသခံတွေမှ သိမယ်ထင်ပါရဲ့"

"ဆရာရယ် ... ကျွန်တော်က ဒေသခံပါ၊ မွေးကတည်းက ပင်လယ်ထဲ ကြီးလာတာ။ မြိတ်ကျွန်းစုအားလုံးကိုလည်း ရောက်ဖူးတယ်။ ဒါပေမဲ့ လင်းယုန်ကျွန်းဆိုတာ မသိဘူး။ ထားပါ ... ဆရာရယ်။ ကျွန်တော့်မိဘတွေမရှိတော့ပေမဲ့ ကျွန်တော့် ဘကြီး လမ်ပိကျွန်းမှာ ရှိပါသေးတယ်။ သူက သစ်မွှေးလိုက်သမား။ အဲဒါနဲ့ ချမ်းသာတာ။ ပွဲပြီးမှ လမ်ပိကျွန်းဘက်သွားကြပြီး ကျွန်တော် မေးပေးပါ့မယ်။ ဘကြီးက အသက် (၈၀)ရှိပြီး ကျန်းမာရေးလည်း ကောင်းတယ်။ မှတ်ဉာဏ်လည်း ကောင်းတယ်။ မြိတ်ကျွန်းစုတစ်ခုလုံး သူ့ခြေရာချည်းပဲ၊ ဘကြီးသိတန် ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ... ကူညီစမ်းပါဦး။ ရတနာတွေရတော့လည်း ဝေစုပေးမှာပါ။ အကျိုးမဲ့မဟုတ်ပါဘူး"

"ဆရာ ... အဲဒီကိစ္စတွေ ကျွန်တော်နဲ့ ဆရာ့ကြားမှာ ပြောစရာမလိုပါဘူး။ ကျွန်တော်နဲ့ နိုင်လတ်ကသာ ဆရာ့ကို ကျေးဇူးဆပ်စရာတွေ ကြွေးတင်နေတာပါ။ ကဲ ... ဆရာ၊ ဟိုတယ်မှာ နိုင်လတ်စောင့်နေရော့မယ်။ မြိတ်မြို့ကဗ္ဗာနဆိုင်ရာတွေက ကျွန်တော်နဲ့မန်နေဂျာ ကိုအောင်ချမ်းကိုပဲ ရင်းနှီးတာ။ နိုင်လတ်နဲ့က သိပ်မရင်းနှီးကြဘူး။ ဆရာ့ကိစ္စတွေ စိတ်အေးအေးထားပါ။ ကျွန်တော်တို့ အစွမ်းကုန် ကူညီပါ့မယ်"

"အေးကွာ ... ကျေးဇူးပါပဲ"

ကျွန်တော်တို့ မြိတ်ဆိပ်ကမ်းဆင်း၍ စက်လှေငှားရန် စီစဉ်နေစဉ် ဟိုတယ်မှ မော်တော်ဘုတ်ကြီး ဟွန်းသံပေး၍ ဝင်လာသည်။ ကျွန်တော်တို့ မော်တော်ပေါ်တက်တော့ မော်တော်မောင်းသူမှာ သူခိုးမြင့်သိန်း ဖြစ်နေသည်။

"ဆရာရေ ... မော်တော်ဘုတ်ကြီးက အလွန်ကောင်းဗျား ... ဒရိုင်ဘာခန်းနဲ့ အင်ဂျင်ကို ကားလိုပဲ ဒါရိုက်ဆက်ထားတော့ စက်နှိုးတာက အစ မော်တော်မောင်းသူက ဒါရိုက်လုပ်နိုင်တယ်။ စက်ခန်းအုပ်၊ ဆလင် မလိုတော့ဘူး။ ဆွဲအားကလည်း အလွန်ကောင်းဗျာ။ ရေပေါ်ရှပ်ပြေးသလို ကောင်းလိုက်တာဗျာ။ ဆီတော့ အတော်စားမယ်ထင်တယ်"

"ထားပါကွာ ... ဆီစားတာက တစ်ကဏ္ဍ။ အလုပ်ဖြစ်ဖို့က ပိုအရေးကြီးပါတယ်။ မင်းနဲ့လက်တွေ့တယ် မဟုတ်လား"

"တွေ့ပ ... ဆရာရယ်၊ လွတ်လပ်တဲ့ပင်လယ်ပြင်မှာ အသားကုန် စက်ကုန်ဖွင့်ပြီး မောင်းလိုက်ချင်တော့တာပါပဲ"

"အေး ... အေး ... မောင်းရမှာပါ။ စက်ပြင်ဆင်ထိန်းသိမ်းရေးလည်း လေ့လာထား။ ဒီပွဲပြီးတာနဲ့ ပင်လယ်ပြင်တင်မကဘူး၊ ဟိုတစ်ဖက်နိုင်ငံ ရေနောင်းအထိ မောင်းရမှာ"





"အကောင်းဆုံးပေါ့ ... ဆရာရယ်"

စကားပြောရင်းဆိုရင်း၌ ငွေနှံဆင်မော်တော်ဘုတ်ကြီးမှာ မြန်ဆန်သော အရှိန်ဖြင့် ဟိုတယ်သစ်ကြီးရှေ့ ဆိပ်ခံတံတားသို့ ရောက်လာသည်။ မော်တော်ဘုတ်ကြီးအတွက် သီးသန့်နေရာ သတ်မှတ်ထားသဖြင့် ဆိုက်ကပ်ရန် နေရာရသော်လည်း ဟိုတယ်ဆိပ်ကမ်းတွင် စက်လှေများ၊ မော်တော်များဖြင့် ပြည့်နေသည်။ ဟိုတယ်သူဌေးနိုင်လတ် ထွက်လာပြီး ကျွန်တော်နှင့် အောင်မြင့်ဒင်အား ဖက်လဲတကင်း ကြိုဆိုသည်။

"ဆဝါရီခတ်"

"ဆဝါရီခတ်"

"မင်္ဂလာပါ ... ဆရာ"

ကျွန်တော် မျှော်နေတာ။ ဆရာတို့ ဆရာတပည့် သီးသန့်စကားပြောရင်း ကျန်ခဲ့တယ်ဆိုလို့ စောင့်နေတာ။ ဆရာ့သမီး မင်္ဂလာဇနီးမောင်နှံအတွက်တော့ သီးသန့်တစ်ခန်း၊ ဧည့်သည်တွေအတွက်လည်း ပင်လယ်ဘက် ရှုခင်း ကောင်းရာအခန်းတွေ ပေးထားပါတယ်။ ဆရာနဲ့ အောင်မြင့်ဒင်ကတော့ ဟိုတယ်တစ်ခုလုံး ကြိုက်တဲ့အခန်း နေနိုင်ပါတယ်"

"ကဲ ... လူစုံပြီ၊ မနက် (၁၀)နာရီလည်း ထိုးတော့မယ်ဆိုတော့ ဖွင့်ပွဲ စလိုက်ကြရအောင်"

ဟိုတယ်သစ်ကြီးရှေ့တွင် ဟိုတယ်ဝန်ထမ်း မိန်းကလေးများက အပြာရင့်ရောင် ယူနီဖောင်းကိုယ်စီဖြင့် မိုးပျံပူးပေါင်းအတွဲကြီးကို ဖဲကြိုးဖြင့် တန်း၍ ကိုင်ဆောင်ထားကြပြီး ကျွန်တော်တို့ နေရာယူကြသည်။ မနက် (၁၀) နာရီတိတိ မင်္ဂလာအချိန်တွင် နိုင်လတ်က ဖဲကြိုးဖြတ်၍ စတင်ဖွင့်လှစ်ရာ 'ဆဗ္ဗိုင်းဟိုတယ်ဖွင့်ပွဲ' ဟူသော ဆိုင်းဘုတ်အဝတ်စကြီးမှာ ကောင်းကင်ယံသို့တက်၍ ပင်ဘယ်ဘက်လွင့်ပါသွားသလို ဟိုတယ်သစ်ကြီး ရှေ့မျက်နှာစာတွင် တပ်ဆင်ထားသော အပြာရောင်ပိုးပဝါမှာ တဖြည်းဖြည်းပေါ်၍ Savoy



www.burmeseclassic.com

www.burmeseclassic.com



Hotel ဟူသော နီယွန်မီးချောင်းတစ်ဆင်ထားသည့် ခန်းညားလှပသော ဆိုင်းဘုတ်ကြီး ပေါ်လာသည်။ တက်ရောက်လာကြသော ဧည့်သည်တော်များ၏ လက်ခုပ်သံများက ပင်လယ်ပြင်သို့ ပဲ့တင်ထပ်ပြီး ဝေ့ဝိုက်၍ ဆူညံသွားသည်။

"ဖျောင်း ... ဖျောင်း ... ဖျောင်း ... ဖျောင်း ... ဖျောင်း"

"ဝေး ... ဝေး ... ဝေး ... ဟေး ... ဟေး ... ဟေး"

ဖွင့်ပွဲပြီးတော့ ဟိုတယ်ဧည့်ခန်းမကျယ်ကြီး၌ ကျွေးမွေးဧည့်ခံပွဲ၊ ဟိုတယ်ပိုင်ရှင် သူဌေးနိုင်လတ်နှင့် အောင်မြင့်ဒင်တို့က မိတ်ဆက်စကား အသီးသီးပြောကြပြီး မန်နေဂျာ ကိုအောင်ချမ်းက ဟိုတယ်သစ်ကြီးအကြောင်းနှင့် တည်းခိုသူများအတွက် ဟိုတယ်မှ ဝန်ဆောင်မှုလုပ်ငန်းများကို အသေးစိတ် ကြေညာပေးသည်။ ပြီးနောက် ... ဟိုတယ်သစ်ကြီးသို့ ပထမဆုံးလာ ရောက်တည်းခိုသည့် ကြင်စဦးဇနီးမောင်နှံဖြစ်ကြသည့် ဆရာဝန်ကလေး မောင်ဇော်နှင့် ယွန်းပွင့်စံတို့ စုံတွဲအား ဟိုတယ်တည်းခိုစရိတ်ငြိမ်းအပြင် ဘတ်ငွေ (၁၀၀၀၀၀ဝ/–) ကို ဟိုတယ်ပိုင်ရှင် နိုင်လတ်က ဆုချီးမြှင့်သည်။ လက်ခုပ်သံများ ညံ့မစဲ။

"ဖျောင်း ... ဖျောင်း ... ဖျောင်း ... ဖျောင်း"

ဆုပေးပွဲပြီးတော့ နေ့လယ်စာ စားပွဲဖြင့် ဧည့်ခံသည်။ ထိုင်းအစားအစာများ ဖြစ်သည်။ အသားမျိုးစုံနှင့် ပင်လယ်ထွက်အစားအစာမျိုးစုံ၊ အကြော်၊ အလှော်၊ အသုပ်၊ ဟင်းချိုမျိုးစုံ၊ ဧည့်သည်များ စားသောက်နေကြစဉ်အတွင်း ထိုင်းအဆိုတော်များက မြူးမြူးကြွကြွသီချင်းများဖြင့် ဧည့်ခံသည်။ မကြာမီ Chief cook ကြီးချက်ပြုတ်ရေးဝတ်စုံဖြင့် ဝန်ထမ်းများ ခြံရံကာ ထွက်လာပြီး လာရောက်သည့်ပရိသတ်အား ဝိုင်းစေ့နှုတ်ဆက်ဧည့်ခံပါသည်။

မွန်းလွဲ (၁)နာရီတွင် နေ့လယ်စာ စားပွဲပြီးတော့ ကျွန်တော်တို့ လူရင်းများချည်း ကျန်တော့သည်။





ထိုအခါတွင် အောင်မြင့်ဒင်က ...

"ကဲ ... ဒီတစ်ခါ ကျွန်တော့်အလှည့်ပဲ။ မနက်ဖြန် ကျွန်တော် အပြန် ဆရာတို့အဖွဲ့အားလုံး လိုက်ခဲ့ကြပါ။ ရနောင်းမှာ ခဏနားပြီး ဘန်ကောက်ကို သွားမယ်။ ဘန်ကောက်မှာ ကျွန်တော့်အိမ်ဝင်လည်၊ မြို့လှည့်ဖူးမယ်။ ပြီးတော့ ရနောင်းပြန် ဈေးဝယ်၊ ကျွန်တော် အကုန်အကျအားလုံး တာဝန်ယူတယ်။ အပြန်ကျတော့လည်း ဆရာ့ကိစ္စအတွက် ကျွန်တော် ပြန်လိုက်လာရဦးမှာ"

နိုင်လတ်က ...

"အဲဒါဆို ကျွန်တော်က ဆရာထောင်မှူးကြီးနဲ့ သဘောကိစ္စ အရောင်းအဝယ် လုပ်မယ်။ ကျွန်တော်က ရနောင်းမှာ မော်တော်ဘုတ်အသစ်ကလေးတစ်စီး ဝယ်ထားတော့ ဒီမော်တော်ဘုတ်ကြီးကို ဆရာ့ကို (FOC) လုပ်ပေးမယ်"

"ဘာလဲကွ ... နိုင်လတ်၊ (FOC) ဆိုတာ ..."

အောင်မြင့်ဒင်က မေးတော့ နိုင်လတ်က (FOC) ဆိုတာဟိုတယ်စကားကွ။ Free of Charges အလကားပေးတာ။ ကျေးဇူးဆပ်တာလို့ ခေါ်တယ်။

"ဟား ... ဟား ... ဟား ..."

ထိုစဉ် ကျွန်တော်က ...

"နိုင်လတ်ရေ ... ဒီလိုလုပ်မယ်ကွာ။ အခု ငါတပည့် အောင်မြင့်ဒင်နဲ့လည်း တွေ့ရပြီ။ သူက လမ်ပိကျွန်းသား၊ နယ်မြေကျွမ်းတယ်။ ဒါကြောင့် ခရီးက သိပ်သွားစရာမလိုတော့ဘူးထင်တယ်။ မနက်ဖြန် ရနောင်းသွားကြရင်း လမ်ပိကျွန်းကို ဝင်မယ်၊ အောင်မြင့်ဒင်ဘကြီးနဲ့ တွေ့မယ်။ သူ့ဆီက လမ်းညွှန်ချက်ယူမယ်။ အပြန်ကျ အညွှန်းသိတော့ ကျွန်းရှာရုံပဲကျန်တော့တယ်။ တစ်လလောက်ခန့်မှန်းချိန် မကုန်တော့ဘူးပေါ့။ အဲဒါကြောင့် နိုင်လတ်ရဲ့ မော်တော်ဘုတ်ကြီးကို ခဏပဲ ငှားသုံးမယ်။ နိုင်လတ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်အတွက် ဈေးဝယ်ရမှာဆိုတော့ ဒီမော်တော်ဘုတ်ကြီးက မရှိမဖြစ် လိုဦးမှာပဲ။

နောက်ပြီး ငါ အကြံပေးချင်တာက မြိတ်ဆိပ်ကမ်းဌာနဆိုင်ရာတွေနဲ့ ညှိပြီး ကမ္ဘာလှည့်ခရီးသည်တွေပါလာအောင် ဆွဲဆောင်တဲ့ သဘောနဲ့ ဆဗ္ဗိုင်းဟိုတယ်မှာတည်းခိုရင် မြန်မာပိုင် မြိတ်ကျွန်းစုအလှကိုပါ ခံစားနိုင်အောင် လှည့်လည်ပြမယ်လို့ပါ ကြော်ငြာလိုက်ကွာ။ အောင်မြင့်ဒင်က ရနောင်းနဲ့ ဘန်ကောက်မှာပါ ကြော်ငြာပေး။ ကဲ . . . အဲဒီတော့ ဟိုတယ်ခ အပြင် မော်တော်ဘုတ်ကြီးကလည်း အပိုဝင်တာပေါ့''

''ဟုတ်ပါ့ . . . ဆရာရယ်။ ကျွန်တော် အဲဒီအချက်ကို မေ့နေတာ''

နိုင်လတ်က ဝန်ခံတော့ အောင်မြင့်ဒင်က . . .

''ဟုတ်ပါ့ဗျာ . . . အဲဒါ ဘယ်သူမှ မလုပ်သေးတဲ့ တကယ့်အရေးကြီးတဲ့အချက်ပဲ။ တော်ပါပေတယ် . . . ဆရာရယ်''

''ကဲ . . . ဆရာ့အပေါ်ကျေးဇူးတင်ရပြန်ပြီ . . . အောင်မြင့်ဒင်ရေ့။ ငါ့ဆရာကို လက်ဆောင်ကောင်းကောင်း ဝယ်ပေးရဦးမယ်''

ထိုနေ့က စကားပြောရင်း ညနေစောင်းလာသဖြင့် ကျွန်တော်တို့ ဆရာတပည့်များ ပြန်လည်တွေ့ဆုံခြင်း အထိမ်းအမှတ်၊ ဟိုတယ်သစ်ကြီး ခေါင်မိုးပေါ်၌ အတူးသီးသန့် လုပ်ကြပါသည်။ ခေါင်မိုးဒါဘာပေါ်မှ ပင်လယ်ပြင်နေဝင်ချိန်အလှ (Sun set) ကို ကြည့်ကြရင်း ပျော်ရွှင်စွာ အရက်သောက်ရင်း စကားပြောကြသည်။ ကျွန်တော်တို့ ရေချိန်ကိုက်၍ ပြန်ဆင်းလာတော့ ဟိုတယ်ဧည့်ခန်းတွင်းလူက အပြည့်၊ ဧည့်ခံပွဲဆက်ခြင်း မဟုတ်ပါ။ တည်းခိုသူ ဧည့်သည်များနှင့် လာရောက်စားသောက်အားပေးသူများ ဖြစ်ပါသည်။ ဆဗ္ဗိုင်းဟိုတယ်သစ်ကြီးက လာဘ်ဦးကောင်းလှပါသည်။

✿ ✿ ✿

□

ထိုညက များသွား၍ ကျွန်တော့်သူငယ်ချင်း ရဲအုပ်ကြီး ကိုမောင်ဝင်းကို ကျွန်တော့်တပည့်မြင့်သိန်းနှင့် ကျော်ကြီးက တစ်ဖက်ကမ်းမြို့မရဲစခန်းအထိ လိုက်ပို့ရသည်။ ထောင်ပိုင်ချိုဝင်းထွန်းကတော့ မအားလပ်၍ မလာနိုင်ပါ။ ကျွန်တော်ကတော့ အစီအစဉ်များလုပ်ရန် ကျန်သေးသဖြင့် အောင်မြင့်ဒင်နှင့် သီးသန့်ဆွေးနွေးနေရပါသေးသည်။ ညနေက သွားသဖြင့် မမကြီးလည်း စောင့်မျှော်နေပေလိမ့်မည်။ သမီးယွန်းပွင့်စံတို့ကတော့ မနက်ဖြန် ရနောင်းနှင့်ဘန်ကောက်သို့ ဈေးဝယ်ထွက်ရမည်ဖြစ်သဖြင့် အလွန်ပျော်ရွှင်နေကြပါသည်။ နှစ်ဖက်ဆွေမျိုးမိတ်ဆွေများကလည်း တအုံ့တသြဝမ်းသာနေကြပါသည်။

ထိုညက ဆန္ဒနှင့်ရည်ရွယ်ချက်များ ပြည့်စုံသဖြင့် ကျွန်တော်ကောင်းစွာ အိပ်ပျော်သည်။ ပုဏ္ဏားတင်ဦးတစ်ယောက်သာ ပျောက်နေသည်။ သူ့အား ပေးထားသော အခန်းထဲတွင် တရားထိုင်နေဟန် တူပါသည်။ သူက အရက်မသောက်၊ သက်သတ်လွတ်စားသည်။ အဓိပတိသူနိုင်ကြီးဆိုပေမဲ့ မနိုးမဝက်သော နေ့ဗိုင်းသီလမြဲပါသည်။ သူ့အကျင့်စရိုက်က တစ်မျိုးတစ်ဘာသာ ထူးခြားနေပါသည်။ မျောက်တင်သောင်နှင့် မုဆိုး



www.burmeseclassic.com

www.burmeseclassic.com



အောင်သန်းတို့ကတော့ တောသားများပီပီ စောစီးစွာ ရေချိုးကိုက်၍ အိပ်သွားကြသည်။

ကျွန်တော့်ညီများဖြစ်ကြသော ကျောက်ဆည်ကြောင်ပန်းကုံးနှင့် နန္ဒီရွာမှ မိုးတင်၊ မိုးအောင်၊ မိုးမောင်တို့ညီအစ်ကို တစ်စုကတော့ ဘုရားပွဲအပြီး ထန်းရာသီနှင့်ကြုံနေပြီး စပါးပေါ်ချိန်ဖြစ်၍ မလိုက်နိုင်ကြသဖြင့် အခွင့်အရေးထူးနှင့် လွဲကြရသည်။ ကျွန်တော် ခရီးထွက်လာစဉ်ကလည်း ဤသို့ အစီအစဉ် ဖြစ်လာလိမ့်မည်ဟု မမျှော်လင့်မိခဲ့ပါ။ မြိတ်ရောက်မှ ထောင်ထွက်တပည့်ဟောင်းများဖြင့် တွေ့ပြီး မမျှော်လင့်ဘဲ ကံကောင်းခြင်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော် ဗိသုနိုးမြို့ဟောင်းဆရာတော်၏ အဆုံးအမကို ပြန်လည်ကြားယောင်နေမိသည်။

"စေတနာမှန်လျှင် ကံကောင်းမည်တဲ့လေ"

ကျွန်တော့်ဘဝတွင် တတ်စွမ်းနိုင်သမျှ လူမှုရေး၊ ဘာသာရေး၊ ငွေကြေးကိစ္စများတွင် ကူညီခဲ့ခြင်းများစွာ ရှိသည်။ ရုပ်ဝါဒသမားမဟုတ်သော်လည်း တကယ်လုပ် အဟုတ်ဖြစ်သည်ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားသည်။ လုပ်ဆောင်သမျှလည်း စိတ်ပါလက်ပါ လုပ်သည်။ ထို့ကြောင့်လည်း မိတ်ဆွေအပေါင်းအသင်းများက ကျွန်တော့်အား ယုံကြည်လေးစားကြသည်။ စိတ်မပါလျှင်တော့ ထိုအလုပ်ကို ဝတ်ကျေတန်းကျေ မလုပ်ရုံတင်မက လှည့်ပင်မကြည့်တော့ပါ။ အငြိုးအတေး မထားတတ်သော်လည်း အမှတ်တော့ ကြီးသည်။


နောက်တစ်နေ့မနက်တွင် ထုံးစံအတိုင်း မနက်(၆)နာရီ အိပ်ရာကထသည်။ မျက်နှာသစ်ပြီး ဘုရားဝတ်ပြုသည်။ မနက်(၇)နာရီတွင် ဟိုတယ်ညှိခန်း၌ အားလုံးစုံညီစွာ မနက်စာစားကြပြီး မနက်(၈)နာရီတွင် ခရီးထွက်ရန် အဆင်သင့်ဖြစ်နေကြသည်။ ဟိုတယ်ပိုင်ရှင် သူဌေးနိုင်လတ်က သူ့မန်နေဂျာနှင့် ဝန်ထမ်းများ၊ စားဖိုမှူးကြီးအား အမှာစကားခြွေနေသဖြင့် အတန်ငယ် နောက်ကျသွားသည်။ တကယ်တမ်းထွက်ဖြစ်တော့ မနက်(၉)





နာရီပင် ထိုးခါနီးချေပြီ။

ကျွန်တော်တို့ မော်တော်ဘုတ်ကြီးထွက်ခွာလာရာ လှုကအပြည့် ပင်လယ်ပြင်ရောက်သည်နှင့် မော်တော်ဘုတ်ကြီးမှ လျင်မြန်သော အရှိန်ဖြင့် ရေပေါ်ရှပ်ပြေးနေသည်။ နေအတက်တွင် ပင်လယ်လှိုင်းတွန့်ကလေးများမှာ ရွှေအနားကွပ်ထားသလို တောက်ပြောင်နေသည်။ ကျွန်းများက အနောက်ဘက်တွင် တရိပ်ရိပ် ကျန်နေခဲ့သည်။ ပင်လယ်ရေအရောင်မှာ အပြာရောင်မှ အနက်ရောင်သို့ ပြောင်းလာသည်။ ရေနက်သော သင်္ကေတဖြစ်သည်။ ကျွန်းကမ်းစပ်မှ လိုက်ပါလာသော ပင်လယ်စင်ရော်ငှက်များ၊ တဖြည်းဖြည်း ခွာသွားကြသည်။



လန်ပိကျွန်းမြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ဘုတ်ကြီးရှေ့ ရေပြင်ပေါ်၌ လင်းပိုင်ငါးကြီးများမှာ မှုတ်၍ အုပ်စုလိုက် ပျော်မြူးနေသည်။ မှိုပွင့်များသဏ္ဌာန် ကင်းမွန်ငါးများကတော့ ရေထဲတွင် တက်လိုက်ဆင်းလိုက် ငုပ်လိုက်ပေါ်လိုက်နှင့် တဖွားဖွား ကစားနေကြသည်။ မော်တော်ပေါ်တွင် မော်တော်မောင်းသူနှင့် သူ့ခိုးမြင့်သိန်း။ ကျော်ကြီးတို့က မောင်းခန်းအတွင်း၌ ထိုင်ကြပြီး ကျွန်တော်၊ နိုင်လတ်၊ အောင်မြင့်ဒင်နှင့် ကျွန်တော့်တပည့်များက မော်တော်ဦး၊ လက်ရမ်းအတွင်း၌ ဝိုင်းဖွဲ့၍ ထိုင်သည်။ ခရီးသည်အများစုက ပေါင်းမိုးအတွင်းထိုင်ခုံများ၌ စနစ်တကျ တန်းစီ၍ ထိုင်ကြပြီး မမကြီးနှင့် ယွန်းပွင့်စံတို့အဖွဲ့က မော်တော်နောက်ဘက်၊ လက်ရမ်းအတွင်း၌ ထိုင်၍ ပင်လယ်ပြင်ရှုခင်းကို ငေးမောခံစားရင်း နေစာလှုံနေကြသည်။ ဒုံးကျွန်း၊ စခန်းသစ်ကျွန်း၊ ကံမော်ကျွန်း၊ မာန်အောင်ကျွန်းများကို ကျော်လာသည်။

မော်တော်ကြီးက ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ပုလဲကျွန်း၊ ငှက်သိုက်ကျွန်းများကို လွန်၍ ပင်လယ်ပြင်ကို အရှိန်နှင့်ဖြတ်သန်းနေသည်။ မွန်းတည့်ချိန်ခန့်တွင် အဝေးတွင် ကျွန်းစုကလေးကိုမြင်ရရာ အောင်မြင့်ဒင်က . . .

''ဆရာဟိုးရှေ့က ကျွန်းစုကလေးက လမ်းပိကျွန်းနဲ့ ကလဲယားကျွန်းစုကလေးပဲ။ ကျွန်တော့်မွေးရပ်ဌာနီပေါ့။ ကော့သောင်းမြို့နယ်ထဲကို ရောက်တော့မယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ ရွက်လှေနဲ့ လက်ခပ်၊ ငှက်လှေပေါ့။ အခုမှ စက်လှေတွေ၊ ပဲ့ထောင်တွေ၊ မော်တော်ဘုတ်တွေ၊ ရှပ်ပြေးယာဉ်တွေပေါ်လာတာ။ ခေတ်တစ်ခုရဲ့ တိုးတက်တဲ့ အပြောင်းအလဲက စနစ်ပါပဲဗျာ''

''ဟ . . . အောင်မြင့်ဒင်ရဲ့၊ အဲဒီခေတ်စနစ်တွေကို ဘယ်သူက ဖန်တီးကြတာလဲ။ မှုဟာမှုပဲ။ လူတွေက ဖန်တီးမှ အကောင်အထည်ပေါ်တာ။ လူမကောင်းရင် မှုဘယ်လောက်ပြောင်းပြောင်း အလကားပဲ။ တိုင်းပြည်ချစ်တာခြင်း အလွန်ကွာပါတယ်''





''ဆရာ့စကားက နိုင်ငံရေး နွယ်လာပြီ။ ဘယ်သူနဲ့ ကွာတာလဲ''

''ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကွာတာကို ပြောတာပေါ့''

''ငါတို့တွေဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်မှာ လူဖြစ်လာခဲ့ရတာ။ ငါတို့ခေတ်မှာလည်း ငါတို့တိုင်းပြည်ကြီး ခေတ်မီတိုးတက်အောင် ကြိုးပမ်းခဲ့ကြတာပဲ။ ဒါပေမဲ့ . . . ပညာရေးစနစ်က ဟိုးရှေ့အင်္ဂလိပ်ခေတ်၊ ပါလီမန်ခေတ်ကလောက် အဆင့်မရှိတော့ဘူး။ အဲဒီခေတ်တွေတုန်းက ယိုးဒယားကတောင် ရန်ကုန်တက္ကသိုလ်မှာ ဘွဲ့၊ ဒီဂရီလာယူမှ အဆင့်မီပြီး ဂုဏ်ရှိတာ။ အခု ငါတို့ခေတ်အင်္ဂလန်မှာ ဘွဲ့သွားယူသလိုပေါ့။

အခုကျတော့ ငါတို့နိုင်ငံက ပညာရေးစနစ်က စမ်းတဝါးဝါး၊ ပညာရေးစနစ်သစ်တွေ အမျိုးမျိုးပြောင်းပြီး လက်တည့်စမ်းပညာရေး ဖြစ်နေတော့ နောင် အနာဂတ်အတွက် မျိုးဆက်သစ်တွေ နာတာပေါ့။ ဆိုရှယ်လစ်စနစ်ဆိုတော့ အင်္ဂလိပ်စာကို အလေးထား မသင်ဘူး။ အခြေခံလောက်ပဲ သင်တာ၊ ကိုယ့်ဘာသာကိုယ် လေ့လာကြိုးစားမှ ရေးတတ်၊ ဖတ်တတ်ရုံရှိတာ။ ကောင်းကောင်း စကားမပြောတတ်ကြဘူး။ ပြောလည်း မပြောရဲကြဘူး။ အင်္ဂလိပ်တွေဟာ မြန်မာပြည်ကို (၁၂၃)နှစ်တိုင်တိုင် ကျွန်ပြုအုပ်စိုးခဲ့လို့ စိတ်နာစရာဖြစ်ပေမဲ့ သူတို့နည်းစနစ်တွေက အလွန်စနစ်ကျတာ။ ကမ္ဘာပေါ်မှာ လူတို့သိအပ်တဲ့ ကျမ်းအစောင်စောင် ပညာရပ်တွေဟာ အင်္ဂလိပ်ဘာသာနဲ့ပဲ အများစုရှိတာ။ ဂျပန်တွေ တိုးတက်ခေတ်မီတယ်ဆိုတာကလည်း သူတို့နဲ့ ခေါင်းဆောင်တွေ ပညာရှင်တွေက အင်္ဂလိပ်ဘာသာကနေ ဂျပန်ဘာသာကို တိုက်ရိုက်ပြန်ဆို ထားတဲ့စာပေကျမ်းဂန်တွေ ပြည့်စုံတော့ နဂိုကတည်းက ကမာကူရာခေတ်၊ မေဂျီခေတ်တွေမှာ တိုင်းပြည်ကို တကယ်ချစ်တဲ့ပုဂ္ဂိုလ်တွေရဲ့ မြေတောင်မြှောက်ပေးမှုတွေကြောင့် ဂျပန်တွေ အင်္ဂလိပ်စာ၊ တတ်စရာမလိုဘဲ သူတို့ ဂျပန်ဘာသာနဲ့ပဲ ပြည့်စုံအောင် ခေတ်ပညာကို သင်ယူနိုင်ကြတယ်။ တို့မြန်မာပြည်က တစ်ကယ်ဆို နှစ်ပေါင်း (၁၂၃) နှစ်တိတိ အင်္ဂလိပ်လက် အောက်မှာနေခဲ့ရတော့ အင်္ဂလိပ်ဘာသာနဲ့ ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com



ပြီးသားပါ။ အင်္ဂလိပ်တွေဟာ အင်္ဂလန်ကျွန်း သေးသေးကလေးပေါ်မှာနေပြီး ကမ္ဘာကြီးရဲ့ အရှေ့၊ အနောက်၊ အလယ် ကိုလိုနီနိုင်ငံတွေ ချဲ့ထွင်ပြီး နေမဝင်အင်ပါယာ လုပ်နိုင်တာဟာ အတုယူစရာ မကောင်းဘူးလား''

ဒါကြောင့် ဗိုလ်ချုပ်တောင် ပြောခဲ့သေးတာပဲ။ 'မြန်မာပြည်ကို ကျွန်ပြုထားလို့ အင်္ဂလိပ်တွေဟာ ကျုပ်တို့ရဲ့ ရန်သူဖြစ်ပေမဲ့ သူတို့မှာ စနစ်ကျတဲ့ ကောင်းကွက်တွေရှိလို့ အတုခိုးသင့်တယ်' တဲ့။ ဟုတ်တယ်လေကွာ . . အနီးစပ်ဆုံးပြောရရင် မင်းတို့၊ ငါတို့ ထောင်ထဲမှာရှိစဉ်က အကျဉ်းဌာနကသုံးခဲ့တဲ့ လုပ်လုံးလုပ်နည်းဥပဒေတွေဟာ ၁၉၃၀ ခုနှစ်လောက်က ပြဌာန်းခဲ့တဲ့ Burma Jail Manual ဆိုတဲ့ အင်္ဂလိပ်တွေပြဌာန်းခဲ့တဲ့ ဥပဒေစာအုပ်ကြီးအတိုင်း ခေတ်မီအောင် အနည်းပါး ပြင်ဆင်တာလောက်ပဲရှိတာ။ ရေပက်မဝင်၊ ဟာကွက်မရှိအောင် ပြည့်စုံတယ်။ ဒါကြောင့် . . . အခုခေတ်အထိ အသုံးပြုနေရဆဲပဲ။

အဲ့လိုပဲ မြန်မာ့တပ်မတော် ကြည်း၊ ရေ၊ လေ၊ မြန်မာ့ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြူနီစီပယ်အဖွဲ့ (စည်ပင်)၊ မီးရထား၊ ဘဏ်လုပ်ငန်း၊ သစ်တော၊ မြေတိုင်း၊ ရေကြောင်းဥပဒေတွေဟာ အင်္ဂလိပ်ခေတ်က ပြဌာန်းခဲ့တဲ့ ဥပဒေတွေအတိုင်း ဆက်လက်အသုံးပြုနေရဆဲပဲ။ အသစ် မရေးဆွဲနိုင်ဘူး။ ဒါကြောင့် အခုမှ သဘောပေါက်ပြီး အင်္ဂလိပ်စာကို ဖိသင်နေရတာ။ ခါးပြတ်သွားတော့ အင်္ဂလိပ်ဘာသာမှာ မြန်မာလူငယ်တွေ ညံ့တော့တာပေါ့။ ဒါကြောင့် အရင်ခေတ်တွေနဲ့ ပြောင်းပြန်၊ မြန်မာလူငယ်တွေ ယိုးဒယားသွားပြီး ဘွဲ့ယူနေကြရတာ ရင်နာစရာ မကောင်းဘူးလား။ တကယ်ဆို မြန်မာတွေဟာ ပုဂံခေတ်ကနေ အင်းဝခေတ်အထိ သိန်းချီတဲ့ တရုတ်တပ်ကြီး (၃) ကြိမ်ချီပြီး တိုက်တာတောင် တွန်းလှန်ဖြိုဖျက်ပြီး ငြိမ်းချမ်းရေးယူခဲ့တာ။ အလောင်းဘုရားနဲ့ ဆင်ဖြူရှင်လက်ထက်မှာဆိုရင် ယိုးဒယားကို သိမ်းပြီး မလေးကျွန်းဆွယ်အထိ နယ်မြေကျယ်ပြန့်ခဲ့တယ်''

''ဒါကြောင့် ယိုးဒယားတွေဟာ တစ်ချိန်လုံး ဘယ်သူ့လက်အောက်





မှ မကျမခံခဲ့ရဘူးပဲ မြန်မာ့လက်အောက်သာ အကျခံခဲ့ရဘူးလို့ မြန်မာတွေကို အလွန်မုန်းတာ၊ အခုခေတ် သူတို့နိုင်ငံက ကျောင်းသုံးစာအုပ်တွေမှာတောင် မြန်မာမုန်းတီးရေးသင်ခန်းစာကို ထည့်သွင်းသင်ကြားတဲ့အပြင် မြန်မာဘုရင်တွေတိုက်ပြီး မီးရှို့ခဲ့တဲ့ အယုဒ္ဓယမြို့ကြီးကို မပြုပြင်ဘဲ ဒီအတိုင်းထားသတဲ့။ နှောင်းလူတွေ မြန်မာတွေအပေါ် စိတ်နာအောင် အမွေထားခဲ့တဲ့ သဘောတပဲ''

အခုတော့ မြန်မာတွေဟာ အာဏာရှင်စနစ်တွေကြောင့် တံခါးပိတ်ဝါဒ ကျင့်သုံးလို့ ခေတ်နောက်ကျပြီး ကျန်ခဲ့ပြီ။ ဒုတိယကမ္ဘာစစ်အပြီးမှာ ပြာပုံသာကျန်ခဲ့တဲ့ ဂျပန်က ကမ္ဘာမှာ ထိပ်ဆုံးရောက်နေပြီ။ စစ်ဖြစ်လို့ ချွတ်ခြုံကျပြီး မနေ့တစ်နေ့ကမှ စစ်ပွဲပြီးလို့ လွတ်ကင်းလာတဲ့။ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံတွေဟာ အုပ်ချုပ်သူ လူတန်းစား၊ ခေါင်းဆောင်ကောင်းတော့ ခေတ်မီနိုင်ငံတွေ တစ်မုဟုတ်ခြင်းဖြစ်လာကြပြီး တို့နိုင်ငံမှာတော့ တို့နိုင်ငံသားအချင်းချင်း စစ်တိုက်နေရပြီး လွတ်လပ်ရေးရတာ နှစ်ပေါင်း (၆၀) ရှိလာပေမဲ့ မတိုးတက်ဘဲ မွဲတေနေတာ၊ သယံဇာတလည်း ပေါပါရဲ့။ သစ်တွေ၊ ဆန်၊ စပါးတွေလည်း အလျှံပယ်ပေါပါရဲ့။ တိုင်းပြည်ကို ချစ်တာခြင်း ကွာလို့ပဲ။ ငါ့အမြင်တော့ အခုတိုင်းပြည်ကြီးကို 'ခြစ်' ခွာနေကြသူက အများစုပေကွာ''

''ဒါကြောင့် . . . အင်းဝခေတ်မှာကတည်းက တဘောင်ပေါ်ဖူးသတဲ့''

''တဘောင်ပေါ်တယ်ဆိုတာ အင်းဝခေတ်မှာကတည်းက ရှိသလား ဆရာ။ ကျွန်တော်က အခုခေတ်ကျမှ တဘောင်ပေါ် ဖက်ရှင်ဝတ်ကြတာလားလို့''

''နှင့်အမေကလွှား . . . စကားကောင်းပြောရင်း ဖောက်လာပြီ၊ တဘောင်ပေါ်တယ်ဆိုတာ နှောင်ဖြစ်လာမဲ့အခြေအနေကို ကြိုတင်ပြီး နိမိတ်ဖတ်တာ၊ တဘောင်တို့၊ စနည်းတို့ဆိုတာ ဖြစ်လာမဲ့ အတိတ်နိမိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကဗျာလိုလို၊ လင်္ကာလိုလို၊ အတိတ်တဘောင် နိမိတ်ဆောင်တာ''

ကျွန်တော် ဆဲလိုက်၍ အောင်မြင့်ဒင်မှာ ဇက်ပုသွားသော်လည်း ကျွန်တော့်စကားကို နားထောင်နေကြသော တပည့်များက တဝါးဝါး တဟားဟား ရယ်ကြသည်။

''ဝါး . . . ဟား . . . ဟား . . . ဟား . . .''

''ဆက်ပြောပါဦး . . . ဆရာရယ်၊ ကျွန်တော် တကယ်မသိလို့ ဆရာတပည့်ချင်း မေးမိတာပါ''

အေး . . . အင်းဝခေတ်တုန်းက တဘောင်က ဒီလို . . .

''တရုတ်ကဖိ၊ ရှမ်းကအိ၊ ရှိသည့်ဗမာမနေသာ'' တဲ့။ ရှမ်းဆိုတာက ယိုးဒယားကိုပြောတာ၊ အခုတော့ ထိုင်းပေါ့။

''အခု ကြည့်ပါလား . . . ရောဝတီမြစ်ဆုံ ဆည်စီမံကိန်းနဲ့ တရုတ်က မြန်မာအစိုးရကို ဖိအားပေးနေပြီ။ သံလွင်မြစ်ဘက်မှာလည်း တရုတ်နဲ့ ယိုးဒယား (ထိုင်း) က ရေကာတာတွေက အပြိုင်အဆိုင်ဆောက်နေတာ''

''ရှေးစကားပုံတွေ တဘောင်တွေ နိမိတ်ပေးတာ။ အလွန်မှန်တယ်နော် . . . ဆရာ''

''အေး . . . အဲဒါတွေက မြန်မာ့ရိုးရာပညာတွေပဲ။ နက္ခတ်တာရာ၊ ဂြိုဟ်စီးဂြိုဟ်နင်း ရာသီဥတုအခြေခံပြီး နက္ခတ်တာရာ၊ ဗေဒင်ပညာရှင်တွေက တွက်ချက်ပြီး ဟောကိန်းထုတ်တာ မှန်တာပေါ့''

မကြာမီ ကျွန်တော်တို့ မော်တော်ဘုတ်ကြီး လမ်ပိကျွန်း၊ ကျွန်းစုဆိပ်ကမ်းသို့ ဆိုက်ကပ်သည်။ ကျွန်းအနောက်ဘက်တွင် ကလဲယားကျွန်းရှိပြီး လန်ပိကျွန်းပေါ်တွင် အမျိုးသားဘေးမဲ့ဥယျာဉ်ရှိသည်။ လန်ပိကျွန်းကမ်းခြေမှာ ဒီရေရောက် လမုတောများဖြင့် ပြည့်နှက်နေသည်။ ကျွန်းကမ်းခြေတစ်လျှောက် ဒီရေတိုးသဖြင့် ပြောင်းရိုးပုံစံ၊ ဒီရေဝင်သော မြောင်းလက်တက်ငယ်လေးများ အမြွှာအမြွှာဖြစ်နေသည်။





လန်ပိကျွန်းမှာ အလွန်လှပသော ကျွန်းကြီးဖြစ်သည်။ ယခုအခါ မွေးမြူရေးနှင့် သဘာဝတောရိုင်း တိရစ္ဆာန်ဥယျာဉ်ရှိသဖြင့် နိုင်ငံခြားသားအများအပြား လာရောက်လေ့လာကြကြောင်းလည်း သိရသည်။ ကျွန်းကြီးသည် ပုစွန်တုပ်ကွေးပုံစံဖြစ်ပြီး ကျွန်းပေါ်၌ (၁၅၂၅)ပေမြင့်သော အလယ်တောင်ကြောသည် ကျွန်းအရှည်အတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ သွယ်တန်းနေသည်။ ကျွန်း၏ မြောက်ပိုင်းတွင် မြေပြန့်လွင်ပြင်ရှိသည်။ ကျွန်း၏အလျားက (၂၀) မိုင်ဖြစ်ပြီး မြောက်ပိုင်းတွင် အရှေ့မှအနောက်ဘက်သို့ (၁၀)မိုင် ရှည်လျားသည်။ ထို့ကြောင့် ထိုနေရာကို လန်ပိကျွန်းဘေးမဲ့တိရစ္ဆာန်ဥယျာဉ်အဖြစ် သတ်မှတ်ထားသည်။'

လန်ပိရွာကို အလယ်ကျွန်းတန်းကြီး ပတ်လည်ပင်လယ်ကမ်းစပ်၌ ရွာတန်းရှည်အဖြစ် တည်ဆောက်ထားသည်။ နောက်ခံတောင်တန်းစိမ်းစိမ်း၊ အုန်းပင်များဖြင့် ကမ်းခြေသဲသောင်ပြင်၊ ပင်လယ်ရေပြာပြာဖြင့် အလွန်လှပသော ရွာကလေးဖြစ်သည်။ ထိုရွာတွင်မွေးသော အောင်မြင့်ဒင်က . . .

''ကျွန်တော့် မွေးရပ်ဇာတိ လန်ပိကျွန်းရွာဟာ ဘယ့်လောက် သာယာသလဲ ကြည့်ပါဦး . . . ဆရာရယ်။ သဘာဝစားစရာတွေ ပေါပြီး လတ်ဆတ်တယ်။ ပင်လယ်က လေကောင်းလေသန့်ကို ရှူရတော့ ကျန်းမာရေးကောင်းပြီး ရွာသူရွာသားတွေ အသက်ရှည်ကြတာပေါ့။ ဒါကြောင့် ကျွန်တော့်ဘကြီးနဲ့ တွေ့ပြီးတာနဲ့ ဆရာတို့ရှာနေတဲ့ လင်းယုန်ကျွန်းကို သုညွှန်ပြပါလိမ့်မယ်''

ကျွန်တော်တို့ မော်တော်ဘုတ်ကြီး ရေစူးနက်ရာကမ်းခြေသို့ ကပ်သည်။ စိတ်ချရမှ ကျောက်ဆူးချ၊ ကမ်းခြေတိုင်ငုတ်တွင် ကြိုးချည်ပြီး ခရီးသည်များကို ဆင်းခိုင်းသည်။ သူ့ခိုးမြင့်သိန်းက မော်တော်ဘုတ်စက်ကို သတ်ပြီး . . .

''ဆရာရေ . . . မော်တော်ဘုတ်ကြီးက အလွန်ခေတ်မီတယ်။ ညှိကြည့်ဆလိုက်မီး၊ ဂျိုင်ရိုစကုပ်၊ သံလိုက်အိမ်မြှောင်၊ ဂျီပီအက်(စ်)ခေါ်တဲ့ Global Posationing System ဂြိုလ်တုများရဲ့တည်နေရာနဲ့ မိမိသင်္ဘောရှိရာ



www.burmeseclassic.com

www.burmeseclassic.com



ကို အလိုအလျောက် တွက်ချက်ပေးတဲ့စနစ်။ ကွန်ပျူတာက မိမိသွားလိုရာ လမ်းကြောင်းကို လတ္တီတွတ်၊ လောင်ဂျီတွတ်ကိုထည့်လိုက်ရင် Auto Pilo 7 စနစ်က အလိုအလျောက် တွက်ချက်ပေးပြီး ဦးတည်ရာ ဒီဂရီအညွှန်းနဲ့ ကြာမဲ့အချိန်ပါ တွက်ချက်ပေးတယ်။ ရေဒါစနစ်နဲ့ ရေပုံဖတ်တီဗွီဖန်သားပြင်ပါ ပါတော့ ရေအတိမ်အနက် ရေအောက်ကမမြင်ရတဲ့ ကျောက်ဆောင် ကျောက်ဆွယ်၊ အန္တရာယ်တွေကိုပါ မြင်နိုင်တယ်။ လိုအပ်ရင် အဝေးအနီး ဆက်သွယ်နိုင်တဲ့ ဆက်သွယ်ရေးစက်နဲ့ အချက်ပြမီးတွေ၊ အသက်ကယ် စနစ်တွေ အားလုံးပါတယ်။ အလွန်ဟန်ကျတယ် ဆရာ။ ကျွန်တော်တော့ အားလုံး လေ့လာထားပြီးပြီ။

"အေး . . . ကောင်းပါတယ်ကွာ။ မင်းကိုယ်တိုင် တတ်ကျွမ်းရုံတင် မကဘဲ ငါတို့အဖွဲ့ဝင်တွေကိုပါ အရေးပေါ်သုံးတတ်အောင် သင်ပေးထားပါ။ လိုရမည်ရ တစ်ကယ်လို့မင်းအရေးပေါ် တစ်စုံတစ်ခုဖြစ်လို့ မော်တော် မမောင်းနိုင်ရင် အကူအညီရတာပေါ့"

"စိတ်ချပါ . . . ဆရာ၊ စက္ကူပြင်နဲ့နီးစပ်တဲ့ သာယာဝတီသား၊ ဆရာ တပည့်ကားပြင်ဆရာ၊ ကိုအောင်သန်းနဲ့ ကိုတင်သောင်း၊ ကျော်ကြီးတို့ကို ပါ သင်ပေးပါ့မယ်။ ပုဏ္ဏားကတော့ အရေးပေါ်ရင် ဂါထာ၊ မန္တန်တွေ ရွတ် နေမှာ"

သူနိုးမြင့်သိန်းက အငြိုးဖြင့် ပုဏ္ဏားတင်ဦးကို လှည့်ခွပ်လိုက်သေး သည်။ ပုဏ္ဏားက မြွေမြွေကလေး ပြုံး၍ . . .

"အေး . . . မှတ်ထား . . . သူနိုး၊ တောထဲတောင်ထဲရောက်မှ ပုဏ္ဏားတင်ဦး ဘယ်လိုတော်ကြောင်း မင်းသိရမယ်။ နက္ခတ်တာရာ အတတ် ဆိုတာ မင်းအစောကပြောသလို ရေဒါမလိုဘူး။ မှန်ပြောင်းမလိုဘူး။ ငါက ပင်ကိုမျက်စိနဲ့ကြည့်ပြီး ပြောနိုင်တယ်"

"ကဲ . . . နောက်မှ ငြင်းကြစမ်းကွာ။ ဟိုမှာ မမကြီးတို့၊ အောင် မြင့်ဒင်တို့အဖွဲ့အောက်မှာ စောင့်နေကြပြီ"

---

စိတ်ကူးသစ်စာပေ




ကျွန်တော်တို့မော်တော်ပေါ်က ဆင်း၍ သဲပြင်ပေါ်သို့ရောက်တော့ အောင်မြင့်ဒင်က ဖိနပ်များချွတ်၍ သဲပြင်ပေါ်တွင် လျှောက်နိုင်းပါသည်။

သူနိုးမြင့်သိန်းက . . .

"ဟ . . . ဟ . . . ဘာလဲ၊ သာသနာနယ်မြေလား"

"ကျန်းမာရေးအတွက် သဘာဝအရသာကိုလည်း ခံစားရအောင် ဖိနပ်ချွတ် လျှောက်ခိုင်းတာပါ။ ကိုမြင့်သိန်း ဖိနပ်စီးချင်ရင်လည်း စီးလို့ရပါ တယ်။ သာသနာ့နယ်မြေ မဟုတ်ပါဘူး။ သဘာဝ နယ်မြေပါ"

"ဩော် . . . အဲ့လိုလား . . . သိဘူးလေ၊ ဖိနပ်ချွတ်လျှောက်ပါ့ မယ် ခင်ဗျ"



ဆလုံကျွန်းသဲသောင်ပေါ်မှ တက်ကျန်းငယ်

www.burmeseclassic.com

www.burmeseclassic.com



"မော်တော်ဘုတ်ကြီးပေါ်တွင် နာရီပေါင်းများစွာ ထိုင်ခဲ့ရသဖြင့် ညောင်းချိနေသော ကျွန်တော်တို့မှာ ဆားငံရည်ဆမ်းထားသည့် သဲပြင်မှုန်မှုန်ဖြူဖြူပေါ်တွင် ဖိနပ်မပါ၊ ခြေဗလာဖြင့် လျှောက်လှမ်းကြတော့ အညောင်းအညာပြေပြီး အိပ်ခါနီးခြေဖဝါးအား ဆားဖြင့် ပွတ်လိမ်းသလို အပူများထွက်၍ လန်းဆန်းလာသည်။ ပင်လယ်ဘက်မှ တိုက်ခတ်လာသော ဆားငံလေသည် ကျွန်းပေါ်မှ ကုန်းတန်းဖြင့်ထိ၍ ပြန်လာရာ ထိုလေက သစ်စိမ်းအနံ့ဖြင့် အသက်ရှူ၍ အလွန်ကောင်းသည်။ ထို့ကြောင့်ပင် အောင်မြင့်ဒင်ပြောသလို ကျွန်းသားများကျန်းမာပြီး အသက်ရှည်ကြခြင်းဖြစ်ပေမည်။



လမုတောနှင့်လန်ပိကျွန်း



ရွာဆိပ်တွင် စက်လှေအချို့၊ တုန်ကင်းလိုမျိုး စက်တပ်သမ္ဗန်ကြီးအချို့ ရပ်ထားသည်။ လှေတစ်စင်းမှာ ရေပေါ်အိမ်လုပ်သော ဆလုံလှေ၊ အောက်ခံလုံးထွင်းလှေအား ကြိမ်များဝါးများဖြင့် ကွပ်ခါ၊ အပေါ်ပိုင်းချို့တွင် ၌ ပေါင်းမိုးလုပ်ထားသောကြောင့် တဲအိမ်တစ်လုံးစာမျှ ကျယ်ဝန်းပါသည်။ လှေပဲ့၌ ဆလုံအမျိုးသမီးတစ်ဦး ထိုင်းဘက်မှလာသော စပို့ရှပ်တစ်ထည်ကို ဝတ်ထားပြီး အဆင်မပေါ်တော့သော ထဘီတစ်ထည်ကို ပတ်လျက် ထမင်းအိုး တည်နေပုံရသည်။ လှေဝမ်းထဲပေါင်မိုးအောက် ပိုက်ပုခက်အနီး၌ မိန်းကလေးငယ်တစ်ဦးက အသားဖြူသော ကလေးငယ်တစ်ဦးအား ထိန်းနေသည်။ အဝတ်များ ပြည့်စုံစွာ ဝတ်ထားသည်။



လန်ပိကျွန်း ပုလောနလ ဆလုံစံပြရွာကလေး

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အနီးရှိ အောင်မြင့်ဒင်အား . . .

"အောင်မြင့်ဒင် . . . ဆလုံတွေက အပေါ်ပိုင်းအဝတ်အစား မဝတ်ကြဘူးဆို။ အခုတော့ ဟိုဆလုံလှေထဲက မိသားစုက ကလေးကအစ ဝတ်စုံအပြည့်ပါလား၊ ယောကျ်ားလုပ်သူကတော့ ဘယ်သွားလဲ မသိဘူး"

"သူတို့လှေက ဧည့်လှေဖြစ်ပုံရတယ်ဆရာ။ ယောကျ်ားလုပ်သူက အရက်ဆိုင်သွားသလား၊ ပစ္စည်းလာဝယ်တာလား မဆိုနိုင်ဘူး။ ဒီဘက် ကမ်းနားနီးတဲ့ ဆလုံတွေက ယဉ်ကျေးနေပါပြီ ဆရာ။ လုံလုံခြုံခြုံနေတတ်နေပါပြီ။ ဂျူလန်းကျွန်း ဆရာတော်ရောက်လာပြီး သာသနာပြုနေတာမို့ အခုဆိုရင် ဗုဒ္ဓဘာသာဝင်တွေဖြစ်ကုန်ပြီ။ မြန်မာစာနဲ့ မြန်မာစကားကိုလည်း သင်နေကြပြီ။ မရိုင်းတော့ဘူး။ ကမ်းခြေမြို့ရွာနဲ့ ဝေးတဲ့ ကျွန်းတွေမှာတော့ အခုထိ မိန်းမရော ယောကျ်ားပါ အောက်အရှက်လုံအောင် ပုဆိုးထဘီဝတ်ပေမဲ့ ကလေးတွေကတော့ ကိုယ်တုံးလုံးပဲ။ ဘာသာတရားလည်း မရှိသေးဘူး။ နတ်ဆရာကိုပဲ ယုံကြည်ကိုးကွယ်ကြတုန်းပဲ။ ဒါကြောင့် ဂျူလန်းကျွန်းဆရာတော်က လှေတစ်စီးနဲ့ လှည့်လည်သာသနာပြုနေတယ်"

"အေးကွာ . . . အဲ့ဒီဆရာတော်ကိုလည်း ဖူးချင်ပါရဲ့ကွာ"

"ရပါတယ်ဆရာ . . . ကျွန်တော် စီစဉ်ပေးပါ့မယ်"

"အောင်မြင့်ဒင် . . . မင်းတို့ဘကြီးအိမ်က ဘယ်နားမှာလဲ'

"ရွာလယ်တောင်ခြေမှာ ဆရာ၊ ကမ်းနားမှာ မဟုတ်ဘူး။ ဘကြီးက နှစ်ရှည်ပင်တွေစိုက်ပြီး ခြံကျယ်ကြီးနဲ့ နေတာ။ အိမ်ကြီးကိုလည်း သစ်ကောင်းဝါးကောင်းနဲ့ အကြီးကြီး (၂) ထပ်ဆောက်ထားတာ။ ကျွန်းသားဆိုပေမဲ့ အထင်မသေးနဲ့၊ နိုင်ငံခြားအထိသစ်မွှေးနဲ့ ငှက်သိုက်၊ ငါးကြီးအန်ဖတ်သွားရောင်းပြီး ဗဟုသုတပြည့်စုံတယ်။ ထိုင်း၊ မလေးရှား၊ စကာပူစကားနဲ့ တရုတ်၊ ဆလုံ၊ မွန်စကားပါတတ်တယ်။ အာဂအဘိုးကြီး။ ဒါကြောင့် ဆရာ သိချင်တာမေးလို့ရအောင် ကျွန်တော်ခေါ်လာတာ"





ကျွန်တော်တို့အဖွဲ့ ခြေတံရှည်အိမ်များအနီးမှ ရွာလယ်ဝင်သည့် လမ်းအတိုင်း အတွင်းသို့ဝင်လာရာ ပင်လယ်ပြင်မှကြည့်လျှင် ခြေတံရှည်တဲအိမ်များကိုသာ မြင်ရမည်ဖြစ်သော်လည်း အတွင်း၌ ခြံကျယ်ကြီးများဖြင့် ကွမ်းသီးပင်၊ အုန်းပင်နှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားသော အိမ်ပိုင်းကြီးများကို အစီအရီတွေ့ရသည်။ လန်ပိကျွန်းရွာကြီးမှာ ထိုအခါမှ မသေးငယ်လှကြောင်း သဘောပေါက်ရတော့သည်။

"ဒွာနေရှာခံတွေက အတွင်းထဲမှာ ခြံနဲ့ဝင်းနဲ့ဆရာ။ လက်လုပ်လက်စား ရေလုပ်သားနဲ့ ဧည့်သည်တွေကတော့ သောင်ပြင်မှာ ယာယီတဲအိမ်ကလေးတွေနဲ့ နေကြတာ။ ကျွန်းတောင်ဘက်မှာ ဈေးနဲ့စားသောက်ဆိုင်တွေရှိတယ်။ ဟိုးတစ်ဖက်(၁၀) မိုင်လောက်ဝေးတဲ့ နေရာမှာ ကလည်းရား (CALARA) ကျွန်း ရှိတယ်ဆရာ။ အဲ့ဒီကျွန်းမှာတော့ ကမာပုလဲ၊ ရေရှူ၊ ကဏန်း၊ လိပ်မွေးမြူရေး ကုမ္ပဏီလုပ်ကွက်တွေရှိတော့ ပိုစည်ကားပါတယ်။ ကျွန်းတွေက ကျွန်တော်တို့ ငယ်စဉ်ကလို မဟုတ်တော့ဘူး။ အလွန်တိုးတက်လာပြီ ဆရာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

❑

ကျွန်တော်တို့ တောင်ခြေမှ အလွန်ကျယ်ဝန်းသော ခြံဝိုင်းကြီးတစ်ခုအတွင်းသို့ အောင်မြင့်ဒင် ဦးဆောင်၍ ဝင်လာကြသည်။ ခြံဝိုင်းကြီးအား ကွမ်းသီးပင်၊ အုန်းပင်များဖြင့် ဝန်းခတ်ထားပြီး ထိုအပင်များအား ငရုတ်ကောင်းပင်များက နွယ်တက်နေရာ ခြံစည်းရိုးမှာ ခွေးပင်ဝင်လို့ မရနိုင်ပါ။ ခြံတွင်း၌ သစ်ကောင်းဝါးကောင်းများဖြင့် ဆောက်လုပ်ထားသော နှစ်ထပ်အိမ်ကြီးမှာ ကြီးမားကျယ်ပြန့်ပြီး မြန်မာလက်ရာပုံစံမဟုတ်၊ (ယိုးဒယား၊ ထိုင်း) ပုံစံဖြစ်သည်။ ခြံဝင်းကျယ်ကြီးအတွင်း၌ အမျိုးကောင်းသရက်ပင်များ ဒူးရင်းပင်၊ ပိန္နဲပင်၊ တညင်ပင်ကြီးများက နေပြောက်ပင်မထိုးအောင် အုပ်အုပ်ဆိုင်းဆိုင်း အရိပ်ကောင်းလှသည်။ နောက်ခံတောင်တန်းစိမ်းကြီးဖြင့် အိမ်မည်းမည်းကြီးမှာ အလွန်ပဏာရပြီး အေးချမ်းဆိတ်ငြိမ်လှပါသည်။

အိမ်ပတ်ဝန်းကျင်မြေတလင်းမှာ ပြောင်ရှင်းပြီး ချောမွေ့နေသည်။ အမှိုက်တစ်မျှင်မျှ မရှိ။ အိမ်ခေါင်းရင်းတညင်းပင်ကြီးအောက်၌ မတ်တတ်ရပ်ထုံခြုံက်စည်းတစ်ချောင်းနှင့် အမှိုက်လှည်းနေသူက အသက် (၇၀) ကျော်





ခန့်ရှိ အဘိုးကြီးတစ်ဦး။ အသားအရေ ဖြူဖွေး၍ တောင့်တင်းကျန်းမာတန်ရှိပြီး မျက်စိအမြင်လည်း စူးရှဟန်ရှိသည်။

"ဟဲ့ . . . ငါ့မြေးအောင်မြင့်ဒင် မဟုတ်လား။ ဪ . . . ဧည့်သည်တွေလည်း ပါတယ်နော်။ ကဲ . . . လာကြ၊ လာကြ။ အိမ်အောက်ထပ်စားပွဲမှာ ထိုင်ချင်ထိုင်ကြ။ ဒါမှမဟုတ် အိမ်ခြေရင်း သရက်ပင်ကြီးအရင်းက ခုံဝိုင်းတွေမှာ ထိုင်ချင်ထိုင်ကြ"

"ကျွန်တော်တို့က လူများတယ် ဘကြီး၊ နေရာခွဲထိုင်ကြမယ်"

"အေး . . . အေး . . . မင်းတို့သဘောပဲ။ လွတ်လွတ်လပ်လပ်နေကြ။ ဒါနဲ့ ထမင်းရော စားပြီးကြပြီလား"

"မော်တော်ပေါ်မှာ အဆင်ပြေသလိုတော့ စားပြီးပါပြီ အဘ။ အဘကျွန်တော့်ဆရာတွေ ပါတယ်။ အဘတို့အိမ်က ခြံထွက်အသီးအနှံကလေးများ စားပြီး ကျွန်တော့်ဆရာက အဘကို မေးစရာရှိလို့ပါ"

"အေး . . . အေး . . . ငါ့မြေးတို့ သင့်ရာမှာ ထိုင်ကြ။ အဘလက်ဆေးလိုက်ဦးမယ်။ ဖွားမယ်ထင်ရေ့ . . . ဒီမှာ ငါတို့မြေးကြီးနဲ့ ဧည့်သည်တွေ ရောက်နေတယ်။ စားစရာ သောက်စရာတွေ ယူခဲ့ပါဟေ့"

အသက် (၆၅) နှစ်ခန့် လွန်စွာ သန့်ရှင်းသော အဖွားတစ်ဦး အိမ်ပေးထပ်မှ ဆင်းလာပြီး . . .

"ဟယ် . . . ငါ့မြေးကြီး အောင်မြင့်ဒင်ပါလား။ မင်းမိသားစု နေကောင်းကြရဲ့လား"

"ဟုတ်ကဲ့ . . . . မယ်မြနဲ့ သောင်းစိန်တို့ လာကြဦး။ အဲ့ဒီမှာ ဧည့်သည်တွေ ရောက်နေတယ်"

"ကောင်းပါတယ် . . . အဘွား။ အခု ကျွန်တော်က ဧည့်သည်တွေပါလာလို့ မြို့တက ရနောင်းအသွားဝင်ပါတယ်။ အပြန်ကျမှ အဘွားတို့ကို ကန်တော့ဖို့ ဝင်လာပါဦးမယ်"

"အဘွားတို့မှာ ပြည့်စုံပါတယ်ကွယ်။ ဒီကျွန်းမှာ ယိုးဒယားပွဲသည်းဘာမဆို ဝယ်လို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဘွားတို့ ခြံထဲမှာလည်း စားပင်အစုံရှိတော့ ပြည့်စုံပါတယ်။ သားငါးလည်း ပေါပါတယ်။ အခု ငှါးမြေးကြီး ဘာစားချင်တာလဲ ပြော"

"ခြံထွက်အသီးအနှံပေါ့ . . . အဘွားရယ်"

"ရပါ့ကွယ် . . . ဟဲ့ . . . မယ်မြနဲ့ သောင်းစိန်၊ မနေ့က ချထားတဲ့ ဒူးရင်းသီး၊ ပိန္နဲသီးမှည့်နဲ့ တစုမြိတ်သရက်သီးတွေ ခွဲစမ်းဟယ်။ အအေးဘူးတွေပါ ထုတ်ခဲ့"

ကျွန်တော်တို့ အုပ်စု လူစုခွဲ၍ ထိုင်နေကြစဉ် လတ်ဆတ်သော သစ်သီးမှည့်များ ရောက်လာသည်။ အအေးဘူးများကတော့ CoCaCoLa သံဘူးများ။ ရေခဲစိမ်တော့မဟုတ်၊ သို့သော် နွေးမနေပါ။ သဘာဝလေးဖြင့် အေးနေပါသည်။

ကျွန်တော်တို့ စားသောက်နေကြစဉ် အောင်မြင့်ဒင်က ကျွန်တော်တို့ ညှိသည်များနှင့် အဘတို့မိသားစုကို မိတ်ဆက်ပေးသည်။

"အေးကွယ် . . . တွေ့ရတာ ဝမ်းသာသကွယ့်။ အဘတို့အိမ်မှာ တစ်ညလောက် အနားယူရင်း အိပ်သွားပါလား။ စကားလက်ဆုံ ပြောရတာပေါ့"

"အဘ . . . ကျွန်တော်က ကျွန်တော့်ဆရာနဲ့ မိသားစုဝင်တွေကို ရနောင်းနဲ့ ဘန်ကောက်ကိုခေါ်သွားပြီး ကျွန်တော့်မိသားစုနဲ့ တွေ့မယ်။ ယိုးဒယားက တန်ခိုးကြီးဘုရားတွေနဲ့ ထင်ရှားတဲ့ နေရာတွေကို ကြုံတုန်းလိုက်ပို့ချင်လို့ပါ"

"အေး . . . ကောင်းပါရဲ့ကွာ။ ဒါပေမဲ့ မင်းတို့ ယိုးဒယားတစ်ပြည်လုံးက မြန်မာပြည်လောက် မသာယာပါဘူး။ အခုငါတို့ မြိတ်ကျွန်းစုကိုပဲ ပြည့်စုံအောင် လေ့လာစမ်းပါ။ ကျွန်းပေါင်း(၈၀၄) ကျွန်းနဲ့ ပင်လယ်သဘာဝကြီးက အလွန်ထူးဆန်းအံ့ဩဖွယ် ကောင်းပါတယ်"

အခွင့်အရေးရသည်နှင့် ကျွန်တော်က . . .

"အဘ . . . ငယ်စဉ်က သစ်မွှေးနဲ့ ငှက်သိုက်ရှာရင်း မြိတ်ကျွန်းစုအနှံ့ ရောက်ဖူးတယ်လို့ သိရပါတယ်။ EAGLE ကျွန်းလို့ခေါ်တဲ့ လင်းယုန်ကျွန်း ဆိုတာကိုရော ရောက်ဖူးပါသလားခင်ဗျား"





"အေးကွယ့် . . ရောက်ဖူးတယ်လို့ ထင်တာပဲ။ ဒါပေမဲ့ နှစ်ပေါင်းတာ အတော်ကြာတော့ ထူးခြားတဲ့ အကြောင်းအရာ၊ အဖြစ်အပျက်ရှိခဲ့တဲ့ နေရာ ကျွန်းတွေကိုတော့ မှတ်မိတယ်။ EAGLE ကျွန်းဆိုတာကတော့ မမှတ်မိဘူး။ အဲ . . . မြွေတွေပေါလွန်းလို့ လင်းယုန်တွေ အသိုက်လုပ်ပြီးနေတဲ့ ကျွန်းတစ်ကျွန်းတော့ရှိတယ်။ မင်းတို့ပြောတာ မြွေကျွန်းများဖြစ်နေမလား"

"ကျွန်တော်တို့သိတာတော့ လင်းယုန် (EAGLE) လို့ ခေါ်တယ်တဲ့။ မြွေပေါတယ် ဘာညာတော့ မသိဘူး။ အဘအဲ့ဒီကျွန်းကို မှတ်မိသလား"

"အေး . . . မြွေကျွန်းကိုတော့ မှတ်မိတယ်။ အစောပိုင်းက အဘပြောခဲ့သလို ထူးဆန်းတဲ့ အဖြစ်အပျက်ကလေးတွေ ဖြစ်ခဲ့လို့ပဲ။ လင်းယုန်ကျွန်းကိုတော့ မမှတ်မိတော့ဘူးကွယ့်"

"မြိတ်ကျွန်းစုက ကျွန်းတွေက အလွန်ထူးခြားဆန်းကြယ်ပါတယ်။ လူမနေတဲ့ ကျွန်းတွေတောင် အများအပြားရှိသေးတယ်။ သူဌေးကျွန်းက မှတ်ကောင်းအလွန်ပေါတယ်။ မြန်မာပြည်မှာ အကြီးဆုံးပုလဲထွက်တဲ့ ကျွန်းဖြစ်တယ်။ ဇာဒက်ငယ်ကျွန်းရဲ့ အဆုံးမှာရှိတဲ့ ကျွန်းတစ်ကျွန်းဆိုရင် ကျွန်းတစ်ကျွန်းလုံး သဲကအစ ရွှေရောင်ဖြစ်နေတယ်။ အခုသတ္တုတွင်းဝန်ကြီးဌာနရဲ့ ရွှေမိုင်းရှိတယ်။ အဲ့ဒီလို ထူးခြားတဲ့ ကျွန်းတွေ၊ မြိတ်ကျွန်းစုမှာ အများအပြားရှိတယ်။

"အဘတို့ လန်ပိကျွန်းရဲ့ အနောက်ဘက်(၁၀)မိုင်အကွာ ကလဲယားကျွန်း (CLARA) ကျွန်းဆိုရင် အလျား (၁၀) မိုင်ရှိပြီး မြောက်ဘက်ခေါင်းပိုင်းက ကြီးပြီး ကားတယ်။ အဲ့ဒီနေရာက (၅) မိုင်ကျယ်ပြီး တောင်ဘက်အပိုင်း ရှူးသွားတယ်။ အရှေ့ဘက် အခြမ်းကရေမနက်ဘဲ လှိုင်းလေငြိမ်လို့ အခုကုမ္ပဏီတွေက မုတ်ကောင်မွေးပြီး ပုလဲထုတ်ကြဖို့ လုပ်နေကြပြီ။ CLARA ကျွန်းက အလွန်အဖိုးတန်တဲ့ သန္တာနီ၊ သန္တာနက်ထွက်လို့



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးတယ်။ တစ်ကျွန်းအနောက်မှာ ကျန်ကျွန်းတွေ မရှိတော့ဘဲ ပင်လယ်ပြင်ကြီးသာဖြစ်လို့ ပင်လယ်ကူးသင်္ဘောကြီးတွေ တိုက်ရိုက် ဝင်ထွက်နိုင်တယ်''

''မြိတ်ကျွန်းစုရဲ့ အနောက်ဘက် (ပင်လယ်ဘက်) က ကျောက်ဆောင်တွေ အားလုံးဟာ အနောက်နဲ့အနောက်မြောက်ဘက်ကို ငိုက်နေကြတယ်။ အနောက်ဘက် ပင်လယ်နဲ့နီးလေ ကျောက်ဆောင်တွေ သက်တမ်းနုလေဘဲတဲ့''

''ဘူမိဗေဒ သတ္တုရှာဖွေရေး အဖွဲ့တွေရဲ့ ရှာဖွေတွေ့ရှိချက်အရတော့ ကျောက်ဆောင်တွေရဲ့ (၅၂) ပေလောက်အနက်ကျောက်လွှာကို တူးကြည့်လိုက်တော့ မီးတောင်ချော်ခဲပတ်ကြီး (၃) ခုကို တွေ့ရတယ်တဲ့''

''သံမင်းကျွန်းဆိုတာကတော့ အင်္ဂလိပ်ခေတ်က အင်္ဂလိပ်တွေ ဂူလ်ဖရမ်ခေါ် သံမင်းတွေ လာတူးကြဖူးတယ်။ အဲ့ဒီကျွန်းမှာ ထူးဆန်းတာက အဲ့ဒီကျွန်းရဲ့ ပေ (၁၂၀၀) အမြင့်ရှိတဲ့ တောင်ပေါ်မှာ ပေါက်နေကြတဲ့ အပင်တွေဟာ ပုပ္ပားတောင်၊ ချင်းတောင် စတဲ့ ပေ (၄၀၀၀) ပေကျော်မှာ ပေါက်နေကြတဲ့ သက်ကြီးပင်မျိုးတွေ ဖြစ်နေတယ်။ အဲ့ဒီအပင်တွေဟာ အမြင့်နဲ့မဆိုင်ဘဲ အောက်ခံမြေဘူမိရုပ်သွင် ပြောင်းလို့သာ ဖြစ်နိုင်တယ်လို့ ဘူမိဗေဒ ပညာရှင်တွေက ယူဆကြတယ်။ အလားတူဒေသက ထင်းရှူးပင်တွေဟာ တခြားနေရာက အပင်တွေနဲ့မတူဘဲ သက်ကြီးပုပင်တွေဖြစ်ပြီး ကောက်ကွေးနေကြတယ်။ ဘာကြောင့်လဲဆိုတော့ မြေအောက်မှာ ကြေးနီသတ္တုကြောကြီးရှိလို့ပဲ။ အဘအတွေ့အကြုံအရ ပြောရရင်တော့ ရတနာသိုက်တူးသမားတွေဟာ ပစ္စည်းမြှုပ်နှံထားရာ အပေါ်က ပေါက်တဲ့သစ်ပင်တွေကို အလေးထား လေ့လာကြတယ်လို့ အဘ ကြားဖူးတယ်''

ထိုစကားမှာ ကျွန်တော့်အတွက် အလွန်တန်ဖိုးရှိသော စကားပင် ဖြစ်ပါသည်။ ထို့ကြောင့် ခေါင်းထဲ အသေအချာ မှတ်လိုက်သည်။


စိတ်ကူးသစ်စာပေ



''အဘ . . . အဲ့ဒါဆိုရင် EAGLE ကျွန်းကို ဘယ်သူသိနိုင်သလဲ။ အဘက စဉ်းစားပေးပါဦး''

''အင်း . . . လန်ပိကျွန်းပတ်ဝန်းကျင်တော့ အဘအခုအချိန် ကျွန်းပါသေးတယ်။ အစောကပြောခဲ့တဲ့ ကလဲယားကျွန်းအောက်ဘက်မှာ ကျွန်းမီယော၊ လာအိုရာကျွန်း၊ ဖလော်ကာကျွန်း၊ ဇာဒက်ကြီး၊ ဇာဒက်ကလေး၊ မန်ကျွန်း၊ မလေးဆူဒါကျွန်းတွေပဲ၊ လန်ပိကျွန်းအပေါ်မှာတော့ ကော့ရေးကျွန်း၊ ပုလဲကျွန်း၊ မာန်အောင်မှူးကျွန်း၊ ဘင်ဆင့်ကျွန်း၊ ကွမ်းသီးကျွန်း၊ ကံမော်ကျွန်းတွေက ဘုတ်ပြင်းမြို့နယ်ထဲမှာ။ သိမ်ဖြူကျွန်း၊ စခန်းသစ်ကျွန်းတွေကတော့ မြိတ်မြို့နယ်ထဲရောက်သွားပြီ။ အဲ . . . အခုအချိန်တော့ မြိတ်ကျွန်းစု (၈၀၄) ကျွန်းအပြင် နာမည်မရှိတဲ့ ကျွန်းကလေးတွေပါ အနှံ့ရောက်ပြီး သာသနာပြုနေတဲ့ ဂျလန်းဆရာတော်ဆိုတာ ရှိတယ်။ ဆရာတော်ကို လျှောက်မေးရင်တော့ မင်းတို့သိချင်တဲ့ EAGLE ကျွန်းကို သိနိုင်မယ်ထင်ပါတယ်''

''ဂျလန်းဆရာတော်က ဘယ်မှာနေတာလဲ အဘ''



ဂျလန်းကျွန်းဆရာတော်၏ကျောင်းတော်ပုံ

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ငါစကားပြောတာ လောကြီးသွားလို့ နီးလျက်နဲ့ ဝေးသွားတာ၊ ဂျလန်းကျွန်းဆရာတော်လို့ ခေါ်တယ်။ သိပ္ပံဘွဲ့ရ၊ ကိုယ်ကျိုးစွန့်ပြီး ဗုဒ္ဓဘာသာ သာသနာပြုနေတဲ့ ဆရာတော်ပဲ။ ဂျလန်းကျွန်းပေါ်မှာပဲနေတယ်။ ဂျလန်းကျွန်းဆိုတာက ကျွန်းသေးသေးငယ်ငယ်ကလေး မဟုတ်ဘူး။ ကျွန်းကြီးပါ။ လှေနဲ့ ကျွန်းတစ်ပတ်ပတ်ရင် (၆) နာရီလောက် ကြာတယ်။ တည်နေရာကတော့ အဘတို့ လန်ပိကျွန်းအရှည်ကြီးရဲ့ အောက်အနောက်တောင်ဘက် ခပ်စောင်းစောင်းအရပ် မြန်မာ့ပင်လယ်ရေပိုင်နက်အထဲမှာ တည်ရှိတယ်။

၂၀၀၄ ခုနှစ် ဆလုံပွဲတော် ပြုလုပ်ပေးခဲ့တဲ့ လန်ပိကျွန်းကြီး၊ မကြုံဂလက်ဆလုံရွာနဲ့ (၃) နာရီလောက် လှေနဲ့သွားရတယ်။ ရေမိုင် (၄၀) လောက် ဝေးတယ်။ ဂျလန်းကျွန်းရဲ့ အရှေ့တောင်ဘက်ရေမိုင် (၃၀) လောက်မှာ ဇာဒက်ကြီးကျွန်း၊ ဇာဒက်ကလေးကျွန်းတွေရှိတယ်။ အရှေ့ဘက် ရေမိုင် (၇၀) လောက်ဝေးတဲ့ နေရာမှာတော့ စူငယ်ဘာလှိုင်းအုပ်စုလို့ခေါ်တဲ့ အရှေ့ဘက်ကမ်းခြေရွာတွေရှိတယ်။ ဂျလန်းကျွန်းအနောက်ဘက်မှာတော့ ကျွန်းတွေ မရှိတော့ဘူး။ ကပ္ပလီပင်လယ်ပြင်ကြီးသာ ရှိတော့တယ်"

လန်ပိကျွန်းကြီးရဲ့ အောက်ဆုံးအဖျားပိုင်း ညောင်ဝိဆလုံရွာနဲ့ (၃) နာရီလောက် သွားရတယ်။ အောင်ဘာရွာ၊ လိပ်ကမန်းရွာ၊ စူငယ်ဘာလှိုင်းရွာ၊ ပုလောဘာလှိုင်းရွာတွေနဲ့ (၆) နာရီလောက် လှေနဲ့သွားရတယ်။ ကော့သောင်းမြို့နဲ့ဆိုရင် (၈) နာရီ ကျော်သွားရလိမ့်မယ်။ ဂျလန်းကျွန်းဆလုံရွာဆိုတာ ကမ်းခြေရွာမဟုတ်ဘူး။ ပင်လယ်နက်ထဲက ရွာဖြစ်တယ်။ သန္တာကျောက်တန်းတွေ ပေါ်များပြီး မုန်တိုင်း မကြာခဏတိုက်တတ်တဲ့ ကျွန်းစုရွာဖြစ်တယ်။

ဆရာတော်ဟာ ဂျလန်းကျွန်းဆလုံရွာကလေးကို ၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာ ဓမ္မခရီးစဉ်အဖြစ် တရားဟောကြွရောက်ရင်း ရောက်လာတာ။ ဂျလန်းကျွန်းရွာမှာ ယခင်က ကိုးတောင်ပြည့်စေတီကလေးတစ်ဆူ





ရှိတယ်။ ဒါပေမဲ့ ဆလုံလူမျိုးတွေဟာ ရဟန်းသံဃာတွေကို မတွေ့ဖူး မမြင်ဖူးကြဘူး။ ဆရာတော်အနေနဲ့လည်း အရင်က ဂျလန်းကျွန်းဆလုံရွာကိုလည်း မသိ၊ ဆလုံလူမျိုးကိုလည်း မမြင်ဖူးခဲ့ပါဘူး။ ဗုဒ္ဓသာသနာပြု ခရီးလှည့်ရင်းမှ သိခဲ့ရတာပါ။ မကြုံဂလက်ဆလုံရွာနေ ထားဝယ်သူမတစ်ယောက်ရဲ့ လမ်းညွှန်ချက်အရ ဂျလန်းကျွန်းကို ရောက်ရှိခဲ့ခြင်းဖြစ်တယ်။ ဂျလန်းကျွန်းရွာမှာ ဘာသာ၊ သာသနာမရှိဘူး။ ဆလုံတွေ အများကြီး နေထိုင်ကြပြီး မြန်မာနှစ်အိမ်၊ သုံးအိမ်လည်းရှိတယ်။ အဲ့ဒါကြောင့် ဆရာတော်က ဗုဒ္ဓဘာသာထွန်းကားပြီး ယဉ်ကျေးလိမ်မာအောင် ဂျလန်းထွန်းကို ကြွပြီး ဒုက္ခခံ သာသနာပြုခဲ့တာ"

"အဘ ... ဆရာတော်က မြန်မာဆိုတော့ ဘာသာစကားလည်း မတူတော့ မပေါက်ရောက်၊ ယဉ်ကျေးမှုလည်းမရှိတော့ အတော်စိတ်ဆင်းရဲရမှာပဲနော်။ နောက်ပြီး ဗုဒ္ဓဘာသာဝင်တွေ မဟုတ်သေးတော့ ဆရာတော်ရဲ့ ဆွမ်းကွမ်း၊ ကျောင်း၊ ဝေယျာဝစ္စဘယ်လိုဖန်တီးသလဲ။ အတော်ဒုက္ခခံနိုင်တဲ့ ဆရာတော်ပဲနော်"

"ဟုတ်ပါ့ ... ငါ့မြေးရယ်။ ဆရာတော် စရောက်ခါစက အလွန်ဒုက္ခများပေမပေါ့။ ဒါပေမဲ့ အဘ အစောပိုင်းက ပြောခဲ့သလို ဂျလန်းကျွန်းမှာ မြန်မာအိမ်၊ သုံးလေးအိမ်ရှိပြီး ဆလုံသူကြီးက ဆရာတော်ကို အလွန်လေးစားတယ်။ သူတို့က မြန်မာစကားရော ဆလုံစကားပါတတ်ကျွမ်းကြတော့ တော်သေးတာပေါ့"

"အစပိုင်းမှာ ဆလုံတွေက အတော်ရိုင်းတယ်။ ဆရာတော်ကို မြင်တာနဲ့ အထူးတဆန်းဖြစ်ပြီး အဝေးကပဲ ကြည့်နေကြတယ်။ ကလေးတွေဆိုရင် ဆရာတော်ကိုမြင်တာနဲ့ ငိုကြတယ်။ ကြောက်လို့ ပြေးကြသတဲ့"

"အဲ့ဒီအခါမှာ မြန်မာတွေနဲ့ ဆလုံရွာသူကြီးဦးလော်ကဲတို့ ညှိနှိုင်းပြီး ဆလုံရွာထဲမှာ တရားပွဲ (၃) ညလုပ်တယ်။ သူကြီးဦးလော်ကဲက ဆလုံရွာသူရွာသားတွေကို အကုန်ခေါ်ပြီး တရားနာခိုင်းတယ်။ တရားပွဲလုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ရွာထဲက ဆလုံအိမ်တွေကြား မြေကွက်လပ်မှာ ပလတ်စတစ်ကြိုးနဲ့ စည်းဝိုင်းလုပ်၊ အလယ်မှာ ခုတင်တစ်လုံးချပြီး တရားဟောဖို့ ပြင်တာ။ အဲ့ဒါကို ဆလုံတွေက သကြွန်ကျပြီအမှတ်နဲ့ စည်းဝိုင်းထဲဝင်ပြီး က,ကြတယ်။ သူကြီးက ဒါ သကြွန်မဟုတ်သေးဘူး။ ဆရာတော်တရားဟောမှာဆိုတော့ သူကြီးကို ကြောက်လို့ ကလေးလူကြီး ၅၀ လောက် ထိုင်ကြတယ်။ ဆရာတော်ရောက်လာတော့ ဘုန်းကြီးရဟန်းကို ကန်တော့ရမှန်းလည်း မသိ၊ ဩကာသလည်းမသိ။ မြန်မာ (၇) ဦးလောက်က ရှိခိုးကန်တော့တော့ အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြတယ်။



ဂျလန်းကျွန်း ဆလုံရွာပုံ

ဆရာတော်က သီလပေးတော့ မြန်မာတွေက ရှေ့က လိုက်ဆိုပြီး တိုင်ပေးရတယ်။ သူကြီးက နောက်ကလိုက်ဆိုနိုင်းမှ မပီကလာ မညီမညာနဲ့ လိုက်ဆိုကြတယ်။ (၁၅) မိနစ်လောက်ကျတော့ တရားပွဲမှာ သူကြီးဦးလော်ကဲနဲ့ မြန်မာ (၇) ယောက်သာ ကျန်တော့တယ်။ ဆလုံတွေတစ်





ယောက်မှ မရှိတော့ဘူး။ အဲ့ဒီလိုနဲ့ ဆရာတော်ကလည်း ဇွဲကောင်းကောင်းနဲ့ (၃) ညဆက်တိုက် တရားဟောတော့ နောက်ဆုံးညမှာ ဆလုံတွေ ဆရာတော်နဲ့ အတော်ယဉ်ပါးလာကြတယ်။ မကြောက်ကြတော့ဘူး''

မြန်မာစကား နည်းနည်းပါးပါးတတ်တဲ့ ဆလုံမတွေက ဆရာတော်အနား အရင်ကပ်လာပြီး ဘယ်လိုပြောသလဲသိလား''

''ဆရာတော် နင် ငါတို့နဲ့ အတူနေပေါ့လား။ ငါတို့ နင့်ကို သဘောကျတယ်။ ထမင်းကျွေးမယ်။ ငါးရှာကျွေးမယ်တဲ့''

''အဲ့ဒီအခါမှာ ဆလုံမြန်မာတွေစုပေါင်းပြီး ဆရာတော်ကို လျှောက်ပြန်တယ်''

''ဆရာတော် . . . ငါတို့ရွာမှာ ရဟန်းသံဃာဆရာတော်မရှိလို့ ဒီအတိုင်းနေရတယ်။ တို့ကျောင်းငယ်ငယ်ကလေး ဆောက်ပေးမယ်။ ငါတို့ရွာမှာ အမြဲတမ်းနေပါလို့ ဝိုင်းပြောကြတယ်''

''အဲ့ဒါနဲ့ ဆရာတော်က ဆလုံတွေကို သနားပြီး ဂျလန်းကျွန်းရွာမှာ သီတင်းသုံးနေထိုင်တယ်။ ဆလုံတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ ကုသိုလ်ရေး၊ ယဉ်ကျေးမှုကိစ္စတွေကို ဦးတည်ဆောင်ရွက်မယ်လို့ စိတ်ကူးပေါက်လို့ပဲ။ တစ်လကျော်တော့ ဂျလန်းရွာမှာ ဘုန်းကြီးကျောင်းတစ်ကျောင်းဖြစ်ပေါ်လာပြီး ဆရာတော် ကျောင်းထိုင်ဖြစ်တယ်။ ဆရာတော်ဟာ ဘာသာတရားမရှိတဲ့ ဆလုံတွေကို ဘယ်လိုယဉ်ကျေးအောင်လုပ်ပြီး သိမ်းသွင်းစည်းရုံးရမလဲလို့ အမြဲတမ်း တွေးဆနေရတယ်။ ဆလုံတွေဟာ နတ်ကိုးကွယ်ကြတယ်။ 'ကသွဲနတ်'လို့ခေါ်တယ်။ နတ်ဆရာကတစ်ဆင့် နတ်ဝင်ပြီး ပူဇော်ပသရတာ၊ ဆလုံတွေမှာ ကိုးကွယ်တဲ့ဘာသာနဲ့ စာမရှိဘူး။ အရိုင်းအစိုင်းတွေ ဖြစ်နေကြတယ်''

ဆရာတော် ဂျလန်းကျွန်းရွာမှာ ကျောင်းဆောက်ပြီး သီတင်းသုံးပေမဲ့ မြန်မာလူမျိုး (၇) ဦးနဲ့ ဆလုံသူကြီးဦးလော်ကဲ၊ ဆလုံမလေးတချို့သာ ကျောင်းကို လာတယ်။ ဆလုံတွေနဲ့ ကလေးတွေတောင် မလာကြဘူး။

www.burmeseclassic.com



တစ်နေ့ ဆလုံမလေး (၃) ယောက်ကျောင်းကို ရောက်လာပြီး ဆရာတော်နဲ့ စကားပြောတယ်။

"ဆရာတော် ... နင့်အိမ်ကို ငါတို့လာလည်တယ်။ နင့် အိမ်က အကြီးကြီးပဲနော်။ ငါတို့ကို ဘာကျွေးမလဲ"

လို့ မေးကြတယ်။

ဆရာတော်က မြန်မာအိမ်တွေက တစ်လှည့်စီ ကပ်ထားကြတဲ့ အအေးပုလင်းနဲ့ မုန့်ပုံးတွေ ဖောက်ပြီး ကျွေးလိုက်တော့ ဆလုံမလေးတွေ အရမ်းသဘောကျသွားကြတယ်။ ဘာပြောသေးလဲ မှတ်သလဲ"

"ဆရာတော် ငါတို့အိမ်အပြန် မုန့်တွေ ပေးလိုက်ဦးနော်လို့ တောင်းသွားကြသေးတယ်"

ဆလုံမတစ်ယောက်ကတော့ ...

"ဆရာတော် ... နင် အရမ်းကြည့်ကောင်းတယ်တဲ့"

နောက်တစ်ယောက်တော့ ....

"ဆရာတော် ... နင် မယားယူရင် သုံးယောက်လောက်တော့ ရတယ်တဲ့။ သူတို့လာတာက (၃) ယောက်လေ။ တကယ့် ရယ်စရာအဖြစ်အပျက်ပါပဲ"

ပြန်ခါနီး မုန့်တွေယူသွားပြီး ပြောသေးတယ်။

"ဆရာတော် ... ငါတို့အိမ်လည်း လာလည်ပါလား။ နင် ဘာကြိုက်သလဲ။ အရက်စားမလား၊ ဘိန်းစားမလားတဲ့လေ။ သူတို့က မြန်မာတွေခေါ်သလို ဆရာတော်လို့တော့ ခေါ်တယ်။ ပြောတော့ နင်နဲ့ငါနဲ့။ ဆရာတော်ကတော့ ပြုံးပြုံးပါပဲ။ အဲလိုနဲ့ ဆလုံမလေးတွေကတစ်ဆင့် ကလေးလူကြီးတွေ ဆရာတော့်ကျောင်းရောက်လာကြပြီး တဖြည်းဖြည်းနဲ့ ရင်းနှီးခင်မင်လာကြတယ်။

ဘုန်းတော်ကြီးကျောင်းကိုလည်း ဆရာတော်က လာလည်ကြဖို့ **ဖိတ်**တယ်။ သူတို့က ဘာသာမဲ့ နတ်ကိုးကွယ်သူတွေဆိုတော့ ကျောင်း





ရောက်တော့လည်း ဘုရားရှိခိုးရမှန်း သံဃာရှိခိုးရမှန်းသိကြတာ **မဟုတ်ဘူး**။ သရဏဂုံတို့၊ ငါးပါးသီလဆိုတာတွေကိုလည်း ကြားဖူးကြတာ **မဟုတ်ဘူး**။ ဘုန်းကြီးကျောင်းရောက်လို့ ဦးချခိုင်းတော့ ငိုင်ငိုင်ကြီး **လုပ်နေကြတယ်**။ ရှိမခိုးကြဘူး။ မြန်မာစကားနားလည်သူ ဆလုံတွေကတော့ "**ဘာလို့ရှိခိုးရမှာ**လဲ။ **ရှိခိုး**ရင် ဘာပြန်ရမလဲလို့ မေးကြတယ်။ ဆရာတော်က သူတို့**နားလည်**သဘောပေါက်အောင် ရှင်းပြပေးရတယ်။ ဘုရားရှိခိုးရင် **အန္တရာယ်ကင်း**တယ်။ ဘေးရန်မကျဘူး။ သေမဲ့ဘေးနဲ့ ကြုံရင်တောင်မှ မသေဘူး။ **ရတနာ**သုံးပါးဆိုတာကို ကိုးကွယ်ဆည်းကပ်ရင် နတ်တွေက စောင့်ရှောက်တယ်။ ပစ္စည်းဥစ္စာ ငွေကြေးပေါများမယ်။ အသက်ရှည်မယ်။ အနာရောဂါ ကင်းမယ်၊ ကောင်းကျိုးတွေ အများကြီးရမယ်လို့ ရှင်းပြတော့လည်း ...

"ကောင်းကျိုးရမယ်ဆိုတာ ဘာလဲ။ စီးပွားရေးကောင်းမယ်ဆိုတာကရော ဘာလဲလို့ မေးကြပြန်တယ်"

သူတို့က ပညာမတတ်တော့ အသိဉာဏ် အရမ်းအားနည်းကြတယ်။ ပစ္စန္တရာဇ်က လူရိုင်းတွေဆိုတော့ မသိကြတာများတယ်။ သူတို့သိတာက ပင်လယ်ထဲထွက်ပြီး ငါးရှာမယ်၊ စားစရာရှာမယ်၊ ရလာတဲ့ ငါး၊ ပုစွန်၊ ကင်းမွန်၊ ရေသတ္တဝါတွေနဲ့ ဈေးသွားပြီး ဆန်၊ ဆီ၊ ဆား၊ အရက်၊ ဘိန်း၊ လူသုံးကုန်တွေနဲ့ လဲလှယ်ကြတယ်။ အရွယ်ရောက်ရင် အိမ်ထောင်ပြုမယ်။ ဒီလောက်ပဲ သိကြတာဆိုတော့ စီးပွားရေးတွေ၊ ပညာရေး၊ ကျန်းမာရေး၊ ကောင်းကျိုး ချမ်းသာတွေ ဘာမှမသိရှာကြဘူး။ အဲ့ဒါကြောင့် ဆရာတော်က သူတို့ နားလည်နိုင်မဲ့ စကားမျိုးကို ရွေးချယ်ပြီး ပြောရတယ်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'စတဲ့ သရဏဂုံကို ရွတ်ကြမယ်ဆိုရင် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ကြမယ်ဆိုရင် မင်းတို့ ပင်လယ်ပြင်ထွက်ပြီး ငါးရှာကြရင် အများကြီး ရလိမ့်မယ်။ ဘေးအန္တရာယ် ကင်းလိမ့်မယ်။ စီးပွားရေး အဆင်ပြေမယ်ဆိုတာ အဲ့ဒါကို ပြောတာလို့ ဆရာတော်က မိန့်တော့သူတို့က 'ဆရာတော်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတကယ်လား။ ဘုရားရှိခိုးရင် ငါးတွေ တကယ်ရမှာလား' လို့ မေးကြပြန်တယ်။

ဆရာတော်ကလည်း ဆန့်ကျင်ဘက်ကိစ္စဖြစ်ပေမဲ့ သူတို့စိတ်ဝင်စားအောင် စည်းရုံးတဲ့သဘောနဲ့ အာပတ်လွတ်အောင် ကောင်းတာလုပ်ရင် ကောင်းတာရတာပေါ့လို့ မယုတ်မလွန်ဖြေတော့ ဆရာတော်နဲ့ ဘုရားဦးသုံးကြိမ်ချပြီး ရှိခိုးကြတယ်။ ဆရာတော်ကလည်း ပဌာန်း (၂၄) ပစ္စည်းရေးထားတဲ့ ယပ်တောင်နဲ့ ခေါင်းတွေကို ပုတ်ပြီး 'ဘေးအန္တရာယ်' ကင်းကြပါစေ၊ လိုအင်ဆန္ဒ ပြည့်ဝကြပါစေလို့ ဆုပေးလိုက်တယ်''

အဲ့ဒီနေ့က ကံကောင်းထောက်မ တိုက်ဆိုင်စွာပဲ ဆလုံတွေ ဘုန်းကြီးကျောင်း လာကန်တော့ကြပြီး ဆရာတော်က ဆုပေးလိုက်တာ ပင်လယ်ပြင်ထွက် ငါးဖမ်းပြီး ပြန်လာကြတော့ ငါးတွေ အများကြီး ရလာကြတယ်။ အဲ့ဒါကြောင့် ညဘက်မှာ ဘုန်းကြီးကျောင်းကို စုဝေးလာရောက်ကြပြီး . .

''ဆရာတော် . . . နင်ပြောတာ သိပ်မှန်တယ်။ ငါတို့ ငါးတွေ အများကြီး ရလာကြတယ်။ နောက်နေ့တွေလည်း ငါတို့ လာကန်တော့ကြမယ်။ ငါးများများရအောင် လုပ်ပေးဦးနော်လို့ ပြောကြသတဲ့။

ဒီလိုနဲ့ပဲ ဆလုံလူမျိုးတွေ ရတနာ (၃) ပါးနဲ့ ရင်းနှီးလာအောင် ဘုရားရှိခိုးတတ်လာအောင် သရဏဂုံနဲ့ သီလတွေ ခံယူဆောက်တည်တတ်လာအောင် ဆရာတော်က တစ်စတစ်စစည်းရုံးပြီး သင်ပြပေးရတယ်။


အဲဒီကမှ တစ်ဆင့် ဥပုသ်နေ့တွေမှာ ဘုန်းကြီးကျောင်းကိုခေါ်ပြီး ငါးပါးသီလ ခံယူနိုင်းရတယ်။ ဘုန်းကြီးကျောင်းမှာ တစ်နေကုန်နေပြီး ထမင်းပါကျွေးရတယ်။ အဲ့ဒီနေ့တွေက ဆလုံတွေ ပင်လယ်မထွက်ရတဲ့ အလုပ်ပိတ်ရက်ပေါ့။ အသက်ကြီးတဲ့ ဆလုံတွေကတော့ သင်ပြပေးလို့ သိပ်မရပေမဲ့ ဆလုံလူလတ်ပိုင်းမိန်းမတွေနဲ့ ယောကျ်ားတွေ၊ ကလေးတွေက စိတ်ဝင်စားကြတယ်။ ဥပုသ်နေ့တွေမှာ ဆရာတော်ကျောင်းမှာ လူစည်ကားတယ်။





ဆရာတော်ရဲ့ မြိတ်၊ ကောဓသောင်း၊ ဘုတ်ပြင်းက ပစ္စည်း (၄) ပါးအလှူ ဒါယိကာမတွေက အမြဲတမ်း ထောက်ပံ့ကြလို့ တော်တော့တယ်။

အဲ့ဒါနဲ့ ဆရာတော် စည်းရုံးရေးအောင်မြင်တာနဲ့ လှေတစ်စင်းနဲ့ ဂျလန်းကျွန်းဆလုံအိမ်တွေကို ဆွမ်းခံကြွတယ်။ အစပိုင်းတော့ ဆလုံတွေ ဆွမ်းမလောင်းတတ်ကြဘူး။ ဆွမ်းလှူရမှန်းလည်း မသိကြဘူး။ ရှိလည်းမရှိကြဘူး။ အရမ်းလည်း နှမြောတတ်ကြတယ်။ ဆရာတော်က ဆန်၊ ဆီပေးပြီး၊ ထမင်းဟင်းချက်နိုင်း၊ ဆွမ်းလောင်းခိုင်းရတယ်။ အခုတော့ ဆွမ်းလောင်းတတ်နေကြပါပြီ။ စားစရာဝတ်စရာ ချို့တဲ့ဆင်းရလွန်းတဲ့ ဆလုံလူမျိုးများကို ဆရာတော်က တစ်နှစ်လျှင် ဆန်၊ ဆီ၊ အဝတ်အစားများ သုံးလေးကြိမ်ခန့် လှူဒါန်းပေးတယ်။ ဒါကြောင့် ဆလုံမိန်းမ၊ ယောကျ်ား ကလေးတွေ အရင်က အောက်ပိုင်းအရှက်လုံရုံသာဖုံးပြီး အပေါ်ပိုင်း အဝတ်အစားမလာကနေ အခုဆိုရင် ကလေးကအစ ကိုယ်တုံးလုံးမနေတော့ဘဲ ယိုးဒယား (ထိုင်း) ဘက်ကလာတဲ့ အဝတ်အစားမျိုးစုံ (ရောင်စုံ)ကို ဝတ်တတ်နေကြပါပြီ။



ဂျလန်းကျွန်းဆရာတော်ဆလုံမိသားစုများရှိရာသို့ဆွမ်းခံကြွစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဆလုံကလေးလူကြီးတွေကို ရှင်သာမဏေ၊ ကိုရင်၊ သီလရှင်ဝတ်ပေးတယ်။ ဒုလ္လဘရဟန်းပြုပေးတယ်။ (အိမ်ခြေ ၅၀)ကျော်သာရှိတဲ့ ဆလုံရွာထဲကို ဆရာတော်ဦးဆောင်ပြီး တန်းစီလို့ ဆွမ်းခံကြကြတယ်။ ဆလုံရွာ ပင်လယ်ထဲက ကျွန်းပေါ်မှာ အခုဆိုရင် ဗုဒ္ဓအရောင်၊ သာသနာ့အရောင်၊ သင်္ကန်းအရောင်တွေ တလူလူနဲ့ ဖွံ့လွှင့်နေပါပြီ။ ကျွန်းပေါ်မှာ နေထိုင်ကြတဲ့ မြန်မာ၊ ကရင်နဲ့ ဆလုံလူမျိုးတွေ မကြာခဏ ကတုံး (ခေါင်းတုံး) တုံးပြီး သင်္ကန်းဝတ်တတ်နေကြပါပြီ။

အခုဆိုရင် ဆလုံတွေဟာ ဗုဒ္ဓဘာသာသာသနာအကြောင်း အများကြီးမသိပေမဲ့ အားကိုးယုံကြည်မှု ရှိနေကြပါပြီ။ ဆရာတော်က ကလေးတွေကို ပညာရေးအတွက် စာအုပ်၊ ခဲတံ၊ ပေတံ၊ ကျောင်းသားဝတ်စုံတွေ ဝေပေးတယ်။ ကျောင်းခေါ်ထားပြီး ဗုဒ္ဓယဉ်ကျေးမှုစာပေနဲ့ ရွတ်ဖတ်ရလွယ်တဲ့ ကဗျာတွေ၊ ပုံပြင်တွေ အများကြီးသင်ပေးတယ်။ ဒါကြောင့် ကလေးတွေရဲ့ ပါးစပ်ထဲမှာ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော် သံဃာဂုဏ်တော်နဲ့ မေတ္တာပို့အမျိုးမျိုး၊ ဘုရားရှိခိုးအမျိုးမျိုး၊ ဆုတောင်းအမျိုးမျိုး၊ အမျှဝေတာနဲ့ သမ္ဗုဒ္ဓေဂါထာ၊ (၂၄) ပစ္စည်းစတဲ့ တရားစကားတွေကို နှုတ်တိုက်အာဂုံဆိုတတ်နေကြပြီ။

စာရေးစာဖတ်ကတော့ လေ့ကျင့်သင်ယူဖို့ ဆရာတော် အတော်ကြိုးစားနေရဆဲပဲ။ မိရိုးဖလာဆွေစဉ်မျိုးဆက် ရေငုပ်တဲ့အလုပ်ကို လုပ်ခဲ့ကြတာ သားစဉ်မြေးဆက် ဦးနှောက်ဉာဏ်ထိုင်းကြဟန် တူပါရဲ့။ ဒါပေမဲ့ ကလေးတွေပီပီ ဆရာတော်က နှုတ်တိုက်သင်ကြားပေးတဲ့ ကဗျာ၊ လင်္ကာ အပြင် ဗုဒ္ဓရဲ့ အဆုံးအမစာတွေကိုလည်း သီချင်းလုပ် ဆိုတတ်နေကြပါပြီ။ ဆလုံရွာထဲမှာ တရားသံတွေ ဝေဝေစည်နေတယ်လို့ ဆိုရမှာပေါ့''

သူတစ်ပါးအသက်ကို သတ်တာ မကောင်းမှန်း၊ အသက်တိုတတ်တယ်၊ အနာရောဂါ ထူပြောတယ်၊ အပြစ်ရှိတဲ့သဘောတွေကို ဆလုံ ကလေးလူကြီးမကျန် အခုသိကုန်ကြပြီ။ သို့သော် မိရိုးဖလာ အသက်မွေးဝမ်းကျောင်း





ဖြစ်ပြီး ပင်လယ်ကြီးကို အားကိုးလို့ လုပ်ကိုင်စားသောက်ရတဲ့ ဘဝတွေဆိုတော့ ငါးရှာ၊ ဖားရှာတာကို အပြစ်လို့တော့ ပြောမရပြန်ဘူး။ အရင်က အကုသိုလ်ချည်းလုပ်ခဲ့ရာက အခုတော့ ကုသိုလ်ရေးပါလုပ်တတ်လာတော့ အမြတ်လို့ ပြောရမှာပါပဲ။ တကယ်တော့ ဆလုံတိုင်းရင်းသားတွေဟာ အဖြူထည်တွေပါ။ အရောင်ဆိုးပေးတဲ့ ခေါင်းဆောင်မှုအပေါ်မှာ မူတည်ပါတယ်။ အဓိကက ယုံကြည်သက်ဝင်ရမဲ့ ဘာသာတရားက အဓိကပါပဲ။



ဂျလန်းကျွန်းဆရာတော်မှ ဆလုံမိသားစုတို့အား
ဆန်၊ ဆီ၊ အဝတ်အထည်များ လှူဒါန်းနေပုံ

ဆလုံတွေ ကုသိုလ်နဲ့ အကုသိုလ်ကို မသိခဲ့ကြရာက အခုတော့ နည်းနည်းသိတတ်လာကြပါပြီ။ အကောင်းနဲ့ အဆိုးကိုလည်း သဘောပေါက်လာကြပါပြီ။ ဒါဟာ မင်္ဂလာတရားပါပဲ။ ဆရာတော် သီတင်းဝါလကျွတ်လို့ နယ်လှည့်တရားဟောတော့မယ်ဆိုတော့ ဆလုံတွေ မျက်နှာငယ်ကလေးတွေနဲ့ ဖြစ်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



လေးငါးနှစ်အတွင်းမှာ ဆလုံလူမျိုးတွေ ဗုဒ္ဓရဲ့ တရားမွေနဲ့ ထိတွေ့ခွင့်ရလို့ အားလုံး ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကုန်ပြီး ယဉ်ကျေးလာကြတယ်။သရဏဂုံတည်ပြီး သီလလည်းဆောက်တည်လာကြတယ်။ ကလေးတွေလည်း ပညာတတ်လာကြတယ်။

ဆရာတော် နယ်လှည့်တရားဟောကြွခဲ့တာ (၅) လကျော်လောက်ကြာသွားတယ်။ ရွာမှ ဆလုံလူမျိုးသုံးလေးဦး သေသွားတယ်။ အမျိုးသမီးတွေကလေးမမွေးနိုင်လို့ သေတာ၊ ကျန်းမာရေး အသိမရှိလို့ သေကြရတာ။ အဲဒါကို နတ်ကိုင်တယ်ဆိုပြီး ကြောက်လန့်ကုန်ကြတယ်။ ဒါကြောင့် ဆရာတော်ကို လိုက်ရှာကြတော့ ပင်လယ်ကမ်းခြေရွာတစ်ရွာမှာ တရားဟောနေတာကို တွေ့ရတယ်။

"ဆလုံတွေဟာ မျက်နှာငယ်ကလေးတွေနဲ့ ဆရာတော်ကိုလျှောက်ကြတယ်"

"ဆရာတော် . . . ငါတို့ရွာမှာ နင်မရှိတုန်း မကောင်းဆိုးဝါး ကသွဲနတ်လုပ်လို့ လေးငါးဦး သေကုန်ကြပြီ။ နင် ပြန်မလာရင် ငါတို့ ရွာပြောင်းပြေးကြတော့မယ်။ မြန်မြန်ပြန်လာပါလို့ ပြောကြတယ်"

ဒါကြောင့် ဆရာတော်က . . .

"အေး . . . အေး . . . ရွာလည်း မပြောင်းကြနဲ့။ ဆရာတော် အမြန်ပြန်လာပြီး မကောင်းဆိုးဝါးကသွဲနတ်ကို ဗုဒ္ဓဘုရားရဲ့ တရားတော်တွေ၊ သံဃာတော်တွေက နိုင်တယ်၊ မကြောက်ကြနဲ့"

လို့ ပြောပြီး တရားပြီးအောင် ဟောတယ်။ ပြီးတာနဲ့ နီးစပ်ရာ ရွာတွေက သံဃာ (၁၀) ပါးလောက် ရအောင်လိုက်ပင့်ပြီး ဂျလန်းကျွန်းရွာကို ပြန်ကြွခဲ့တယ်။ ရွာပြန်ရောက်တော့ တောင်ကုန်းပေါ်မှာ အသံချဲ့စက်ကြီးဆင်ပြီး ပဋ္ဌာန်းတရားတော်ကို အသံမစဲ (၃) ရက်တိုင်တိုင် ရွတ်ဆိုပြီး သံဃာတော်တွေနဲ့ ဖတ်တယ်။ မေတ္တာသုတ် ရွတ်ဆိုတယ်။ အမျှဝေတယ်။ သာဓုခေါ်တယ်။

---

စိတ်ကူးသစ်စာပေ



မြတ်စွာဘုရားရဲ့ ထက်မြက်တဲ့တရားတော်တွေအစွမ်းနဲ့ ယုံကြည်သက်ဝင်မှုတွေကြောင့် ဆလုံရွာထဲမှာ အသေအပျောက်ကင်းပြီး မကျန်းမာသူတွေပါ နေပြန်ကောင်းလာကြတယ်။ ဒါကြောင့် ဆလုံမိသားစုတွေဟာ ဘာသာတရားနဲ့ ဆရာတော်ကို ပိုပြီး ယုံကြည်သက်ဝင် အားကိုးလာကြတယ်။ ဆရာတော်ကလည်း အိမ်တိုင်းဧစ့ ကိုးကွယ်အားထားရအောင် ဗုဒ္ဓဆင်းတုရုပ်တော်တွေကို မြို့က ဒကာတွေဆီအလှူခံပြီး ပေးဝေတယ်။ ဆလုံမိသားစုတွေလည်း ရှိသေလေးစားစွာ ပူဇော်ကြပါတယ်။

ဆရာတော် ဂျလန်းကျွန်းရွာကို မရောက်ခင်က ရွာမှာ လူသေရင် ဒီအတိုင်းပဲ သချိုင်းလို့ သတ်မှတ်ထားတဲ့ နေရာ၊ တောထဲမှာ စွန့်ပစ်လိုက်တာပဲ။ မိသားစုဝင်တွေက ခေတ္တခဏ ငိုကြပြီး နေ့ကူးတာနဲ့ မေ့ဖျောက်ပစ်လိုက်ကြတာပဲ။

"ဆရာတော်ရောက်မှ လူသေရင် သက်ပျောက်ဆွမ်းလှူ အမျှဝေရပုံ၊ သံဃာတော်တွေနဲ့ သုသာန်မှာ အသုဘရှုရပုံ၊ သေသူအား ရည်မှန်း၍ သီလသရဏဂုံတွေ ဆောက်တည်ပြီး သေသူအတွက် ကုသိုလ်ကောင်းမှုအဖို့ကို အမျှဝေပြီးမှ မြေမြှုပ်သင်္ဂြိုဟ်ရပုံ၊ (၅) ရက် သို့မဟုတ် (၇) ရက်ပြည့်မှ 'မတကဘတ္တ' ဆွမ်းသွတ်ကုသိုလ်ပြုပြီး အမျှအတမ်းဝေရပုံတို့ကို ဆရာတော်က ဟောကြားပြီး ကိုယ်တိုင်လည်း ဦးဆောင်ပြုလုပ်ပေးတာတွေကြောင့် ဆလုံတွေ၊ အသုဘပို့ အမျှဝေ၊ သာဓု ခေါ်တတ်နေကြပါပြီ။ ဆရာတော်ကိုလည်း အလွန်ပဲ ချစ်ကြောက်ရိုသေ အားကိုးကြတယ်။ ဂျလန်းကျွန်းရွာမှာ ဆရာတော်မရှိလို့ မဖြစ်တော့ဘူး"

"အဘ . . . အဘက ဂျလန်းကျွန်းဆရာတော်နဲ့ ဂျလန်းကျွန်းက ဆလုံတွေ ဗုဒ္ဓဘာသာဝင်ဖြစ်ကုန်တဲ့အကြောင်း ပြောပြတော့ ကျွန်တော်တို့လည်း အလွန်ဝမ်းသာ ကြည်နူးပါတယ်။ အဘအနေနဲ့ကော ဆရာတော်နဲ့ ဘယ်လိုပတ်သက်မှု ရှိပါသလဲ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဘကလည်း ဂျူလန်းကျွန်းဆရာတော်ရဲ့ ပစ္စည်းလေးပါး ဒကာပါ။ ဒါကြောင့် လုံးစေ့ပတ်စေ့ ပြောနိုင်တာ။ အဘတို့အရွယ်က ဘာသာရေးကို ဦးစားပေးလုပ်ရတော့မဲ့ အရွယ်လေကွယ်။ မောင်တို့ကိုလည်း ကြိုတုန်း သာသနာပြုတဲ့အထဲ ပါဝင်စေချင်လို့ပါ"

"စိတ်ချပါ ... အဘ၊ ကျွန်တော်တို့က ရတနာသိုက်တူးသမားတွေပါ။ ဒါပေမဲ့ ကိုယ်ရေးကိုယ်တာအတွက် မဟုတ်ပါဘူး။ ဝိသနာအရပစ္စည်းဥစ္စာ ရရှိလာရင် လှူဖို့ဒါန်းဖို့ အဓိကပါ။ အခုလည်း သိုက်စာအညွှန်းရရှိထားလို့ EAGLE ကျွန်းခေါ်တဲ့ လင်းယုန်ကျွန်းမှာ ရတနာသိုက်တူးဖို့ပါ။ အဘ ကျွန်တော်တို့ကို ဆရာတော်နဲ့ ဆက်သွယ်ပေးပါ။

"အေး ... အေး ... သာဓုပါကွယ် ... သာဓုပါ။ အောင်မြင်ကြပါစေ။ အဘလည်း အတတ်နိုင်ဆုံး ကူညီပါ့မယ်"

"အခုတော့ ကျွန်တော်တို့ အဘမြေးအောင်မြင့်ဒင်တို့နဲ့ ရနောင်းနဲ့ ဘန်ကောက်ကို အလည်သွားပါဦးမယ်။ အပြန်ကျမှ အဘနဲ့ဆရာတော်ကို သွားဖူးပါ့မယ်"

"ကောင်းပါတယ်ကွယ် ... ဘတို့ စောင့်မျှော်နေပါ့မယ်"

ညနေစောင်းမှ ကျွန်တော်တို့တစ်တွေ လန်ပိကျွန်းမှ ထွက်ဖြစ်သည်။ ပင်လယ်ပြင်ရာသီဥတုက သာယာနေသည်။ တိမ်များ တောက်နေသည်။ ကင်းမွန်ငါးများ ပင်လယ်ရေနက်အထဲတွင် အုပ်စုဖွဲ့၍ ငုပ်လိုက်ပေါ်လိုက်ဖြင့် ပျော်မြူးစွာ ဆော့ကစားနေသည်။ မိုးဦးလေဦးဝေးသေး၍ ပင်လယ်ပြင်ကြီး၏ ညနေချမ်းအချိန်ကာလမှာပင် ပင်လယ်လေညင်းကလေး တငြိမ့်ငြိမ့်သွေးပြီး လှိုင်းကြက်ခွပ်ကလေးများက ပျော်မြူးနေကြသည်။ မကြာမီ နေဝင်ပေမည်။ နေဝင်ချိန် (Sunset) ကို ယခုအခါမှ ကိုယ်ထိလက်ရောက် မြင်တွေ့ရပေတော့မည်။

ထိုအချိန်တွင် ကျွန်တော်တို့မော်တော်ကြီး ကော့သောင်းဆိပ်ကမ်းသို့ဝင်လာသည်။ ဆိပ်ကမ်းတွင် အောင်မြင့်ဒင်က (လဝက)နှင့် အကောက်ခွန်





တို့ ဝင်သတင်းပို့ပြီး မော်တော်ကြီးရနောင်းဘက်ကမ်းသို့ ဆက်ထွက်ခဲ့ပါသည်။ မြန်မာဘက်အခြမ်း ကော့သောင်းဆိပ်ကမ်းဘက်က တောင်ခါးပန်းအဆင့်ဆင့်တွင် သွပ်မိုးနီကလေးများနှင့် အိမ်ကလေးများသာရှိသော်လည်း ကော့သောင်းဆိပ်ကမ်း၊ ကမ်းခြေ မြွေတောင်ကျွန်းလွန်သည်နှင့် တစ်ဖက်ကမ်းတွင် ရနောင်းမြို့ကြီးအား မိုးမျှော်တိုက်ကြီးများနှင့် ခမ်းနားစွာ လှမ်းမြင်နေရသည်။ နေလုံးနီနီကြီး ပင်လယ်ပြင်ကျယ်ကြီးအတွင်း ငုပ်လျှိုးရန်ပြင်ဆင်နေသော အချိန်တွင် ကျွန်တော်တို့ညှိသည် မန္တလေးအဖွဲ့များ မမြင်ဖူး၍ အံ့သြဝမ်းသာစွာ ငေးမောကြည့်ရှုနေကြသည်။ နိုင်ငံခြားသားများ တန်ဖိုးထားကြသည့် (Sun set) မြင်ကွင်းကျယ် ဖြစ်ပါသည်။

နေလုံးနီနီကြီး ပင်လယ်ပြင်ကျယ်ကြီးအထဲ ငုပ်လျှိုးစတွင် ကျွန်တော်တို့ ရနောင်းဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။ ဆိပ်ကမ်းတွင် အလွန်ခေတ်မီသစ်လွင်သော မော်တော်ဘုတ်နီနီကလေးတစ်စင်းကို တွေ့ရသည်။ နိုင်လတ် နောက်ဆုံးဝယ်ထားသော မော်တော်ဘုတ်ကလေးဖြစ်ကြောင်း အောင်မြင့်ဒင်က ပြောသည်။ ရနောင်းဆိပ်ကမ်းတွင် နိုင်လတ်နှင့် အောင်မြင့်ဒင်တို့က အလွန်ပိုင်ကြသည်။ ဆိပ်ကမ်းအာဏာပိုင်များအား သတင်းပို့ပြီးသည်နှင့် ကျွန်တော်တို့အုပ်စု ကမ်းပေါ်တက်ကြရသည်။

TAXI အငှားကား အဝါရောင်များက အဆင်သင့် တန်းစီပြီး စောင့်နေကြသည်။ ကျွန်တော်တို့ အုပ်စုခွဲ၍ ကားပေါ် အသီးသီးရောက်ကြသည်နှင့် ရနောင်းမြို့ထဲမှ 'စီရာနောင်း' ဟိုတယ်ကြီးဆီသို့ ရှေ့ရှုမောင်းခဲ့ပါတော့သည်။ ထိုဟိုတယ်ကြီးတွင် အောင်မြင့်ဒင်နှင့် နိုင်လတ်တို့၏ ရုံးခန်းများရှိပါသည်။ ထိုညက 'စီရာနောင်း'ဟိုတယ်ကြီးတွင် တစ်ညတည်းခိုကြပြီး ညစာစား၍ အနားယူကြပါသည်။

နောက်တစ်နေ့ BREAKFAST ကို ဟိုတယ်တွင် စားကြပြီး ရနောင်းမြို့ထဲသို့ နိုင်လတ်ဦးဆောင်၍ အလည်ထွက်သည်။ အောင်မြင့်ဒင်



www.burmeseclassic.com

www.burmeseclassic.com



က ဘန်ကောက်သွားရန် ကျွန်တော်တို့အုပ်စုအတွက် MINI BUS တစ်စီးကို စီစဉ်နေသည်။ နိုင်လတ်က ဘန်ကောက်မှအပြန်တွင် ဈေးဝယ်ရန်၊ ယာရမဝယ်ရန် တဖွဖွ သတိပေးနေသည်။ ရနောင်းမြို့တွင် ယိုးဒယားလုပ်ပစ္စည်းတင်မက နိုင်ငံခြားပစ္စည်းမျိုးစုံ ဝယ်ယူရရှိနိုင်သည်။ နိုင်လတ်က ကျွန်တော်တို့အုပ်စု အသေးသုံးရန်အတွက် ဘတ်ငွေများ ထုတ်ပေးထားသည်။

ရနောင်းက ယိုးဒယားနယ်စပ်မြို့သာ ဖြစ်သော်လည်း အတော်စည်ကားသည်။ ယိုးဒယားအပြင် မြန်မာ–တရုတ်၊ အိန္ဒိယလူမျိုးစုံရှိသဖြင့် စားစရာကလည်း မျိုးစုံရှိသည်။ မြန်မာစကားကိုလည်း နားလည်ကြသည်။ ပစ္စည်းများများ မဝယ်ကြသော်လည်း လူသုံးပစ္စည်းအသုံးအဆောင်၊ ခရီးသွားစဉ် သုံးရန် ပစ္စည်းကလေးများကိုတော့ ဝယ်ကြသည်။ ယိုးဒယားတွင် ငွေဈေးတက်သည်ဟု မဆိုနိုင်။ ကျွန်တော် ကော့သောင်းမြို့တွင် ၁၉၈၄–၈၅ ခုနှစ်က တာဝန်ကျစဉ်တုန်းကလိုပင် ဘတ်ငွေဈေးက ငြိမ်နေသည်။

မြန်မာငွေ တန်ဖိုးကျသွားသဖြင့်သာ ယိုးဒယားပစ္စည်းများ ဈေးတက်သည်ဟု ဆိုခြင်းဖြစ်သည်။ ကျွန်တော် သဘောအကျဆုံးကတော့ ယိုးဒယားထွက် သစ်သီးဝလံများဖြစ်သည်။ ပန်းသီး၊ နာနတ်သီး၊ လိမ္မော်သီး၊ ဒူးရင်းသီး၊ သရက်သီး၊ စပျစ်သီး၊ ငှက်ပျောသီးတို့မှာ အလွန်ကြီးထွားပြီး အလွန်အရသာရှိသည်။

ချက်ပြုတ်စားရန် ရုံးပတီသီး၊ ဘူးသီး၊ ကြက်ဟင်းခါးသီး၊ မှို အမျိုးမျိုး၊ ကန်စွန်းရွက်များမှာ စိမ်းစိုပြီး အလွန်လတ်ဆတ်သန့်ရှင်းသည်။ အသီးအရွက်သာစားသော ပုဏ္ဏားတင်ဦးမှာ လွန်စွာ သဘောကျနေသည်။ ယိုးဒယားဈေးတွင် အဆာပြေ မုန့်များစားကြပြီး နိုင်လတ်က နေ့လယ်စာထမင်းကို ဟိုတယ်၌စားရန် သတိပေးပါသည်။ ကုလားစကားတတ်သော ပုဏ္ဏားနှင့် သူ့မိုးမြင့်သိန်း၊ တရုတ်စကားတတ်သောကျော်ကြီးနှင့် ယိုးဒယားနိုင်လတ်ကိုယ်တိုင်ပါသဖြင့် ရနောင်မြို့အတွင်း လှည့်လည်ရသည်မှာ အလွန်အဆင်ပြေသည်။





ကျွန်တော်ကတော့ ခေတ္တနားကြစဉ် တစ်လမ်းလုံး အမှတ်တရရိုက်ကူးခဲ့သော ရောင်စုံဖလင်လိပ်များအား နိုင်လတ်အသိဆိုင်တွင် ဆေးကူးရာ ညှိခန်းတွင်ထိုင်စောင့်၍ အနားယူအအေးသောက်ရင်း မိမိရိုက်ကူးခဲ့သော ဓာတ်ပုံများအား စောင့်၍ ကြည့်ရှုရွေးချယ်ရသည်ကို အလွန်သဘောကျမိသည်။ DIGITAL ခေတ်တွင် ကျွန်တော်က ဖလင်တစ်လိပ်လျှင် (၇၂) ပုံထွက်သော OLYMPUS - HALF FRAME ကင်မရာကလေးကို မြတ်နိုးစွာ အသုံးပြုဆဲဖြစ်သည်။

ကျွန်တော်နှင့် နိုင်လတ်ဓာတ်ပုံဆိုင်ကထွက်တော့ ပုဏ္ဏားတို့အဖွဲ့လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြဆဲ။ မမကြီးတို့အဖွဲ့တော့ ဈေးထဲက မထွက်သေး။ ထို့ကြောင့် နိုင်လတ်က ကျွန်တော့်လက်အား ဆွဲ၍ ဓာတ်ပုံဆိုင်အနီးမှ SWISS နာရီဆိုင်ကြီးအတွင်းသို့ ဝင်သွားသည်။ ထိုဆိုင်အတွင်း၌ကမ္ဘာတွင် နာမည်ကြီး SWISS နာရီအမျိုးမျိုးကို ပုံစံအမျိုးမျိုး ပြသထားရာ ရောင်စုံငါးကလေးများ မွေးမြူထားသော မှန်ကန်ကြီးအတွင်း၌ ဆွစ်ဇာလန်နိုင်ငံလုပ် MIDO နာရီများအား ရေထဲ၌ ချိတ်ဆွဲထားပြီး လေပေးစက်ကလေးဖြင့် WAVE လုပ်ထားရာ ရေထဲကနာရီများက လှုပ်၍ နာရီကိုယ်ထည်တွေ ရေညှိစိမ်းကလေးများ တက်နေသော်လည်း နာရီစက္ကန့်လက်တံကလေး ပုံမှန်လှုပ်ရှားနေပါသည်။

နိုင်လတ်က ...

"ဆရာ ... အဲ့ဒါ ဆွစ်ဇာလန်လုပ် ရေလုံ Mido နာရီပဲ။ ကျွန်တော်တို့ဆီမှာ ရေလုပ်ငန်းလုပ်တဲ့သူတိုင်း အမြတ်တနိုး သုံးကြတယ်။ ဆရာလည်း မြိတ်ကျွန်းစုကို ပတ်ရမှာဆိုတော့ လိုအပ်လိမ့်မယ်။ ကျွန်တော်အမှတ်တရ တစ်လုံးဝယ်ပေးပါရစေ။ ဆရာပတ်ထားတဲ့ ဂျပန်လုပ် SEIKO နာရီကြီးကို ကျွန်တော့်ကို အမှတ်တရပေးပါ"

"နိုင်လတ်ရေ ... လုပ်ပြန်ပြီလား။ မင်း ငါ့ပစ္စည်းဆို အဟောင်ကိုလိုချင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမှတ်တရပါ ‥ ဆရာရယ်၊ ဆရာ့ပစ္စည်းတွေက ကျွန်တော့် အတွက် လာဘ်ကောင်းလို့ပါ"

ထိုစဉ်တွင် ဈေးတန်းထဲမှ မမကြီးတို့အုပ်စု ထွက်လာသဖြင့် ကျွန် တော်တို့ ပုဏ္ဏားတို့အုပ်စု ထိုင်နေကြသည့် လက်ဖက်ရည်ဆိုင်တွင် စုဝေး ဆုံကြစဉ် သူခိုးမြင့်သိန်းက ‥‥

"ဆရာရေ ‥‥ ကျွန်တော်တော့ အလွန်အသုံးဝင်တဲ့ ပစ္စည်းတစ်ခု ရလို့ ဝမ်းအသာကြီးသာနေမိတယ်"

"ဘာပစ္စည်းများလဲ ‥‥ သူခိုးရယ်"

"ဟဲ ‥‥ ဟဲ ‥‥ ဒီမှာဆရာ၊ အဓိပတိ ဝိဇ္ဇာသူခိုးကြီးတစ်ဦး ကိုယ် တိုင်လုပ်တဲ့ လက်ရာပုံစံ သော့တွဲပဲ။ ကြေးဝါနဲ့ လုပ်ထားတာ Master keys လို့ ခေါ်မှာပေါ့"

ကျွန်တော် ယူကြည့်တော့ လွန်စွာ သေသပ်ကျနစွာ လုပ်ထား သော သံစူးချွန်စိန်သွားလွန်ပူ၊ တံစဉ်းနှင့် ပုံစံမျိုးစုံပါသော သော့ကလေး များ စုစုပေါင်း (၉) ချောင်းတိတိကို ကြေးဝါကွင်းကလေးဖြင့် တွဲ၍ သီထား သည့် ကြေးဝါကွင်းကလေးအပေါ်၌ (KMSS) ဟု အတိုကောက် ရေးထား သည်။ မြင့်သိန်းအပြောအရ၊ အဓိပတိသူခိုးဝိဇ္ဇာကြီး၏ နာမည်အတိုကောက် စာလုံး ဖြစ်ပေလိမ့်မည်။ မြင့်သိန်းကတော့ မျောက်အုန်းသီးရသလို အလွန် ပျော်ရွှင်နေသည်။

"မြင့်သိန်း ‥ သူတစ်ပါးနိုင်ငံမှာ မတော်တာတွေ မလုပ်နဲ့နော်"

"စိတ်ချပါ ‥‥ ဆရာ၊ မတော်တာမလုပ်ပါဘူး။ ဒီသော့နဲ့ တော် ရာကိုပဲလုပ်မှာပါ"

"အေး ‥‥ အေး ‥‥ ယိုးဒယားထောင်အရသာ ရဖူးတယ်ရှိ အောင် လုပ်ကြည့်ပေါ့။ ငါတို့ကတော့ မကူညီနိုင်ဘူးနော်"

"စိတ်ချစမ်းပါ ‥‥ ဆရာရယ်။ သူခိုးပဲ မပိုင်ရင် မလုပ်ပါဘူး"





ကျွန်တော်တို့ လက်ဖက်ရည်သောက်ကြပြီး ဟိုတယ်ပြန်ကြရန် ပြင်တော့ နေ့လယ်(၁၁)နာရီခန့် ရှိပါပြီ။ ဟိုတယ်ပြန်ရောက်တော့ (၁၁း၃၀) နာရီ။ ခေတ္တနား၊ ရေမိုးချိုးပြီး နေ့လယ်စာစားတော့ မွန်းတည့် (၁၂) နာရီ တိတိ။ မွန်းလွဲတစ်နာရီတိတိတွင် ဘန်ကောက်သွားမည့် ကားရောက်လာ သည်။ ဤတစ်ခါ အစီအစဉ်ကို ဦးဆောင်သူက ‥‥ အောင်မြင့်ဒင်။ ကျွန် တော်တို့အုပ်စုအတွက် သစ်လွင်ခန့်ညားသော MINI BUS တစ်စီး။ ခရီး စထွက်သည်နှင့် အောင်မြင့်ဒင်က ဒရိုင်ဘာခုံအနီးရှေ့ခန်း စပယ်ယာခုံတွင် ထိုင်၍ မိုက်ခရိုဖုန်းဖြင့် အစီအစဉ်ကိုကြေညာပြီး ခရီးတစ်လျှောက် မြင်ကွင်း များအား ရှင်းပြနေသည်။ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများအား ရှင်းပြ သည့်ပုံစံ၊ ယိုးဒယားရာသီဥတုမှာ မြန်မာပြည်နှင့် တူပါသည်။

မတ်လကုန်ဖြစ်၍ အလွန်ပူအိုက်သည်။ AIRCON ကားဖြစ်၍ တော်ပါသေးသည်။ HIGH WAY ကားလမ်းမကြီးမှာ မဲနက်ပြောင်လက်နေ ပြီး ချောမွေ့ကျယ်ဝန်းလှသည်။ လမ်းတစ်လျှောက် လယ်ကွင်းများအတွင်း၌ လယ်သမားမိသားစုများ အုပ်စုဖွဲ့၍ ကနဖျင်းများအတွင်း၌ အလုပ်လုပ်နေ ကြသည်။

အောင်မြင့်ဒင်၏ ရှင်းပြချက်အရ ကောက်ရိုးထုံးများဖြင့် မှိုစိုက် နေကြကြောင်း သိရသည်။ ယိုးဒယားလယ်သမားများမှာ မိုးစပါးပြီးသည် နှင့် စပ်ကူးမတ်ကူးကာလကို အလွတ်မပေး။ ကောက်ရိုးမှို စိုက်သည်။ နွေ စပါးကို ရေသွင်း၍ စိုက်သည်။ ယိုးဒယားဆန်မှာ အမျိုးအစားကောင်း၍ မြန်မာပြည်ရှမ်းဆန်နှင့် တူသည်။ ဆန်စေ့ရှည်၍ နူးညံ့ပျော့ပြောင်းသည်။ စိုက်ပျိုးရေးတွင် ခေတ်မီသောနိုင်ငံ ဖြစ်ချေသည်။

ညနေစောင်းတွင် ဘန်ကောက်မြို့တော်အနီး ရောက်လာသည်။ ဘန်ကောက်မြို့ကြီးက အနိမ့်ပိုင်း ချိုင့်ဝှမ်းလွင်ပြင်ကြီး၊ မိုးမျှော်အဆောက်အဦ ကြီးများ အများအပြားကြားထဲမှ မြို့တော်၏အရှေ့ဘက် ပက်ပုန်ရပ်ကွက်၊



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်ခင်တို့ အိမ်ရှိရာသို့ ကားက ဦးတည်နေသည်။ ဘန်ကောက်မြို့မြောက်ဘက်တွင် ကျောက်ဖရားမြစ်ကမ်းပါးကြီးက စီးမိုးနေသည်။ ထို့ကြောင့် ထိုမြစ်ရေကာတာကြီး ကျိုးပေါက်လျှင် ဘန်ကောက်မြို့ကြီး ရေအောက်ရောက်သွားလိမ့်မည်ဟု ပြောကြခြင်းဖြစ်ပါသည်။

လမ်းတွင် အောင်မြင့်ခင်က . . .

''ဆရာ . . . ကျွန်တော်တို့ ပက်ပုန်းရပ်ကွက်က ဘန်ကောက်မှာ အလွန်စည်ကားပါတယ်။ ဘန်ကောက်မှာ အရှုပ်ထွေးဆုံးနေရာလို့လည်း ပြောလို့ရတယ်။ မရှိသေစကားလိုချင်တာအကုန်ရတယ်။ လက်နက်ဝယ်မလား၊ ဘိန်းဝယ်မလား။ ချက်ချင်းရတယ်။ ရပ်ကွက်ဟောင်းကြီးပဲ။ ကျွန်တော် ဒီကမိန်းမနဲ့ အိမ်ထောင်ကျပြီး အိမ်ကြီး အမွေရလို့ ဒီမှာ အခြေချနေတာပါ။ ကျွန်တော်တို့ အိမ်က ကျယ်ဝန်းပါတယ်။ ခြံနဲ့ ဝင်းနဲ့ပါ။ ခဏဝင်ပြီး ကျွန်တော့်မိသားစုနဲ့ မိတ်ဆက်ပေးမယ်။ တည်းခိုတာကတော့ ဟိုတယ်မှာ စီစဉ်ထားပါတယ်''

''ရပါတယ်ကွာ မင်းအဆင်ပြေသလို စီစဉ်ပါ။ ငါတို့က ညီသည်တွေပဲ။ လူကများတော့ အားနာပါတယ်''

အောင်မြင့်ခင်တို့ ပက်ပုန်းရပ်ကွက်ရှိ အိမ်ခြံဝင်းထဲဝင်တော့ ရန်ကုန်မြို့ ယိုးဒယားသံရုံးဟောင်းကြီးအလား သစ်သားအိမ် မည်းမည်းဟောင်းဟောင်းကြီးကို တွေ့ရသည်။ တစ်အိမ်လုံး ကျွန်းသစ်ဖြင့် လုပ်ထားဟန်ရှိသည်။ အိမ်ကြီးက (၂) ထပ်မဟုတ်။ (၃) ထပ်အဆောက်အဦဖြစ်သည်။

ခြံဝင်းထဲရောက်တော့ အိမ်စေအမျိုးသမီးလေး (၃) ဦးက ဆီးကြိုသည်။ အောင်မြင့်ခင် အတော်ကောင်းစားနေဟန်ရှိသည်။ အိမ်ကြီးအောက်ထပ်က ကုမ္ပဏီရုံးခန်း။ ဘာလုပ်ငန်းလုပ်သည်တော့မသိ။ အောင်မြင့်ခင်ကို မြင်သည်နှင့် ဝန်ထမ်း (၁၀) ဦးခန့်က နေရာကထ၍ အရိုအသေပေးသည်။ ကျွန်တော့်တပည့်အောင်မြင့်ခင် ကြီးပွားချမ်းသာနေ၍ ဝမ်းသာရပါသည်။ ကျွန်တော်တို့ ခရီးသွား (၂၀) ဦးခန့်အား အောက်ထပ် ညှိခန်းကျယ်ကြီး





တွင် နေရာပေးသည် မကြာပါ။ အိမ်ဖော်မလေး (၃) ဦးက ငွေလင်ပန်းများဖြင့် သီးစုံဖျော်ရည်များ ယူလာကြသည်။

''ဆရာတို့ . . . သုံးဆောင်ကြပါ။ ဘန်ကောက်မှာ လိုချင်တာ၊ စားချင်တာ အကုန်ရပါတယ်။ ကျွန်တော့်ကုမ္ပဏီက ခရီးသွား အေဂျင်စီပါ။ ယိုးဒယားတစ်နိုင်ငံလုံး လှည့်နိုင်ပါတယ်။ မြို့ကြီးတွေမှာ ကုမ္ပဏီရုံးခွဲတွေ ရှိပါတယ်။ ကျွန်တော်က ပိုင်ရှင်၊ ကျွန်တော့်မိန်းမက မန်နေဂျာပါ။ မြန်မာပြည်ခရီးသွားအေဂျင်စီ၊ အိန္ဒိယဘုရားဖူးခရီးစဉ်နဲ့ အရှေ့တိုင်း၊ အနောက်တိုင်း ခရီးသွားအေဂျင်စီတွေကို ချိတ်ဆက်ထားပါတယ်။ ဒါကြောင့် ဆရာတို့အဖွဲ့ကို ယိုးဒယားတစ်နိုင်ငံလုံး လှည့်ဖို့ ကျွန်တော် တာဝန်ယူပြီး ခေါ်လာတာပါ။ ကျွန်တော့်ကုမ္ပဏီနာမည်က (AANS FTC) မိသားစုခရီးသွားကုမ္ပဏီပါ။ ယိုးဒယားမှာတော့ နာမည် အတော်ရနေပါပြီဆရာ''

''အေး . . . အလွန်ဝမ်းသာပါတယ်ကွာ။ မင်းနဲ့ မင်းရဲ့ မိသားစုအောင်မြင်မှုအတွက် ဂုဏ်ယူပါတယ်''

ကျွန်တော်က အောင်မြင့်ခင်၏လက်ကို ကိုင်ဆွဲနှုတ်ဆက်စဉ် ကျွန်တော့်တပည့်များနှင့် ခရီးသွားအဖွဲ့ကလည်း ဝိုင်းဝန်းနှုတ်ဆက်ကြသည်။ ထိုစဉ် အပေါ်ထပ်မှ အမျိုးသမီး (၁) ဦးနှင့် ကလေး (၃) ဦး မဟော်ဂနီရောင် ခန့်ညားသော ရှေးဟောင်းလှေခါးကြီးမှ ဆင်းလာကြသည်။

''ဆရာ . . . ဒါ ကျွန်တော့်ဇနီး ကလျာဝတီနဲ့ သားသမီးတွေပါ။ သူတို့က ယိုးဒယားမင်းဆွေမင်းမျိုး အနွယ်တော်ဝင်တွေ၊ ဒါကြောင့်လည်း ကျွန်တော်တို့လုပ်ငန်းတွေ ပေါက်ရောက်အောင်မြင်တာ''

''ကလျာ . . . ဒါ မြန်မာပြည်က ငါ့ဆရာ ထောင်မှူးကြီးဦးသိန်းဝင်း။ အဖွဲ့ဝင်တွေက ဆရာရဲ့ မိသားစုဝင်တွေ''

''တွေ့ရတာ အလွန်ဂုဏ်ယူပါတယ် ဆရာ။ ကိုအောင်မြင့်ခင်ပြောပြထားလို့ ကျွန်မ အလွန်တွေ့ချင်နေတာပါ။ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ကလျာဝတီက လက်ကမ်းပေးတော့ ကျွန်တော် လက်ဆွဲ၍ နှုတ်ဆက်ရသည်။

"ကျွန်တော်တို့လည်း မြန်မာပြည်မြိတ်ကျွန်းစုကိုလာရင်း မမျှော်လင့်ဘဲ နိုင်လတ်နဲ့ ပြန်ဆုံပြီး အောင်မြင့်ဒင်နဲ့ တွေ့လို့ ဒီကို အလည်ရောက်လာတာပါပဲ။ အလွန်ဝမ်းသာပါတယ်"

"ကျွန်မက ယိုးဒယားသူဆိုပေမဲ့ မြန်မာသွေးလည်း ပါပါတယ်။ အလောင်းမင်းတရားကြီးကို ယိုးဒယားဘုရင်က ဆက်သတဲ့ သမီးတော် မင်းသမီး ဆုပန်ကလျာရဲ့ အဆက်အနွယ်တွေပါ။ ဒါကြောင့် ကျွန်မတို့ မြန်မာစကားကို ကောင်းကောင်းပြောတတ်ပြီး မြန်မာ့ယဉ်ကျေးမှုကို နားလည်ပါတယ်။ ကျေးဇူးလည်း နားလည်သိတတ်ပါတယ်ရှင့်။ ဒီအိမ်ကြီးကို ဆရာ့ကိုယ်ပိုင်အိမ်လို သဘောထားပြီး လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်။ အပေါ်ထပ်မှာတော့ ကျွန်မရဲ့ ဖေဖေနဲ့ မေမေ နေထိုင်ပါတယ်ရှင့်"

"အေးကွယ် ...ဦးတို့က ခေတ္တအလယ်လာတဲ့ ဧည့်သည်တွေပါ။ အခုလို ဧည့်ဝတ်ကျေပွန်တာ၊ အလွန်ဝမ်းသာပြီး ကျေးဇူးလည်း တင်ပါတယ်"

ကျွန်တော်တို့ အောင်မြင့်ဒင်တို့အိမ်တွင် ခေတ္တအနားယူ အအေးသောက်ကြပြီး အောင်မြင့်ဒင်၏ အစီအစဉ်အရ တည်းခိုရမည့် ဟိုတယ်သို့ ထွက်ခဲ့ကြပါသည်။

ဟိုတယ်တွင် အခန်းများယူ၍ နေရာချထားပြီး ကျွန်တော်တို့ ရေမိုးချိုးနေကြစဉ် အောင်မြင့်ဒင် အိမ်ပြန်၍ အဝတ်အစားလဲသည်။ ညနေ (၇) နာရီတွင် ဟိုတယ်ဧည့်ခန်းမကြီး၌ ပြန်ဆုံကြ၍ ညစာစားရန် ချိန်းဆိုထားသည်။

အောင်မြင့်ဒင်၏ အထူးဧည့်သည်များ ဖြစ်ကြ၍ ဟိုတယ်က အထူးဦးစားပေးပါသည်။ ည (၇) နာရီဧည့်သည်များ ဆုံ၍ နေရာယူနေကြစဉ် အောင်မြင့်ဒင်တို့မိသားစု ရောက်ရှိလာသည်။ အသင့်မှာကြားထားသော





ယမကာနှင့် အမြည်းဝိုင်း စ၍ စားသောက်ရသည်။ ပြီးနောက် လူအင်အားများ၍ အချိန်မဆွဲတော့ဘဲ ညစာထမင်း စောစွာစား၍ အနားယူကြသည်။ ဘန်ကောက်မြို့တွင်း လည်ပတ်ကြရမည်ဖြစ်သည်။ လျှပ်စစ်မီးအား ကောင်းမွန်သဖြင့် မနက်ဖြန် BREAKFAST မနက် (၆) နာရီတွင် စားပြီး (၇) နာရီတွင် ဘန်ကောက်တစ်မြို့လုံး ညမှောင်သည်နှင့် လင်းထိန်နေသည်။ တည်းခိုသော ဟိုတယ်ကလည်း အလွန်ဝန်ဆောင်မှုကောင်းပြီး ခေတ်မီ သန့်ရှင်းသပ်ရပ်သည်။ ကျွန်တော်တို့ ဧည့်သည်များအတွက် အလွန် စိတ်ကျေနပ်စေပါသည်။

နောက်တစ်နေ့မနက် (၇) နာရီတိတိအချိန်တွင် အောင်မြင့်ဒင်တို့ ရောက်ရှိလာပြီး ဧည့်ကြို (၂) ဦးဖြင့် ကျွန်တော်တို့အဖွဲ့အား ဘန်ကောက်မြို့အတွင်း လည်ပတ်လေ့လာရန် စီစဉ်ပေးသည်။ သူက တခြားအလုပ်ကိစ္စ အရေးကြီးသဖြင့် ကျွန်တော့်အား တောင်းပန်ပြီး လိုအပ်သော ငွေကြေးများအား အလုံအလောက် ပေးသွားပါသည်။

ပထမဆုံး ဘန်ကောက်မြို့အတွင်းရှိ မြဘုရားအား ဖူးမြော်ရသည်။ မြဘုရားအား ရက်နှင့်အချိန်နှင့် ဖွင့်ပေးခြင်းဖြစ်ရာ အောင်မြင့်ဒင်က ခရီးသွားလုပ်ငန်းပိုင်ရှင်ပီပီ အချိန်နှင့်အခြေအနေကို သိနေသဖြင့် အလွန်အဆင်ပြေပါသည်။ မြဘုရားကို ဖူးကြသည်။ အလှူငွေထည့်ဝင်ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် မြဘုရားပုံစံတူ ဆင်းတုတော်များ ဝယ်ကြသည်။

ပြီးနောက် မြို့လယ်ရှိ ယိုးဒယားဘုရင့်နန်းတော်ကို လေ့လာကြသည်။ ယိုးဒယားဟုမြန်မာများဟု တင်စားခေါ်ရလောက်အောင်ပင် မြဘုရားနှင့် ယိုးဒယားဘုရင် နန်းတော်၏ အနုအရွ ကနုတ်ပန်းလက်ရာမှာ လွန်စွာသေသပ်လှပ၍ အဆင့်အတန်း မြင့်မားလှသည်။

နေ့လယ်ပိုင်းတွင် ကျောက်ဖုရားမြစ်ကမ်းပါးပေါ်တွင် အနားယူ အပန်းဖြေကြရင်း ယိုးဒယားလက်ရာစစ်စစ်ဖြင့် ထမင်းစားကြသည်။ ယိုး



www.burmeseclassic.com

www.burmeseclassic.com



ဒယားလူမျိုးများ အချဉ်အငန် အလွန်စားသည်။ ဆန်ထမင်းနည်းနည်းသာ စား၍ ဟင်းစား အလွန်ကြီးကြသည်။ မြန်မာများကတော့ ဟင်းစားနည်း၍ ဆန်ထမင်းကို များများစားကြသည်။

ကျွန်တော်တို့ မြန်မာများကလည်း အချိုထက် အငန်၊ အစပ်၊ အချဉ်ကို ကြိုက်ကြသဖြင့် ထမင်းမြိန်ကြပါသည်။ သက်သတ်လွတ် စား၍ အသီးအရွက်ကိုသာ ဦးစားပေးစားသော ပုဏ္ဏားတင်ဦးအတွက်လည်း စားသောက်ဆိုင်က အဆင်ပြေအောင် လုပ်ပေးပါသည်။ စားသောက်ပြီးတော့လည်း ကျောက်ဖုရားမြစ်အတွင်း အပျော်သင်္ဘော စီးကြပြန်သည်။ ကျွန်တော်တို့ မြန်မာပြည်က အမိဧရာဝတီမြစ်ကြီးကို သတိရလွမ်းဆွတ်မိသည်။ သို့သော် ကျွန်တော်တို့နိုင်ငံက ခေတ်မမီသေးတော့ ယိုးဒယားများလို နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များထံက ငွေကြေးကို သွဲ့မယူတတ်ကြပါ။ ယိုးဒယားများက စီးပွားရေးဈေးကွက် အမြင်ကျယ်သူများ ဖြစ်ကြပါသည်။

ညနေခင်းတွင် ဟိုတယ်၌ အပန်းဖြေရင်း ဘီယာဝိုင်း စကြသည်။ ယိုးဒယား SINGHA ဘီယာမှာ အလွန်ခါးသည်။ ယိုးဒယားလူမျိုးများက နိုင်ငံခြားဘီယာများထက် ပြည်တွင်းထွက် SINGHA BEER နှင့် မဲခေါင်အရက်ကို ကြိုက်နှစ်သက်ကြကြောင်း သိရသဖြင့် ဂုဏ်ယူမိသည်။ မြန်မာကတော့ နိုင်ငံခြားအရက်ကိုသာ အထင်ကြီးကြသည်။ မြန်မာပြည်တွင်းထွက် MANDALAY RUM နှင့် BE မှာ အခြေခံဆင်းရဲသား လူတန်းစားအတွက်သာဖြစ်ချေသည်။ ပြောရလျှင်တော့ မြန်မာအရက်များက အဆင့်မမီ။ အချိုးအစားမမှန်။ ပေါ့ပေါ့တန်တန်လုပ်ခြင်းလည်း ပါပါလိမ့်မည်။ ယိုးဒယားအရက် မဲခေါင်ခေါ် မက်စုန်းအရက်က နိုင်ငံခြားအထိ EXPORT။ မြန်မာအရက်များ တန်းမဝင်ပါ။

နိုင်ငံတကာတွင် ယိုးဒယားဟင်းလက်ရာ၊ တရုတ်ကုလားလက်ရာ၊ အမွှာနိုင်ငံကြီးများတွင် နာမည်ကြီးသည်။ မြန်မာဟင်းလက်ရာ တိုးမဝင်





ပါ။ မလေးရှား၊ စင်ကာပူ၊ ယိုးဒယားတို့တွင် မြန်မာထမင်းဆိုင်၊ မြန်မာမုန့်ဆိုင်များရှိသော်လည်း နိုင်ငံခြားရောက် မြန်မာများသာ စားသုံးကြသည်။ တကယ်တော့ မြန်မာအစားအစာများ မကောင်း၍မဟုတ်ပါ။ ပဉ္စည်ချိုပြီး လက်ရာညံ့၍သာ ဖြစ်ပါလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

ယိုးဒယားဘုရင် ဘူမိဘောမှာ အသက် (၉၀) ကျော်ပါပြီ။ ဆေးရုံကို အိမ်လုပ်နေရသည်ဟု သိရသည်။ အသက်အရွယ်ကြီးသော်လည်း အိုပယ်မဖြစ်၊ ယိုးဒယားပြည်သူပြည်သားများနှင့် နိုင်ငံရေးပါတီများက ယခုအချိန်အထိ လေးစားကြဆဲ။ ချစ်ခင်ယုံကြည်ကြဆဲ။ ခေတ်မီလက်နက်များ ကိုင်ဆောင်ထားသော စစ်ဘက်ကာကွယ်ရေး ဦးစီးချုပ်ကပင်လျှင် ယိုးဒယားဘုရင်အိုကြီး၏ အဆုံးအဖြတ် အကြံဉာဏ်ပေးမှုကို လိုက်နာနာခံရဆဲ။ ကုန်ကုန်ပြောရလျှင် ယိုးဒယားဘုရင်ကိုသာမက ယိုးဒယားမင်းသမီး သီရိဒွံပင်လျှင် ယိုးဒယားနိုင်ငံအုပ်ချုပ်ရေးတွင် ဩဇာအာဏာရှိဆဲဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများကလည်း ချစ်ခင်လေးစားကြပါသည်။

မြန်မာပြည်တွင်မတော့ ဗိုလ်ချုပ်အောင်ဆန်းကလွဲ၍ အစဉ်အဆက် အုပ်ချုပ်ခဲ့သော ခေါင်းဆောင်များကို ကြောက်လန့်ကြသော်လည်း ချစ်ခင်ရှိသေကြခြင်းမရှိပါ။ ဘာကြောင့်ပါလဲ။ ကိုယ်ကျိုးမစွန့်ကြဘဲ တိုင်းပြည်ကို အုလိုက်သည်းလိုက် အနှစ်နာခံပြီး မချစ်ကြသောကြောင့်ဖြစ်သည်။ ယိုးဒယားလူမျိုးများက ခေတ်မီသော်လည်း ယိုးဒယားနိုင်ငံ၏ စည်းမျဉ်းခံဘုရင်စနစ်ကို ချစ်ကြဆဲ၊ လေးစားကြဆဲဖြစ်သည်။

ကျွန်တော့်အမြင် မြန်မာလူမျိုးများလည်း အစဉ်အဆက်ကောင်းကောင်း၊မကောင်းကောင်း၊ သက်ဦးဆံပိုင်ဘုရင်စနစ်ကို အသက်ဖြင့် ရင်း၍ ချစ်ခင်ကြပါသည်။ ကုန်းဘောင်ခေတ်၊ မြန်မာနောက်ဆုံးဘုရင် သီပေါမင်းလက်ထက်ကတည်းက မြန်မာတွင် ခေါင်းဆောင်ကောင်းရှားပါးပြီး ဗိုလ်ချုပ်အောင်ဆန်းတစ်ဦးတည်းကိုသာ ချစ်ခင်လေးစားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း မြန်မာခေါင်းဆောင်များက ကိုယ်ကျိုးမစွန့်၊ တိုင်းပြည် အတွက် အနစ်နာမခံဘဲ ခေါင်းဆောင်ကောင်းအင်္ဂါ မပြည့်စုံကြသောကြော ဟု ကျွန်တော် သုံးသပ်မိပါသည်။

"ဆရာ . . . မနက်ဖြန် ဘယ်အရင်သွားချင်သလဲ။ အယုဒ္ဓယမြို ဟောင်းပျက်ဘက် သွားမလား။ ယိုးဒယားမှာ နာမည်ကြီးတဲ့ ဖူးခက် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းဘက် အရင်သွားမလား။ ဘန်ကောက် ကနေ အယုဒ္ဓယကို ရန်ကုန်နဲ့ ပြည်မြို့လောက်ပဲ၊ (မိုင်/၁၈၀) ဝေးတယ် ဖူးခက်အပန်းဖြေစခန်းကတော့ ဘန်ကောက်ကနေမိုင် (၃၀၀) ကျော်ဝေ တယ်။ အယုဒ္ဓယက နေ့ချင်းပြန်နိုင်တယ်။ ဖူးခက်စခန်း ညအိပ်ရမယ်"

"အယုဒ္ဓယမြို့ဟောင်းဘက် အရင်သွားချင်တယ်။ အပြန်မှ အနား ယူရင်း ဖူးခက်အပန်းဖြေစခန်းဘက် သွားကြတာပေါ့"

"အဲ့ဒါလည်း ကောင်းပါတယ်။ မဲဆိုင်ဘက်လည်း ရောက်ဖူး တယ် ရှိတာပေါ့။ ယိုးဒယားတွေ အငြိုးကြီးကြီးနဲ့ သည်မှာဘက်ခေတ်အထိ အယုဒ္ဓယကို မြို့ပျက်ကြီးအတိုင်း ထားတာကတော့ မလွန်လွန်းဘူးလား ခေတ်တွေ စနစ်တွေ ပြောင်းခဲ့တာလည်း နှစ်ပေါင်းရာချီနေပါပြီ မဟုတ် လား"

"အင်း . . . အဲ့ဒါလည်း ဂမ္ဘီရဆန်တယ် ပြောရမယ်ထင်ပါတယ်။ သူတို့မြို့ပျက်ကြီးကို ပြန်မဆောက်ချင်တာ မဟုတ်ဘူးဆရာ။ ပြန်မဆောက် ရဲတာ။ အလောင်းဘုရားရဲ့ ကျိန်စာက အခုအချိန်အထိ စူးရှအသက်ဝင်ဆဲ လို့ သူတို့ ယူဆကြတယ်။ အယုဒ္ဓယမြို့ပျက်ထဲမှာ အိမ်ဝင်ဆောက်နေတဲ့ မိုက်ရူးရဲ မယုံကြည်သူတွေတောင် မနေ့ဝံ့ကြဘူး။ အိမ်မီးလောင်တယ် ရောဂါဆိုးဖြစ်တယ်။ စီးပွားပျက်တယ်။ နောက်ပြီး မြို့ပျက်ထဲမှာ အလေ့ ကျပေါက်နေကြတဲ့ ဆီးပင်၊သရက်ပင်တောင် အခုအချိန်ထိ မြန်မာတွေခူး စားရင် စိမ်းရင် ချဉ်တယ်၊ မှည့်ရင် ချိုတယ်။ ဌာနေယိုးဒယားတွေ ခူးစား





ရင် ခါးသတဲ့လေ၊ အဲ့ဒါကြောင့် အယုဒ္ဓယမြို့ပျက်ကြီးကို ခေတ်အဆက်ဆက် ဒီအတိုင်း ပစ်ထားတာ"

"အဲ့ဒါအပြင် မြန်မာဘုရင် ကျိန်စာက ဘယ်လောက်စူးသလဲဆိုရင် ယိုးဒယားတွေ အပျိုဘော်ဝင်ထာနဲ့ မြန်မာဘုရင်ရဲ့ ကျောက်သားနဲ့ လုပ် ထားခဲ့တဲ့ ထန်းလုံးကြီးနဲ့ ပြသပြီး ထိတွေ့ရတယ်။ ဆရာလည်း သိပါတယ်။ ယိုးဒယားငါးဖမ်းသဘော်သားတွေ နေမကောင်းဖြစ်ရင် ထိတွေ့ဖို့ ဆောင် ထားရတဲ့ပစ္စည်းက ယောကျ်ားတန်ဆာပဲ။ ခါးမှာချည်ပြီး ဆွဲထားကြတယ် လေ"

"အေး . . . ငါလည်း ထောင်ထဲမှာ ယိုးဒယားအိပ်ဆောင် (အမှတ် ၅ အိပ်ဆောင်) ကိုင်ခဲ့တော့ မြင်ဖူးပါတယ်။ တစ်ခါက ကျွန်းသားနဲ့ လုပ် ထားတဲ့ လက်ရာမြောက်တဲ့ အင်္ဂါတစ်ခုတောင် နိုင်လတ်က ငါ့ပေးဖူးလို့ အိမ်မှာတောင် လုံခြုံအောင် သိမ်းဆည်းထားဖူးတယ်"

"အင်း . . . အဲ့ဒါလည်း ရှေးရိုးအယူအဆ၊ အစွဲအလမ်းပဲဆရာ။ ဗိုက်နာ၊ ခေါင်းကိုက်၊ အဆစ်အမြစ်နာကို အဲ့ဒါကြီးနဲ့ထိုးရင် ယူပစ်သလို ပျောက်သတဲ့။ သူတို့ အလွန်ယုံကြည်ကြတယ်။ ကျွန်တော် စမ်းကြည့်ဖူး တယ်။ ကျွန်တော်က မြန်မာလူမျိုးဆိုတော့ မပျောက်ပါဘူး . . ဆရာရယ်"

"ရှေးရိုးမိရိုးဖလား ယုံကြည်မှုအစွဲအလမ်းပေါ့ကွာ။ နှစ်ပေါင်းရာ နဲ့ ချီပြီး အရိုးစွဲနေတော့ စိတ်အင်အားပေါ့။ စိတ်နဲ့ကုတယ် ပြောရမှာပေါ့။ ယုံကြည်မှုက ရောဂါတစ်ဝက် ပျောက်ကင်းစေတယ်လေကွာ။ စိတ်ရောဂါကု ဆေးရုံဆိုတာ ဒါကြောင့်ပေါ်လာတာပေါ့။ စိတ်ဆိုတာလည် အလွန်ဆန်း ကြယ်ပါတယ်။ အီဂျစ်ပြည်က ပိရမစ်တွေဆိုရင် နှစ်ပေါင်း ထောင်ချီနေပြီး အခုအချိန်အထိ ဖာရိုဘုရင်တွေရဲ့ ကျိန်စာတွေက စူးရောက်ဆဲမဟုတ်လား။ မြန်မာဘုရင် အလောင်းဘုရားဆိုတာကလည်း အဲ့ဒီခေတ်က နည်းနည်းရရ မှ မဟုတ်တာ။ ယိုးဒယားကိုသိမ်းပြီး ယိုးဒယားကတောင် သမီးတော်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ရသေးတာ။ မင်းမိန်းမတွေဘက်က အမျိုးတွေဆို၊ မင်းသမီးဆုပန်ကလျာက ယိုးဒယားမင်းသားနရသွန်ရဲ့ နှမတော်တယ်''

''ဟုတ်ပါ့ . . . ဆရာရယ် . . . အဲ့ဒီမင်းသမီးရဲ့ နတ်ကွန်းတောင် ဘန်ကောက်မှာ ရှိသေးတယ်။ အချိန်ရလို့ ကြုံရင် ကျွန်တော်လိုက်ပြပါ့မယ်။ အထင်ကရ ကိုးကွယ်ကြတာပါ။ ကျွန်တော့်အနီးသည်တွေဘက်ကတော့ ဆွေစဉ်မျိုးဆက် ကိုးကွယ်ကြတယ်။ အခုအချိန်အထိ မင်းသမီးက နတ်ဖြစ်နေပြီး စောင်မ,ကြည့်ရှုတယ်လို့ ယုံကြည်ကြတယ်''

''အေး . . . . အဲ့ဒီမင်းသမီးနဲ့ ပတ်သက်ပြီး ပြောရရင်တော့ ဟိုးပြီးခဲ့တဲ့နှစ်က ငါတို့စာရေးဆရာအဖွဲ့ ကိုစိန်လှိုင် (ဥဿာ) ဆိုတဲ့ စာရေးဆရာက ဦးဆောင်ပြီး ငါတို့ စိတ်ကူးသစ်စာအုပ်တိုက်ပိုင်ရှင် ဦးတင်ထွန်း (နတ်လူဦး)က အကုန်အကျခံလို့ သူ့ရဲ့ PUBLICA ကားကလေးနဲ့ ဒေးစွန်ပါဘက် ခရီးထွက်လေ့လာကြတယ်။ ငါတို့အဖွဲ့မှာ ကိုညိုမှိုင်း(သန်လျင်) နဲ့ မှဆိုးစာရေးဆရာ လေးမောင်ရယ်၊ ဆုမွန်ဦးရယ်လည်းပါတယ်။ အတော်ပျော်စရာကောင်းတဲ့ ခရီးပဲ။

''ငါနဲ့ မုဆိုးကြီးဦးလေးမောင်တို့ ဒေးစွန်ပါ ဘုရားဖူးနေကြပြီး အနားယူ အပန်းဖြေရင်း စကားကောင်းနေကြတာ ရန်ကုန်–မန္တလေးအမြန်လမ်းဖောက်တုန်းက ပဲခူးရိုးမမှာ အမဲလိုက်ခဲ့တဲ့ အကြောင်းတွေပေါ့။ အဲ့ဒီအချိန်မှာ ဦးစိန်လှိုင်၊ ကိုတင်ထွန်းနဲ့ မောင်ညိုမှိုင်းတို့အဖွဲ့က ကျိုက်စွန်ပါကို သွားကြတယ်။ ဟိုက ကျိုက်စွန်ပါ ဆရာတော်ကျောင်းသစ်ကြီးမှာ နေ့လယ်စာ စားကြတယ်။ မီအောင်လိုက်ခဲ့ဆိုပြီး အရင်သွားနှင့်ကြတယ်''

''ငါနဲ့ မုဆိုးကြီး ဦးလေးမောင်က စကားပြတ်တော့မှ ဒေးစွန်ပါဘုရားပေါ်ကဆင်းပြီး တဖြည်းဖြည်းလိုက်ခဲ့ကြတာ။ ဝါးရုံတောလမ်း၊ အဆင်းအတက်မြေလမ်းကလေးပဲ။ မိုးရွာထားလို့ဝါးရုံပင်တွေ အရွက်ကြွေပြီးကာစ အပင်ခြေတွေမှာတော့ တောရိုင်းပင်ကလေးတွေ အဖူးအညွန့်အညှောက်တွေ ထွက်နေတယ်။ ဝါးရောင်းချဉ်အပင်ပေါက်နဲ့ ဝါးဥပင်ပေါက်၊ ဂမုန်းဥ





ပင်အမျိုးမျိုး၊ ဝါးပင်က မျှစ်စို့တွေ ပြူထွက်နေကြတယ်။ အဲ့ဒါကို အနီးအနားရွာက ကလေးတွေက တောဟင်းလျာအနေနဲ့ ခြင်းကလေးတွေထဲထည့်ပြီး ခူးဆွတ်နေကြတယ်။ ငါတို့လည်း ရိုးမတောင်ခြေမှာ နေခဲ့တုန်းက မိုးဦးကျကာလဆိုရင် အလွန်ပျော်တယ်။ မကြာခင် တောမှိုအမျိုးမျိုးထွက်တော့မှာ''

''ငါနဲ့ ဦးလေးမောင် တောအကြောင်း၊ တောင်အကြောင်း ပြောကြရင်း ကလေးတွေကို ငေးကြည့်နေမိတယ်။ တောင်ခြေရေစမ်းတစ်ခုကို ဆင်းပြီး တောင်ကုန်းပေါ်ပြန်အတက် အတော်မောတာနဲ့ မြယာပင်အရိပ်၊ ဝါးခုံတန်းလျားမှာ ထိုင်ပြီး နားနေတုန်း အမျိုးသမီးနှစ်ဦး ရောက်လာတယ်။ တောသူပုံစံမျိုး မဟုတ်ဘူး။ အဝတ်အစားသစ်သစ်လွင်လွင်နဲ့ ဝါးပလိုင်းကိုယ်စီလွယ်ထားတယ်။ ပလိုင်းတွေအထဲမှာလည်း အစောပိုင်းက ဝါးရုံပင်ရင်းမှာ ကလေးတွေ ခူးနေကြတဲ့ ဝါးရောင်းချဉ်ဝါးဥပင်ပေါက်နဲ့ ဖလံတောင်ဝှေးပင်ပေါက်တွေ အပြည့်ပဲ''

ငါတို့က ဒေးစွန်ပါပဲ ရောက်ဖူးတာ။ ကျိုက်စွန်ပါကို မရောက်ဖူးလို့ လမ်းခရီးစဉ် မေးရတော့တာပေါ့''

''တူမတို့ရယ် . . . ဦးတို့က ကျိုက်စွန်ပါဆရာတော်ကို သွားဖူးမလို့ပါ။ တစ်ခါမှလည်း မရောက်ဖူးလို့ လမ်းညွှန်ပါဦးကွယ်''

အမျိုးသမီး (၂) ဦးက ငါတို့နဲ့ မျက်နှာချင်းဆိုင် ဝါးတန်းလျားမှာ ထိုင်နားကြရင်း . . .

''ဦးလေးတို့က ဧည့်သည်တွေထင်ပါရဲ့''

''ကျွန်မတို့က ကျိုက်စွန်ပါဆရာတော် ကျောင်းကပါပဲ။ ဟင်းရွက်ခူးရင်း ဒီဘက် ရောက်လာတာပါ။ ဆရာတော်ကျောင်းမှာ လာသမျှ ဧည့်သည်တွေကို သက်သတ်လွတ်ဟင်းလျာနဲ့ ထမင်းကျွေးပါတယ်။ ဦးလေးတို့ ရှေ့လမ်းဆုံလမ်းခွဲမှာ လက်ဝဲဘက်လိုက်ပါ။ အဲ့ဒါ ကျိုက်စွန်ပါသွား ဖြတ်လမ်းပါပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ရန်လုံ၊ ဒီက ညီ့သည်တွေကို ဆရာတော်ကျောင်း လမ်းပြပြီး လိုက်ပို့လိုက်၊ ခြေခင်း၊ လက်ခင်းလည်း လုံပါစေ"

သူတို့နှင့်အတူပါလာသော ရန်လုံခေါ် ခွေးနက်ကြီးမှာ လျှာတစ်လစ်ဖြင့် လူ့စကားနားလည်သည့်အလား သူတို့အလာလမ်းဘက် ပြန်ဦးတည်ပြီး ရှေ့ကလမ်းပြသည်။

"ကျေးဇူးတင်ပါတယ် ... တူမတို့၊ ဦးတို့ သွားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့ရှင့်"

ငါတို့ ရှေ့လမ်းခွဲမှာ ခွေးနက်ကြီးဦးဆောင်တဲ့အတိုင်း လက်ဝဲဘက် လမ်းခွဲက လိုက်ခဲ့တယ်။ တောင်ကုန်းပေါ်တက်တဲ့လမ်း ပြိုနေလို့ ဝါးတွေနဲ့ ကတုတ်ရိုက်ထားတာ။ လေ့ခါးထစ်တစ်ခုမှာ ခွေးနက်ကြီး ရန်လုံက ငါတို့ဘက်လှည့်ဟောင်ပြီး တားတယ်။ အဲ့ ... နောက်လမ်းပေါ်မှာ ခွေနေတဲ့ မြွေဟောက်ကြီးတစ်ကောင်နဲ့ နပန်းလုံးပြီး ကိုက်သတ်လိုက်တယ်။ မြွေသေကြီးကို အောက်က လျှိုထဲဆင်းထားခဲ့ပြီး ပြန်တက်လာတော့ ငါတို့ဘက်လှည့်လို့ အူသံပေးတယ်။ သူ့ပါးစပ်မှာ သွေးတွေနဲ့၊ လျှာမှာလည်း အမည်းစက်တွေနဲ့ မြွေဆိပ်ပြီးတဲ့ ခွေးကြီး ဖြစ်ပုံရတယ်။

ကျိုက်စွန်ပါတောင်ခြေရောက်တော့ နဂါးကြီးပတ်ခွေထားတဲ့ နဂါးကန်အနီး သစ်ပင်အောက်မှာ ခွေးကြီးနားနေတယ်။ ဒါနဲ့ ငါတို့လည်း ကန်ဘေးအရိပ်အောက်မှာ နားကြပြီးမှ တောင်ပေါ်ကို လှေခါးထစ်က တဖြည်းဖြည်း တက်ခဲ့ကြတယ်။ တောင်ပေါ်ရောက်တော့ နတ်ရုပ်တွေအနီးမှာ ကိုရင်ကလေးတွေ စောင့်နေကြပြီး ...

"ကြွပါ ... ဒကာကြီးတို့၊ ကျိုက်စွန်ပါဆရာတော်ကျောင်းက ကြိုဆိုပါတယ်။ ဟော့ဒီဆရာတော် ဖော်စပ်ထားတဲ့ အမောလုံဆေးလျက်ဆားကို သောက်လိုက်ပါ။ ဟော့ဒါက သောက်ရေသန့်ပါ"

ငါတို့ ဆေးလျက်ဆားလျက်ပြီး ရေသောက်လိုက်တာနဲ့ တကယ်ကို အမောပြေသွားတယ်။ ရင်ထဲမှာလည်း အေးသွားတယ်။ တောင်စောင်းမှာ သံထည်တွေနဲ့ အခိုင်အခံ့ဆောက်လုပ်ထားတဲ့ ကျောင်းကြီးထဲရောက်တော့ ကျောင်းဆောင်ကြီးအတွင်းမှာ လင်းရှင်းနေပြီး လေတဝူးဝူးနဲ့ အလွန်အေးချမ်းတယ်။





ဆရာတော်က ကျောင်းဆောင်ထိပ်ဦး တရားဟောပလ္လင်ပေါ်မှာ ထိုင်နေပြီး ပဋိသန္ထာရ စကားဆိုတယ်"

"ဒကာတို့ ထမင်းမစားရသေးဘူးထင်တယ်။ ဒီကျောင်းရောက်ရင်တော့ သက်သတ်လွတ်ဟင်း ပူပူနွေးနွေးက အရန်သင့်ပါပဲ။ ခေတ္တအမောအပန်းဖြေပြီး သုံးဆောင်ကြပါ။ ဒါနဲ့ ဒကာတို့က ဘယ်အဖွဲ့ကလဲ"

"ပဲခူးက ဦးစိန်လှိုင်အဖွဲ့ကပါ ဘုရား"

"ဩော် ... ဒကာကြီး ဦးစိန်လှိုင်အဖွဲ့ကကိုး၊ ဟုတ်တယ် ... သူ ဖုန်းဆက်ပါတယ်။ ဒါနဲ့ ဒကာတို့က အတူလာတာမဟုတ်လား"

"အတူလာတာတော့ ဟုတ်ပါတယ်ဘုရား။ တပည့်တော်တို့နှစ်ဦးက ဒေးစွန်ပါစေတီပေါ်မှာ ထိုင်နေကြတုန်း ဦးစိန်လှိုင်နဲ့စာရေးဆရာအဖွဲ့တွေက အလျင်၊ ကျိုက်စွန်ပါကို သွားကြတာပါ။ တပည့်တော်တို့က ညီ့စိမ်းတွေပါ။ လမ်းမှာ အမျိုးသမီးနှစ်ဦးနဲ့တွေ့ပြီး လမ်းညွှန်တယ်။ ခွေးနက်ကြီး ရန်လုံကဦးဆောင်ပြီး လိုက်ပို့လို့ အရင်ရောက်လာတာပါဘုရား"

"ဩော် ... ဆုပန်ကလျာတို့နဲ့ တွေ့ခဲ့တာကိုး"

"ဟိုပုံထဲက မိန်းကလေးလား ... ဒကာကြီး"

ကျောင်းဆောင်ထိပ်ဦး ဘုရားခန်းလက်ဝဲဘက်၌ ချိတ်ဆွဲသော မင်းသမီးအဝတ်အစားဖြင့် ပန်းချီပုံကြီး။ ငါတို့လမ်းမှာတွေ့တဲ့ အမျိုးသမီးနှစ်ဦးအနက်က တစ်ဦးပုံပဲ။ အဝတ်အစားက မတူပေမဲ့ မျက်နှာအနေအထား၊ ကိုယ်ပုံစံ၊ ဆံပင်အနေအထားက အတူတူ တစ်ထပ်တည်းပဲ"

"ဆုပန်ကလျာဆိုတာ သူလားဘုရား၊ သူမက ဘာလဲဘုရား၊ မင်းသမီးအဝတ်အစားနဲ့ မြန်မာတော့ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဒကာရဲ့ သူက ယိုးဒယားဘုရင့် သမီးတော် ဆုပန်ကလျာပဲ။ ဆရာတော်ကျောင်းအတွက် အထောက်အပံ့ အများဆုံးပေးတဲ့ ကျောင်းဒါယိကာမကြီးပေါ့"

"ယိုးဒယား ဘုရင့်သမီးတော်က သီရိဒုံမဟုတ်လား ဘုရား"

"သီရိဒုံက အခုဘုရင်ဘူမိဘောရဲ့ သမီးတော်၊ ဆုပန်ကလျာက ဟိုးရှေးခေတ်၊ မြန်မာဘုရင်အလောင်းဘုရားတို့လက်ထက်က ဘုရင်သမီးတော်"

"ဘယ်နှယ်လုပ်ပြီး အခုအချိန်အထိ ဆုပန်ကလျာ မင်းသမီးက ရှိနေသေးတာလဲ ဘုရား"

"အေး . . . အေး . . . ဒကာတို့အဖွဲ့တွေ ဆုံကြမှ ဘုန်းကြီးရှင်းပြပါ့မယ်။ အခုတော့ နေ့လယ်စာ ထမင်းစားကြပါဦး။ ဦးစိန်လှိုင်တို့အဖွဲ့လည်း ရောက်တော့မှာပါ"

နေ့လယ်စာစားတော့ သက်သတ်လွတ်ဟင်းများ ဖြစ်သော်လည်း ဟင်းက အလွန်စုံသည်။

ဖရစ်ရိုးကြော်၊ ရွှေဖရုံသီးဟင်း၊ ပဲနှင့်ဘူးသီးဟင်း၊ ဖလံတောင်ဇွေးကြော်၊ ငရုပ်သီးဆားထောင်းနှင့် တောထွက်အတို့အမြှုပ်များ၊ ထမင်းစားလို့လည်း အလွန်မြိန်သည်။

ငါတို့ ထမင်းစားနေတုန်း တောင်ပေါ်တက်လာတဲ့ ဦးစိန်လှိုင်တို့ မောင်ညိုမှိုင်းတို့အသံကို ကြားရတယ်။ မကြာပါဘူး ဆေးသောက်ပြီးတော့ သူတို့ကျောင်းကြီးပေါ်ကို ရောက်လာကြတယ်။ ဦးစိန်လှိုင်က . . .

"ဟော့ဗျာ . . . ထောင်မှူးကြီးတို့က အနောက်မှာ ကျန်ခဲ့ပြီး ဘယ်နှယ့် အရင်ရောက်နေရတာလဲ"

မောင်ညိုမှိုင်း . . .

"ဟုတ်ပါရဲ့ဗျာ . . . ဖြတ်လမ်း သိလို့လား။ အရင်ရောက်ဖူးလို့လား"





ဆရာတော် . . .

"ဦးစိန်လှိုင်ရေ့ . . . ထောင်မှူးကြီးတို့နှစ်ယောက်က ဆုပန်ကလျာမင်းသမီးနဲ့တွေ့ပြီး မြေကြောရှုံ့ပြီး ရောက်လာတာ"

"ဘယ်လို . . . ဆရာတော်ဘုရား မိန့်ပါဦး"

"ဩော် . . . ထောင်မှူးကြီးတို့က မင်းသမီးနဲ့ ပဋ္ဌာန်းဆက်တွေကဲ . . . ထမင်းစားကြပါဦး။ နေ့လယ်စာ စားချိန်လွန်နေပြီ။ ဦးစိန်လှိုင်တို့က လာနေကျ။ ဘယ်လိုဖြစ်တာလဲ။ ဒေးစွန်ပါဘုရားနဲ့ ကျိုက်စွန်ပါက တောလမ်းခရီး (၃) မိုင်ပဲ ဝေးတာ"

"ဟုတ်ပါရဲ့ . . . ဆရာတော်ဘုရား၊ ဘယ်လိုဖြစ်မှန်း မသိပါဘူး"

ငါတို့တွေ ထမင်းစားပြီးတော့မှ ဆရာတော်က ဆုပန်ကလျာမင်းသမီးနဲ့ သူနဲ့ ပဋ္ဌာန်းဆက်အမျိုးတော်ပုံ ရာဇဝင်ကို ဇာတ်စုံခင်းတော့တာပဲဟေ့။ အဲ့ဒီကတည်းက ဆုပန်ကလျာမင်းသမီးနဲ့ ငါဆုံဆည်းခဲ့ဖူးတာပဲ"

"ဆရာရယ် . . . အဲဒီဇာတ်လမ်းကို ကျွန်တော့် အမျိုးသမီးနဲ့တွေ့ရင် ပြန်ပြောပါဦး။ သူတို့က အဲ့ဒီအကြောင်း အလွန်သိချင်ကြတာ"

"အေးပါ . . . မင်းတို့ ရန်ကုန်လာရင် ကျိုက်စွန်ပါကို ငါလိုက်ပို့ပါ့မယ်။ တို့ အရင်တစ်ခေါက်က ခရီးသွားခေါင်းဆောင် ဦးစိန်လှိုင်ကတော့ ဆုံးသွားရှာပြီ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့မနက် (၇)နာရီခန့် အောင်မြင့်ဒင် ဦးဆောင်ပြီး ကျွန်တော်တို့အဖွဲ့ ခရီးစ၍ ထွက်ခဲ့ကြသည်။ ယိုးဒယားရာသီဥတုမှာ မြန်မာနှင့် ဆက်စပ်နေသဖြင့် အလွန်တူပါသည်။ မတူသည်က အဆင့်မြင့် Highway လမ်းမကြီးနှင့် ပြည်သူပြည်သားများ ဖြစ်ကြသည်။ လမ်းမကြီးဘေးဝဲယာ၊ လယ်ကွင်းများတွင် ခေတ်မီစက်ကြီးများဖြင့် ရိတ်သိမ်းခြွေလှေ့နေကြသည်။ ယိုးဒယား တောင်သူလယ်သမားများက ပုဆိုး၊ ထမီထက် ဘောင်းဘီတို၊ ဘောင်းဘီရှည် အဝတ်များသည်။ လယ်ကွင်းများအတွင်း၌ ကျွဲနွားများကို မတွေ့ရတော့။ မြန်မာပြည်နှင့် ရာသီဥတု တူသဖြင့် လမ်းမကြီးဘေးတွင် ကုက္ကိုပင်ကြီးများ၊ ပိတောက်ပင်ကြီးများ၊ ကျွန်းပင်များကို တွေ့ရသည်။ ပိတောက်ပင်ကြီးများက အဖူးတွေဝေစီနေသဖြင့် မြန်မာပြည်ကို သတိရမိသည်။ မြန်မာသင်္ကြန် နီးချေပြီ။ မိုးလည်း နီးပြီ။ ပိတောက်တွေလည်း ပွင့်တော့မည်။

မြန်မာသင်္ကြန်နှင့် ယိုးဒယားသင်္ကြန်မှာ ဆင်တူသည်ဟု ဆိုသည်။ ကြုံဖူးချင်ပါသည်။ သို့သော် ကျွန်တော်တို့က ဧည့်သည်ခရီးသွားများဖြစ်ကြပြီး အချိန်နှင့် ခရီးသွားနေရသဖြင့် ယိုးဒယားသင်္ကြန်ကို မီမည်မထင်





မြိတ်ကျွန်းစုတွင်သာ ဆလုံများဖြင့် သင်္ကြန်ကျကိန်း မြင်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း မြန်မာသင်္ကြန်ကို မြန်မာပြည်၌ ကျချင်ပါသည်။

မွန်းလွဲကျော်ကျော် အချိန်ခန့်တွင် အယုဒ္ဓယမြို့ဟောင်း အနီးသို့ ရောက်သည်။ အယုဒ္ဓယမှ ဇင်းမယ် (ယခု ချင်းမိုင်) ကတစ်ဆင့် မြန်မာပြည်၊ ကျိုင်းတုံ၊ တာချီလိတ်၊ မြဝတီဘက်သို့ ကူးနိုင်ပါသည်။ တောင်ပေါ်မြို့များ ဖြစ်ကြပါသည်။

အယုဒ္ဓယမြို့ပျက်ကြီးအား ယိုးဒယား(ထိုင်း)များက သည်အတိုင်း မပြုပြင်ဆင်ဘဲ ထားသည်ဆိုရာ၌လည်း ကျွန်တော် အထက်က တင်ပြခဲ့သလို အလောင်းဘုရား၏ ကျိန်စာကြောင့် ယိုးဒယားများက စိတ်နာ၍ နောင်လာနောက်သားများ အငြိုးအတေးထားစေရန် စသော ရည်ရွယ်ချက်များမှာ ဟုတ်ချင်မှလည်း ဟုတ်ပေမည်။ ယခု ကျွန်တော့်အမြင်ကတော့ တစ်မျိုး။ အယုဒ္ဓယမြို့ပျက်မှာ ကျွန်တော်တို့ မန္တလေးမြို့ရိုးခန့်ပင် ကျယ်ဝန်းဟန်မရှိပါ။

ကျွန်တော်တို့မြန်မာများ မန္တလေးနန်းတွင်းအား ပြင်ဆင်၍ ထားသည်မှာ ကျုံးနှင့်မြို့ရိုးနှင့် ကျယ်ပြန့်လှသော မန္တလေး၊ စနစ်ကျသော လမ်းများနှင့်ဖြစ်သည်။ ကျွန်တော်တို့ အင်္ဂလိပ်နှင့်ဂျပန်ကို စိတ်နာပြီး အငြိုးထားရမည်လား။ ထိုခေတ် ထိုကာလက ဖြစ်ရိုးဖြစ်စဉ်များပင် ဖြစ်သည်။

တရုတ်ဘုရင် ဦးတည်ဘွားလက်ထက်က မြန်မာပြည်ကို သိန်းနှင့်ချီသော တရုတ်တပ်ကြီးဖြင့် (၃) ကြိမ်တိုင်တိုင် ကျူးကျော်၍ စစ်ကြီးဆင်နွှဲဖူးသည်။ ထိုအဖြစ်အပျက်များက ထိုခေတ်ထိုအခါက ပုံရိပ်များသာဖြစ်သည်။

ယခု အယုဒ္ဓယမြို့ပျက်အား သည်အတိုင်းထားတော့ ဘာဖြစ်သနည်း။ ကမ္ဘာလှည့် ခရီးသွားများ စိတ်ဝင်စားကြသည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာလှည့်ခရီးသွားများ သောင်းနှင့် သိန်းနှင့်ချီ၍ လာရောက်လေ့လာကြသည်။ ဧည့်လမ်းညွှန်များ ငွေရသည်။ ဒေသခံများ စျေးရောင်းရသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယားအစိုးရ နိုင်ငံခြားငွေရသည်။ ဘာအရှုံးပေါ်ပါသလဲ။ တကယ်တမ်း ပြောရလျှင် ရှေးဟောင်းပစ္စည်းတန်ဖိုးထားသော ခေတ်သစ်တွင် ယိုးဒယား နိုင်ငံက အမြင်ကျယ်သည်ဟုပင် ချီးမွမ်းရပေမည်။

အယုဒ္ဓယတွင် မြန်မာဆိုင် ကုလားဆိုင်၊ တရုတ်ဆိုင်၊ ယိုးဒယား ဆိုင်၊ စားသောက်ဆိုင်များ အစုံရှိသည်။ အရောင်းရဆုံးကတော့ တရုတ် အစားအစာဆိုင် ဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့အဖွဲ့လည်း တရုတ်ဆိုင်ကြီး တွင် ပင် စားကြသည်။ ပုဏ္ဏားတင်ဦးတစ်ယောက်သာ ကုလားစာစားမည် ဆိုပြီး သာယာဝတီသား မဆိုးအောင်သန်းနှင့် တင်သောင်းကိုခေါ်၍ သွား ကြသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်အနေဖြင့် တပည့်များနှင့် အမျိုးများ စုံလင်၍ ကျန်ခရီးစဉ်မှာ ပျော်စရာကောင်းပါသည်။ နေ့ချင်းပြန် ခရီးဖြစ်၍ ကျွန်တော်တို့ ညနေပိုင်းတွင် ပြန်ခဲ့ကြသည်။

အပြန်ခရီးတွင် အောင်မြင့်ဒင်က Air Con ကားအတွင်း ယိုးဒယား ကြက်ကြော်နှင့် ဘီယာအေးအေးဖြင့်ဧည့်ခံရာ လွန်စွာ စည်းစိမ်ရှိလှသည်။ ကျွန်တော်တို့ ခရီးသွားအဖွဲ့ ဘန်ကောက်ဟိုတယ်သို့ အေးဆေးစွာပြန်ခဲ့ ကြရာ ည (၉)နာရီခန့်မှ ပြန်ရောက်သည်။

အောင်မြင့်ဒင် . . .

"ဆရာတို့ . . . မနက်ဖြန် 'ဖူးခက်ကမ်းခြေ' ကို ဆက်သွားကြ မလား။ မနက်ဖြန်တစ်ရက်၊ ဘန်ကောက်မှာပဲ အနားယူပြီး ဈေးဝယ်ကြ မလား"

"အေး . . . အောင်မြင့်ဒင်၊ ငါတို့ ညစာစားရင်း တိုင်ပင်ကြတာ ပေါ့"

ထိုညက ညစာစားရင်း အများဆန္ဒခံယူရာ မမကြီးတို့က မန္တလေး ရွှေဆိုင်ကို ဝန်ထမ်းများဖြင့် ပစ်ထားခဲ့ရ၍ စိတ်မချသဖြင့် အမြန်ပြန်လိုနေ ကြသည်။ ထို့ကြောင့် မနက်ဖြန်မနက်တွင် ဖူးခက်သို့ဆက်သွားရန်၊ ဖူးခက် တွင် (၂)ညအိပ် အပန်းဖြေပြီး ဘန်ကောက်တွင် တစ်ညအိပ်၍ ဈေးဝယ်





ပြီး ပြန်ကြရန် ဆုံးဖြတ်ကြသည်။ အများဆန္ဒအရ ကျွန်တော် လိုက်လျော ရပါသည်။ ကျွန်တော်တို့တွင် မြိတ်ကျွန်းစုရတနာသိုက်ကိစ္စက အဓိကဖြစ် ပါသည်။

နောက်တစ်နေ့မနက်တွင် (၅) နာရီကတည်းက အိပ်ရာထကြ၍ ဟိုတယ်တွင် ကြိုတင်မှာထားသည့်အတိုင်း Breakfast စားကြပြီး မနက် (၆)နာရီတိတိတွင် မနေ့က ကားဖြင့်ပင် ဖူးခက်ကမ်းခြေသို့ ထွက်ခဲ့ကြသည်။ ဘန်ကောက်မြို့တော်က အတွင်းမြို့ဖြစ်၍ ပင်လယ်ဆိပ်ကမ်းမြို့ ဖူးခက်သို့ အတော်ဝေးပါသည်။ မိုင် (၂၀၀)ကျော် (၃၀၀)ခန့်ဟု ခန့်မှန်းသည်။

အောင်မြင့်ဒင်က အချိန်မကုန်စေရန်နှင့် အစားအသောက်မည့် စေရန် ဟိုတယ်မှ ထမင်းဘူးများယူခဲ့သဖြင့် လမ်းတွင် ဆင်းမစားရ။ ကား ပေါ်၌ပင် နေ့လယ်စာကို စားရသည်။ ကားစက်နားစေရန်နှင့် ခရီးသည်များ မပင်ပန်းစေရန်သာ လမ်းခရီး၌ လက်ဖက်ရည်သောက်နားသည်။ ဘန် ကောက်မှ တောင်ဘက်ပင်လယ်ကမ်းခြေသို့ ဆင်းရခြင်းဖြစ်သည်။ ရန်ကုန် မန္တလေးခရီးစဉ်လောက် မဝေးသော်လည်း လမ်းမကြီးအလွန်ကောင်းသဖြင့် ညနေ (၃)နာရီကျော်လောက်တွင် ဖူးခက်ကမ်းခြေသို့ ရောက်သည်။

အောင်မြင့်ဒင်တို့က ခရီးသွားလုပ်ငန်း အေဂျင်စီဖွင့်ထားသဖြင့် အဆက်အသွယ် အလွန်ကောင်းသည်။ ကျွန်တော်တို့ ကမ်းခြေရောက်သည် နှင့် ဘန်ဂလိုများက အဆင်သင့် တံခါးဖွင့်၍ ကြိုနေသည်။ ခေတ္တအနားယူ ကြပြီး ညနေစောင်းနေဝင်ဆည်းဆာအလှကိုခံစားရင်း ကမ်းခြေတွင် ရေကူး ကြသည်။

ယွန်းပွင့်စံတို့ ပျားရည်ဆမ်းခရီးကို ကျွန်တော်က မြိတ်ကျွန်းစု လောက်သာ စီစဉ်ထားရာမှ ယိုးဒယားနိုင်ငံအနှံ့အထိ တပည့်များ အကူ အညီဖြင့် ပို့ဆောင်လည်ပတ်နိုင်သဖြင့် ဂုဏ်ယူမိသည်။ မမကြီးကတော့ အလွန်ဝမ်းသာနေသည်။ ယွန်းပွင့်စံတို့က အလွန်ကျေနပ်လျက် သာယာဝတီ က ကျွန်တော့်တပည့် မဆိုးတောသားများက ပြောမပြနိုင်လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းသာနေကြသည်။ ဖောက်တွင်းဝိဇ္ဇာ သူခိုးမြင့်သိန်းတို့အဖွဲ့ကတော့ ခြေ ငြိမ်လှသည်။ ဘာအကြံထုတ်နေသလဲ မသိပါ။

ညစာ စားတော့ ဘန်ဂလိုများတွင် ကိုယ့်အစုနှင့်ကိုယ် လွတ်လပ်စွာ စိတ်ကြိုက် မှာစားနိုင်သည်။ ဖူးခက်ကမ်းခြေမှာ ခေတ်မီသောနိုင်ငံ၏ မြို့တော်ဖြစ်သဖြင့် အလွန် သာယာပြည့်စုံပါသည်။ ညပိုင်းတွင် မီးထိန်ထိန် လင်းနေသည့် ဆိပ်ကမ်းအလှမှာ နတ်ဘုံ၊ နတ်နန်းအလား အထင်မှား ရသည်။ အစားအသောက်လည်း အလွန်ကောင်းသည်။ ကမ္ဘာ့အဆင့်မီ စားဖိုမှူးများ၏ နှစ်သက်ရာ လက်ရာစုံကို တစ်ထိုင်တည်းမှာကြား၍ စားသုံး နိုင်ပါသည်။ ထိုညကတော့ တပည့်များအား ကျွန်တော် ကန့်သတ်ချုပ်ချယ် ခြင်းမရှိ၊ သဘောရှိ လွှတ်ထားပေးလိုက်တော့သည်။

ယွန်းပွင့်စံတို့ ဇနီးမောင်နှံတစ်တွဲတွဲ အတူတွဲရင်း အလွန်ပျော်နေ ကြသည်။ မမကြီးကလည်း အညံ့မခံပါ။ ကျွန်တော့်နား ကပ်နေသည်။ သူ လည်း စီးပွားရေးကိစ္စများဖြင့် အလုပ်ရှုပ်နေရာမှ ယခုတော့ သမီးလည်း အိမ်ထောင်ကျ၍ တာဝန်အေးသွားသည့်အပြင် ကျွန်တော်တို့အဖွဲ့နှင့် ခရီး ရှည်အပျော်ခရီး၊ ဘုရားဖူးခရီး၊ လေ့လာရေးခရီးထွက်ရသဖြင့် အပျော်လွန် နေဟန်တူပါသည်။

ကျွန်တော်တို့အဖွဲ့ဝင်များ ညချမ်းချိန်ခါတွင် ပင်လယ်ကမ်းစပ်၌ လမ်းလျှောက်သူကလျှောက်၊ ဝိုင်းဖွဲ့စကားပြောသူကပြော၊ တပည့်များကတော့ အရက်ဝိုင်းကမထ၊ ကြီးစွာသော ဆက်ရက်မင်းစည်းစိမ်ကို ခံစားနေ ကြသည်။ အောင်မြင့်ဒင်ကတော့ ကျွန်တော်နှင့် မမကြီးထံလာ၍ သူ့ဘဝ အကြောင်းကို ပြောပြနေသည်။

မမကြီးအား နောင်တွင် စီးပွားရေးစပ်တူလုပ်လိုလျှင် လုပ်ကိုင်ရ မည့်လုပ်ငန်း (ခွင်)များအား ချပြသည်။ ကျွန်တော့်အနေဖြင့်တော့ အသက် အရွယ်ရလာပြီဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းလုပ်ရန် စိတ်မဝင်စားတော့ပါ။





ယခုလို ခရီးထွက်စွန့်စား၍ ရတနာသိုက်ရှာဖွေခြင်းအလုပ်ကိုတော့ ဝါသနာ ပါ၍ ဆက်လုပ်ဦးမည်ဖြစ်ပါသည်။

ကျွန်တော်တို့ စကားဝိုင်းကောင်း၍ ညသန်းခေါင်ကျော်မှ အိပ်ရာ ဝင်ခဲ့ကြပါသည်။ ဖူးခက်အပန်းဖြေစခန်းတွင် အပန်းဖြေကြသူများမှာ အိပ် ကြဟန်ပင်မတူ၊ အပျော်လွန်နေကြဟန် တူပါသည်။ လွတ်လပ်ခြင်းအရသာ က ဘာနှင့်မျှ မတူပါ။ ယမကာနှင့် လောင်းကစားဝိုင်းများ၊ အကဝိုင်းများ၊ တီးဝိုင်းနှင့် အဆိုဝိုင်းများ ညလုံးပေါက် ရှိပါသည်။

ကျွန်တော်တို့ အိပ်ရာဝင်တော့ ခရီးပန်း၍လားမသိ။ ချက်ချင်း အိပ်ပျော်သည်၊ အိပ်ပျော်တော့လည်း အိပ်မက်မက်သည်။ မသိစိတ်က ဦးနှောက်အကန့်တစ်ခုထဲတွင် ဝင်နေဟန်ဖြင့် ယိုးဒယားမင်းသမီး ဆုပန် ကလျာအကြောင်းကို မက်သည်။ မင်းသမီးက ဘန်ကောက်ပြန်ရောက်လျှင် သူ့နတ်ကွန်းအား လာလည်ရန်၊ ကျိုက်စွန့်ပါဆရာတော်အား အလှူငွေပေး အပ်လို၍ ဆက်ဆက်လာရန်ဖြစ်သည်။

မင်းသမီး ဆုပန်ကလျာမှာ ကျွန်တော် တစ်ကြိမ်တွေ့ခဲ့ဖူးသော ပုံသဏ္ဍာန်အတိုင်းပါပင်။ ကျွန်တော့်ကိုလည်း ခင်မင်ရင်းနှီးဟန်ဖြင့် ဆက်ဆံ ပါသည်။ ကျွန်တော်ကလည်း ဆက်ဆက်လာမည်ဟု ကတိပေးလိုက်ပါသည်။ ထို့နောက် မင်းသမီးက သတိပေးသည်မှာ ဖူးခက်၌ (၂) ညအိပ် မနေဘဲ မနက်ဖြန် နေ့လယ်တွင် ပြန်ကြရန် သတိပေးသည်။ အကျိုးအကြောင်း တော့ ပြောမပြပါ။

နောက်တစ်နေ့မနက်တွင် BREAKFAST စားရင်း ကျွန်တော်က အောင်မြင့်ဒင်အား အိပ်မက်အကြောင်း ပြောပြရာ သူက ...

"ဆရာ ... မင်းသမီး အိပ်မက်ပေးရင် မှန်တာများတယ်။ သူ က စိတ်ကောင်းအလွန်ရှိတဲ့ မင်းသမီးပဲ၊ သူ့ ညွှန်ကြားချက်အတိုင်း ကျွန် တော်တို့ ပြန်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... ငါ့အဖွဲ့ကိုလည်း ပြောလိုက်မယ်။ ငါတို့မှာလည်း အလုပ်ကိုယ်စီနဲ့ပါ။ ဖူးခက်ကို ရောက်ဖူးရရင် ကျေနပ်ကြမှာပါ"

"ဟုတ်ကဲ့ပါ ... ဆရာ၊ ကျွန်တော် အပြန်ခရီးကို စီစဉ်လိုက်တော့မယ်။ ဘန်ကောက်ပြန်ပြီး ဈေးဝယ်ကြတာပေါ့။ ဆရာတို့ဆရာတပည့်ကတော့ မြိတ်ကျွန်းစုက မပြန်ခင် နောက်တစ်ခေါက် ဘန်ကောက်ကို လာလည်ဖို့ ကျွန်တော် ဖိတ်ခေါ်ပါတယ်ဆရာ"

"အေးပါကွာ ... ငါတို့က ရတနာသိုက်ကိစ္စပြီးရင် အားပါပြီ။ အလှူအတန်းပဲ လုပ်ဖို့ရှိတော့တာပေါ့"

ကျွန်တော် ခရီးသွားအဖွဲ့အား နေ့လယ်စာ စားပြီးပြန်ကြမည်ဟု အသိပေးတော့ အများစုက ကျေနပ်ကြသော်လည်း သမီးယွန်းပွင့်စံကျော့ မကျေနပ်။ VISA ဖြင့် လာခြင်းမဟုတ်ဘဲ အောင်မြင့်ဒင်တို့ ခရီးသွားအေဂျင်စီ၏ အစီအစဉ်ဖြင့် လာခြင်းဖြစ်သဖြင့် အဖွဲ့နှင့်ပြန်ကြရန်၊ နောက်တစ်ခေါက်မှ လူနည်းနည်းဖြင့် မိသားစုလာလည်ပြီး ကြာကြာနေမည်ဟု ကျွန်တော်က ချော့မော့ပြောမှ နားထောင်သည်။ ကျေနပ်ဟန်တော့ မရှိ။ နှုတ်ခမ်းစူပြီး စိတ်ကောက်နေသည်။ သူ့ခင်ပွန်းဆရာဝန်ကလေးနှင့် သူ့မိခင် မမကြီးတို့က ချော့မော့ပြောမှ နားဝင်သည်။ ကျွန်တော်ကိုယ်၌လည်း မင်းသမီး ဆုပန်ကလျာ၏အိပ်မက်ကို အစွဲအလမ်း မထားမိပါ။ သို့သော် လိုရမည်ရ အန္တရာယ်ကို ကာကွယ်ရပေမည်။

နေ့လယ်စာ ထမင်းစားပြီး ကျွန်တော်တို့ ခရီးသွားအဖွဲ့ ဖူးခက်ကို နှုတ်ဆက်၍ ပြန်ခဲ့ကြပါသည်။ လမ်းခရီးက သာယာသည်။ အန္တရာယ်လည်း မရှိပါ။ ဘန်ကောက်တည်းခိုသော ဟိုတယ်သို့ ည (၈) နာရီခန့် ပြန်ရောက်သည်။ ညဘက် အရက်ဝိုင်းတွင်မှ အရက်မူး၍ ကျွဲနိုးပေါ်တော့သည်။ ဖူးခက်ကမ်းခြေတွင် သူနိုးမြင့်သိန်းတို့ အလုပ်လုပ်လာကြခြင်းဖြစ်သည်။

✿ ✿ ✿

❑

ယနေ့ည အရက်ဝိုင်း ကျွန်တော်နှင့် တပည့်များသာ သီးသန့်ဝိုင်းဖြစ်ပါသည်။ အောင်မြင့်ဒင်က အလုပ်ရှိ၍ သူ့အိမ်ပြန်သည်။ မမကြီးနှင့် ဆွေသည်များက ခရီးပန်းလာ၍ စောစီးစွာ ညစာစားပြီး အိပ်ရာဝင်ကြမည်ဖြစ်သည်။

ကျွန်တော်က ဆုပန်ကလျာမင်းသမီး အိပ်မက်ပေးသည်မှာ အကြောင်းမဲ့ မဟုတ်နိုင်မှန်းသိသဖြင့် တပည့်များအား အစ်အောက် မေးမြန်းရတော့သည်။

"ကဲ ... သူနိုးမြင့်သိန်း၊ မင်းတို့ဖူးခက်မှာ ဘာလုပ်လာကြသလဲ။ မှန်မှန်ပြော ... ရနောင်းကဝယ်လာတဲ့ သော့တွဲကလေးနဲ့ လက်တည့်စမ်းခဲ့ကြတယ်မဟုတ်လား"

"အဲ ... ဆရာ ဘယ်လိုလုပ် သိနေတာလဲ။ ဘယ်သူပြောသလဲ။ ကျော်ကြီး ... မင်းပြောသလား။ ကျွန်တော်က ဆရာနဲ့ လွတ်လွတ်လပ်လပ်တွေ့မှ ပြောပြဖို့ပါ"

ကျော်ကြီးက ...

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုမြင့်သိန်း . . . ကျွန်တော် မပြောရသေးဘူးနော်"

ကိုတင်ဦးကိုတောင် မပြောရသေးဘူး။ ကိုမြင့်သိန်းပဲ သယ် ကျွန်းက ရွှေဆိုင်ကီစ္စကို ကိုတင်ဦးကို ပညာပေးမလို့ဆို"

ပုဏ္ဏားတင်ဦးမှာ အရက်ပိုင်းအနီးတွင် ညစာစားနေရင်း . . .

"ငါသိပါတယ်ကွာ၊ မြွေမြွေချင်း ခြေမြင်ပါတယ်။ ငါ မသိချင် ယောင်ဆောင်နေတာ။ ဆရာ့ကိုတောင် ငါ မပြောရသေးပါဘူး။ ဆရာ လည်း သူ့အစွမ်းအစနဲ့သူ သိတာပါ"

"ကဲ . . . ထားပါတော့ဗျာ။ ကျွန်တော်နဲ့ ကျော်ကြီး အခြေအ ကောင်းလွန်းလို့ သော့ဝိဇ္ဇာသော့တွဲကလေးနဲ့ လက်တည့်စမ်းခဲ့ကြတာပ ဟိုးအရှေ့ဘက်တောင်ဘက် ကမ်းကွေ့နားက အဆောင်က ကုမ္ပဏီ သူဌေ ကြီးတွေဆီက အလှူခံလာတာပါ။ ထုံးစံအတိုင်း တစ်ဝက်ပဲ ယူခဲ့တာပ ဘတ်ငွေ (၁၀) သိန်းလောက်ပါပဲ။ နိုင်ငံခြားတိုင်းပြည်မှာ မခိုးဖူးသေးလို့ လက်တည့်စမ်းခဲ့တာပါ။ ဆရာ ဘယ်လိုလုပ်သိတာလဲ။ အလွန်ပိပိရိရိ လုပ် ခဲ့တာပါ။ အံ့သြသဗျာ"

"ထားပါတော့ . . . ငါလည်း ငါ့နည်းငါ့ဟန်နဲ့ပေါ့။ ဒါပေမဲ့ ငါတို့ အပေါ် အရမ်းကောင်းတဲ့ အောင်မြင့်ဒင်တို့ကို မထိခိုက်စေနဲ့"

"ဟုတ်ကဲ့ပါ . . . ဆရာ၊ ဟိုသူဌေးအဖွဲ့တွေက မူးရူးနေတာ အတော်နဲ့ မသိနိုင်ပါဘူး။ ကျွန်တော်တို့ စောစောပြန်လာတာလည်း ကောင် တယ်။ ခရီးသွားအဖွဲ့တွေက တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဝင်ထွက်နေကြတာ။ လက် သည်ကို မသိနိုင်ပါဘူး။ သူတို့ အချင်းချင်းပဲ ထင်ကြမှာပါ။ ဘန်ဂလိုမှာ တော့ ငွေတွေကို မီးခံသေတ္တာနဲ့ မဟုတ်ဘဲ ခရီးဆောင်အိတ်တွေနဲ့ဆိုတော့ သော့ နှစ်ချက် သုံးချက် ခတ်ထားပေမဲ့ အလွန်လွယ်တယ်။ Code numbe ပါပေမဲ့ ဟန်လောက်ပါပဲ။ ကျွန်တော့် သော့ဝိဇ္ဇာစုံအောင်တောင် မသုံးလိုက် ရပါဘူး။ တစ်ချောင်းနှစ်ချောင်းနဲ့ ကီစ္စပြတ်တာပါပဲ"





ထိုညက စားသောက်ကြရင်း ရှေ့လုပ်ရမည့်အစီအစဉ်များအကြောင်း ဆရာတပည့်များ တိုင်ပင်ကြသည်။ သာယာဝတီသား မုဆိုးများကတော့ သူခိုးတို့ကိစ္စကို စိတ်ဝင်စားဟန်မပြ။ ဘာသိဘာသာ နေကြသည်။ ကျွန် တော့်တပည့်များက ဝါသနာအရ အမဲလိုက်သော မုဆိုးလိုင်းကတစ်မျိုး။ ဝါသနာအရ ဖောက်ထွင်းခိုးဝှက်သော သူခိုးလိုင်းက တစ်ဖုံ။ အသွင်တူ ဝါသနာတူသည်ကတော့ စွန့်စားရှာဖွေခြင်းဖြစ်သည်။ သူတစ်ပါးအသက် အား သတ်ခြင်း၊ သူတစ်ပါးပစ္စည်း ခိုးယူခြင်း ပြုကြသော်လည်း စိတ်ဓာတ် အရင်းခံက ဖြူစင်ကောင်းမွန်ကြပါသည်။ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ရရှိ လာသော ဥစ္စာပစ္စည်းကို နှမြောတွန့်တိုခြင်းမရှိကြသည်က အားလုံး ပင်ကို စရိုက် တူညီကြပါသည်။

နောက်တစ်နေ့ မနက်စာစားပြီးသည်နှင့် အဖွဲ့များအား လွတ်လပ် စွာ ဈေးဝယ်နိုင်ရန် အောင်မြင့်ဒင်က ငွေထုတ်ပေးသည်။ Guide ထည့်ပေး သည်။ သူခိုးမြင့်သိန်းတို့အဖွဲ့က ငွေမယူ၊ သူတို့တွင် ပါကြောင်းပြောသည်။ ကျွန်တော်ကတော့ ဈေးဝယ်မလိုက်တော့ပါ။ အောင်မြင့်ဒင်တို့ မိသားစုနှင့် အချိန်ရတုန်း ဘန်ကောက်မြို့ ရပ်ကွက်တစ်ခုထိပ်တွင်ရှိသည့် ဆုပန်ကလျာ နတ်ကွန်းသို့ သွားကြသည်။ နတ်ကွန်းမှာ အတော်ကြီးမားသည်။ အမွှေးနံ့ သာကန်တော့ပွဲများဖြင့် ပူဇော်သူများ များသည်။ ဆုပန်ကလျာ နတ်ရုပ်တု မှာ လူတစ်ရပ်ခန့်ရှိပြီး ရွှေချထားသည်။

မြန်မာပြည်က အတိုင်းပင် စံပယ်ပန်းကုံး၊ ခရေပန်းကုံး၊ စကားဝါ ပန်းကုံးများဖြင့် လည်တွင် ချိတ်ဆွဲ၍ ပူဇော်ထားသည်။ နတ်ကွန်းဆောင် အနောက်ဘက် နံရံပေါ်တွင် ဆုပန်ကလျာမင်းသမီးနှင့် သူ၏ ခမည်းတော် မယ်တော်ပုံကို ချိတ်ဆွဲထားသည်။

ကျွန်တော် အသေအချာ မှတ်မိနေသည်ကတော့ ပဲခူး ကျိုက် စွန်ပါ ဘုန်းကြီးကျောင်းမှ ဓာတ်ပုံများအတိုင်းဖြစ်နေခြင်းပင်။ ကျိုက်စွန်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဤနတ်ကွန်းအား ရောက်ဖူးဟန် အဆက်အသွယ်ရှိဟန် တူပေသည်။ နတ်ကွန်းထိန်းမိန်းမက အောင်မြင့်ဒင် ဇနီးကလျာဝတီကို တွေ့သည်နှင့် သီးသန့်ခန်းတွင် နေရာပေးပြီး …

"အဘွားဆုပန်ကလျာက သမီးကလျာဝတီကို တွေ့ချင်နေတာနဲ့ အတော်ပါပဲ။ အိပ်မက် မပေးဘူးလား"

"ဟုတ်ကဲ့ … ပေးပါတယ်။ ဒါကြောင့် လာတာပါ။ ဒီက ညွှန်သည် စာရေးဆရာထောင်မှူးကြီးက မြန်မာပြည် ရန်ကုန်ကလာတာ။ အဘွားဆုပန်ကလျာနဲ့ ဆုံဖူးတယ်။ ပဌာန်းဆက်တွေပါ"

"ကောင်းပါတယ် … အစ်မတော် ပင့်ပေးပါမယ်။ ညွှန်သည်ရှင်းအောင် အနားယူရင်း ခေတ္တစောင့်နော်"

"ဟုတ်ကဲ့ပါ … အစ်မတော်"

ကျွန်တော်တို့ စောင့်နေကြစဉ် နတ်ထိန်းမိန်းမက အခြားနတ်မေးသူများအား ဟောပြောနေသည်။ နာရီဝက်ကျော်ကျော်ကြာမှ မိန်းမငယ်တစ်ဦးကလာခေါ်သဖြင့် ကျွန်တော်တို့ နတ်ထိန်းရှေ့သို့ ထွက်ခဲ့ကြသည်။

နတ်ထိန်းမိန်းမက …

"ကဲ … ညီမတော်တို့ ထိုင်ကြ၊ အစ်မတော် မင်းသမီးကို ပင့်ပေးမယ်"

မကြာပါ။ နတ်ထိန်းမိန်းမကြီးအား မင်းသမီးဝင်ပူးပြီး …

"သမီးတော်ကလျာဝတီ … အဘွားစောင့်ရှောက်နေတာကို သိရဲ့လား"

"သိပါတယ် ဘုရား"

"အေး … အေး … သမီးယောက်ျားရဲ့ဆရာ ထောင်မှူးကြီးက လူကောင်းပဲ။ သူ့တပည့်တွေလည်း စိတ်ကောင်းရှိကြပါတယ်။ ဒါကြောင့် အဘွား အန္တရာယ်မရှိအောင် ကူညီလိုက်တာ။ ဆရာထောင်မှူးကြီးတို့ပြန်





ရင် သမီးတော်က ကျိုက်စွန့်ပါဆရာတော်အတွက် ဘတ်ငွေတစ်သိန်းလောက် လှူလိုက်၊ အဘွားလည်း တစ်သိန်းလှူမယ်။ နတ်ထိန်းဆီက ထုတ်သွားပါ။ ဆရာထောင်မှူးကြီးကို လမ်းစရိတ်လည်း ပြည့်စုံအောင် ထုတ်ပေးလိုက်"

"မှန်ပါ့ … ဘွားဘွား"

ကျွန်တော်က …

"မလိုပါဘူး … မင်းသမီး၊ လမ်းစရိတ်က ကျွန်တော်တို့ ဒါနပြုပါ့မယ်"

"သာဓုပါ … ထောင်မှူးကြီး။ ထောင်မှူးကြီးတို့ ရှာနေတဲ့ ရတနာသိုက်လည်း တွေ့မှာပါ။ ဂူလန်းကျွန်းဆရာတော် ဆက်သွယ်ပေးလိမ့်မယ်။ လင်းယုန်ကျွန်းဆိုတာက ဒေသအခေါ် မထင်မရှားကျွန်းကလေးပဲ။ ဆရာတော်ရဲ့ တပည့်တစ်ဦးက လိုက်ပြလိမ့်မယ်။ ဆလုံတံငါသည် တစ်ဦးပဲ။ ရတနာတွေရရင် သူ့ကိုလည်း ထောက်ပံ့ပါ။ ဆရာတော်ကိုလည်း မမေ့နဲ့။ ဆရာတော်က ကိုယ်ကျိုးစွန့် ဗုဒ္ဓဘာသာ သာသနာပြုပုဂ္ဂိုလ်ပဲ"

"စိတ်ချပါ မင်းသမီး။ ကျွန်တော် ရည်ရွယ်ထားပြီးသားပါ။ ကျွန်တော်တို့ ဆရာတပည့်တွေက ဥစ္စာပစ္စည်း မမက်မောပါဘူး။ ရရင် လှူမယ် တန်းမယ်။ လူမှုရေးကိစ္စတွေမှာ ကူညီထောက်ပံ့မှာပါ"

"သိပါတယ် … ဒါကြောင့် ကူညီတာပါ။ ကဲ … သမီးတော် အဖွားပြောတာမမေ့နဲ့။ အချိန်ကျရင် သမီးတော်တို့မိသားစု ကျိုက်စွန့်ပါ ဆရာတော်ကို သွားဖူးရမှာပါ။ ဆရာထောင်မှူးကြီး ကူညီလိမ့်မယ်"

"ဟုတ်ကဲ့ပါ … ဘွားဘွား"

မင်းသမီးက တိုရှင်းလိုရှင်း ပြောပြီး ပြန်ထွက်သွားသည်။ ကျွန်တော် နတ်ဝင်သည်ကို မယုံပါ။ သို့သော် ယခု မင်းသမီးနတ်ဝင်သည်ကတော့ ပြတ်သားသည်။ လှူဖို့တန်းဖို့ပင် ထောက်ပံ့သေးသည်။ ရိုးဒယား



www.burmeseclassic.com

www.burmeseclassic.com



ဘတ်ငွေတစ်သိန်း လှူနိုင်းသည်။ ကျွန်တော်ကလည်း သူခိုးမြင့်သိန်းတို့အား ခိုးရာပါ ဘတ်ငွေတစ်သိန်းတော့ ကျိုက်စွန့်ပါဆရာတော်အား လှူရန် အလှူခံရပေလိမ့်ဦးမည်။

ကျွန်တော်တို့အဖွဲ့ နေ့လယ်စာစားချိန်တွင် ဟိုတယ်၌ ပြန်ဆုံကြသည်။ မြင့်သိန်းက ပုဏ္ဏားကျော်ကြီးနှင့် မုဆိုးအောင်သန်း၊ မျောက်တင်သောင်းတို့အား ဆွစ်ဇာလန်လုပ်နာရီတစ်လုံးစီ ဝယ်ပေးသည်။ မမကြီးနှင့် ယွန်းမွင့်စံတို့ ဖနီးမောင်နှံကိုလည်း နှစ်သက်ရာ နာရီအကောင်းစားများ ဝယ်ပေးသည်။

"ဆရာ . . . ဆရာကရော ဘာပစ္စည်း လိုချင်သလဲ"

"ဘာမှမလိုချင်ဘူး။ ကျိုက်စွန့်ပါဆရာတော်ကို လှူဖို့ ဘတ်ငွေတစ်သိန်းပဲ အလှူငွေထည့်ပါ။ မင်းတို့ သူခိုးတွေကို ဇိကုပ်ပြီး နတ်ပြည်တင်ပေးမလို့"

ကျွန်တော်က အိပ်မက်နှင့် ယနေ့သွားရောက်ခဲ့သော ဆုပန်ကလျာ နတ်နန်းအကြောင်းပြောတော့ သူတို့ အလွန်စိတ်ဝင်စားကြသည်။ ပုဏ္ဏားကတော့ ပြုံးနေသည်။ သူခိုးမြင့်သိန်းကတော့ . . .

"ဆရာရယ် . . . တပည့်တွေပါ ခေါ်သွားတာမဟုတ်ဘူး"

"ထားပါကွာ . . . ကိုယ့်အလုပ် ကိုယ်လုပ်ကြစမ်းပါ။ မင်းသမီးက ပြောတယ်။ ငါတို့ရတနာသိုက်ကိစ္စ အောင်မြင်မယ်တဲ့။ ဂျလန်းကျွန်းဆရာတော်က သူ့တပည့် ဆလုံမုဆိုးတစ်ယောက်နဲ့ ကူညီလိမ့်မယ်တဲ့"

ကျွန်တော်တို့ စားသောက်ပြီးတော့ အောင်မြင့်ဒင် ရောက်လာပြီး . . .

"ဆရာ နိုင်လတ် ဖုန်းဆက်တယ်။ ဒီနေ့ အရောက်ပြန်လာပါတဲ့။ ဒီည ရနောင်းမှာ ညအိပ်ပြီး မနက်ဖြန်ကျွန်းပြန်မယ်တဲ့။ ဟိုတယ်ကိစ္စရှိတယ်လို့ ပြောတယ်"





"အေး . . . ကောင်းပါတယ်။ ငါတို့လည်း ကိစ္စတွေပြီးပြီပဲ။ ပြန်ကြတာပေါ့။ အဓိကကိစ္စက ရတနာသိုက်ရှာဖို့ မဟုတ်လား"

"ဟုတ်ကဲ့ . . . ဒါဆို ကျွန်တော်ပြန်ဖို့ စီစဉ်လိုက်တော့မယ်"

ကျွန်တော်တို့ ပစ္စည်းများ သိမ်း၊ ဟိုတယ်အခန်းများ ပြန်အပ်ပြီး ဧည့်ခန်း၌ စောင့်နေကြစဉ် အောင်မြင့်ဒင်တို့ဖနီးမောင်နှံ ရောက်လာကြသည်။ ကျွန်တော်တို့အား နှုတ်ဆက်ပြီး ကျွန်တော့်အား စိန်လက်စွပ်တစ်ကွင်း ကန်တော့ပြီး ကလျာဝတီက . . .

"ဆရာ . . ဒါက အဘွားဆုပန်ကလျာလှူတဲ့ ဘတ်ငွေတစ်သိန်း။ ဒါကတော့ ကျွန်မတို့ မိသားစုလှူတဲ့ ဘတ်ငွေတစ်သိန်းပါ။ ကျိုက်စွန့်ပါဆရာတော်အတွက် ဆရာထောင်မှူးကြီး အကျိုးဆောင်ပေးပါရှင့်"

"အေးကွယ် . . . ဦး အကျိုးဆောင်ပေးပါ့မယ်။ ကျန်းမာချမ်းသာကြပါစေ။ ကဲ . . . ဟိုကောင်တွေ အလှူငွေပေးဦး"

"ဟုတ်ကဲ့ . . . ဟောဒီမှာ ဘတ်ထားတဲ့ငွေတစ်သိန်းပါခင်ဗျား"

"ကဲ . . . စုစုပေါင်း ဘတ်ငွေ(၃)သိန်း၊ မမကြီး အပ်ထားလိုက်"

"မောင်မောင် . . . မမက ရွှေဆိုင်ကိစ္စ မန္တလေးကို ပြန်ရဦးမယ်လေ"

"မပြန်နဲ့၊ ရတနာသိုက်ဖော်ပြီး ဂျလန်းကျွန်းဆရာတော်နဲ့ ဆလုံတွေကို အလှူအတန်းကြီးလုပ်ရဦးမယ်။ အလှူရေစက်ချ တရားနာ၊ အမျှဝေ မောင်မောင်တို့နဲ့အတူ ကုသိုလ်မလိုချင်ဘူးလား။ သမီးယွန်းမွင့်တို့ ပြန်ပြီး စီစဉ်လိမ့်မယ်"

အချိန်အခါအခွင့်အရေးကို စောင့်ကြည့်နေကြသော သူခိုးမြင့်သိန်းတို့အုပ်စုက . . .

"မပြန်ပါနဲ့ဦး . . . မမကြီးရယ်။ ကျွန်တော်တို့ အလုပ်တွေ လုပ်ကြရဦးမယ်။ မမကြီးရှိတော့ ဆရာက ကျွန်တော်တို့ကို မျက်စိဒေါက်ထောက်ကြည့်မနေဘူး၊ လွတ်လပ်ခွင့် အပြည့်ရတယ်။ တကယ်လို့ မမကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



ရွှေဆိုင်အဆုံးအရှုံးနဲ့ နစ်နာမှုရှိရင် ကျွန်တော်တို့(၂)ဆ ပြန်လျော်ပေးပါ့မယ်။ နေခဲ့ပါဦး ... မမကြီးရယ်။ တောင်းပန်ပါတယ်''

''ကဲ ... ဘယ်လိုလဲ မမ''

''မောင်မောင့်သဘောပါကွယ်''

''ဟေး ... ဒါမှ တို့မမကြီးကွ''

ထိုအချိန်တွင် စောင့်၍ နားထောင်နေသော ယွန်းပွင့်စံက မျက်နှာ ရှုပုပ်၍ နှုတ်ခမ်းရှူပြပြီး ...

''ဒါကတော့ ဦးဦးတို့ ဆရာတပည့်ပေါင်းပြီး လုပ်ကြတာ။ သမီးတို့ကိုတော့ မတားဘူး၊ မတရားဘူး''

ကျွန်တော် မနေသာတော့ ...

''သမီးယွန်းပွင့်ရယ် ... ဦးတို့က သမီးတို့ကိုလည်း မတားသလို ပြန်လည်း မပြန်စေချင်ပါဘူး။ မြိတ်ကျွန်းစုက နိုင်လတ်ရဲ့ 'Savoy'ဟိုတယ်မှာ လနဲ့ချီပြီး နေရင်လည်း ရပါတယ်။ မနှင်ပါဘူး။ ဦးမြင့်သိန်းတို့ကလည်း ရွှေဆိုင် ဆုံးရှုံးမှုရှိရင် (၂) ဆ ပြန်လျော်ပေးပါ့မယ်လို့တောင် ပြောထားတာပဲ။ ဦးမြင့်သိန်းတို့ကို မယုံဘူးလား''

''ဟုတ်ပါတယ် ... ဦး၊ သမီးက မြိတ်ကျွန်းစုဟိုတယ်မှာ တစ်ပတ်လောက် နေချင်သေးတာ။ မမျှော်လင့်ဘဲ ယိုးဒယားကိုပါ လည်ပြီး ဘုရားဖူးရတော့ ဦးကို အလွန်ကျေးဇူးတင်နေကြပါတယ်''

''ကဲ ... ကဲ ... သမီးသဘော ကြိုက်သလောက် နေစေဗျား။ မြိတ်ရောက်ရင် ဖုန်းဆက်ပြီး မန္တလေးရွှေဆိုင်ကိစ္စ လှမ်းမေးလို့ရတာပဲ။ အရေးပေါ်ရင် လေယာဉ်နဲ့ နေ့ချင်းပြန်လို့ရပါတယ် ... သမီးရယ်''

''ဟေး ... ဒါမှ တို့ဦးဦးကွ''

ယွန်းပွင့်စံမှာ သူ့ခင်ပွန်း ဆရာဝန်ကလေးလက်ကိုဆွဲ၍ ကလေးလို ခုန်ပေါက်ကခုန်နေသည်။ ခရီးသွားညေ့်သည်များကတော့ ကျွန်တော်တို့အကြောင်းကို သိသူများပီပီ သဘောကျပြီး ပြုံးနေကြသည်။





ကျွန်တော်တို့အခြေအတင် စကားပြောနေကြသဖြင့် ကားစထွက်တော့ မွန်းလွဲ (၁) နာရီကျော်ချေပြီ။ ဘန်ကောက်မှ တောင်ဘက်ထိပ်ရှိ ရနောင်းမြို့သို့ အတော်မောင်းရပေဦးမည်။ လမ်းကောင်း၍ မိုးချုပ်စတွင် ရောက်ပါလိမ့်မည်။ အောင်မြင့်ဒင်က ရနောင်းမြို့မှ နိုင်လတ်ထံ ဖုန်းဆက်၍ ညစာစားရန်နှင့် ဟိုတယ်အိပ်ခန်းများ စီစဉ်ထားရန် လှမ်းမှာသည်။ ကျွန်တော်တို့ အပြန်ခရီးကလည်း ပျော်စရာကောင်းပါသည်။ အနေအေးသော ပုဏ္ဏားတင်ဦးကို သူ့ခိုးမြင့်သိန်းတို့က ဝိုင်းစကြရင်း နောက်ပြောင်နေကြသည်။ ခေါင်းထဲတွင် ရှေ့လုပ်ရမည့် အစီအစဉ်များဖြင့် အတွေးပွားနေသူက ကျွန်တော်။ အောင်မြင့်ဒင်ကတော့ ဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်နေသည်။

ကျွန်တော်တို့အုပ်စု ရနောင်းမြို့ စီရာနောင်းဟိုတယ်ကြီးသို့ ပြန်ရောက်တော့ ည (၇) နာရီ ကျော်ပြီ။ နိုင်လတ်က ညစာစားပွဲနှင့် အသင့်စောင့်မျှော်နေသည်။ I.T ခေတ်တွင် တယ်လီဖုန်းများက အသုံးဝင် အရေးပါလှသည်။ အခန်းတွင်း ပစ္စည်းများနေရာချ၊ ရေမိုးချိုးပြီး ညစာစားရန် ဆုံကြတော့ နိုင်လတ်က ...

''ဆရာ ... ကျွန်တော်က ကျွန်းစုဟိုတယ်ပြန်ပြီး အလုပ်လုပ်နေရင် ဆရာတို့နဲ့ လွဲမှာစိုးလို့ပါ။ ဒီမှာ မော်တော် (၂) စင်းရှိတာပဲ၊ ကျွန်တော် သွားလို့ရပါတယ်။ ဆရာတို့အဖွဲ့ကို ကျွန်တော်က ညေ့်ဝတ်ပြုပြီး ဈေးဝယ်ပေးရဦးမယ်လေ။ ဒါကြောင့် စောင့်နေတာပါ''

''နိုင်လတ်ရယ် ... အောင်မြင့်ဒင် ရှိသားပဲ။ မင်းမရှိရင်လည်း သူ့ ငါတို့နဲ့ အတူရှိတာပဲ။ ပူစရာမဟုတ်ပါဘူး''

''ဆရာအောင်မြင့်ဒင်က ဘန်ကောက်မှာ တာဝန်ကျေခဲ့ပြီပဲ။ ကျွန်တော်က ယိုးဒယားပြည်သား အစစ်ပါ။ ကျွန်တော့်တာဝန် မကျေသေးဘူးလေ။ အဲ့ဒါကြောင့် လောဆော်နေရတာပါ''



www.burmeseclassic.com

www.burmeseclassic.com



"နိုင်လတ်ရယ် . . . မင်းတို့ နှစ်ဦးစလုံး တာဝန်ကျေရုံတင်မက ပိုတောင် ပိုနေပါသေးတယ်။ ငါတို့က မိသားစုတင်မက ညီ့သည်တွေပါ။ ငါတော့ အားတောင် နာမိပါတယ်။ တာဝန် အလွန်ကြီးပါတယ်ကွာ။ ငါ ဒုက္ခပေးမိသလို ဖြစ်နေပြီ"

"ရပါတယ် . . . ဆရာရယ်။ ဆရာတို့ တစ်နှစ်လုံးနေရင်လည်း ကျွန်တော်တို့ အပန်းမကြီးပါဘူး။ ကြိုဆိုပါတယ်။ ကျွန်တော်တို့ (၂) ဦးစလုံးက စီးပွားရေးကောင်းကြတော့ ငြိုငြင်စရာမရှိပါဘူး။ ဆရာ့ကို ကျေးဇူးဆပ်ခွင့်ရလို့ ဝမ်းသာနေကြတာပါ"

"ကျေးဇူးအထူးတင်တယ် . . . နိုင်လတ်။ အောင်မြင့်ဒင်ရောပဲ"

✿ ✿ ✿

အခန်း [၃]

❑

နောက်တစ်နေ့မနက်တွင် မနက်စောစောစားကြပြီး ဈေးဝယ်ထွက်ကြသည်။ အမျိုးသမီးအဖွဲ့အား အောင်မြင့်ဒင်နှင့် နိုင်လတ်က အမျိုးသမီးညှိ့လမ်းညွှန်များ ထည့်ပေးသည်။ ကျွန်တော်တို့ဆရာတပည့်ကတော့ စတိုးဆိုင်ကြီးများအား လိုက်ကြည့်ပြီး ကျွန်းစုတောတွင်း၌ သုံးရန်လိုအပ်မည်ထင်သော ပစ္စည်းအသုံးအဆောင်များ ဝယ်သည်။

အောင်မြင့်ဒင်က . . .

"ဆရာ . . . ဒီကအပြန်မှာ ကျွန်တော့်အဘနေတဲ့ လန်ပိကျွန်းဆရာတော်ကျောင်းအတွက် ဆန်၊ ဆီ၊ ဆား၊ ကျွန်းသားတွေအတွက် အဝတ်အထည်နဲ့ ဆေးဝါးတွေ ဝယ်သွားဖို့ပဲ။ ဒါပေမဲ့ တို့မော်တော်ကလူ (၂၀) လောက်ပါတော့ ပင်လယ်ရေလမ်းခရီးမှာ အန္တရာယ်ရှိတယ်။ ဒါကြောင့် တို့မှာ ငွေကြေးအလုံအလောက် ရှိတယ်။ မြိတ်ကျွန်းစုဟိုတယ်ကိုပဲ ပြန်ကြမယ်။ ဟိုမှာ မန္တလေးပြန်ချင်တဲ့ သူပြန်၊ မပြန်ချင်သေးတဲ့သူ၊ [illegible] ဟိုတယ်မှာ အနားယူနေ။ ငါတို့ ဆရာတပည့်တွေပဲ မြိတ်မြို့က သို့ဆင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေဝယ်။ လန်ပီကျွန်းသွား၊ အဘကိုခေါ်၊ ဂျလန်းကျွန်းဆရာတော်နဲ့ တွေ့ပြီး ပစ္စည်းတွေလှူ။ အကျိုးအကြောင်း လျှောက်မယ်လို့ စဉ်းစားထား တယ်။ အဲဒီကမှ ဆရာတော်လမ်းညွှန်ချက်နဲ့ ဆက်လုပ်ရှားမယ်လေ''

''ဟုတ်တယ် ဆရာ၊ အဲ့ဒီအစီအစဉ် ကောင်းပါတယ်။ ဒီကအပြန် ဝင်ရင် ကျွန်းတွေပေါ်မှာ ညအိပ်ရမှာ အစားအသောက်နဲ့ နေရေးထိုင်ရေး အဆင်မပြေဖြစ်မယ်။ ကျွန်တော်တို့ မော်တော်ကြီးအပေါ်မှာလည်း ထိုင် လို့ပဲရတာ၊ အိပ်လို့မရဘူး။ ဆရာတို့ ဆရာတပည့်တွေဆိုရင်တော့ ကြုံက် သလို နေလို့ရတယ်''

ထိုနေ့က စီရာနောင်းဟိုတယ်တွင် နိုင်လတ်က အထူးနေ့လယ်စာ စားပွဲဖြင့် ညှော်ခံသည်။ စားသောက်ကြပြီး မွန်းတည့် (၁၂) နာရီတိတိအချိန် တွင် ကျွန်တော်တို့က မော်တော်ကြီး၊ နိုင်လတ်တို့အဖွဲ့က မော်တော် အသစ်ကလေးဖြင့် မော်တော် (၂) စင်းယှဉ်၍ ထွက်ခဲ့ကြသည်။ ရနောင်း ဆိပ်ကမ်းကအထွက်တွင် မော်တော်လေးက မြန်သော်လည်း တစ်ဖက်ကမ်း ကော့သောင်းဆိပ်ကမ်းသို့ ဝင်သတင်းပို့ပြီး ပင်လယ်ပြင်ရောက်လာတော့ နိုင်လတ်တို့ မော်တော်ကလေးအနောက်ဘက်တွင် ကျန်ခဲ့တော့သည်။ အင်ဂျင်ပါဝါ ကွာခြားပြီး လှိုင်းကြီးသောပင်လယ်ပြင်တွင် မော်တော်အသေး နှင့် အကြီးမယှဉ်နိုင်ပါ။ ရာသီဥတု သာယာပြီး လှိုင်းလေငြိမ်သက်သော အချိန်တွင် မော်တော်ကလေးက လျင်မြန်သွက်လက်ပေလိမ့်မည်။

နေ့လယ်ခင်းတွင် ကျွန်တော်တို့မော်တော်ကြီးကို သူ့ခိုးမြင့်သိန်း က မောင်းသော်လည်း ရေလမ်းကြောင်းမကျွမ်းသဖြင့် နေဝင်ချိန်တွင် နိုင်လတ်၏ ရေယာဉ်မှူးကိုသာ စိတ်ချလက်ချ မောင်းခိုင်းရတော့သည်။ ပင်လယ်ရေနက်ထဲတွင် အန္တရာယ်မရှိသော်လည်း ကျွန်းစုများအနီးတွင် ရေငုပ်ကျောက်ဆောင်များ ရှိတတ်သောကြောင့်ဖြစ်သည်။ လန်ပီကျွန်းအနီး သို့ ညနေ (၃) နာရီလောက်ရောက်ပြီး ကျွန်တော်တို့ ဟိုတယ်ဇုန်ရှိရာ တထန်ကျွန်းကြီးကိုတော့ ည (၈) နာရီကျော်ခန့်မှ ပြန်လည်ရောက်သည်။





အန္တရာယ်ကင်းစွာ ညဘက်ပြန်ရောက်၍ ဝမ်းသာရသေးသည်။ နိုင်လတ်၏ SAVOY HOTEL တွင် လူအတော်များများ တည်းခိုနေကြ ပြီဖြစ်သည်။ ကျွန်တော် အကြံပေးသလို မော်တော်ကြီးဖြင့် မြိတ်ကျွန်းစုကို ပတ်၍ပြသော အပန်းဖြေခရီးစဉ်သာ ဖန်တီးပေးနိုင်ပါက လူအတော်လာ မည်ဖြစ်သည်။ သူများထက်ထူးအောင် စည်းရုံးသွေးဆောင်နိုင်ပါမှ အောင် မြင်နိုင်ပေလိမ့်မည်။

ထိုညက ကျွန်တော်တို့ အေးချမ်းစွာ ညစာစားကြရင်း ရှေ့ဆောင် ရွက်ကြရမည့် လုပ်ငန်းတာဝန် ခရီးစဉ်များကို တိုင်ပင်ဆွေးနွေးကြသည်။ တကယ်တမ်းတော့ ယွန်းပွင့်စံ၏ ယောက်ျားဘက်မှ မိဘများနှင့် ဆွေမျိုး များက လုပ်ငန်းများရှိသဖြင့် ပြန်ချင်နေကြပြီဖြစ်သည်။ မြစိမ်းဘုရားပွဲတော် ကိစ္စနှင့် အုန်းလက်ကောက်ရွာ နန္ဒီရွာ၊ နေပူရွာ၊ ကုန်းသာရွာများ ဖွံ့ဖြိုးရေး ကိစ္စများအတွက် ဆောင်ရွက်ကြပြီး ယခုလည်း မြိတ်ကျွန်းစုမှတစ်ဆင့် ယိုး ဒယားပြည်အနှံ့ လှေလာရေးနှင့် ဘုရားဖူးခရီးစဉ်ပါ တိုးချဲ့ပါဝင်လာသဖြင့် အချိန်က (၂) ပတ်ခန့် ကုန်သွားချေပြီ။ နောက်ထပ်လည်း ကျွန်းစု ရတနာ သိုက်ရှာဖွေရေးကိစ္စက ရှိသေးသဖြင့် အချိန် ဘယ်လောက်ကြာဦးမည် မသိ ပါ။ ထို့ကြောင့် ညှိနှိုင်းတိုင်ပင်ကြပြီး ယွန်းပွင့်စံတို့ ဆွေမျိုးများတစ်သိုက် က (၃) ရက်ခန့် နေပြီး မန္တလေးပြန်ကြရန်၊ မမကြီးက ကျွန်တော်တို့နှင့် ကျန်ခဲ့ပြီး ရတနာသိုက်ကိစ္စပြီးမှ အတူပြန်ကြရန် ဆုံးဖြတ်ကြသည်။

နောက်တစ်နေ့တွင် ယွန်းပွင့်စံတို့အဖွဲ့ လေယာဉ်လက်မှတ်ကိစ္စ ကျွန်တော်တို့ ဂျလန်းကျွန်းဆရာတော်အား လှူဒါန်းရန် ကိစ္စများအတွက် ဈေးဝယ်ရန်လည်း ရှိသဖြင့် မြိတ်မြို့သို့ မော်တော်ဘုတ်ကြီးဖြင့် ဆင်းခဲ့ကြ သည်။ နိုင်လတ်နှင့် အောင်မြင့်ဒင်တို့ကတော့ ဟိုတယ်လုပ်ငန်းကိစ္စများ အတွက် အလုပ်များနေကြသည်။

ကျွန်တော်တို့ကော့သောင်းဘက်တွင် တာဝန်ကျစဉ်က လေယာဉ် လက်မှတ်ကိစ္စမှာ လွန်စွာခက်ခဲသည်။ အစိုးရဝန်ထမ်းများသာ ဗျာနဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ချက်လက်မှတ်ဖြင့် ဝယ်ယူ၍ လွယ်ကူသည်။ ယခုတော့ ခရီးသွားမည့်သူများ၏ မှတ်ပုံတင်ပြရုံဖြင့် အဆင်ပြေပါသည်။ နောက် (၂) ရက်ခြား မနက် (၉) နာရီတွင် လေယာဉ်ရှိပြီး မန္တလေးသို့ တိုက်ရိုက်ပျံသန်းမည်။ မနက် (၈) နာရီအရောက် လေယာဉ်ကွင်းသို့ လာရန် ချိန်းပါသည်။

လေယာဉ်လက်မှတ်ကိစ္စပြီး၍ စားကြသောက်ကြစဉ် ကျွန်တော်တပည့်များအား ဂျလန်းကျွန်းဆရာတော်အတွက် လှူဖွယ်ပစ္စည်းများ၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ပဲအမျိုးမျိုး၊ ဆလုံများအတွက် အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းများ၊ ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများအား ပြည့်စုံအောင် ဝယ်ခိုင်းရသည်။ လန်ပိကျွန်းမှ အောင်မြင့်ဒင်၏ ဘကြီးအတွက်လည်း လက်ဆောင်များ မမေ့ပါ။ စားသောက်ပြီးတော့လည်း သမီးယွန်းပွင့်စံတို့က လိုအပ်သောပစ္စည်းများ ဝယ်ကြပြန်သဖြင့် လက်ဖက်ရည်ဆိုင်တွင် တပည့်များနှင့်ထိုင်၍ စောင့်ရပြန်သည်။ စားနပ်ရိက္ခာပစ္စည်းများ မော်တော်ကြီးပေါ်တင်ပြီး ယွန်းပွင့်စံတို့ ပြန်လာကြတော့ မွန်းလွဲ (၂) နာရီခန့်ရှိပါပြီ။ ကတန်ကျွန်း၊ ကျွန်းစုဟိုတယ်ပြန်ရောက်တော့ ညနေ (၃)နာရီခန့်ရှိပြီဖြစ်သည်။

ကျွန်တော်တို့ ခရီးစဉ်ကို အသေးစိတ် တိုင်ပင်ကြသည်။ သမီးယွန်းပွင့်စံတို့ ပြန်မှသာ ကျွန်တော်တို့ ခရီးစဉ် စနိုင်မည်ဖြစ်သည်။ ထိုကြားရက်အတွင်း ကျွန်တော်တို့ လိုအပ်သည်များကို တိုင်ပင်ညှိနှိုင်းပြီး စုဆောင်းရသည်။

လေယာဉ်ကွင်းချိန်းသည့်ရက်တွင် သမီးယွန်းပွင့်စံနှင့် ညီ့သည်များအား မြိတ်လေယာဉ်ကွင်းသို့ မနက် (၈) နာရီအရောက် ဆင်းပို့ရသည်။ သူတို့ လေယာဉ်ထွက်သွားမှ ကျွန်တော်တို့ ဆရာတပည့်များ မနက် (၁၀) နာရီခန့်တွင် စောစီးစွာ နေ့လယ်စာ စား၍ လိုအပ်သည်များ ထပ်မံဝယ်ယူပြီး ဆိပ်ကမ်းဆင်း၍ လန်ပိကျွန်းသို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ စခန်းသစ်ကျွန်းကျော်၍ သိမ်ဖြူကျွန်းကိုဖြတ်ပြီး ကွမ်းသီးကျွန်းနှင့် ဘင်ဆင်ကျွန်း





ကြားက ထွက်ပြီး မာန်အောင်ကျွန်းကို ဖြတ်ကျော်ခဲ့သည်။ ပင်လယ်ပြင်တွင် မော်တော်ဘုတ်ကြီးမှာ အလွန်လျင်မြန်သည်။

ပုလဲကျွန်းအနီးရောက်တော့ ညနေစောင်းချေပြီ။ ကော့ရေးကျွန်းကို ကျော်တော့၊ လန်ပိကျွန်းနှင့် ကလဲယားကျွန်းကို အဝေးမှ ရေးရေးမြင်ရသည်။ ပင်လယ်ပြင်နေဝင်ချိန် ရှုခင်းမှာ အလွန်သာယာသည်။ မြိတ်မြို့ဘက်တွင် ကျွန်းစုများမှာ နီးကပ်နေကြသော်လည်း ကော့သောင်းဘက်တွင် ကျွန်းစုများက တစ်ကျွန်းနှင့်တစ်ကျွန်း အတော်လှမ်းသည်။ ကျွန်းစုများလည်း ကျဲသွားသည်။ တစ်ဦးတည်းသော ခရီးသည်အမျိုးသမီးကတော့ မကြီး ဖြစ်သည်။ သူလည်း ကျွန်တော်တို့နှင့် လွတ်လပ်စွာခရီးသွားရ၍ ပျော်နေပုံရသည်။ လန်ပိကျွန်းကမ်းခြေရောက်တော့ နေဝင်ချေပြီ။ ပင်လယ်ရေ ရောင်ပြန်ဖြင့် အဖြူရောင်အလင်းတန်းကတော့ ရှိသေးသည်။ လန်ပိကျွန်းကမ်းခြေ သဲသောင်ဖြူလွလွ အုန်းပင်တန်းနှင့် တောင်တန်းစိမ်းစိမ်းကြီးက ကျွန်တော်တို့အဖွဲ့အား လက်ကမ်းကြိုဆိုနေသည်။

မြင့်သိန်းနှင့် ကျော်ကြီးအား မော်တော်အစောင့်ထားခဲ့ပြီး အောင်မြင့်ဒင်ဦးဆောင်၍ ကျွန်တော်တို့ ဆရာတပည့်များ ပထမတစ်ခေါက် လာစဉ်ကကဲ့သို့ပင် သဲပြင်ပေါ်၌ ဖိနပ်ချွတ်၍ လျှောက်ကြသည်။ မော်တော်ပေါ်တွင် အနေကြာ၍ အညောင်းမိနေသော ခြေဖဝါးများမှာ သဲပြင်မွမွနှင့် တွေ့ထိမိ၍ အလွန်အကြောပြေသည်။

လန်ပိကျွန်းတောင်ကန်းကို ပင်လယ်လေက တိုးထိ၍ ပြန်လာသောလေပြန်မှာ သစ်တောစိမ်းအနံ့ဖြင့်လွန်စွာ လတ်ဆတ်သင်းပျံ့သည်။ အလွန်အမောပြေစေပါသည်။ ကျွန်တော်တို့အုပ်စု သဲသောင်ပြင်ကို ဖြတ်၍ ရေလုပ်သားများ၏ ယာယီခြေတံရှည်အိမ်များ ကြားမှဝင်ပြီး အောင်မြင့်ဒင်တို့ အဘဦးရွှေသို့ရောက်တော့ အဘ မီးစက်နှိုးထား၍ အိမ်နှင့်ခြံအတွင်း မီးများထိန်လင်းနေချေပြီဖြစ်သည်။ ကျွန်တော်တို့ အဘအိမ်တွင် ဤတစ်ည အိပ်ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ငါ့မြေးတို့ .. လာကြဟေ့။ အဘမျှော်နေတာ ကိစ္စ်ရပ်တွေ ပြီးခဲ့ကြပြီမို့လား။ အဘအိမ်မှာ ညစာစားပြီး ညအိပ်ကြမယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ အဘ၊ ဒါက အဘမြေးအောင်မြင့်ဒင်က ကန်တော့တာ။ ဒါတွေကတော့ ကျွန်တော်တို့က ကန်တော့တာပါ"

"များလှချေလား ... အဘတို့မှာ ပြည့်စုံပါတယ်။ ကဲ ... ငါ့မြေးတွေ ခဏနားကြဦး။ ဟဲ့ ... ဖွားမယ်တင်၊ မယ်မြနဲ့ သောင်းစိန်ကိုခေါ်ပြီး ညစာကိစ္စနဲ့ ဧည့်သည်တွေ အနားယူအိပ်စက်ဖို့ စီစဉ်ကြ"

"အဘ ... ကျွန်တော်တို့ ညစာအတွက် မော်တော်ပေါ်မှာ အသင့်ဝယ်လာပါတယ်။ အိပ်ဖို့ပဲ လိုပါတယ်"

"မင်းတို့ဟာတွေ ထားစမ်းပါကွယ်။ အဘတို့အိမ်မှာ အရန်သင့်ရှိပါတယ်။ အဘတို့စားသလို စားရမှာပါ။ သားငါးလည်း အဆင်သင့်၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံလည်း ခြံထဲမှာ အဆင်သင့်ရှိပါတယ်။ ကဲ ... ရေချိုးကြကွယ်။ အဘခြံထဲက ရေချိုးကွင်းက အလွန်အေးတာ လန်းသွားတာပေါ့"

ကျွန်တော်တို့ တစ်လဲစီရေချိုးကြပြီး အိမ်ကြီးအောက်ထပ်ဧည့်ခန်း ပြန်ရောက်တော့ အောင်မြင့်ဒင်က အရက်ဝိုင်းကို စီစဉ်နေသည်။ အဘက မယ်မြနှင့် သောင်းစိန်ကို အမြည်းများ လုပ်ခိုင်းနေသည်။

ကျွန်တော်က ...

"အောင်မြင့်ဒင်ရယ် ... အဘတို့ မိသားစုကို အားနာစရာ၊ ငါတို့ညစာစား၊ စကားပြောပြီး အိပ်ကြတာပေါ့"

"ဩော် ... ဩော် ... ငါ့မြေးထောင်မှူးကြီးက အဘကို အားနာမှတ်တယ်။ အဘက အရင်တုန်းက မုဆိုး၊ သစ်မွေးနဲ့ ငှက်သိုက်ရှာသမား ကျော်ကြီးပါ။ ဘဝစုံပါတယ်။ အခုလည်း အသက်ကြီးတော့ ဂျလန်းကျွန်း





ဆရာတော်ရဲ့ ပစ္စည်းလေးပါး ဒါယကာဖြစ်ပေမဲ့ ပင်လယ်ထဲမှာ နေရတာ ကျန်းမာရေးအတွက် တစ်ခါတလေ မှီဝဲရပါတယ်"

ကျွန်တော်က အားနာ၍ အရက်ပုလင်းများအား မော်တော်ပေါ်မှ မယူခဲ့။ အောင်မြင့်ဒင်က အဘအကြောင်းသိမို့ ယူခဲ့ဟန်တူသည်။ ဝိုင်းစတော့ ချိဗက်စ်ဟင်းနက်စီနှင့် ယိုးဒယားမဲခေါင်အရက်၊ ယိုးဒယား။ ခြသေ့တံဆိပ်ဆိုဒါ။ အမြည်းများကတော့ ပင်လယ်ထွက်စားစရာ။ ရေရှူပြုတ်သုပ်၊ ကဏန်းမွှန်ဟင်း၊ ပင်လယ်ခရုနီသုပ်၊ ကဏန်းဟင်းချို၊ မုန့်ညင်းမုန်လာဥကြော်၊ ကိုက်လန်နှင့် ဂေါ်ဖီပန်းကြော် အတော်စုံပါသည်။ ကျွန်တော်တို့ ဝယ်လာသော ကြက်ကင်နှင့် ဘဲကင်၊ မြိတ်ကတ်ကြေးကိုက်နှင့် ခေါက်ဆွဲကြော်များက မျက်နှာငယ်နေကြသည်။

အဘက များများတော့မသောက်။ (၃)ခွက် (၃)ပက်သာ သောက်သည်။ အမြည်းများများ စားသည်။ ညစာထမင်း မစားတော့။

"မင်းတို့ ယိုးဒယားသွားကြတုန်း အဘ ဂျလန်းကျွန်းဆရာတော်နဲ့တွေ့တယ်။ ဆရာတော်ကလည်း မင်းတို့အုပ်စုကို တွေ့ချင်နေပါတယ်။ ဆရာတော်လည်း EAGLE ကျွန်းဆိုတာတော့ မသိဘူးတဲ့။ မြိတ်ကျွန်းစု (၈၀၄) ကျွန်းကို သူ အကုန်ရောက်ဖူးသတဲ့။ အဲ့ဒီနာမည် မကြားဖူးဘူးတဲ့။ ဒါပေမဲ့ သူ့မှာ ဆလုံမုဆိုးတပည့်တစ်ယောက်ရှိသတဲ့။ မုဆိုးအလုပ်အပြင် သစ်မွှေးရှာ၊ ပုလဲငုပ်၊ ငှက်သိုက်ရှာပါ ကျွမ်းကျင်နှံ့စပ်တော့ အဲ့ဒီကျွန်းရဲ့ ထူးခြားတဲ့ အချက်တစ်ချက်ကို ပြောနိုင်ရင်တော့ ရှာပေးနိုင်လိမ့်မယ်ထင်တဲ့"

"ဟုတ်ကဲ့ပါ ... အဘ၊ ကျွန်တော်တို့ရထားတဲ့ မြေပုံပါ ပြမှာပါ။ ကျွန်တော်တို့က လျှို့ဝှက်မထားပါဘူး။ ရတနာတွေရလည်း ပေးသင့်သူကို ပေးပြီး လှူပစ်မှာပါ။ ကျွန်တော်တို့က အပျော်တမ်းရတနာရှာတဲ့ မုဆိုးတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဘ ယုံပါတယ်။ ဆရာတော်ကလည်း သူ့သာသနာပြုလုပ်ငန်းအတွက် တစ်တပ်တစ်အား ပါဝင်ကြမဲ့သူတွေဆိုပြီး အားထားပုံရပါတယ်"

"ကျွန်တော်တို့ မနက်ဖြန်ပဲ ဆရာတော်နဲ့ တွေ့ချင်ပါတယ်။ အဘ စီစဉ်ဆောင်ရွက်ပေးပါ"

"စိတ်ချစမ်းပါ ... မြေးတို့ရာ။ အဘကလည်း ငယ်မူငယ်သွေးကလေးနဲ့ ဒီပွဲမှာ ဝင်နွှဲချင်နေတာပါ။ အဘက အခု နားနေပြီလေကွယ်"

"ကျွန်တော်တို့မှာ ခေတ်မီမော်တော်ကြီးနဲ့ ရိက္ခာတွေအပြည့်အစုံပါပါတယ်"

"အေးကွယ် ... မနက်ဖြန်မနက်စာစားပြီး ဂျလန်းကျွန်းကို သွားကြတာပေါ့။ မင်းတို့ မော်တော်ကြီးက စက်အားကောင်းရင် နှစ်နာရီကျော်သုံးနာရီလောက်ပဲ ကြာမှာပါ။ အနောက်ဘက် ပင်လယ်နက်ထဲ သွားရမှာ"

"ဟုတ်ကဲ့ပါ ... အဘ"

ထိုညက ပင်လယ်လေ တဖြူးဖြူး ပင်လယ်လှိုင်းသံ တငြိမ့်ငြိမ့်ကို ခံစားရင်း ကျွန်တော်တို့ အလွန်အိပ်လို့ ကောင်းသည်။ နောက်တစ်နေ့မနက်တွင် အဘတို့အိမ်မှ သီးစုံထမင်းကြော်နှင့် ငါးပုတ်ခြောက်ပဲဆီဆမ်း ကြက်ဥကြော်တို့ကို စားပြီး ပင်လယ်ကမ်းစပ်သို့ ဆင်းကြသည်။ ညက မော်တော်စောင့် သူခိုးမြင့်သိန်းနှင့် ကျော်ကြီးတို့လည်း အနှောင့်အယှက်မရှိဘဲ ကောင်းစွာ အိပ်ကြရကြောင်း သိရသည်။

ကျွန်တော်တို့ မော်တော်ကြီး၊ လန်ပိကျွန်းကြီး၏ အောက်ဖျားပိုင်း ညောင်ဝိဆလုံရွာကြီးကို ပတ်၍ ထွက်ခွာလာခဲ့ပြီး အောင်ဘာရွာ၊ လိပ်ကျွန်းစုရွာ၊ စူငယ်ဘာလှိုင်းရွာ၊ ပုလောဘာလှိုင်းရွာများကို ဖြတ်ကျော်ပြီး ဖာဒက်ကြီး ဖာဒက်ငယ်ကျွန်းများကို ဖြတ်ကျော်ပြီးတော့ ဂျလန်းကျွန်းကြီးကို လှမ်းမြင်နေရပါသည်။ ပင်လယ်ရေအရောင်မှာ အရောင်နက်လာသဖြင့် ရေနက်ပိုင်းရောက်လာကြောင်း သိရသည်။ ဂျလန်းကျွန်းကြီးမှာ အခြားကျွန်းငယ်





များဖြင့် မနီးစပ်၊ ပင်လယ်နက်၊ မြန်မာရေပိုင်နက်အစွန်းပိုင်းက ကျွန်းကြီးဖြစ်သည်။ ကျွန်းကြီး၏ အနောက်ဘက်တွင် ကျွန်းတန်းများ မရှိတော့။ ဘင်္ဂလားပင်လယ်ပြင်ကျယ်ကြီးသာ ရှိတော့သည်။

ကျွန်တော်တို့မော်တော်ကြီး ဂျလန်းကျွန်းအလယ် ဆလုံရွာလှေဆိပ်သို့ ဆိုက်ကပ်တော့ ဆလုံကလေးများ ဝိုင်းကြည့်နေကြသည်။ လှေဆိပ်တွင် ပေါင်းမိုးပါသော ဆလုံလှေများ အုပ်စုလိုက် ဆိုက်ကပ်ထားသည်။ ဤသည်မှာ ဂျလန်းကျွန်း ဆလုံရွာပင်ဖြစ်သည်။ ကျွန်းပေါ်၌ ရွှေရောင်ဝင်းနေသည့် ကိုးတောင်ပြည့် စေတီကလေးအနီးတွင် ဂျလန်းကျွန်းဆရာတော်ကျောင်းကို လှမ်းမြင်နေရသည်။ အခိုင်အခံ့ကျောင်းကြီးတော့ မဟုတ်။ သစ်ဝါးဖြင့် ဆောက်ထားသော ကျောင်းသာဖြစ်သည်။ ရေနက်သဖြင့် မော်တော်ကြီးကို ကမ်းသို့ ကပ်နိုင်သည်။

ဆလုံကလေးငယ်များ ဝိုင်းလာကြသည်။ ကျွန်တော်တို့က ဧည့်သည်များ ဖြစ်ကြသော်လည်း လန်ပိကျွန်းမှ အဘဦးလှခင်ကို မြင်သည်နှင့် ရင်းနှီးပြီးသားဖြစ်၍ ကပ်လာကြခြင်းဖြစ်သည်။

"အဘက ဆလုံလိုအော်ပြောတော့ လှေအသီးသီးပေါ်ကနှင့် ဆရာတော်ကျောင်းပေါ်မှ ဆလုံလူငယ်များက ဆန်အိတ်များ၊ ဆီပုံးများ၊ အဝတ်အစားအိတ်များ၊ စားသောက်ကုန်အိတ်များ၊ ပုံးများအား ချပေးတော့ နိုင်သလောက်ရှိသမျှ ဝိုင်းထမ်းပြီး ဆရာတော်ကျောင်းပေါ်သို့ အဆင့်ဆင့် သယ်ကြသည်။ ပစ္စည်းများ ကျောင်းပေါ်သို့ အကုန်ရောက်မှ ကျွန်တော်တို့အုပ်စု ကျောင်းပေါ်သို့ တက်ကြသည်။ ဆရာတော်က ကျောင်းကြီးဧည့်ခန်းဆောင် အလယ်ခန်းရှေ့တွင် ယိုးဒယားလုပ် မြက်ဖျာပေါ်တွင် ထိုင်နေရင်း ...

"ကဲ ... လာကြ၊ လာကြ၊ ဒကာကြီးဦးလှခင်နဲ့ ထောင်မှူးကြီးတို့အဖွဲ့ မှတ်တယ်။ သင့်သလို လွတ်လွတ်လပ်လပ် ထိုင်ကြပါ။ တော ကျောင်းဆိုတော့ အနေအထိုင် ဆင်းရဲပါတယ် ဒကာတို့။ ပစ္စည်းတွေက လည်း များလှချေလား"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ ... ဆရာတော်ကျောင်းအတွက် ရိက္ခာတွေနဲ့ ကျွန်းသာ
တွေကို လှူဖို့တန်းဖို့ ပစ္စည်းတွေပါ ဘုရား။ ဒါကတော့ ဆရာတော်အတွက်
သီးသန့်သက်န်းနဲ့ အာဟာရ၊ ဆေးဝါးအသုံးအဆောင် ပစ္စည်းတွေပ
ဘုရား"

"အိမ်း ... အိမ်း ... သာဓုပါ ... သာဓုပါ ... ပြီးမှ သီလခံယူပြ
တရားနာရေစက်ချ အမျှဝေကြတာပေါ့။ ကဲ ... ကပ္ပိယရွာသူကြီး ဦးလော်က
ကို ခေါ်ချေ။ ဧည့်သည်တွေက အလှူလာလုပ်တယ်။ ထမင်းကျွေးရမယ်
စီစဉ်ပါလို့ ပြောချေ"

"အရှင်ဘုရား ... တပည့်တော်တို့အတွက် ကိစ္စမရှိပါဘူးဘုရာ
တပည့်တော်တို့မှာ စည်သွတ်ဘူးနဲ့ ငါးခြောက်ငါးခြမ်းတွေ ပါလာပါတယ်

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ... ဒကာတို့ရယ်။ ဧည့်သည်
လာတော့လည်း အိမ်ရှင် ဝတ္တရားကျေပွန်ရမှာပေါ့။ ဆရာတော်ကျောင်းမှ
စားနပ်ရိက္ခာ ပြည့်စုံပါတယ်။ အလှူရှင်ဧည့်သည်တွေလည်း နေ့စဉ်လိုလို
လာကြပါတယ်"

သူကြီးဦးလော်ကဲရောက်လာတော့ ဆလုံအမျိုးသမီးများက ထမင်
ချက်သည်။ အမျိုးသားများက မီးမွှေးဟင်းစားရှာနှင့် ဆရာတော်အာ
အတော်လေးစားပြီး ယဉ်ကျေးပျူငှာကြသည်။ ဆလုံသူကြီး ဦးလော်ကဲ
လည်း အတော်ဩဇာညောင်းပါသည်။ ဆရာတော်၏ အဆုံးအမ ဗုဒ္ဓတရာ
တော်၏ ပွဲပြင်မှုကြောင့် သူကြီးမှာ မြန်မာ ဗုဒ္ဓဘာသာဝင်တစ်ယောက်အလာ
ကျောင်းဝေယျာဝစ္စ၊ အပြောအဆိုများအား စနစ်တကျ လုပ်တတ်ကိုင်တတ
နေပါပြီ။ မကြာမီ မြန်မာလူမျိုး ကျွန်းသား (၇) ဦးခန့် ရောက်လာသည်
ဆရာတော်က (၅) ပါးသီလပေး၍ တရားဟောပြီး ရေစက်ချ၊ အမျှဝေသည်
အခမ်းအနားကလေးပြီးတော့ ဧည့်သည်များစားသုံးရန် ထမင်းဝိုင်းကြီးမျာ
တာ အဆင်သင့် ခူးခပ်ပြင်ဆင်ပြီးဖြစ်သည်။

စိတ်ကူးသစ်စာပေ



"ဒကာတို့ ... ဆလုံကျွန်းတောလက်ရာဆိုပြီး အထင်မသေးပါ
နဲ့။ မြို့လက်ရာကို မီပါတယ်။ စားကြည့်ပါ။ ကော့သောင်းမြို့ကမ်းနားသိမ်း
စားသောက်ဆိုင်က ဒကာကျော်ကြီးက စနစ်တကျ သင်ကြားပေးထားတာ
ပါ။ ကဲ ... ထမင်းစားကြဦး။ စားပြီးမှ စကားပြောကြတာပေါ့"

"တင်ပါ့ဘုရား"



ဂျလန်းကျွန်းဆရာတော်မှ ဆလုံမိသားစုတို့အား
ဘုရားဆင်းတုတော်များလှူဒါန်းနေပုံ

ဆရာတော်မိန့်သည်မှာ မှန်ပါသည်။ ဟင်းများမှာ ပင်လယ်စာများ
ဖြစ်သော်လည်း ဆီနှင့်များနှင့် အမွှေးအကြိုင်၊ ငံပြာရည်၊ အချိုမှုန့်တို့ကို
စနစ်တကျ သုံးထားဟန်ရှိသည်။ အပေါ့အငံလည်း အဆင်ပြေသည်။ ကမာ
ကောင်ဟင်းချို၊ ပင်လယ်ငါးဟင်း၊ ရေရှူသုပ်၊ ကဏန်းဟင်းနှင့် ခရုနီသုပ်၊
ရေရှူခြောက်၊ ပင်လယ်ပုစွန်ထုပ်ဟင်း၊ ပြည်ကြီးငါး (ကင်းမွန်) ဆီပြန်ဟင်း
တို့ဖြစ်သည်။ ထမင်းကတော့ ရှမ်းဆန် (ထိုင်းဆန်)၊ မွှေးနေသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စားသောက်နေကြစဉ် ဆရာတော်၏ အစီအစဉ်ဖြင့် သူကြီးဦးလော်ကဲက ဆလုံအိမ်ထောင်စုများအား တစ်ဦးချင်းခေါ်၍ ကျွန်တော်တို့ယူလာသော အဝတ်အစားနှင့် အသုံးအဆောင်များ စနစ်တကျဝေသည်။ ပစ္စည်းကိုယ်စီရတော့ ဆရာတော် သင်ကြားပေးသည့်အတိုင်း သာဓုခေါ်ကြပြီး အလှူရှင်ကျွန်တော်တို့အား ကျေးဇူးတင်စကားဆိုကြသည်။ ဆရာတော်၏ အဆုံးအမကြောင့် ဆလုံကျွန်းသားများ အတော်ယဉ်ကျေးနေကြပေပြီ။ ကျွန်တော်တို့ နေ့လယ်စာစားပြီးတော့ ဆရာတော်က အချိုင်းပြင်နိုင်းပြီး စကားပြောကြသည်။

"ဒကာ ထောင်မှူးကြီး . . . အခုလိုဖြစ်လာအောင် ဆရာတော်ကြိုးစားခဲ့ရတာ သုံးလေးနှစ်ရှိပြီ။ အရင်က ဆလုံတွေ လူစိမ်းမြင်တာနဲ့ ပြေးကြတာ။ အခုတော့ ညွှန်စိမ်းအလှူရှင်လာရင် သူတို့ကို ပေးကမ်းစွန့်ကြဲကြောင်းသိကြတာနဲ့ ကြိုဆိုနေတတ်ကြပြီ။ လူမကြောက်တော့ဘူး။ မိန်းမယောက်ျား၊ ကလေး လုံလုံလဲလဲလည်း အဝတ်အစား ဝတ်တတ်နေကြပြီ။ အရင်ကဆို ဘယ်ဟုတ်မလဲ။ အမျိုးမလောက်သာ ရင်လျားပြီး အပေါ်အင်္ကျီမဝတ်ဘူး။ အိမ်ထောင်သည် မိန်းမ၊ယောက်ျား အရှက်လုံရုံပုဆိုးထမီဝတ်တယ်။ ကလေးတွေက အမြဲတမ်း ကိုယ်တုံးလုံး။ အဲဒါကြောင့် အအေးမိပြီး အဖျားအနာလည်း ပေါသပေါ့။ အခုတော့ အတော်ယဉ်ကျေးလာကြပါပြီ"

"တပည့်တော်တို့ ဆေးဝါးမျိုးစုံလည်း ပါလာပါတယ်ဘုရား"

"တပည့်တော်တပည့်တွေက ကျေးလက်ဆေးမှူးနီးနီး ဆေးထည့်ပတ်တီးစည်း၊ လိုအပ်တဲ့ ဆေးဝါးတွေပေးတာကို ကျွမ်းကျင်ကြပါတယ်။ တပည့်တော်ကိုယ်တိုင်လည်း ငယ်စဉ်က ရှေးဦးသူနာပြုအတတ်ကို တတ်မြောက်ကျွမ်းကျင်ပါတယ်"

"ကောင်းလေစွ . . . ကောင်းလေစွ . . . ထောင်မှူးကြီးတို့ ကြံရွယ်ချက် အောင်မြင်ပါစေ။ ဘုန်းကြီးတပည့် ဆလုံမုဆိုးကို ခေါ်နိုင်းထားတယ်။ အခု သူ ဒီကျွန်းမှာ မရှိလို့ ထောင်မှူးကြီးတို့ ညအိပ်စောင့်ရမယ်ထင်တယ်။ ဆရာတော်ကျောင်းမှာပဲ တည်းကြပေါ့။ ကျောင်းက မြို့ကျောင်းကြီးတွေ





လောက် မကျယ်ဝန်းပေမဲ့ ဒကာကြီးတို့အဖွဲ့လောက်တော့ တည်းခိုလို့ ရပါတယ်"

"ရပါတယ် . . . ဘုရားတပည့်တော်တို့ မော်တော်ကြီးပေါ်မှာလည်း နေနိုင်ပါတယ်။ ဆလုံတွေဒီလိုပဲ လှေပေါ်မှာ တစ်သက်လုံး အိမ်လုပ်နေတာ မဟုတ်လား ဘုရား"

"ဒကာကြီးပြောတာ အရင်က ဟုတ်တယ်။ အခု မဟုတ်တော့ဘူး။ ဒီကျွန်းပေါ်မှာ ဆရာတော်ကျောင်းရှိတော့ အိမ်ဆောက်နေကြပြီ။ သူတို့ လှေတွေကိုတော့ ဝမ်းစာအရှာထွက်မှ သုံးကြတယ်။ တချို့လည်း လှေပေါ်မှာ နေကြသေးတာတော့ရှိတာပေါ့။ လှေပေါ်မှာ အိမ်လုပ်နေတာနဲ့ကုန်းပေါ်မှာ အိမ်ဆောက်နေတာ ဘယ်ဟာပိုကောင်းမှန်းသူတို့ သဘောပေါက်လာကြပါပြီ"



ဂုလန်းကျွန်းဆရာတော်ဆလုံမိသားစုများချဖ်ခင်ရင်းနှီးစွာတွေ့ဖြင်ရပုံ

"ဆရာတော် ဒီကျွန်းကိုရောက်စက အခြေအနေကို မိန့်ပါဦးဘုရား။ တပည့်တော်တို့ဆိုရင် ဒီကျွန်းပေါ်မှာ အခြေချနေထိုင်ဖို့ စဉ်းစားအောင် စဉ်းစားရဲပါဘူး ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဒကာကြီးဦးလှုဒင်လည်း သူသိသလောက် ဆရာတော်အကြောင်းပြောပြီးပြီလို့ ပြောပါတယ်။ ဒီလို . . . ဒကာရဲ့"

ဘုန်းကြီးက ၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာ မကြုံဂလက် ဆလုံရွာနေ ထားဝယ်သူမတစ်ယောက် လမ်းညွှန်တာနဲ့ သာသနာပြုခရီး သွားရင်းရောက်ခဲ့တာပါ။ ဂျလန်းကျွန်း ဆလုံရွာဆိုတာ ဆလုံတွေ၊ ကရင်တွေ၊ မြန်မာတချို့ နေထိုင်ကြတယ်။ ဘာသာ၊ သာသနာမရှိဘူး။ နတ်ကိုးကွယ်ကြတယ်။ အလွန်ရိုင်းစိုင်းပြီး ကျန်းမာရေး၊ ပညာရေး ခေါင်းပါးတယ်ဆိုတာနဲ့ စိတ်ဝင်စားပြီး ကြွရောက်ခဲ့တာပါ"

ရောက်စက အလွန်အဆင်မပြေဘူး။ ဆလုံတွေဟာ ဆရာတော်ကို တွေ့တာနဲ့ ထွက်ပြေးတယ်။ ကလေးတွေက အဝေးက ကြည့်နေကြတယ်။ အဲဒါ ဆလုံရွာသူကြီး ဦးလော်ကဲနဲ့ ကျွန်းနေ မြန်မာတွေက အရင် ဆရာတော်ကို နေရာပေးကိုးကွယ်ကြပြီးမှ တဖြည်းဖြည်းစည်းရုံးပြီး လေးငါးနှစ်ကြာမှ အခုအခြေအနေရောက်လာတာ။ ကျွန်းမှာ ရှေးက တပ်မတော်သားတွေ တည်ထားကိုးကွယ်ခဲ့တဲ့ (၉) တောင်ပြည့်စေတီကလေး ဗုဒ္ဓသာသနာ အမွေအနှစ်အနေနဲ့ ရှေးဦးစွာ ရောက်ရှိနေခဲ့တာ။ ဟိုးကျောင်းခေါင်းရင်းဘက်က စေတီကလေးပဲ။ အခုတော့ ဆရာတော်ရောက် သန့်ရှင်းရေးလုပ်ပြီး ရွှေပြန်ချထားလို့ ကိုးကွယ်စရာဖြစ်နေပါပြီ။ ပန်း၊ ဆီမီး၊ ရေချမ်းလည်း မပြတ်လပ်ဘဲ ပြည့်စုံနေပါပြီ"

"ဆလုံလူမျိုးတွေအကြောင်း ပြောရရင်တော့ စိတ်ဝင်စားစရာ သနားစရာ အလွန်ကောင်းပါတယ် . . . ဒကာကြီး"

မြန်မာနိုင်ငံ မြေပုံ၊ တောင်ဘက်အစွန်ဆုံး အပိုင်းဒေသ၊ တနင်္သာရီ ကမ်းရိုးတန်းဒေသလို့ ခေါ်တယ်။ အဲဒီမှာ မြန်မာရေပိုင်နက်ပင်လယ်ပြင် ကျယ်ကြီးရဲ့ ကမ်းရိုးတန်းကျွန်းစုတွေရှိတယ်။ ကျွန်းစုတွေက အင်္ဂလိပ်၊ မြန်မာ၊ တရုတ်၊ ကုလား၊ ဆလုံ၊ တိုင်းရင်းသားတွေ အမည်ပေးထားတဲ့ ကျွန်းပေါင်း (၈၀၄) ကျွန်းရှိပြီး အမည်မရှိတဲ့ ကျွန်းကလေးတွေက မရေမတွက်နိုင်အောင်ပါပဲ။ ဒကာတို့ရှာနေတဲ့ ကျွန်းက အဲဒီအထဲမှာပါလိမ့်မယ်။ ထင်းယုန်ကျွန်းဆိုတာ ဒေသခံတွေပေးထားတဲ့ အမည်ဖြစ်ပုံရတယ်။





မြန်မာပြည်လူမျိုးစု အနွယ်ဝင်တွေထဲမှာ ပင်လယ်ပြင်မှာ နေထိုင်ကြပြီး အထူးခြားဆုံးနဲ့ ခေတ်အနောက်ကျဆုံး လူမျိုးစုကတော့ ပင်လယ်ရေပျော်လူမျိုးတွေပဲဖြစ်တယ်။ ဆလုံတွေကို (SEA GYPSY) လို့ခေါ်ကြတယ်။ ရှေးယခင်က ဆလုံလူမျိုးကို မွန်ကင်း(သို့မဟုတ်)မော်ကင်းလို့လည်း ခေါ်ကြတယ်။ ၎င်းတို့က ဆလုံလို့ခေါ်ရင် ကြမ်းတမ်းရိုင်းစိုင်းတယ်ထင်ပြီး မကြိုက်ကြဘူး။ မြန်မာပင်လယ်ကမ်းရိုးတန်းဒေသတစ်လျှောက် ပင်လယ်ရေနက်ကျွန်းစုများ၊ 'အော်ချိုင်'များအထဲမှာ နေထိုင်ကြတယ်"

၁၉၆၄ ခုနှစ်က မြိတ်ကျွန်းစုနဲ့ ကော့သောင်းဝန်းကျင်ကျွန်းစုတွေမှာ နေထိုင်ကြတဲ့ ဆလုံလူဦးရေဟာ (၂၄၀၀) ခန့်သာရှိတယ်လို့ သိရတယ်။ မူ၊ မွန်၊ မြန်မာ၊ သက်ဟူသော မြန်မာတိုင်းရင်းသားအုပ်စုတွေအထဲမှာ ဆလုံတွေဟာ 'သက်' လူမျိုးစုက ဆင်းသက်လာတာလို့ ဘုန်းကြီးလေ့လာမူးတယ်။

အရင်ကတော့ ဆလုံလူမျိုးများဟာ အိုးအိမ်နှင့် အတည်တကျမနေထိုင်ကြ။ ပင်လယ်ထဲမှာ ပေါ့ပေါ့ပါးပါး သစ်ဝါးကြိမ်၊ ရင်ကမ်းသားတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ ရိုးရာလှေကို အိမ်လုပ်နေကြတာ။ ပေါင်းမိုးပါတဲ့ လှေကြီးထဲမှာ ဆလုံမိသားစုကြီးနေတာ။ လူကြီးလူငယ်၊ ကလေး၊ ခွေး၊ အိုးခွက်ပန်းကန်၊ ငါးထိုးမှိန်း၊ လှံတံ၊ ဝါးချွန်၊ ဓား၊ ပဲကွပ် စတာတွေတင်ပြီး သစ်လုံးတွင်း လှေနှစ်စီးလောက်တွဲပြီး မိသားစု(၁၀)ယောက်လောက် စုပေါင်းနေကြတာ။ ရာသီအလိုက် သဘာဝဘေး အန္တရာယ်ကင်းမဲ့ ကျွန်းတွေ၊ အော်ထဲကို ရွှေ့ပြောင်းနေကြတာ။

အဲဒီဆလုံလှေတွေကို ကျောက်ချရပ်ပြီး တွဲထားတဲ့ ကပန်းလှေငယ်ကလေးတွေနဲ့ ငါးရှာကြတာ။ သူတို့ အသက်မွေးကျောင်းကတော့ ကမာကောင်ငုပ်ပြီး ပုလဲရှာတာ။ ငါးမျိုးစုံ၊ ပုစွန်၊ ကင်းမွန်၊ ခရုမျိုးစုံ၊ ပင်လယ်မျှော့၊ ရေချူ၊ ရှုပ်၊ ကျောက်ပိုး၊ ကမာ၊ ကထန်း၊ ခက်ရင်း ၊ သံပုခြုပ်၊ ကျားလက်သည်း၊ ပင်၊ ကျားလက်ဝါး၊ ငါးကြီးအနှံဖတ်၊ ငှက်သိုက် စတာတွေကိုရှာပြီး အသက်မွေးမြူကြတာပါ။




www.burmeseclassic.com

www.burmeseclassic.com



ဆလုံတွေရဲ့ ထူးခြားချက်က သာမန်လူမျိုးတွေထက် ရေကူးရေငုပ် ကျွမ်းကျင်ကြတယ်။ မိနစ် (၂၀) လောက်ကြာအောင် ရေငုပ်ကရိယာမပါဘဲ ရေငုပ်နိုင်ကြတယ်။

ဆလုံလူမျိုးတွေရဲ့ ဝတ်စားဆင်ယင်မှုမှာ အရှက်အကြောက်လုံရုံမျှ ဖုံးကွယ်ထားတတ်ကြတယ်။ အာဖရိကလူရိုင်းတွေလိုပဲ နေတတ်ကြတာ။ ဆလုံအမျိုးသမီးအပျိုတွေက အောက်ပိုင်းသာ လုံခြုံအောင်ဝတ်ပြီး အပေါ်ပိုင်းက ဗလာ။ အပျိုမှန်းသိအောင် ရင်သားအလှ ပြထားကြတာတဲ့။ အိမ်ထောင်ကျရင်လည်း အပေါ်ပိုင်း ဗလာပဲ။ ယောကျ်ားများက အပေါ်အဝတ်မဝတ်၊ ဘောင်းဘီတို၊ လုံချည်တိုနှင့်သာ နေတယ်။ ကလေးများက (၅ နှစ် ၆ နှစ်) အထိ လုံးဝအဝတ်မဝတ်၊ သူတို့ဓလေ့အရ ဖျားနာခြင်းလည်း ကင်းကြသည်။ လူသူအရောက်အပေါက်နည်းသော ကျွန်းစုများတွင် နေသောကြောင့်လည်း ဖြစ်မယ်။ အခုတော့လည်း ထိုင်းဘက်ကလာတဲ့ တီရှပ်၊ ဘောင်းဘီ၊ ထမီ၊ လုံချည်တွေနဲ့ ကလေးလူကြီး၊ မိန်းမတွေ အဝတ်အစားအပြည့်အစုံဝတ်လာကြပါပြီ။ ဆလုံအပျိုမတွေ မိတ်ကပ်ကို တစ်ဘူးလုံးကုန်အောင်လိမ်းပြီး နှုတ်ခမ်းနီကို ရဲတွတ်နေအောင် ဆိုးတတ်ကြပြီ။



ဂျလန်းကျွန်းဆရာတော် ဆလုံမိသားစု အမှတ်တရ





ဆလုံလူမျိုးတွေရဲ့ ပုံစံဟာ အရပ်ပုတယ်။ အသားအရေက ညိုတယ်။ ကြွမ်းတမ်းတယ်။ နှုတ်ခမ်းထူထူလန်လန်၊ အာဖရိကလူရိုင်းတွေ တူတယ်။ ဆံပင်က ကောက်ကောက်နီကြောင်ကြောင်၊ မျက်လုံးက နီတယ်။ ထူးခြားတဲ့အရာကတော့ သူတို့သွားတွေပဲ။ ယောကျ်ားတွေက အလုပ်ကြမ်းလုပ်ရ ပါးစပ်ထဲမှာ ကွမ်းဝါးပြီး ကြမ်းပိုးမှုတာ ...မားပိပိ၊ အလွန်သန်မာတယ်။ ဆလုံတွေ အသက်ကြီးလာတော့ ရေ...ပ်တဲ့ဒဏ်ကြောင့် နားလေး၊ နားထိုင်းသူတွေများတယ်။ မိအလုပ်သူတွေ ...သားသမီးကို သွန်သင်ဆုံးမမှု လုံးဝမရှိဘူး။ လူကြီး၊ လူငယ်၊ ယောကျ်ား...န်းမအားလုံးဆေးလိပ်၊ အရက်၊ ဘိန်း၊ ဘိန်းဖြူနဲ့ စားသောက်တယ်။

ပင်လယ်ရေငန်ချိုးတာကို အလွန်နှစ်သက်တယ်။ သူတို့နားကစ်...င် ငါးညှိနံ့ရတယ်။ ဆလုံတွေမှာ အညစ်အကြေးစွန့်ရန် အိမ်သာမရှိ၊ ...ချောက်တောင်ကျောက်ဆောင်ကြား သွားကြတယ်။ လေ့ကျင့်ပေးလို့မရ။ ...ဦးရေနည်းပါးလို့ အမြဲတမ်း စိတ်အားငယ်နေတတ်တယ်။ ပင်ကိုစရိုက်...တော့ အလွန်ရိုးသားဖြူစင်ပါတယ်။ သူတစ်ပါးကို ပေးကမ်းရမှာ အလွန်...မြာတွန့်တိုတတ်ပေမဲ့ သူတစ်ပါးပေးကမ်းရင်တော့ အလွန်လိုချင်ကြ...ယ်။

လှေထွင်းရာတွင် အလွန်ကျွမ်းကျင်တယ်။ ကြီးမားသော ရင်ကမ်း...သစ်လုံးကြီးကို ခုတ်လှဲပြီး စနစ်တကျ စုပေါင်းသယ်ဆောင်ကာ ကမ်း...တွင် ပဲကွပ်ဖြင့် စုပေါင်းလှေထွင်းကြတယ်။ လှေထွင်းကျွမ်းကျင်မှုကြောင့် ...ပျောက်ခြင်းမရှိ။ ဆလုံတို့၏ သစ်ထွင်းလှေ၊ စက်တပ်ဓမ္မတွေကို တစ်...တစ်ခါ ပင်လယ်သဲသောင်ပြင်မှာ လှန်းတင်ပြီး ဖာထေးဆက်စပ်ထား... မကောင်းသော ပွဲလျက်တွေကို ခွာပြီး ပွဲလျက်အသစ်နဲ့ ဖာထေးတယ်။ ...ပ်င်နဲ့တိုင်းမှာ စုပေါင်းဝိုင်းဝန်းလုပ်ကြတာ။ တစ်ရက်နှစ်ရက်နဲ့ပြီးတယ်။

"ကျွန်းမာရေးနဲ့ ပညာရေးဆလုံတွေမှာ ဘာမှမရှိဘူး။ ဆလုံစာပေ...ယုံဘာသာ (ဗျည်း၊ သရ) ဟူ၍ ဘာမျှမရှိ။ ဆလုံစကားပဲရှိတယ်။ မွေး... မွေးရက်၊ မွေးလ တို့လည်း မှတ်သားထားခြင်းမရှိ။ ခန့်မှန်းသိအခြေနေ



www.burmeseclassic.com

www.burmeseclassic.com



အသားကို ကြည့်၍ အမျိုးလူမျိုး သတ်မှတ်တယ်။ အသက် (၉၀)
(၁၀၀) ပတ်ဝန်းကျင်တွေရှိပေမဲ့ ကိုယ့်အသက်ကိုယ် ဘယ်လောက်မှန်း
ကြဘူး။ လုပ်နိုင်သမျှ လုပ်ပြီး မလုပ်နိုင်မှ နားကြတာ''

''ဆလုံလူမျိုးတွေ ဘာကြောင့် ရေထဲမှာ နေကြတဲ့ ရေ
မျိုးတွေ ဖြစ်ကြရတာလဲဘုရား။ တပည့်တော်သိတာက ပါးစပ်ရာ
တော့ မသေချာလို့ပါဘုရား''

''အိမ်း ... အဲဒီ့ကိစ္စက ပုံပြင်ဆန်ဆန် ပါးစပ်ရာဇဝင်ပဲ
ကျကျတော့ မရှိဘူး။ ဘုန်းကြီးလည်း သိသလောက်ပြောပြမယ်။
ထောင်မှူးကြီး သိထားတာနဲ့ တူချင်လည်း တူပေမပေါ့''

''ဒီလို ... ဒကာရဲ့။ ရှေးရှေးတုန်းက ဆလုံတွေဟာ
မြေပြင်မှာပဲ လုပ်ကိုင်စားသောက်နေထိုင်ကြတာတဲ့။ 'သက်' တိုင်းရင်း
လူမျိုးတွေထဲမှာမှ ဂျူးလူမျိုးတွေဆိုတာရှိတယ်။ ဆလုံဆိုတာက ဂျူး
စုထဲက ခွဲထွက်လာတဲ့ လူမျိုးအုပ်စု၊ တစ်ခါတုန်းက ဂျူးလူမျိုးခေါင်း
မင်းသားဟာ တခြားလူမျိုးတွေနဲ့ စစ်တိုက်ရာမှာ စစ်မနိုင်ဘဲ ဖြစ်နေ
လက်နက်အင်အား၊ လူအင်အား မပြည့်စုံလို့ဖြစ်ရတာ။ ဒါကြောင့်
လူမျိုးစုအုပ်စုကို စစ်ကူတိုက်ပေးဖို့ အကူအညီတောင်းတယ်။ စစ်နိုင်
ရွှေငွေ၊ လယ်ယာ ကျွဲနွား၊ အိုးအိမ်တွေကိုပါ လက်ဆောင်ပေးမယ်လို့
ပြုတယ်။ ဒါကြောင့် ဆလုံတွေက ဂျူးမင်းသားဘက်က စစ်ကူတိုက်
စစ်နိုင်သွားတယ်။ ဂျူးမင်းသားဟာ စစ်နိုင်လို့ အပျော်ကြီး ပျော်
ကြောင့် ဆလုံတွေ အပေါ်ပေးထားတဲ့ ကတိကို အတန်ကြာ မေ့လျော့
တယ်။ ဆလုံတွေဟာ ဂျူးမင်းသားကို ကတိမတည်သူအဖြစ် ယူဆ
ကြတော့ဘူး''


''ကာလအတော်ကြာမှ ဂျူးမင်းသားဟာ သူပေးထားတဲ့
ကို သတိရပြီး ဆလုံတွေကို လိုက်ရှာခိုင်းတယ်။ နန်းတော်ကိုခေါ်ခိုင်း
ဆလုံတွေဟာ မင်းသားအပေါ်မှာ ယုံကြည်မှုမရှိတော့လို့ တောထဲမှာ
ရှောင်နေကြတယ်။ ဂျူးမင်းသားကလည်း သူ့အပြစ်ရှိမှန်းသိလို့ ကိုယ်





တပ်နဲ့ လိုက်ရှာတယ်။ စစ်တပ်ကြီးကိုတွေ့တော့ ဆလုံတွေဟာ သူတို့ကို
တ်ဖြတ်ရန်မြူမယ်အထင်နဲ့ ထွက်ပြေးတိမ်းရှောင်ကြတယ်။ အဲဒါကြောင့်
လုံတွေဟာ ပြေးရင်းလွှားရင်း ဝေးလံခေါင်ဖျားတဲ့ ပင်လယ်ကမ်းစပ်
ရောက်သွားကြပြီး လှေတွေ ဖောင်တွေနဲ့ ပင်လယ်ထဲဆင်းပြီး ပြေးကြတယ်။
ဒီကတည်းက ဆလုံတွေဟာ မူလရပ်တွေ ကွယ်ပျောက်ပြီး ကြမ်းတမ်း
တဲ့ ရာသီဥတုရှိတဲ့ ပင်လယ်မှာ ကြမ်းကြမ်းတမ်းတမ်း ရှာဖွေစားသောက်
ပုန်းအောင်းနေကြရသတဲ့။ မော်ကင်းလူမျိုးလို့လည်း နာမည်ပြောင်း
လိုက်ကြတာတဲ့။ ဘုန်းကြီး ကြားသိတာတော့ ဒီလောက်ပါပဲ။ ဒကာ
ထောင်မှူးကြီး သိတာကရော ဘယ်လိုလဲ''

''အဲဒီအတိုင်းပါပဲ ဘုရား။ စာပေအထောက်အထား သက်သေ
နဲ့တော့ ပါးစပ်ရာဇဝင် ပုံပြင်လို့ပါပဲဘုရား''



ပင်လယ်ပြင်မှ ဆလုံမိသားတစ်စု



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ … ဒကာကြီးရယ်၊ အကြောင်းအရာ ဖြစ်စဉ်တစ်ခု နောက်ကွယ်မှာ အထောက်အထားဆိုတာတော့ ရှိရစမြဲပဲ။ မြန်မာ့ရာဇ မှာတောင် ပျူစောထီးမင်းက ငှက်ကြီး၊ ဝက်ကြီး၊ ရှူးပုံကြီးတို့ကို နှိမ်နင်း ပြီး မင်းဖြစ်လာတယ်လို့ ပုံပြင်လိုလို ဒဏ္ဍာရီလိုလို အဆိုရှိခဲ့တာပဲ။ လူ ရေနည်းပြီး မြန်မာပြည်အစွန်အဖျား လူသူအရောက်အပေါက်ခဲယဉ်းတဲ့ ကျွ တွေမှာနေရတဲ့ လူနည်း ဆလုံတွေအတွက်တော့ ဒီလိုပုံပြင်ကျန်တာတော တော်သေးတယ် မှတ်ပါတယ်။ ဘာသာမရှိ စာပေမရှိ လူဦးရေက ထော ဂဏာန်းပဲရှိတာ။ ခေတ်မီတိုးတက်ပြီး ကျန်းမာရေးအသိတွေ တိုးတက်လ ပါမှ ဆလုံလူမျိုး လူဦးရေတိုးတက်လာမယ်။ အဲလိုမှ မဆောင်ရွက်နိုင်ရ ဆောင်ရွက်ပေးသူမရှိရင်လည်း ဆလုံလူမျိုးဆိုတာ ဆယ်စုနှစ်တစ်ခုအတွင် မျိုးတုံးပြီး ပျောက်ကွယ်သွားတော့မှာ အသေအချာပဲ … ဒကာကြီး"

"ဟုတ်ပါတယ် ဘုရား"

"ဆရာတော် … ဒီကျွန်းစုကို မရောက်ခင်က ဆလုံတွေဟာ မိုးရာသီဦးနားရာ ကျွန်း။ အော်တွေထဲမှာ ဆလုံတစ်ယောက်၊ နှစ်ယောက် သေတာနဲ့ အဲဒီနေရာမှာ မနေကြတော့ဘဲ နောက်နေရာသစ်ကို ပြောင်းကြ တယ်။ သေဆုံးတဲ့ အလောင်းတွေကိုလည်း သုသာန်မှာ မြေမမြှုပ်ဘူး လင့်စင်မှာ တင်ထားကြတယ်။ အလောင်းကို ပင်လယ်ငှက်တွေက စားကြ တယ်။ သေဆုံးသူပိုင်ပစ္စည်းတွေကို ရွှေငွေပါမကျန် ထည့်ပေးခဲ့လေ့ရှိတယ် ဆလုံတွေဟာ ရွှေကို အလွန်တန်ဖိုးထားတယ်။ ရွှေစုတယ်။ ဆလုံတွေဟာ သူတို့ရွေးထားတဲ့ သုသာန်မြေနေရာကို အလွန်လျှို့ဝှက်ထားကြတယ်။

အကြောင်းက သေသူကို သူတို့ထည့်ပေးလိုက်တဲ့ ရွှေငွေတွေကို မသမာသူတွေ ခိုးယူမှာစိုးရိမ်လို့ပဲ။ သေဆုံးသူတွေကို ကျွေးမွေးတဲ့ တစ္ဆေ ကြီးပွဲဆိုတာလည်း လုပ်ကြတယ်။ တစ်နှစ်တစ်ခါ စားရမဲ့ သောက်ရမဲ့ တစ္ဆေ သရဲတွေကို ဆလုံသချိုင်းမှာဆလုံရွာက စုလုပ်ကြတဲ့ပွဲပဲ။ မိုးရာနတ်ဆရာ က ဦးဆောင်ပြီး ကျင်းပတာ။ အဲဒီပွဲမှာ သေဆုံးသူတွေကို အစားအသောက်





တွေ ကျွေးမွေးပြီး ဆလုံတွေလည်း စားကြသောက်ကြတယ်။ အရက်တွေ သောက်ကြပြီး နတ်ဆရာနဲ့အတူ ကကြတယ်။ သူတို့အယူအဆက သေဆုံး သူတွေဟာ တစ္ဆေသရဲဖြစ်နေကြပြီး နောက်ဘဝဆိုတာမရှိဘူး။ အထီးကျန် နေကြလို့ ပျော်ပွဲရွှင်ပွဲလုပ်ပေးတာ၊ သံပုံးတွေ တီးကြတယ်။ ကကြခုန်ကြ ပျော်ကြပါးကြတဲ့ပွဲပဲ။



ဆလုံပိသားစုဝမ်းရေးအတွက်ရှာဖွေပုံ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ရှေ့ကမှ လှူသေသုံးရင် သရဏဂုံတင်ပြီး မြေမြှုပ်၊ ကောင်းရာသုဂတိရောက်အောင် ဆုတောင်းအမျှဝေရုံ၊ မလာခဲ့သူအတွက် ရည်စူးပြီး သံဃာတော်တွေနဲ့ လှူပရိသတ်ကို ဆွမ်းကျွေးရတာတွေ လုပ်လာအောင် သွန်သင်ပေးရတယ်။ အခုတော့ လူသေရင် မြေမြှုပ်ပြီး သေသူအတွက် မြေပုံခေါင်းရင်းမှာ အမှတ်တရ သစ်ပင်စိုက်ကြတယ်။ သတိရတဲ့အချိန်မှာ အစားအစာတွေ သွားကျွေးကြတယ်။ (၇) ရက်ပြည့်တဲ့နေ့မှာ ဆွမ်းသွတ်အမျှအတမ်း ဝေတတ်နေကြပါပြီ။

အခုဆိုရင် ဘုန်းကြီးက စည်းရုံးပြီး တရားဟောတယ်။ ဗုဒ္ဓဘာသာ တရားတော်ရဲ့ အဆုံးအမကို သင်ပေးတယ်။ စားစရာသောက်စရာနဲ့ အဝတ်အထည်ပစ္စည်းတွေ ဝေပေးတယ်။ ကျန်းမာရေး အသိပညာပေးတယ်။ လူကြီးလူငယ် မိဘသားသမီးဆက်ဆံရေးကို သင်ပေးတယ်။ ဘာသာရေးနဲ့ ယဉ်ကျေးမှု ပေါင်းသင်းဆက်ဆံရေး၊ စနစ်တကျ စားဝတ်နေထိုင်ရေး၊ ဘာသာရေးစာပေတွေ သင်ပေးပြီး ကလေးတွေ မိန်းမတွေကအစ စည်းရုံးသိမ်းသွင်းလာခဲ့တာ အခု လေးငါးနှစ်သက်တမ်းရှိလာတော့ မြန်မာစကားကိုလည်း တတ်ကျွမ်းလာကြပြီး ကလေးတွေ ရှင်သာမဏေပြုတာ၊ လူကြီးတွေ ဖျင်းဝတ်တာ၊ အမျိုးသမီးတွေ သီလရှင်ဝတ်တာ၊ သီလဆောက်တည်ပြီး ဥပုသ်မှုတာ၊ တရားထိုင်တာ၊ အတော် တတ်ကျွမ်းလာကြပါပြီ။ ဆလုံလူကြီးတွေပဲ သိမ်းသွင်းလို့မရဖြစ်နေတာ။ အခုတော့ အလှူရှင်တွေ မကြာခဏ လာကြတာမို့ အတော်ယဉ်ပါးပြီး ဘာသာရေးကိစ္စတွေမှာ စိတ်ဝင်စားလာကြပါပြီ။ စုပေါင်းရေတန်းခံရှင်ပြုတွေ လုပ်တာမှာ ပါဝင်လာကြပါပြီ"

"မှန်ပါ့ဘုရား . . . ဆရာတော်ရဲ့ ကြိုးစားမှုကြောင့် ဗုဒ္ဓသာသနာ ပြန့်ပွားလာတာ ဖြစ်ပါတယ်ဘုရား"

"အိမ်း . . . အိမ်း . . . ဒကာကြီးတို့လည်း ခရီးပန်းလာတော့ နားကြပါ။ ဘုန်းကြီးလည်း အလုပ်တရားကလေး လုပ်လိုက်ဦးမယ်။ ရွာသူကြီး ဦးလော်ကဲက ဒီတာဖြည့်သည့်တွေကို ဆလုံရွာထဲ လိုက်ပြပြီး မိတ်ဆက်ပေးရင် ပိုကောင်းတာပေါ့"





"တင်ပါ့ဘုရား"

ရွာသူကြီး ဦးလော်ကဲက ဘူ့လှေကြီးပေါ်တက်ရန် ကျွန်တော်တို့ကိုခေါ်တော့ ကျွန်တော်က ဆေးသေတ္တာနှင့် ဆေးဝါးများ၊ ကလေးများအားရန် မုန့်ပဲသရေစာများယူခဲ့ရန် မြင့်သိန်းကို့ကို ပြောရသည်။ အဘဦးလှုဒင်နှင့် အောင်မြင့်ဒင်၊ မမကြီးတို့ကိုလည်း ခေါ်ရသည်။ ရွာသူကြီးက လှေပွဲကိုင်၍





www.burmeseclassic.com

www.burmeseclassic.com



ဆလုံနှစ်ဦးက လှော်ခတ်သည်။ သူကြီး၏ လုံးတွင်းလှေကြီးမှာ ပေါင်းမိုးမပါ သော်လည်း အတော်ကြီးပြီး စိတ်ချရသည်။ လှေအိမ်များဆီသို့ တစ်အိမ်ပြီးတစ်အိမ် ကူးသည်။

ကျွန်တော်တို့က ကလေးတွေကို မုန့်ပဲသရေစာပေးပြီး မကျန်းမာသူများရှိလျှင် ဆေးတိုက်သည်။ ဆေးလိမ်းပေးသည်။ ခင်မင်ရင်းနှီးစွာ ဆက်ဆံသည်။ ရွာသူကြီးပါနေသဖြင့် သူတို့ မရိုင်းပါ။ ကျွန်တော်တို့ကို ကျေးဇူးတင်ဟန်ဖြင့် ကြိုဆိုကြပါသည်။ ဆရာတော်၏ ကျေးဇူးကြောင့် သူတို့ အတော် ယဉ်ကျေးနေကြပါပြီ။ လှေအိမ်များပြီးမှ ကုန်းပေါ်က တဲအိမ်များဆီသို့ တစ်အိမ်ပြီးတစ်အိမ် ဆင်းတက်ပြုစုရသည်။ ဆိုးဆိုးဝါးဝါး ရောဂါခံစားနေရသော လူနာတော့ မတွေ့ပါ။ မျက်စိနာသူ၊ နားလေးသူ၊ ဖျားရာအနာဖြစ်သူနှင့် ဗျားနာသော ကလေးငယ်များလောက်သာ တွေ့ရပါသည်။ ရွာဆုံးတော့ ကျွန်တော်တို့ စည်းရုံးရေး အောင်မြင်ပါသည်။ တစ်ရွာလုံးနှင့် ရင်းနှီးကျွမ်းဝင်ရပါသည်။ ကျွန်တော်တို့အား ဆေးကုဆရာဝန်များအဖွဲ့ဟု မှတ်ထင်နေကြပါသည်။

ကျွန်တော်တို့ ညနေစောင်း ဆရာတော်ကျောင်းပြန်နားတော့ မိန်းမများနှင့် ကလေးများ လိုက်လာကြသည်။ ကျွန်တော်တို့ ကျောင်းပေါ် ဆရာတော်ရှေ့တွင် ထိုင်ရင်း ဆေးကုသသောအကြောင်းနှင့် ဆလုံများ လက်ခံကြကြောင်း၊ အတော်ယဉ်ကျေး လာကြကြောင်း ပြောနေစဉ် ဆလုံအမျိုးမတစ်သိုက် ကျောင်းပေါ်သို့ တက်လာ၍ ဆရာတော်အား ဝတ်ပြုရှိခိုးပြီး ကျွန်တော်တို့ဘက် လှည့်၍ ...

"ဆရာဝန် ... နင်တို့ ဘယ်ကလာကြတာလဲ။ ဘာပစ္စည်းတွေ ရောင်းဖို့ပါသလဲ။ နင်တို့ လှေကြီးကလည်း အကြီးကြီး။ အလွန်လှတယ်နော်"

"အေး ... ငါတို့က ဆေးကုပေးတာတော့ ဟုတ်ပါတယ်။ ပစ္စည်း ရောင်းတဲ့အဖွဲ့မဟုတ်ပါဘူး။ နင်တို့ရွာကို ရိက္ခာပစ္စည်းနဲ့ အဝတ်အစား လာလှူတာပါ"





"လှူတယ်ဆိုတာ ဘာလုပ်တာလဲ"

"အလကား လာပေးတာ"

"အလကား ပေးတာကရော ဘာလဲ"

ထိုသည်ကို သူခိုးမြင့်သိန်း အမြင်ကပ်ဟန်ဖြင့် ဝင်နောက်သည်မှာ ...

"နင်တို့ ဂျလန်းကျွန်းရွာသူတွေ အလွန်ချော၊ အလွန်လှတဲ့ဆိုလို့ ငါတို့ပစ္စည်းတွေနဲ့ လာလဲတာ။ အလကားပေးတာမဟုတ်ဘူး"

"ဩော် ... အဲဒီလိုလား။ ငါတို့ဆီက အပျိုတွေကို ကြိုက်ရင် လူကြီးတွေကိုပြောပေါ့။ ဆရာတော်ကို ပြောလည်း ရတာပဲ။ ဒါပေမဲ့ ငါတို့ အဝေးကြီး မလိုက်နိုင်ဘူးနော်။ ပစ္စည်းလည်းတင်တောင်းပြီး ငါတို့လူကြီးတွေ ကျေနပ်မှဖြစ်မှာ"

နှုတ်ခမ်းနီကို ဖြစ်သလိုဆိုးပြီး မိတ်ကပ်ထူထူ လိမ်းထားသော ဆလုံအပျိုမက မြန်မာစကားဖြင့် သွက်လက်စွာ ပြန်ပြောခြင်းဖြစ်ရာ ကျွန်တော်တို့ အုပ်စုသဘောကျ၍ တဝါးဝါးရယ်ကြပြီး ဆရာတော်ပင် ပြုံးတော်မူသည်။ သူကြီးဦးလော်ကဲက ...

"ကောင်မတွေ ... အသာအေးအေးနေကြစမ်း။ ဧည့်သည်တွေကို အားနာစရာ"

"အားနာတယ်ဆိုတာ ဘာလဲ သူကြီး"

"တယ် ... ဒီကောင်မတော့ ... ငါလုပ်လိုက်ရ"

"ဆရာတို့ သည်းခံပါ။ ဒီကောင်မက ကျွန်တော့် တူမတော်ပါတယ်။ မြန်မာစကားတတ်တာ မကြာသေးတော့ အရမ်းပြောချင်တယ်။ အပျိုမတွေ အုပ်စုထဲမှာ သူ အကဲဆုံး"

သူခိုးမြင့်သိန်းတို့မှာ ဆလုံအပျိုမအား ဆက်လက်နောက်ပြောင်လိုကြသော်လည်း သူကြီးတူမဟုဆိုသောကြောင့် အားနာ၍ ငြိမ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ သူကြီးက 'ဘူလမ်းမနူလပ်ကနိုင်းသော့နန်း(မလပြည့် ဘယ်သူ့ကို ရည်းစားအဖြစ် ချစ်ချင်တာလဲ)"

ဆလုံအပျိုမက ရှက်ဟန်ပြု၍ ခေါင်းငုံ့သွားသော်လည်း လက်ညှိုးက ကျော်ကြီးအား ထိုးပြနေသည်။ ကျွန်တော်တို့က သဘောကျပြီး ကျော်ကြီးကို ဝိုင်းပုတ်ကြတော့ ဆလုံမက မကြိုက်။ ခေါင်းယမ်းပြသည်။ ကျွန်တော်က သူကြီးအား ...

"သူကြီး ... သူ့နာမည်က ကျော်ကြီးတဲ့၊ ကျွန်တော့်တပည့်အရင်းပဲ။ ကျွန်တော် သဘောတူပါတယ်လို့ ပြောပေးပါ"

ကျော်ကြီးက ...

"ဟာ ... ဆရာကလည်း"

ရှက်ဟန်ဖြင့် ပြောသည်။

သူကြီးက ဘာသာပြန်ပြီးပြောတော့ ဆလုံအပျိုမက ...

"ကျော်ကြီးဘူလမ်း ကနိုင်းသော့နန်း" တဲ့လေ။

(ကျော်ကြီးဟာ မလပြည့်ရဲ့ ချစ်သူတဲ့လေ)။ ဆလုံမလေးနာမည်က ဘူလမ်း (မလပြည့်)ဖြစ်သည်။

"ကျွန်တော်တို့အုပ်စု ဆရာတော်ကျောင်းပေါ်တွင် တဝါးဝါးပွဲကျသွားတော့သည်။ ဆရာတော်လည်း မနေသာ ပြုံးရယ်နေရတော့သည်။

ထိုအချိန်ကစ၍ ဆလုံအပျိုမလေး ဘူလမ်းမှာကျော်ကြီးအနားက မခွာတော့၊ ကပ်၍ နေတော့သည်။ ကျော်ကြီးအတွက် ဆလုံအရက်များနှင့် အမြည်းများလည်း ယူလာပေးသည်။ ကျော်ကြီးမှာ ညှို့သည်ဖြစ်၍ အလိုက်သင့်ဆက်ဆံရင်း ဒုက္ခရောက်နေတော့သည်။

ညဦးပိုင်းတွင် ကျွန်တော်တို့ဆရာတော်ကျောင်းပေါ်၌ မီးစက်ထွန်း၍ ညစာစားကြပြီး စကားစမြည် ပြောဆိုနေကြစဉ် ခပန်းခေါ်ဆလုံလှေ ထက်စီးကျောင်းရှေ့တွင် ဆိုက်ကပ်လာပြီး ဆလုံတစ်ဦးတောဝက်တစ်ကောင်





ထမ်း၍ တူမီးသေနတ်လွယ်ကာ ကျောင်းပေါ်သို့ တက်လာသည်။ သူကြီးက ဆလုံလို မိတ်ခေါ်ပြီး ထမင်းဝင်စားစေသည်။

"ဒါဟာ ဆရာတို့မျှော်နေတဲ့ ဆရာတော်တပည့် ဆလုံမုဆိုးပဲ။ ကျွဲလို သန်မာတောင့်တင်းလို့ ကပေါင်းလို့ခေါ်တယ်"

မုဆိုးညစာထမင်းစားနေစဉ် သူကြီးက ဆလုံကျောင်း ဝေယျာဝစ္စအဖွဲ့အား တောဝက်ကို ဖျက်ခိုင်းနေစဉ် ဆရာတော် ဘုရားဝတ်ပြုနေသည်။ ဘုရားခန်းထဲမှ ထွက်လာသည်။

"ကပေါင်း ... မင်း ဒီနေ့ နောက်ကျတယ်နော်"

"ဟုတ် ... ဆရာတော်၊ တောဝက်နော်။ အသက်ပြင်း။ သေနတ်မှန်မသေ။ ပင်လယ်ထဲဆင်းပြေးလို့ လိုက်ဖမ်းရတယ်။ ဆရာတော်ကျောင်း ဧည့်သည်ရောက်တယ်ဆိုလို့ ယူလာတာပါ"

"အေး ... အေး ... ကပေါင်း၊ ဒီဧည့်သည်တွေက ဆရာတော်ရဲ့ အလှူရှင်တွေ။ အတော်ပါပဲ။ မင်း မနက်ဖြန်တော့ ဒီကဧည့်သည်တွေကို ကျွန်းတစ်ကျွန်းရှာဖို့ လမ်းပြလုပ်ရမယ်။ အမဲမလိုက်နဲ့တော့။ ဧည့်သည်တွေက လမ်းပြခ ထိုက်ထိုက်တန်တန် ပေးလိမ့်မယ်။ မင်း အားတယ်မဟုတ်လား"

"ဟုတ် ... ဆရာတော်၊ ဆရာတော့် ဧည့်သည်နော်။ ငါ ကြေးပြား၊ ငွေ မလို။ ထမင်းကျွေးရင် ရပြီ။ ဘယ်ကျွန်းလဲ ပြောပါ"

"ကပေါင်း EAGLE ကျွန်းခေါ် လင်းယုန်ကျွန်းတဲ့။ ဘယ်နားမှာရှိသလဲ။ မင်းသိသလား"

မုဆိုးက ခေတ္တမျှ စဉ်းစားပြီး 'အီဒါး' ကျွန်းကို ပြောတာထင်တယ်။ ဆလုံလို အီဒါးဆိုတာ နတ်ဘုရားကျွန်းကို ပြောတာ။ အင်မတန်ဆိုးတယ်။ လူတွေ မသွားရဲဘူး။ နတ်ကြီးတယ်။ အန္တရာယ်များတယ်။ ကြောက်စရာ အလွန်ကောင်းတယ်"

"ဘယ်ကျွန်းနားမှာ ရှိသလဲ ကပေါင်း"



www.burmeseclassic.com

www.burmeseclassic.com





လှေထွင်းရန် သဂါန်းပင်အား ခုတ်လှဲနေပုံ

"ဒီဂျလန်းကျွန်းအောက်ဘက် ကော့သောင်းမြို့နယ်ထဲမှာပဲ ..။ လာအိုရာကျွန်းအလွန် သုံးကျွန်းမြောက် အစွန်ဆုံးကျွန်းကလေးပဲ။ အီဒါး ကျွန်းလို့ ဆလုံတွေခေါ်ကြတယ်။ ရှောင်လည်း ရှောင်ကြတယ်။ ပင်လယ် နက်ထဲမှာ၊ လှိုင်းလေ အလွန်ကြမ်းတယ်။ ဒီရာသီမှာတော့ သွားလို့ရနိုင် တယ်။ မိုးဦးကျရင် သွားမရနိုင်ဘူး။ အကာအကွယ်မဲ့ပြီး ကျောက်ဆောင်၊





ကျောက်တန်းတွေ အလွန်ပေါတယ်။ နတ်ဘုရားကျွန်းဆိုတဲ့အတိုင်း အလွန် ဆန်းတဲ့ သက်ကြီးပင်ပုတွေ ကောက်ကောက်ကွေးကွေး ပေါက်တယ်။ မန်းတွေ၊ လင်းယုန်တွေ၊ မြွေတွေ အလွန်ပေါတဲ့ ကျွန်းရိုင်းကြီးပဲ။ ညို ညိုတွေက ဘာသွားလုပ်ကြမှာလဲ။ ရေချိုမရှိဘူး။ လူမနေကြဘူး။ ဖြတ် အဖြတ်လာ၊ မော်တော်စက်လှေတွေတောင် မကပ်ရဲကြဘူး။ အလွန်ဆိုး ယ်"

"အင်း ...နာမည်ကတော့ မတူဘူး။ ကျွန်းအခြေအနေပုံစံက တော့ မြေပုံထဲကနဲ့ နီးစပ်ပါတယ်။ သွားကြည့်ကြတာပေါ့။ ကျွန်တော်တို့ ဒီကျွန်းမှာ ရတနာရှာမလို့ပါ။ လမ်းပြနိုင်မလားကို ကပေါင်း"

"အေး ... ငါက ဆရာတော့်တပည့်အရင်းပဲ။ ဆရာတော်နိုင်းရင် တယ်။ သေစရာရှိရင်တောင် ငါလုပ်ရဲတယ်။ ဒါပေမဲ့ မင်းတို့က မြို့သား ။ လက်နက်ရော ပါကြသလား။ သတ္တိရော ရှိကြရဲ့လား"

"လက်နက်ရော ပါတယ်။ သတ္တိလည်းရှိပါတယ် ... ကိုကပေါင်း။ န်တော်တို့မှာ လူအင်အားလည်း ရှိတယ်။ အတွေ့အကြုံလည်း များ ယ်။ မော်တော်ကလည်း အလွန်ခေတ်မီပါတယ်။ ကျောက်ဆောင်ပေါ်ရင် တက်ဖို့အတွက် စက်တပ်ဒင်ဂီ လေထိုးရာဘာလှေနဲ့ ရေငုပ်ကရိယာ ဦး အစုံပါပါတယ်"

ကပေါင်းက ...

"အေး ... ဒါပေမဲ့ မင်းတို့ ရာဘာလှေတွေနဲ့ ဖြစ်မှာမဟုတ်ဘူး။ ကျွန်းက ကျွဲငမန်းတွေ၊ ရှပ်ငါးမန်းတွေ၊ ခုတ်ငါးမန်းတွေက ဆူးတောင် နဲ့ အလွန်ရဲတယ်။ ထွင်းလှေနဲ့မှ ဖြစ်မှာ။ ငါ့လှေကလည်း တစ်ယောက် ။ သေးတော့ မင်းတို့လူအုပ်စုနဲ့ ဖြစ်မှာမဟုတ်ဘူး။ သူကြီးလှေလောက် ဖြစ်မှာ။ သူ့လှေကို မော်တော်ဘုတ်မှာချည်ပြီး တွဲသွားရမယ်"

ကျွန်တော်တို့က သူကြီးကိုလှမ်းကြည့်ပြီး အကူအညီတောင်းတော့ ဦးလော်ကဲက ...



www.burmeseclassic.com

www.burmeseclassic.com





သက်နီးပင်အားလှေထွင်းနေပုံ

"ငါ့လှေကို ယူသွားလို့ ရပါတယ်။ ငါ့မှာ လှေနှစ်စီးတော့ရှိတယ်
ဒီလှေက လူများရင် သုံးတယ်။ လူနည်းရင် အိမ်ကလှေအငယ်ကို သုံ
တယ်"

"ကဲ ... ဒါဆို မနက်ဖြန်မနက်စာ စားသောက်ပြီး ခရီးထွက်ကြ
တာပေါ့။ ကျွန်တော်တို့ မော်တော်ကြီးအပေါ်မှာ ရိက္ခာပစ္စည်း အပြည့်အစုံ
ပါပါတယ်"

---

စိတ်ကူးသစ်စာပေ



ထိုညက မော်တော်ပေါ်ပြန်အိပ်ကြတော့မှ မြင့်သိန်းက ...

"ဆရာ .. ကျွန်တော်တို့ မော်တော်ကြီးပေါ်မှာ ခေတ်မီအဆောက်အအုံ လုပ်စက်သေနတ်တွေပါတယ်။ ပင်လယ်ဓားပြရန် ကာကွယ်ဖို့ လိုင်စင်နဲ့ ဆောင်ထားတာလို့ ကိုနိုင်လတ်ရဲ့ ယိုးဒယားကပ္ပတိန် ကျွန်တော့်ကို ထွဲတုန်း ပြောသွားတာ။ ကျွန်တော် စစ်ဆေးပြီးပြီ"

"အေးကွာ ... ဟန်ကျတာပဲ။ ဒါက လက်နက်ဆိုလို့ တုတ်၊ ဓားနဲ့ ပေါက်တူး၊ ပေါက်ပြား၊ တူးရွင်း၊ ဂေါ်ပြားလောက်ပဲ ထင်နေတာ။ အတော်ပြည့်စုံတာပဲ"

"ခေတ်မီတဲ့ မော်တော်ဘုတ်ကြီးပဲလေ ... ဆရာရဲ့"

ထိုညက ဂျလန်းကျွန်းဆရာတော်၏ သာသနာ့နယ်မြေ၊ ဗုဒ္ဓဘာသာဝင်များ၏ အေးချမ်းသော ဒေသဖြစ်သဖြင့် ကျွန်တော်တို့ မော်တော်ဘုတ်ပေါ်တွင် မီးသာထွန်းညှိပြီး ကင်းပင်မစောင့်ကြဘဲ အိပ်ကြသည်။ အနောက်လေကလေး တဖြူးဖြူး၊ လှိုင်းကြက်ခွပ်ကလေး တငြိမ့်ငြိမ့်ဖြင့် အိပ်လို့ အလွန်ကောင်းသည်။ သန်းခေါင်ယံရောက်တော့ လထွက်လာသည်။ ဘုန်းကြီးကျောင်းမှ မီးစက်လည်း ပိတ်သွားပြီး ကျွန်းတစ်ကျွန်းလုံး တိတ်ဆိတ်သွားချိန်တွင် ပုစဉ်းရင်ကွဲနှင့် ဖားအော်သံ၊ လှိုင်းပုတ်သံလောက်သာ ကြားရတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

မနက် (၅) နာရီခန့်တွင် ကျွန်တော်တို့ အိပ်ရာက ထကြသည် မုဆိုးအောင်သန်းနှင့် တင်သောင်းက ကော်ဖီဖျော်သည်။ ပေါင်မုန့်မီးကင် သည်။ ကျော်ကြီးက ခေါက်ဆွဲထုပ်ပြုတ်သည်။ သူခိုးမြင့်သိန်းက မော်တော် ကြီးအား အသေးစိတ် စစ်ဆေးသည်။ ပုဏ္ဏားက အန္တရာယ်ကင်းစေရန် ဖတ်သရဇ္ဈာယ်နေသည်။ ထိုအချိန်တွင်ပင် ဆလုံမုဆိုးလမ်းပြ ကိုကပေါ် ရောက်လာသည်။ လက်ထဲတွင် အဖုံးပါ ပလတ်စတစ်ခွက်ကြီးတစ်လုံးနှင့် ပခုံးတွင် တူမီးသေနတ်ကို လွယ်ထားသည်။

"ကိုဘပေါင်း ... ဘာတွေလဲဗျ"

ကျွန်တော်က နှုတ်ဆက်ရင်း လှမ်းမေးတော့ ...

"တောဝက်သားဟင်း။ လှေပေါ်မှာစားဖို့"

သူလွယ်လာသော မုဆိုးလွယ်အိတ်ကြီးကို ပုတ်ပြရင်း ...

"ဒီမှာလည်း တောဝက်သား ကျပ်တင်တွေ ပါသေးတယ်"

"ကျွန်တော်တို့ မော်တော်ပေါ်မှာ တစ်လစာလောက် ရိက္ခာအ ပါပါတယ်။ ပူစရာ မလိုပါဘူး"

"ငါက ထမင်းနဲ့ အသားပဲ စားတတ်တာ။ ကျန်တာတွေ မစား ထတ်ဘူး"





ကျွန်တော်တို့ ကော်ဖီနှင့်မုန့်များ ကျွေးသော်လည်း ကိုကပေါင်းက မစားပါ။ သူ့တွင်ပါလာသော ဆေးရွက်ကြီးကို ငုံရင်း ...

"ငါ ထမင်းစားပြီးပြီ"

ကျွန်တော်တို့ မော်တော်ဘုတ်ကြီး မနက် (၆) နာရီတိတိတွင် စက်နှိုး၍ ဂျလန်းကျွန်းမှ စတင်ထွက်ခွာခဲ့ပါသည်။ မတ်လကုန် ဧပြီလဆန်း ဖြစ်၍ သကြိန်လက်ဆေးမိုးက ရွာပေတော့မည်။ အနောက်တောင်ဘက် ပင်လယ်ကောင်းကင်ယံတွင် တိမ်များအဆုပ်လိုက် အုပ်စုဖွဲ့နေသည်။ တိမ်ညို၊ တိမ်ပုပ်များတော့ မဟုတ်။ မကြာမီ အနောက်တောင်မုတ်သုံရာသီလေ ဝင်ရောက်တိုက်ခတ်၍ မိုးဥတုဝင်ပေရော့မည်။ ကျွန်တော်တို့ အချိန်သိပ် မရှိတော့။ အချိန်ရှိခိုက် လုံ့လစိုက်ရပေတော့မည်။

မနက်ခင်း ပင်လယ်လေက သန့်ရှင်းစင်ကြယ်လှသည်။ ကျွန်တော်တို့ မော်တော်ဘုတ်ကြီး အရှေ့တောင်ဘက်သို့ ဦးတည်ခုတ် မောင်းခဲ့ သည်။ ကိုကပေါင်းမှာ ဖောင်တော်ဦး၌ လက်ပိုက်၍ အေးဆေးစွာ ထိုင် လိုက်လာသည်။ အရှေ့တောင်ဘက်တွင် လာအိုရာကျွန်းကြီးကို ခပ်ရေး ရေး လှမ်းမြင်နေရသည်။ မော်တော်ဘုတ်ကြီးမှာ လျှင်မြန်စွာ ပြေးလွှားနေ သည်။

ကျွန်းနှင့် နီးသည်နှင့် ပင်လယ်စင်ရော်များ တစ်ကောင်စ၊ နှစ် ကောင်စ ရောက်ရှိလာရာမှ အုပ်စုဖွဲ့၍ ရောက်လာကြသည်။ ကျော်ကြီးတို့ မုဆိုးအောင်သန်းတို့က ပေါင်မုန့်နှင့် ဘီစကစ်မုန့်များကို ပစ်၍ ကျွေးနေ သည်။ မကြာမီ လာအိုရာကျွန်းကြီးသို့ ရောက်သည်။ ကျွန်းပေါ်တွင် မနား ဘဲ ဆက်၍သွားရာ ရှေ့တွင် ကျွန်းလေးတစ်ခုကို တွေ့ပြန်သည်။

"ဒါကာယ(မိကျောင်း)ကျွန်းလို့ ခေါ်တယ်။ ဟိုးအရှေ့မှာ ဘာဘွီး (ဝက်) ကျွန်း၊ ဘာဘွီးကျွန်းလွန်ရင် ငါတို့သွားမဲ့ အီဒါးကျွန်း (နတ်ဘုရား ကျွန်း)ပေါ့။ ပင်လယ်ရေမှာ နက်မှောင်လာသည်။ ရေနက်သည့် သင်္ကေတ ပင်။ ရှေ့တွင် ကျောက်ဆောင်များထူထပ်ပြီး ငါးမန်းအုပ်ကြီးများ မြင်ရသဖြင့် မော်တော်အား အရှိန်လျှော့ခိုင်းရသည်။ အောင်မြင့်ဒင်က ...



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးဦးလူဒင်ကို ခေါ်ခဲ့ရမှာ။ သူလည်း အသက်ကြီးတော့ ငယ်စဉ်ကလို ငယ်မူပြန်ချင်ရှာမှာပဲ"

"အဘိုးက အသက်(၇၀)ကျော်ပြီ မဟုတ်လား။ ကျန်းမာသန်စွမ်းပေမဲ့ ဆရာတော်က တားထားလို့ နေခဲ့ရတာမဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်။ ကျွန်တော်က သတိရလို့ပြောတာပါ"

ထိုအချိန်တွင် ဆလုံမုဆိုး ကိုကပေါင်းက လှေဦးတွင် မတ်တတ်ရပ်ပြီး မော်တော်ဘုတ်ကြီးအား အရှိန်လျှော့စိုင်းသည်။ အီဒါးကျွန်းနှင့် တဖြည်းဖြည်း နီးလာတော့မှ ကျောက်ဆောင်အလွန်ထူထပ်ပြီး သစ်ပင်ကြီးများမရှိဘဲ ကျွန်းပေါ်တွင် အုန်းပင်များ ခြစည်းရိုးသဖွယ်ဝိုင်း၍ ပေါက်နေကြောင်း တွေ့ရသည်။ အုန်းပင်များအကြားတွင် စိတ်ဝင်စားစရာတစ်စွန်းတစ်စတွေ့ရသဖြင့် ကျွန်တော်က မော်တော်မောင်းနေသော မြင့်သိန်းရှေ့စင်ပေါ်မှ မှန်ပြောင်းကို ယူ၍လှမ်းကြည့်ရာ အုန်းပင်များကြားထဲ၌ တစ်စွန်းတစ်စ ပေါ်ထွက်နေသည်မှာ ကျောက်ခက်သစ်ပင်ကြီးများဖြစ်သည်။

ကျွန်တော်တို့ မြင်ဖူးသော ပင်လယ်ကျောက်ဆောင်ရေအောက်တွင် ပေါက်ရောက်နေတတ်သော ကျောက်ခက်ပင်မျိုးဖြစ်သော်လည်း အလွန်ကြီးမားသော ကျောက်ခက်ပင်ကြီးများဖြစ်ပါသည်။ တစ်ပင်နှစ်ပင်မဟုတ်။ ကျောက်ခက်သစ်ပင်တောအုပ်ကြီးဖြစ်သည်။ ကျွန်းအလယ်တွင် ကျောက်ဆောင်ကုန်းတန်းကြီး ဖြစ်နေရာ ထိုအပင်ကြီးများက အချို့နေရာ၌ အုန်းပင်များထက်ပင် မြင့်မားကြီးထွားနေသည်ကို တွေ့ရသည်။ သဘာဝ–လွန် ထူးခြားဆန်းကြယ်သော နတ်ဘုရားကျွန်းကြီးဖြစ်ချေသည်။

ကိုကပေါင်းက ...

"ဒါ နင်တို့ရှာနေတဲ့ အီဒါးကျွန်းပဲ။ မော်တော်ရပ်ရမဲ့နေရာကို ငါရှာပေးမယ်။ ကျောက်ဆောင်နဲ့ ငါးမန်းတွေကို သတိထား။ အင်မတန်အန္တရာယ်များတယ်"





ကိုကပေါင်းက လေတိုက်ရာဘက်နှင့် လှိုင်းရိုက်သောဘက်ကို လှေ့လာပြီး လှိုင်းကွယ်လေကွယ် 'အော်' နေရာကို ရွေးသည်။ ကျွန်း၏အရှေ့ဘက်ကမ်းတွင် 'အော်ချိုင်'တစ်ခုကို တွေ့ရသည်။ ဝင်ပေါက်က ကျဉ်း၍ မော်တော်ဝင်ရန် အတော်သတိထားရပေမည်။ ထိုနေရာက လှိုင်းကွယ်လေကွယ် လွန်စွာလုံခြုံသော နေရာဖြစ်သည်။ ကျောက်ဆောင်များဝိုင်းပြီး ရေမှာပြာနေ၍ ရေစူးနက်ကြောင်းလည်း ခန့်မှန်းနိုင်သည်။ အော်ထဲတွင် ကျွဲငါးမန်းများ ကူးခတ်နေသည်က အန္တရာယ်။

မြင့်သိန်းက နေရာရွေးပြီးသည်နှင့် အော်ထဲသို့ မော်တော်ကို ဦးတည်ပြီး ဖြည်းညင်းစွာ မောင်းဝင်သည်။ အောင်သန်း၊ တင်သောင်းနှင့် ကျော်ကြီး၊ ပုဏ္ဏားတို့က မော်တော်ဦးနှင့် ပဲ့မှ ကျောက်ဆောင်များဖြင့် မတိုက်မိစေရန် မော်တော်ကြီးကို ထိန်းသည်။ လွတ်လွတ်ကျွတ်ကျွတ်အော်ထဲရောက်ခါမှ မော်တော်ကြီးကို ကျောက်ချသည်။ သူကြီး၏ သစ်ထွင်းလှေကြီးကို ကုန်းဘောင်အဖြစ် မော်တော်ကြီးနှင့်ချီပြီး ကမ်းစပ်သို့ တံတားထိုးသည်။

ထိုအချိန်တွင်မှ ပုဏ္ဏားတင်ဦးက ...

"ဆရာ ... ကျွန်တော် ကျွန်းအခြေအနေကို မကြိုက်ဘူး။ အရေးပေါ် မော်တော်ထွက်နိုင်အောင် မော်တော်ဦးကို 'အော်ဝ'အပေါက်ဘက် လှည့်ထားချင်တယ်။ အခုက ဝင်ပေါက်ဘက် ဖင်ပေးထားတော့ အရေးပေါ်ရင် ထွက်ရခက်လိမ့်မယ်"

"ပုဏ္ဏားရဲ့ အော်ချိုင်က မော်တော်နဲ့ ကွက်တိကို ဖြစ်နေတယ်။ အတော်ကြိုးစားမှ လှည့်လို့ရမယ်"

"အေးပါ ... ငါတို့ ဝါးလုံးကူပါ့မယ်။ သူကြီးလှေကြီးကို ကြိုးရှည်ရှည်ချီပြီး လှန်ထားမယ်။ မော်တော်လှည့်ပြီးမှ ပြန်တွဲမယ်"

ဟုတ်ပါသည်။ ပုဏ္ဏားပြောသလိုပင် လှိုင်းလေကွယ်သော နေရာဖြစ်သော်လည်း 'အော်' မှာ ကျဉ်းလွန်းသဖြင့် အရေးပေါ် မော်တော်



www.burmeseclassic.com

www.burmeseclassic.com



လှည့်၍ ထွက်ရန် အခက်အခဲရှိပေသည်။ ကျွန်တော်တို့ ရှေ့တိုးနောက်ငင် အတော်ပိုင်း၍ ကြိုးစားပါမှ မော်တော်ဦးကို 'အော်'ပေါက်ဝသို့ ချိန်၍ရသည်။ ထို့နောက်ပဲ့စင်ဘက်မှ သူကြီးလှေကြီးကို ကြိုးနှင့်ဆွဲ၍ ကမ်းစပ်နှင့် ကပ်၍ ကုန်းဘောင်လုပ်ရသည်။ ဆလုံမုဆိုးကိုကပေါင်းက ...

"မင်းတို့ တော်တယ်။ အပင်ပန်းခံနိုင်တယ်" တဲ့လေ။

ကမ်းပေါ်မတက်မီ ကျွန်တော်က ကျွန်းပေါ်ကို အသေးစိတ်မှန်ပြောင်းတစ်လက်ဖြင့် လှေ့လာသည်။ လူသူအရိပ်အယောင်၊ တောတိရစ္ဆာန် အရိပ်အယောင်ပင် မမြင်ရ။ ပကတိတိတ်ဆိတ်ငြိမ်သက်နေသည်။ လှိုင်းပုတ်သံနှင့် ငါးမန်းများတရှူးရှူး လေမှုတ်သံကိုပါ ကြားနေရသည်။ စိတ်ချသော အခြေအနေရောက်မှ ...

"ကဲ ... နေ့လယ်စာ စားကြမယ်။ အောင်သန်း၊ တင်သောင်းနဲ့ ကျော်ကြီးတို့က ပြင်ကြ"

"မြင့်သိန်း ... လက်နက်တွေ ထုတ်ပေး။ စားပြီးတာနဲ့ ကမ်းပေါ် တက်မယ်"

သူတို့ ပြင်ဆင်နေကြစဉ် ကျွန်တော် မှန်ပြောင်းတစ်လက်ဖြင့် ကျွန်းပေါ်သို့ စောင့်ကြည့်နေသည်။ အောင်မြင့်ဒင်က ...

"ဆရာ ဒီကျွန်းသေချာရဲ့လား"

"အေး ... ငါ မြေပုံကို လေ့လာပြီးပြီ။ ဒီကျွန်းပဲ ဖြစ်ဖို့များတယ်။ ရော့ ... ဟော့ဒီမှာကြည့်၊ ကျွန်းပုံစံနဲ့ ကျောက်ဆောင်ထူထပ်ပုံ၊ ကျောက်သစ်ပင်ကြီးတွေ ရှိတာရယ် အကိုက်ပဲ။ နေရာအတိအကျကိုတော့ ကျွန်းပေါ်ဆင်းပြီး အမှတ်အသား အကွာအဝေးနဲ့ ရှာရမယ်။ အံမယ် ... ဒါက ဘာလဲ။ ကြေးညှိတက်နေတာ"

ကျွန်တော် မြေပုံကြေးနီလိပ်အား အသေအချာဖြန့်၍ ဝတ်ထားသောရှင်းပင်ဖြင့် ဖိ၍ ပွတ်လိုက်ရာ အီဂဲကျွန်းမဟုတ်၊ အီဒါးကျွန်းဖြစ်နေသည်။ ကျွန်တော်တို့က အင်္ဂလိပ်လို အီဂဲကျွန်း(လင်းယုန်ကျွန်း)ဟု မြန်မာ





လို ဘာသာပြန်သည်။ အမှန်က ဆလုံဘာသာ 'အီဒါးကျွန်း' ဟု မြန်မာလို ရေးထိုးထားခြင်းသာဖြစ်သည်။ ကျွန်တော် အလွန် ဝမ်းသာသွားမိသည်။

"အင်း ... ဟုတ်ပါတယ် ဆရာ၊ သေချာပါတယ်။ အီဒါးကျွန်း အမှန်ပါပဲ"

အောင်မြင့်ဒင်က ထောက်ခံအတည်ပြုသည်။

ကျွန်တော်တို့ နေ့လယ်စာ စားကြသည်။ ဟုတ်တော့ ဟုတ်ပါသည်။ အသားဘူးများအစား ဆလုံမုဆိုး ကိုကပေါင်း၏ တောဝက်သားဟင်းက ခံတွင်းကို မြိန်စေပါသည်။ ရှိတာနှင့် စုပေါင်းစားတော့လည်း ထမင်းမြိန်ပါသည်။ ကျွန်တော်တို့ နေ့လယ်စာ စားအပြီး လက်နက်ကိုယ်စီဖြင့် ကျွန်းပေါ်သို့ ဆင်းမည်အလုပ် လေပြင်းတိုက်လာသည်။ လေသံမှာ လိုဏ်သံပါနေသည်။ လူကြီး တစ်ဦးရယ်သံလို၊ တဟားဟား ရယ်သံကြီးကိုလည်း ကြားရသည်။ ထိုအချိန်တွင် ကျွန်တော်တို့ မော်တော်ကြီးရပ်ထားသော အော်အတွင်း ရေများဆူပွက်ထလာသလို ရေပလုံစီပွက်လာသည်။

"ဟ ... ဒါက ဘာဖြစ်တာလဲ"

ကျော်ကြီးက မော်တော်ဘုတ်ကြီးအပေါ်မှ သူကြီးထွင်း လှေထဲဆင်းပြီး ကမ်းပေါ်တက်ရန် အလုပ်တွင် အံ့ဩတကြီး လန့်အော်သည်။

ထိုစဉ် ဆလုံမုဆိုးကိုကပေါင်းက ...

"ခဏစောင့်ကြဦး ... နင်တို့ကို ကျွန်းစောင့်နတ်က နှုတ်ဆက်တာ။ ခဏနေရင် ငြိမ်သွားလိမ့်မယ်။ အဲ့ဒီတော့မှ ဆင်းကြ"

ဤတစ်ခါတော့ ဆလုံမုဆိုး ကိုကပေါင်းကဦးဆောင်ပြီး ကမ်းပေါ်သို့ တက်သည်။ 'အော်'ကို ဝိုင်းနေသည့် ကျောက်ဆောင်ပေါ်မှ အဆင်းဒီရေတက်၍ ကျန်နေခဲ့သော သဲသောင်ပြင်ဖြူဖြူဖွေးဖွေးအပေါ်၌ ထင်ကျန်နေခဲ့သော ခြေရာများ၊ ထိုခြေရာများမှာ တိရစ္ဆာန်ခြေရာများသာ အများစု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော်လည်း ထူးဆန်းသည်မှာ ခြေရာများအထဲ၌ ဖိနပ်မပါသော လူ့ခြေရာလိုလို ကြီးမားသော ခြေရာကြီး။ သို့သော် ဘယ်ညာတစ်စုံလုံးမဟုတ်၊ ညာခြေတစ်ဖက် ခြေရာသာဖြစ်သည်။ ကျွန်တော်တို့ အသေအချာ တိုင်းထွာကြည့်တော့ ခြေရာအလျားမှာ တစ်တောင်ခန့်ရှိပြီး ဖျက်အကျယ်မှာ တစ်ထွာ (၉) လက်မခန့် ရှိသည်။ တိရစ္ဆာန်ခြေရာများကတော့ ချေခြေရာ၊ သမင်ခြေရာ၊ ဆတ်ခြေရာနှင့်၊ တောဝက်ခြေရာ၊ ပြောင်ခြေရာများ ဖြစ်ပုံရသည်။

"ကိုကပေါင်း ... အရင်က ခင်ဗျား ဒီကျွန်းကို ဘယ်နခေါက် ရောက်ဖူးလဲ"

"နှစ်ခေါက် သုံးခေါက် ရောက်ဖူးတယ်။ တောကောင် အင်မတန် ပေါတယ်"

"ဒီလူ့ခြေရာကြီးက ဘယ်သူ့ခြေရာလဲ။ အကောင်အထည်တွေ့ဖူးလား"

"အကောင်အထည်တော့ မမြင်ဖူးဘူး။ ဒါ နတ်ဘုရားခြေရာဖြစ်လိမ့်မယ်"

"ခြေရာက တစ်ဖက်တည်းလေ။ လူတော့ မဖြစ်နိုင်ဘူး၊ လူက ခြေတစ်ဖက်တည်းနဲ့ မသွားလာနိုင်ဘူး။ အနည်းဆုံး တုတ်ထောက်သို့မဟုတ် ချိုင်းထောက်ပါရမယ်။ ခြေရာဘေးမှာ အရာမတွေ့ဘူး။ အလွန်ထူးဆန်းတယ်။ နောက်ပြီး တိရစ္ဆာန်ခြေရာတွေနဲ့ သူ့ ခြေရာကရောနေတယ်။ ငါတို့ မုဆိုးတွေအမြင်တော့ အဲဒီခြေရာရှင်ဟာ တောကောင်တွေနဲ့ရောပြီး အုပ်စုဖွဲ့ သွားလာပုံရတယ်။ လူမဟုတ်နိုင်ဘူး။ တိရစ္ဆာန်ထဲကပဲ ဖြစ်လိမ့်မယ် ထင်တယ်"

အောင်မြင့်ဇင်က ကျွန်တော့်အား ...

"မြေပုံညွှန်းအရ ကျွန်းနေရာကတော့ မှန်ပါပြီဆရာ။ အသေးစိတ်အညွှန်းက ဘယ်လိုတဲ့လဲ"





"ဟကောင်ရ ... မင်းကို မြေပုံ ပြထားတယ်လေ။ အသေအချာ မကြည့်ဘူးလား။ ကဲ ... ထားပါ၊ မြေပုံကိစ္စက ငါ ထပ်တလဲလဲ ကြည့်ထားလို့ အလွတ်ရနေပါပြီ။ လာစမ်း ဟိုမုဆိုးနှစ်ကောင်။ ဒါ ဘာကောင်ခြေရာလဲ ကြည့်ကြစမ်း"

မုဆိုးအောင်သန်းနှင့် တင်သောင်းက အသေအချာကြည့်ပြီး ..

"ကျွန်တော်တို့ မသိဘူးဆရာ၊ မမြင်ဖူးဘူး"

"အေး ... ငါလည်း အခုမှ ခြေရာကို မြင်ဖူးတာပါ။ အဲ .... ဒါပေမဲ့ ကချင်ပြည်နယ် ဆွမ်ပရာဘွန်စခန်းဘက်မှာ တာဝန်ကျတုန်းက တီရန်စွပ်ဆိုတဲ့ရွာက ကချင်မုဆိုးတစ်ဦး ပြောဖူးတယ်"

တစ်နေ့မှာ သူ အမဲလည်ရင်း တောနက်ထဲ ရောက်သွားတယ်။ အင်ဖုံခချောင်းဖျား၊ အင်ဖုံခတောင်တန်းပေါ်မှာတဲ့။ မနက်ကတည်းက ထွက်လာခဲ့ပေမဲ့ နေလယ်အထိ အကောင်မှ မရသေးဘူး။ တောင်ဆိတ်တစ်ကောင်နဲ့ တောဝက်အုပ်တွေ့တာလည်း အဝေးကမို့ မပစ်သာခဲ့ဘူး။ ဆားချစ်တွင်း သွားချောင်းတော့လည်း ပြောင်နဲ့တာကင်ကောင်တွေ တွေ့ပေမဲ့ လူတစ်ဦးရယ်သံကြောင့် လန့်ပြေးပြီး မပစ်ခဲ့ရဘူး။ သူ အလွန်စိတ်ဆိုးပြီး အင်ဖုံခတောင်တန်းပေါ်က မှဲ့လင်ချဉ်ပင်ကြီးအောက်မှာ ထိုင်ပြီး ထမင်းထုပ်ကို ဖြေစားနေတုန်း တောင်ခြေ၊ ချောင်းဖျားရေအိုင်အနီးက သဲပြင်ပေါ်မှာ တောကောင်တွေနဲ့ ရောပြီး အမွှေးအမျှင် ထူထပ်တဲ့ ဇက်ဝံလိုလို၊ လူဝံလိုလို အကောင်ကြီးတစ်ကောင်ကို ရုတ်တရက်တွေ့လိုက်ရသတဲ့။ အကောင်ကြီးက ရေကန်အနီး တောတညင်းပင်ကြီးကို မှီပြီးရပ်နေတာ။ အသေအချာကြည့်မှ ဘီလူးလိုအကောင်ကြီးက ခြေထောက်တစ်ဖက်တည်းတဲ့။ အော်သံကြီးကလည်း တဝှီးဝှီးနဲ့ အလွန်ကြောက်စရာကောင်းသတဲ့။ ဒါပေမဲ့ တောကောင်တွေက သူ့ကို မကြောက်ကြဘူး။ ဝိုင်းနေတာတဲ့"

"မုဆိုးလည်း မရဲတရဲကြည့်ရင်း အတန်ကြာတော့မှ အဲဒီအကောင်ကြီးက ကျယ်လောင်တဲ့ အော်သံကြီးပြုပြီး ခြေထောက်တစ်ချောင်းတည်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ခုန်ဆွခုန်ဆွသွားတာ အလွန်လျင်မြန်သတဲ့။ သူ့မှာ ကြီးမားပြီး ချွန်မြ တဲ့ ဦးချိုကြီး နောက်စေ့မှာပေါက်နေပြီး သစ်ပင်၊ ပင်စည်ကို မှီရပ်နေတာ မဟုတ်ဘဲ ဦးချိုကြီးနဲ့ သစ်ပင်ပင်စည်ကို ပေါက်စိုက်ပြီး ရပ်နေတာတဲ့။ အော်သံကြီးက အလွန်ကျယ်ပြီး 'ဝေါင်း . . . ဝေါင်း' နဲ့ အော်လို့ 'ဝေါင်း' ဖြစ်မှန်း သိရသတဲ့။ သူ့အဖေတွေလက်ထက်က တွေ့ဖူးကြုံဖူးတာကို ပြန် ပြောပြပေမဲ့ သူ့လက်ထက်ကျခါမှ ဒီတစ်ခါပဲ ကိုယ်တွေ့ကြုံဖူးတာလို့ ပြန် ပြောပြဖူးတယ်''

နောက်တစ်ခါ ကြားဖူးတာကတော့ ပဲခူးရိုးမမှာ တာဝန်ကျတုန်း က မြေနီကွင်းဆိုတဲ့ရွာက မုဆိုးကိုနီပြောဖူးတာ။ သူတို့ရွာတွေက တောထဲ မှာဆိုတော့ တောကောင်တွေရွာထဲကို မကြာခဏဝင်တယ်။ အဲ . . . တစ် နေ့မနက်စောစောမှာတော့ သူနေတဲ့ ခြေတံရှည်အိမ်ကို သတ္တဝါတစ်ကောင် ပွတ်တိုက်နေတာနဲ့ တူမီးပြင်ဆင်ပြီး အိမ်အောက်အဆင်းမှာ ခြေထောက် တစ်ဖက်တည်းရှိပြီး ဦးခေါင်းနောက်ဘက်မှာ အလွန်ချွန်မြတဲ့ ဦးချိုကြီးပါ တဲ့ ဘီလူးလိုလို အရပ်၊ (၇)ပေလောက်ရှိတဲ့ အကောင်ကြီးက သူ့အိမ်တိုင် ကို ဦးချိုနဲ့ပေါက်နေတာတဲ့။ သူ တူမီးနဲ့ပစ်တော့ ကျည်မထွက်ဘူး။ အကောင် ကြီးက စိတ်ဆိုးပြီး သူ့ခြေတံရှည်အိမ်ကို တွန်းဖျက်ပြီး ခြေထောက်တစ် ချောင်းတည်းနဲ့ အလွန်လျင်မြန်စွာ ထောက်ပြေးသတဲ့။

မုဆိုးကိုနီကတော့ ရှေးမုဆိုးကြီးတွေ ပြောစကားအရ 'လူး'ကောင် ကြီးလို့ ပြောတာပဲ။ အဲဒီအကောင်ကြီးက အိမ်တွေ၊ သစ်ပင်ကြီးတွေမှာ ရှိနဲ့ လူးတတ်လို့ လူးကောင်လို့ခေါ်တာတဲ့။ ဘာပဲဖြစ်ဖြစ် အခု ဆလုံမုဆိုး ပြောတဲ့ နတ်ဘုရားခြေရာဟာလည်း 'ဝေါင်း သို့မဟုတ် လူးကောင်' ပဲ ဖြစ် လိမ့်မယ်ထင်ပါတယ်။ ဒီတစ်ခါတော့ ကိုယ်တိုင်မြင်ဖူးရတော့မယ်။ ကင်မရာ တွေပါတော့ ဓာတ်ပုံလည်း ရိုက်မယ်။ ဗီဒီယိုလည်း ရိုက်မယ်''

ကျွန်တော်တို့အဖွဲ့ လက်နက်ကိုယ်စီ ကိုင်၍ ကျွန်းအလယ်ကျေ ၏ သစ်ပင်ကြီးများရှိရာသို့ ချီတက်ခဲ့ကြသည်။ ကမ်းခြေနှင့်ကျောက်တော

စိတ်ကူးသစ်စာပေ



ကြောအလယ်မှာ ကိုက် (၅၀၀)ခန့် ရှိပါလိမ့်မည်။ ကျောက်တောင်ကမ်းပါး ကျောက်ဆွယ်များအကြား အုန်းပင်များ အရိပ်အောက်၌ ကျွန်တော်တို့ ခေတ္တ နားကြရင်း ပတ်ဝန်းကျင်ကို လေ့လာသည်။ အနီးဆုံး တောင်ကြောပေါ်က ကျောက်သစ်ပင်ကြီးကို လေ့လာသည်။ အရွက်မရှိ ရိုးတံကျဲကျဲ၊ အကိုင်း အခက်များ ပြည့်စုံဝေဆာသော်လည်း အသီးအပွင့်မရှိပါ။ သို့သော် ကြီး ထွားမှုနှုန်းက ရပ်တန့်နေဟန်မရှိ။ ကျောက်လက်တံကိုင်းများက ဆူးကလေး တွေနှင့် ဖြူဆွတ်နေသည်။ အပင်များစွာထဲမှ အပင်တစ်ပင်ကို ကျွန်တော် သည်။ ကောက်ကွေးနေသော သက်ကြီးပုပင်လို ကျောက်သစ်ပင်ပုကြီး တွေ့ပါပြီ။ ကျောက်တောင်မြင့် အလယ်ကျောတွင် ထိုအပင်ပုကြီးကို အခြား ကျောက်သစ်ပင်ကြီးများ ဝိုင်းဝန်းခြံရံပေါက်နေသည်။ ထိုအပင်ကြီးအခြေ သို့ ဝင်ရောက်ရန်ပင် အတော်ခက်ခဲပေမည်။

ကျောက်လက်တံများက ဘယ်လိုအန္တရာယ်ရှိမှန်းမသိ။ ဆူးကလေး များပါ၍ အဆိပ်ရှိကောင်းရှိနေနိုင်သည်။ မှန်ပြောင်းနှင့် အသေအချာ ကြည့်မှ အပင်ခြေရင်းပင်စည်ပတ်လည်တွင် နီညိုရောင် သမင်များ၊ ချေ များ၊ စိုင်နှင့်တောကျွဲများအလယ်တွင် အကောင်ကြီးတစ်ကောင် မတ်တတ် ထိပ်ပျော်နေသည်။ ကျွန်တော်တို့ကြားဖူးသော လူးခေါ် ဝေါင်းကောင်ကြီး သို့မဟုတ် ဆလုံမုဆိုးပြောသော နတ်ဘုရားကြီးပင် ဖြစ်သည်လားတော့ မသိ။ ကျွန်တော် ကင်မရာကို အသင့်ပြင်၍ တယ်လီစကုတ်ဖြင့် ဆွဲရိုက် သည်။ ချုံမရှိ သစ်ရွက်သစ်ပင်မရှိ၍ မြင်ကွင်းက ရှင်းသည်။

တစ်နေရာတွင် တောကောင်များ စုပေါင်းလျက် နေကြသဖြင့် ကြည့်တော့ ကျောက်သစ်ပင်ကြီးတစ်ပင်၏ ပင်စည်အခေါင်းပေါက်ကြီးအား သစ်လဲစီ လျက်နေကြခြင်းဖြစ်သည်။ ထိုသစ်ခေါင်းထဲမှ နီညိုညို၊ ပျစ်ချွဲချွဲ အရည်များ စီးထွက်နေသည်။ ကျွန်တော့်အတွေ့အကြုံအရ ကျောက်သွေး ဖြစ်ပုံရသည်။ ကျွန်တော်တို့ တူးဖော်ရမည့် ရတနာသိုက်ကလည်း ထိုအပင် ခြေရင်းတွင် ဖြစ်ပုံရပါသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မှန်ပြောင်းကို အောင်မြင့်ဒင်အားပေးကြည့်ရင်း–

"တို့ရှာနေတဲ့ ရတနာသိုက်က အဲဒီကျောက်သစ်ပင်ကြီး ခြေရင်းမှာပဲရှိတာ သေချာတယ်။ ရော့ ... ဒီမြေပုံကို သေသေချာချာကြည့်"

"ဟုတ်တယ် ... ဆရာ၊ ဒီမှာ မြားပြပြီး စတားလေးပြထားတယ်။ ဂေါ်ပြားပုံစံလေးနဲ့ တူးဖို့ ပြထားတယ်။ ဘယ်လိုလုပ်ကြမလဲ။ ဟို ဟာကြီးကလည်း အစောင့်ကြီးထင်တယ်။ မောင်းထုတ်ရမှာလား ဆရာ"

"ခဏ စောင့်ကြည့်ဦး ... အခြေအနေ ထူးလိမ့်မယ်"

မကြာပါ။ အော်သံတစ်ခုကို ကြားရသည်။ အသံက မပီမသ။ သို့ သော် တိရစ္ဆာန်အော်သံမျိုးမဟုတ်။ လူအော်သံဖြင့် တူသည်။ သစ်ပင်ကို မှီ၍အိပ်နေသော အကောင်ကြီးနိုးထလာပြီး ပြန်ထူးသည်။ အသံက ဩဩ ကြီး။ သူ့ခြေရင်းတွင် စုဝေးအိပ်နေကြသော တောကောင်များလည်း လှုပ် လှုပ်ရွရွ ဖြစ်လာသည်။ အကောင်ကြီးက တစ်ချက်သမ်းလိုက်သည်။

"အူး ..."

ကျွန်းပေါ်တွင် ဟိန်းသွားသည်။ အကောင်ကြီးက ဦးဆောင်၍ သားကိုက်ကောင်လို ခုန်ဆွခုန်ဆွဖြင့် ကျွန်းကြီး၏ တောင်ဘက်အနိမ့်ပိုင်း သို့ ပြေးဆင်းသွားရာ တောကောင်များလည်း နောက်ကလိုက်ပါ သွားကြ တော့သည်။ အခွင့်အခါသင့်ပြီဖြစ်သဖြင့် ကျွန်တော်တို့ တောင်ခြေကျောက် ဆောင်အကွယ်တွင် ပုန်းအောင်းနေရာမှ တောင်ကြောပေါ်သို့ အပြေးတက် ကြသည်။ တောင်ကြောပေါ်သို့ရောက်တော့ ကျောက်သစ်ပင်ကြီး၏ပင်စည် တွင် မြေပုံထဲကလို ဂေါ်ပြားပုံစံအမှတ်အသား ထွင်းထုထားသည်ကို တွေ့ရ သည်။ ကျွန်တော်တို့ ရတနာသိုက်တူးရမည့် နေရာအမှန်ဖြစ်ပါသည်။

ကျွန်တော် မှန်ပြောင်းတစ်လက်ဖြင့် ပတ်ဝန်းကျင်ကို ကြည့်သည်။ ကျွန်း၏ တောင်ဘက်အောက်ခြေတွင် တောအုပ်ကြီးကို တွေ့ရသည်။ သစ်ပင်ကြီးများမျိုးစုံ ပေါက်ရောက်နေသည်။ ကျွန်းမှာ မြောက်ဘက်တွင် ကျယ်ကာမ်းခြေသဲသောင်ပြင်၊ ကမ်းခြေအုန်းပင်တန်းနှင့် ကျောက်ဆောင်





များ၊ ကျောက်သစ်ပင်များသာရှိသော်လည်း တောင်ဘက်ခြမ်းက အပြီးစီး သစ်တောကြီး။ ထို့ကြောင့်သာ တောကောင်အစုံ နေထိုင်နိုင်ကြခြင်းဖြစ်ပုံရ သည်။

ကျွန်တော်တို့ အချိန်ရတုန်း အမှတ်အသားပြထားသော ကျောက် သစ်ပင်ကြီး အရင်းကိုကြည့်တော့ ပင်ခြေတွင် ကျောက်ခေါင်းပေါက်ကြီးဖြစ် နေပြီး တိရစ္ဆာန်များ ဆင်းလျက်ကြသဖြင့် တွင်းချိုင့်ကြီးလည်း ဖြစ်နေသည်။ တွင်းထဲ၌ နီညိုရောင် ပျစ်ချွဲချွဲအရည်များနှင့် စစ်သုံးကျည်ဆန်သေတ္တာကြီး တစ်လုံး တစ်ဝက်တစ်ပျက် ပေါ်နေသည်။ ကျောက်သစ်ပင်ကြီး၏အမြစ်များ က သေတ္တာကြီးအား ပတ်၍ တွယ်ဖက်ထားပုံရသည်။

"ကဲ ... အောင်သန်းနဲ့ တင်သောင်း တွင်းထဲဆင်း။ တစ်ယောက် က သစ်မြစ်တွေကို ဖြတ်ပြီး တစ်ယောက်ကပါလာတဲ့ ရေဘူးတွေနဲ့ အရည် တွေကို ရနိုင်သမျှ ခပ်၊ မြင့်သိန်းက ပတ်ဝန်းကျင်ကို သတိမပြတ်ကြည့်။ အောင်မြင့်ဒင်နဲ့ ကျော်ကြီးက ကြိုးနဲ့ သေတ္တာကြီးကို ချည်ပြီး အပေါ်ဆွဲတင် မယ်"

အောင်သန်းက ရေဘူးများဖြင့် ကျောက်သွေးများကို ခပ်ပြီးလျက် ကြည့်ရာ ...

"ဆရာ ... ဒီအရည်တွေက ငန်ကျိကျိ၊ ပျစ်ချွဲချွဲ၊ ချိုသလိုလို ဘာတွေလဲမသိဘူး"

"အဲ့ဒါ ကျောက်သွေးလို့ ခေါ်တယ်။ အသက်ရှည် ဆေးပဲ"

ထိုစဉ် ဆလုံမှုဆိုး ကိုကပေါင်းက ...

"မြေကြီး လှုပ်နေသလိုပဲ။ မြန်မြန်လုပ်ကြ။ နတ်ဘုရားမကြိုက်ဘူး တူတယ်။ ငါတော့ ကြောက်လာပြီ"

ကျောက်သွေး (၃) ဘူးရတော့ အောင်သန်းက အပေါ်သို့ တင် သည်။ ကျွန်တော်က လှမ်းယူပြီး ဆလုံမှုဆိုးကို ပေးသည်။ တင်သောင်း က သစ်မြစ်များကို ဖြတ်၍ သေတ္တာကြီးအားရှုပြီး ဆွဲထုတ်သည်။ အောင်



www.burmeseclassic.com

www.burmeseclassic.com



သန့်ပါ ကူပြီးဆွဲထုတ်၍ လက်ကိုင်ကိုင်းများအား ကြိုးဖြင့် ချည်ပေးသည် အောင်မြင့်ဒင်နှင့်ကျော်ကြီးက တဖြည်းဖြည်း ဆွဲတင်သည်။ တင်သော် နှင့်အောင်သန်းက အောက်က မ,တင်ပေးသည်။ သေတ္တာကြီးအပေါ် ရောက် သည်နှင့် ကျောက်သစ်ပင်ကြီးက ယမ်းခါသည်။

"အောင်သန်းနဲ့ တင်သောင်း အမြန်တက်ကြ။ မုဆိုးကိုကပေါ် သေတ္တာကို ထမ်းပြီး မော်တော်ဆီကိုပြေး၊ ကျန်တဲ့သူတွေအားလုံး သေ လွတ်ရာကို ရှောင်ကြ၊ ကျောက်သစ်ပင်ကြီး လဲတော့မယ်"

ကျွန်တော်တို့ တောင်ခြေရောက်သည်နှင့် ကျောက်သစ်ပင်ကြ အမြစ်ကျွတ်ပြီး လဲတော့သည်။

"ဝုန်း ... အုန်း ... အုန်း ... ဗုန်း ..."

သစ်ပင်ကြီးလဲသည်နှင့် တော်လဲသံလို တဝေါဝေါ အသံကြား သည်။ တိရစ္ဆာန်များ၏ အသံစုံကိုလည်း ကြားရသည်။ အချိန်အခါမဟုတ် မိုးကလည်း သဲသဲမဲမဲ ရွာချပါသည်။ ကျွန်တော်တို့အဖွဲ့ မော်တော်ဆီ လု၍ ပြေးရသည်။ ကျွန်တော် လူအရွေးမှန်သည်။ ရတနာသေတ္တာကြီးအ ဆလုံမုဆိုးကိုကပေါင်းကို အပ်လိုက်၍သာ တော်တော့သည်။ ကျွန်တော် အဖွဲ့တွင် ရတနာသေတ္တာအား ထမ်းပြေးနိုင်လောက်အောင် ဗလတော သူမရှိပါ။

ကမ်းခြေသို့ရောက်တော့ လှိုင်းက တက်လာပြီး မုန်တိုင်းကာ လာသည်။ မော်တော်ကြီးမှာ လှိုင်းလေကွယ်ရာ 'အော်'ထဲ၌ ရှိနေ လည်း တော်လဲသံကြီးကြောင့် လှုးလွန့်နေသဖြင့် မနည်းပင် မော်တော် သို့ တွယ်ဖက်တက်ရသည်။ မော်တော်ပေါ်ရောက်တော့ လူစုံမစုံ ပစ္စည်း မစုံ စစ်ဆေးရသည်။ အားလုံး ပြည့်စုံသော်လည်း မော်တော်မထွက် မုန်တိုင်းတိုက်ပြီး လှိုင်းကြီးနေသောကြောင့်ဖြစ်သည်။ ထိုစဉ် မော်တော် ကျောက်ခဲများ လာမှန်သည်။ အသေအချာကြည့်မှ ကျောက်ကမ်းပါး တွင် 'ငေါင်း'အုပ်စုကြီး။





အစောက ကျောက်သစ်ပင်ခြေမှ အကောင်ကြီးက ဦးဆောင်ပြီး ငေါင်း (၁၀) ကောင်ခန့်က မော်တော်ဘုတ်ကြီးအား ကျောက်ခဲများဖြင့် ထိ ပေါက်နေကြခြင်းဖြစ်သည်။ နီညိုရောင်မျောက်များလည်းပါသည်။ မုန်တိုင်း တိုက်နေသောကြောင့် မော်တော်အား ထိထိရောက်ရောက် မမှန်သော် လည်း ကြီးမားလှသည့် ကျောက်ခဲကြီး တစ်ချက်မှန်သည်နှင့် မော်တော် မှာ ထိခိုက်ပေလိမ့်မည်။ ထို့ကြောင့် ကျွန်တော်က သူတို့ခေါင်းပေါ်ကျော်ပြီး ရိုင်ဖယ်သေနတ်ကို တစ်တောင့်ချင်း သုံးလေးချက် ပစ်ဖောက်လိုက်သည်။

"ဒိန်း ... ဒိန်း ... ဒိန်း ..."

မိုးချုန်းသံဖြင့် ရောနေ၍ သူတို့ မဖြုပါ။ ထိုစဉ်မုန်တိုင်း အားပျော့ သွားသည်။

"မြင့်သိန်း ... မော်တော်စက်နှိုးပြီး မြန်မြန်ထွက်တော့"

"ဟုတ်ကဲ့ ဆရာ"

ထွက်ပေါက်ကျဉ်းသဖြင့် ကျောက်ဆောင်ဖြင့် မတိုက်မိစေရန် ပိုင်း ထိန်းပေးကြရသည်။ စက်အားကောင်းသော မော်တော်ကြီးက လျှောလျှော ရှုရှု အော်ဝမှ တိုးထွက်လာသည်။ ပင်လယ်ထဲတွင် လှိုင်းက ထန်ဆဲ။ သို့ သော် ကျွန်တော်တို့ အီဒါးကျွန်း ရေပိုင်နက်မှ လွတ်ပြီး လာအိုရာကျွန်းကြီး အနီးရောက်တော့ အနောက်ဘက်မှ ကျွန်းခံနေသဖြင့် လေငြိမ်သွားသည်။ သို့သော် ငါးမန်းအုပ်ကြီးက လိုက်လာပြီး မော်တော်ကြီးအား တိုက်ခိုက် နေသေးသည်။ မော်တော်မှာ သံကိုယ်ထည်ဖြစ်၍သာ တော်တော့သည်။ ဖိုင်ဘာဆိုလျှင် မလွယ်ပါ။ ကွဲအက်သွားနိုင်သည်။

"ကဲ ... မုဆိုးကိုကပေါင်း။ မော်တော်ပဲ့ပိုင်းမှာ မှိန်းတွေရှိတယ်။ ငါးမန်း ကြီးကြီးတစ်ကောင်လောက် မှိန်းနဲ့ ပစ်ပေးစမ်းပါ။ ကျော်ကြီးက ငါး မန်းတစ်ကောင်နဲ့ မှိန်းစူးထားတဲ့ ငါးမန်းကို သေနတ်နဲ့ ပစ်ပြီးတာနဲ့ အားလုံး မှိန်းစူးထားတဲ့ ငါးမန်းကို မော်တော်ပေါ် ဆွဲတင်ကြ"

"ဆရာ ... ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြီး ဟိုမှာကြည့်ဦး … ရိက္ခာတွေ ရေစိုကုန်ပြီ။ ကြာကြာထားလို့ မရတော့ဘူး။ ကျွန်းပြန်ရောက်ရင် အကုန်လုံးချက်ပြီး တစ်ရွာလုံးဝေပေးမယ်။ အသားဟင်းကတော့ ငါးမန်းသားဟင်းပေါ့"

"ဟုတ်တယ် … ဟုတ်တယ်"

ထိုစဉ် ရိက္ခာပုံကြားမှ ထမိစကို မြင်၍ ကျွန်တော် အလန့်တကြား သတိရလိုက်မိသည်။

"ဟယ် … ငါ့မမကြီး၊ ဖော့ကောင်တွေ … လုပ်ကြဦး"

ထိုအခါမှ မမကြီးအား သတိရကြ၍ ရိက္ခာပုံကြားမှ ဆွဲထုတ်ကြရသည်။ မမကြီးမှာ အကြောက်လွန်၍ မေ့နေခြင်းဖြစ်သည်။ ကျွန်တော်က ရင်ခွင်ထဲ ပွေ့ယူရင်း ပုဏ္ဏားက နာနှပ်ပေးတော့ မမကြီး သတိရလာသည်။ ကျွန်တော့်အား ဖက်တွယ်ထားရင်း …

"ဟင် … မောင်မောင် … ဘာဖြစ်ကုန်တာလဲ။ မမတို့ မသေဘူးနော်"

"မသေပါဘူး … မမရယ်၊ အခု ကျွန်တော်တို့ကျွန်းက ပြန်လာလို့ ရတနာတွေလည်း ရလာပါပြီ။ မစိုးရိမ်ရတော့ပါဘူး"

ထိုစဉ် ကျော်ကြီးပစ်လိုက်သော သေနတ်သံ (၂) ချက်က ထွက်ပေါ်လာပြန်သည်။

"ဒိန်း … ဒိန်း …"

မမကြီးက ကျွန်တော့်အားတိုးဖက်ပြီး ကြောက်လန့်တကြားဖြင့်–

"ဘာဖြစ်ပြန်တာလဲ … မောင်မောင်"

"ဘာမှမဖြစ်ပါဘူး။ ငါးမန်းအုပ်ကြီး လိုက်လာလို့ ကျော်ကြီးက ခြောက်လှန့်ပစ်တာပါ"

ကျွန်တော်တို့ ထွက်ကြည့်တော့ ငါးမန်းကြီးတစ်ကောင် ဖော်တော်ပေါ်သို့ ရောက်နေပြီ။ ရွှေစိမ်းရောင်ခေါင်းကြီးနှင့် ကျွဲငါးမန်းကြီး၊ ပင်လယ်ရေပြင်တွင် သွေးခြင်းခြင်း ရဲနေသည်။ ကျော်ကြီး ဒုတိယပစ်သော ငါးမန်းမှ





ထွက်သော သွေးညှီနံ့ကြောင့် ငါးမန်းအုပ်ကြီး ဒေါ်ရာရထားသော ငါးမန်းအား ဝိုင်း၍ ကိုက်ဖြဲစားသောက်ရင်း ကျန်ခဲ့တော့သည်။

"တို့ဆရာကတော့ အကြံကြီးသပေါ့၊ ဟင်းအတွက် ငါးမန်းတစ်ကောင်လည်း ရပြီ၊ လာတိုက်ကြတဲ့ ငါးမန်းအုပ်ကြီးလည်း၊ အဝေးမှာ ကျန်နေခဲ့ပြီ"

အခြေအနေအေးတော့မှ ရတနာသေတ္တာကြီးကို သတိရပြီး …

"ကဲ … တင်သောင်းနဲ့ အောင်သန်း၊ စတိုခန်းက ပစ္စည်းယူပြီး ရတနာသေတ္တာကြီးကို ဖွင့်ကြစမ်း၊ တို့ယူလာတာ ရတနာသေတ္တာမှ ဟုတ်ရဲ့လား"

တင်သောင်းနှင့်အောင်သန်း ရတနာသေတ္တာကြီးအား ကလော်ဖွင့်နေစဉ် ဝိုင်းအုံကြည့်နေကြသည်၊ စိတ်အဝင်စားဆုံးကတော့ မိန်းမသားဖြစ်သူ မမကြီးပင်ဖြစ်ပါသည်၊ သံချေးတက်နေသော အဖုံးပွင့်သွားတော့ အထဲတွင် ကျွန်တော်တို့ရထားသော ကြေးနီမြေပုံတစ်လိပ်နှင့် ဝင်းဝင်းလက်နေသော ရွှေရောင်ပုလဲလုံးများအောက်၌ ရတနာမျိုးစုံ ရှေးဟောင်းရွှေထည်များ၊ တန်ဖိုးကို မခန့်မှန်းတတ်။ နည်းမည်တော့ မဟုတ်။ ကျွန်တော်တို့က ရတနာသိုက်အမျိုးမျိုးဖြင့် ကြုံဖူးသဖြင့် အထူးအဆန်းတော့ မဟုတ်တော့။ အောင်မြင့်ဒင်နှင့် ဆလုံမှဆိုးကတော့ အလွန်အံ့ဩနေသည်၊ သို့သော်လည်း သူတို့လည်း လောဘသားများ မဟုတ်ကြပါ။

"အောင်သန်းတို့ … ပြန်ပိတ်လိုက်ကြ၊ တစ်ဝက်ကို ဂျူလန်းဆရာတော် သာသနာပြုဖို့ လှူမယ်၊ တစ်ဝက်ကို သက်ဆိုင်သူတွေ အချိုးကျရစေမယ်"

ထိုအချိန်တွင် မုဆိုးကိုကပေါင်းက သတိရဟန်ဖြင့် …

"ဆရာ … ဆရာ … ငါတို့ သူကြီးလျော့ကြီး မေ့ကျန်ခဲ့ပြီ။ ငါလျော်ရတော့မယ်။ ဘယ်လိုလုပ်ကြမလဲ၊ ပြန်ယူကြမလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သတိရှိပါတယ် ... ကိုကပေါင်းရယ်။ အီဒါးကျွန်းအော်ထဲက ထွက်ကတည်းက အော်ဝမှာ ကန့်လန့်ခံပြီး ကျန်နေခဲ့တာ။ ပြန်ယူစရာလည်းမလိုပါဘူး။ ဂျလန်းကျွန်းပြန်ရောက်ရင် ကျွန်းပေါ်က အကောင်းဆုံး သက်န်းပင်ရှာပြီး လှေထွင်းပေးလိုက်ရုံပေါ့။ ကျွန်းသားတွေ ရွှေမက်တယ်ဆို၊ လုပ်ခ ရွှေတွေပေးမှာပေါ့"

"အေး ... အဲ့ဒါ ကောင်းတယ်။ ဒါပေမဲ့ လှေပိုင်ရှင်ကို အီဒါးနတ်ဘုရားက ခြေရာခံပြီး ပြုစားရင်တော့ သူကြီးသေမှာပဲ"

"အစွဲအလမ်းမထားစမ်းပါနဲ့ ... ကိုကပေါင်းရယ်။ အဲ့ဒီလှေကြီးသာ ကျွန်တော်တို့ရအောင်ပြန်ယူရင် ကျွန်တော်တို့ ဒုက္ခရောက်မှာ အမှန်ပဲ"

"ကဲ ... လေလည်း ငြိမ်သွားပြီ။ မော်တော် ပြန်ထွက်မယ်။ ပြန်မထွက်ခင် အောင်မြင်မှုအထိမ်းအမှတ်ပွဲလေး လုပ်လိုက်ကြရအောင်။ ကျော်ကြီး ... ပုလင်းဖွင့်ကွာ"

မြင့်သိန်းက ဆလင်ခန်းမှ လှမ်းပြောတော့ ကျော်ကြီးကလည်း လက်မနှေးပါ။ ဝီစကီပုလင်းကြီးတစ်လုံးကို ယူ၍ ဖွင့်သည်။ တင်သောင်းက ဖန်ခွက်ရှာပေးသည်။ အောင်သန်းက ရေဘူးတစ်လုံးကိုဖွင့်၍ ...

"ဒါလေး နည်းနည်းစီရောမှ လန်းသွားလိမ့်မယ်"

ကျွန်တော်တို့ အီဒါးကျွန်း၊ ကျောက်သစ်ပင်ခြေရင်းမှ ခပ်ယူလာခဲ့သော ကျောက်သွေးများဖြစ်ပါသည်။ ဝီစကီနှင့် ရော၍သောက်ကြသည်။ အပန်းပြေစေရန် မမကြီးကိုလည်း တိုက်သည်။ ပုဏ္ဏားကတော့ ကျောက်သွေးချည်း သောက်သည်။

"ငန်ကျိကျိ ချိုတိုတို၊ ညှီတီတီ ... အဟဲ ... သောက်လိုက်တော့လည်း အလန်းသား"

ပုဏ္ဏားက မှတ်ချက်ချသည်။ ဆလုံမုဆိုးကတော့ မရဲတရဲသောက်သည်။ မမကြီးကတော့ ဆေးဖြစ်ဝါးဖြစ်သာ သောက်ပါသည်။ ကျွန်တော်





သောက်ကြည့်တော့ ရင်ထဲ အလွန်အေးမြသွားသည်။ ပင်ပန်းသမျှ ယူပစ်လိုက်သလို ပျောက်သွားသည်။ ကျွန်တော်တို့ လာအိုရာကျွန်းလေးကွယ်ရာမှ မော်တော်ထွက်လာတော့ မုန်တိုင်းက ငြိမ်သွားပြီး လှိုင်းကြပ်ခွပ်နှင့်လေပြည်လေညင်းကလေးသာ ရှိတော့သည်။

မော်တော်ကြီးက အရှိန်အဟုန်ဖြင့် ပြေးနေသည်။ နာရီဝက်ခန့်အကြာ ကျွန်းမီးရောကို လွန်သည်နှင့် ဂျလန်းကျွန်းကို လှမ်းမြင်ရတော့သည်။ (၁) နာရီခန့်ကြာတော့ ဂျလန်းကျွန်းအနီးရောက်လာပြီး ဆရာတော်ကျောင်းလှေဆိပ်သို့ ဆိုက်ကပ်နိုင်သည်။ အချိန်က ညနေစောင်းချေပြီ။ ကျောင်းတွင်ဆရာတော်ရှိပုံမရ။ သူကြီးဦးလော်ကဲနှင့် အဘဦးလူဒင်တို့သာ ကပ္ပိယကြီးနှင့်အတူ ကျောင်းပေါ်မှ ဆင်းလာသည်။

"ဩော် ... ဆရာလေးတို့ ပြန်ရောက်လာကြပြီပဲ။ အဆင်ပြေကြရဲ့လား။ အလို ကျူပ်ထွင်းလှေကြီး မမြင်ပါလား"

"အီဒါးကျွန်းမှာ မုန်တိုင်းမိပြီး ကြိုးပြတ်ကျန်ခဲ့တာ။ ကျွန်တော်တို့ သူကြီးကို စိတ်တိုင်းကျ ထွင်းလှေအသစ် ငါလျော်ကြေးပေးပါ့မယ်။ အခုတော့ ရိက္ခာတွေလည်း မုန်တိုင်းမိလို့ ရေစိုကုန်ပြီ။ ဒီညနေ ချက်ချင်း ချက်ပြုတ်ပြီး ရွာသူရွာသားတွေကို အကုန်ကျွေးမယ်။ အသားဟင်းအတွက်လည်း ငါးမန်းတစ်ကောင် ဖမ်းလာပါတယ်။ သူကြီး ချက်ရေးပြုတ်ရေးစီစဉ်ပေးပါ။ ကျွန်တော်တို့ကိစ္စလည်း အောင်မြင်ပါတယ်။ ဒါနဲ့ ဆရာတော်ဘယ်ကြွသွားသလဲ"

"ရွာထဲမှာ မိန်းမတစ်ယောက် သေလို့ သရဏဂုံ အတင်သွားသယ်။ မိုးမချုပ်ခင် ပြန်ကြွလာမှာပါ။ ကဲ ... ကျောင်းပေါ်မှာ နားကြဦး။ ချက်[illegible]ဖို့ စီစဉ်လိုက်ဦးမယ်"

ကျွန်တော်တို့ သင်္ဘောပေါ်မှာပဲ သောက်ရင်းစားရင်း နားကြတော့သည်။ ညစာ စားခါနီးမှ ဆင်းလာမယ်။ ကိစ္စတွေစီစဉ်ပြီးရင် သူကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



သဘော်ပေါ် ကြွခဲ့ပါဦး။ အပေါ်မှာ သောက်ပွဲကလေး စီစဉ်ထားတယ်။ ကဲ ရော့ . . . ဒါက ကျွန်းပေါ်ရခဲ့တဲ့ ကျောက်သွေး၊ အသက်ရှည်အားတိုးဆေး ပဲ''

ကျွန်တော်က ကျွန်တော်တို့သောက်ပြီး တစ်ဝက်ခန့်ကျန်နေသေးသော ကျောက်သွေးရေဘူးအား ကမ်းပေးတော့ သူကြီးက . . .

''ကျောက်သွေး . . . ကျုပ် ကြားဖူးတယ်။ အလွန်အစွမ်းထက်တဲ့ အားဆေးပဲ။ အဘ ဦးလူဒင်နဲ့ ဆရာတော်ကိုပါ တိုက်ရမယ်''

ကျွန်တော်တို့ သဘော်ပေါ်က ရိက္ခာများကို အရေးပေါ်စားရန် မုန့်ပုံးများနှင့် ကော်ဖီထုပ်များ၊ အချိုရည်ဘူးအချို့ကိုသာ ချန်ထားပြီး အကုန် ချပေးလိုက်သည်။ သူကြီးဦးလော်ကဲအစီအစဉ်ဖြင့် တစ်ရွာလုံး ဝိုင်းချက်၍ တစ်ရွာလုံး စားကြပေရော့မည်။ ကျွန်တော်တို့ကတော့ ရတနာသိုက်ရှာဖွေ ရေးအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ယနေ့ည မော်တော်ပေါ်တွင် အောင်ပွဲခံကြပါမည်။ ညမှောင်ရိပျိုးသည်နှင့် မော်တော်ကြီးအား မီးထိန်ထိန် ထွန်းသည်။ ဆရာတော်ကျောင်းတွင်လည်း မီးစက်မောင်း၍ ချက်ပြုတ်နေ ကြသည်။

မကြာမီ ကျွန်တော်တို့ မော်တော်ကြီးပေါ်တွင် ဝိုင်းစတော့ သူကြီး ဦးလော်ကဲနှင့် အဘဦးလူဒင်တို့ ကြွလာကြသည်။

''ကဲ . . . လုပ်စမ်းပါဦး၊ ဆရာလေးတို့ စွန့်စားခန်း နားထောင် ရအောင်''

အဘဦးလူဒင်က အစပျိုးသည်။

''အဘရေ . . . အဘဦးလူဒင် မလိုက်လာတာလည်း ကောင်းပါ တယ်။ ကျွန်းပေါ်မှာ ကျွန်တော်တို့ ကြားဖူးရုံသာ ကြားဖူးပြီး မမြင်ဖူးတဲ့ လူးကောင်ခေါ် ငေါင်းကောင်ကြီးတွေ အုပ်လိုက်တွေ့ခဲ့ရတယ်။ နောက်ပြီး ကျောက်သစ်ပင်ကြီးတွေက ပေနှစ်ဆယ်၊ အစိတ် မြင့်လိမ့်မယ်။ ပကတိ





ကျောက်သားကနေ သစ်ပင်ဖြစ်နေတာ။ ကျွန်တော်တို့ ပင်လယ်ရေအောက် သန္တာကျောက်တန်းက ကျောက်ခက်ပင် အသေးလေးတွေပုံစံမျိုး။ သူက အကြီးစားကြီးတွေ။ နောက်ပြီး အပင်ရင်းကလည်း ကျောက်သွေးတွေ စိမ့် ထွက်နေလို့ ကျွန်တော်တို့ ခပ်ခဲ့သေးတယ်။ အစောက အဘနဲ့ သူကြီး သောက်ဖို့ ပေးလိုက်သေးတယ်လေ''

''အေး . . . ဟုတ်ပါရဲ့၊ သောက်ရပါတယ်။ အဘလည်း မြိတ် ကျွန်းစုကို အမဲလိုက်ရင်း ငှက်သိုက်ရှာရင်း သစ်မွှေးရှာရင်း နှံ့ပြီမှတ်တာ။ 'အီဒါး' ကျွန်းဆိုတာ ရောက်ဖူးဖို့ မပြောနဲ့။ ကြားတောင် မကြားဖူးဘူး။ နီးလျက်နဲ့ ဝေးနေတာ''

''အီဒါးကျွန်းက ပုံမှန်ရေယာဉ်တွေသွားလည်း အပြင်ဘက်၊ ပင် လယ်နက်အထဲမှာဆိုတော့ တော်ရုံလှေ၊ မော်တော် မရောက်နိုင်ဘူး အဘ။ ရေနက်တယ်၊ လှိုင်းကြီးတယ်။ ငါးမန်းတွေ ပေါတယ်။ ရာသီဥတုဆိုးတယ်။ ဖောက်ပြန်တတ်တယ်''

''နတ်ကြီးတာပါ''

မှဆိုးက ဝင်ပြောတော့ . . .

''အဘဦးလူဒင်က . . .

''ကပေါင်း . . . မင်းကလည်း သူများအသက်သတ်၊ မုဆိုးလုပ်နေ ပြီး နတ်ယုံတုန်းပဲလား။ အခု မင်းတို့တွေ့ခဲ့တာလည်း ကျွန်းစောင့်နတ်တွေ မဟုတ်ဘူး။ ရှားပါးသတ္တဝါ ငေါင်းခေါ်တဲ့ လူးကောင်တွေ။ ငါလည်း ငယ်စဉ် က လောင်းလုံကျွန်းစုဘက်မှာ မြင်ဖူးခဲ့တယ်။ လူထက် အရပ်မြင့်တယ်။ အရပ်က (၁၀)ပေလောက်ရှိပြီး မျက်လုံးက နီတယ်။ ဦးခေါင်းနောက်စေ့မှာ ဦးချိုအချွန်ကြီး ထွက်နေတယ်။ တစ်ကိုယ်လုံး အမွေးအမှင်တွေနဲ့ လူပုံစံ ပဲ။ ဒါပေမဲ့ ခြေထောက်က တစ်ချောင်းတည်း။ လမ်းသွားရင် ခုန်ဆွခုန်ဆွ နဲ့ အတော်မြန်တယ်။ လူတွေကို အန္တရာယ်မပေးပါဘူး။ သူ့ကို အန္တရာယ် ပေးမှသာ ပြန်ခုခံတတ်တာပါ''



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူကြီးဦးလော်ကဲက အရက်တစ်ခွက်သောက်၍ အမြည်း ဝါးရင်း ...

"ဆရာတော် ပြန်ရောက်ပြီ။ ချက်ပြုတ်ကျွေးမွေးနေတာတွေ့တော့ အလှူက မနက်ဖြန်မနက်မှ လုပ်မှာမဟုတ်ဘူးလားလို့ မေးနေတယ်"

"မနက်ဖြန်မနက်မှ အလှူလုပ်မှာ ဟုတ်ပါတယ် ... သူကြီး။ ဒါပေမဲ့ ရိက္ခာတွေက ရေစိုလာတော့ အခုည ချက်မှဖြစ်မှာ။ မနက်မှ ချက်ရင် အချဉ်ပေါက်ကုန်လိမ့်မယ်။ ဒီရွာက လူဦးရေ (၅၀) ကျော်လောက်ပဲရှိတော့ ညမနက် လုံလောက်ပိုလျှံအောင် ကျွေးနိုင်ပါတယ်။ ဒါကြောင့် အခု ညကတည်းက ကျွေးတာပါ"

"ဩော် ... ဒီလိုကိုး။ ကျုပ်က သဘောမပေါက်ဘူး"

ထိုစဉ် သူကြီးမှာခဲ့ဟန်ဖြင့် ငါးမန်းသားဟင်းများ လာပို့သည်။

"သူကြီး ... ဆရာတော်နဲ့ ကိုရင်တွေအတွက် ဦးချ ချန်ထားရဲ့လား။ မနက်ဖြန် အရုဏ်ဆွမ်းနဲ့ နေ့ဆွမ်းအတွက်လေ"

"စိတ်ချစမ်းပါ ... ဆရာလေး။ ကျုပ်လည်း ဗုဒ္ဓဘာသာဝင်တစ်ယောက်။ မြို့ရောက်ဖူးတဲ့သူတစ်ယောက်။ နတ်ဆို ယုံတာမဟုတ်ဘူး။ ဆရာတော်အတွက် ဘုန်းကြီးကျောင်းက ငါးဆင့်ချိုင့်ကြီးတစ်လုံး ဦးဦးဖျားဖျား ခွဲထည့်ပြီး ကပ္ပိယကြီးကို အပ်ပြီးမှ ဒီကိုလာခဲ့တာပါ"

"ကောင်းပါတယ် ... သူကြီး။ ကျွန်တော်က သူကြီးမေ့နေမှာစိုးလို့ သတိပေးမိတာပါ"

ကျွန်တော်တို့ ဝိုင်းဆက်ကြသည်။ ညစာထမင်းကိုပင် သင်္ဘောပေါ်သို့ ယူစားကြသည်။ ထိုညက အရက်သောက်ထားသဖြင့် ဘုန်းကြီးကျောင်းသို့ မဆင်းဖြစ်တော့ပါ။ ဆရာတော်ကလည်း နားလည်သဘောပေါက်ဟန်တူသည်။ ကျွန်တော်တို့အား မခေါ်ပါ။ ထိုညက အရက်သောက်စားထားပြီး ရတနာသေတ္တာကြီးကလည်း သင်္ဘောပေါ်၌ ရှိသဖြင့် ကျွန်တော်ထက်နက်ကိုင် (၂) ယောက်တစ်တွဲ ကင်းချထားရသည်။ သို့သော် ဂျလန်း





ရွာက အလွန်အေးချမ်းပါသည်။ ညအချိန် သင်္ဘောအနားသို့ပင် ကာလား သူကြီး၊ မိန်းမများ မလာကြပါ။ ဆရာတော်၏ အရှိန်အဝါနှင့် သူကြီး ဦးလော်ကဲ၏ အရှိန်အဝါကြောင့်လည်း ဖြစ်ပါလိမ့်မည်။

ထိုညက မောမောပန်းပန်းဖြင့် ကောင်းစွာ အိပ်ရပြီ၊ နောက်တစ်နေ့မနက်တွင် မနက်စာစားရင်း ရတနာများကို တစ်ဝက်တိတိခွဲ၍ မြွေရေခွံဆန်အိတ်ထဲထည့်ကာ ဆရာတော်ကျောင်းသို့ အဖွဲ့လိုက် ဆင်းခဲ့ကြပါသည်။ သင်္ဘောအစောင့်ကိုတော့ ယနေ့မနက် မှဆိုးအောင်သန်းနှင့် တင်သောင်းကို ထားခဲ့ရသေးသည်။

ကျွန်တော်တို့ ကျောင်းပေါ်ရောက်တော့ ဆရာတော်က သူကြီးနှင့် ရွာသူရွာသားများ ခြံရံလျက် မြက်ဖျာပေါ်တွင် ထိုင်နေသည်။ ကျွန်တော်က ကပ္ပိယကြီးထံမှ လင်ပန်းကြီးတစ်ချပ်တောင်းပြီး ရတနာများအားထည့်၍ အဖွဲ့ကိုယ်စား ဆရာတော်သာသနာပြုရန်နှင့်လှူဒါန်းနိုင်ရန် ဂျလန်းရွာနှင့် အခြားကျွန်းများရှိ ဆလုံလူမျိုးများအတွက် ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် လှူဒါန်းကြောင်း လျှောက်ထားရာ ဆရာတော်က သီလပေးသည်။ လှူဒါန်းရသည့် အကျိုးကို ရှင်းပြသည်။

သူလည်း ကိုယ်ကျိုးမဖက်၊ ဘာသာ သာသနာ၊ ပညာရေး၊ ကျန်းမာရေးအတွက်လုပ်ဆောင်မည်ဟု ကတိပြုသည်။ ထို့နောက် ရွာသူရွာသားများရှေ့တွင် ရွာသူကြီးဦးလော်ကဲအား ယုံကြည်စွာဖြင့် အပ်နှံသည်။ ပြီးမှ ရေစက်ချ၍ အမျှဝေသည်။ ထို့နောက် အလှူအောင်မြင်ခြင်း အထိမ်းအမှတ် ရွာသူရွာသားများအား နေ့လယ်စာကျွေး၍ အလှူလုပ်ပါသည်။

ကျွန်တော်တို့ ရည်ရွယ်ချက် အထမြောက်အောင်မြင်ပါပြီ။ မော်တော်ပေါ်သို့ခေါ်၍ အဘဦးလူဒင်၊ သူကြီးနှင့် မှဆိုးအား ရတနာအချို့ သီးသန့်လက်ဆောင်ပေးသည်။ သူကြီးလှေထွင်းရန်အတွက်လည်း လှေသားများအား သီးသန့်ခေါ်၍အပ်ပြီး လက်ခပေးလိုက်သည်။ ကျွန်တော်တို့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တော်အား နှုတ်ဆက်ကန်တော့ပြီး ကျွန်းဆိပ်က မော်တော်ထွက်လာတော့ တစ်ရွာလုံးက ထွက်ပြီး လက်ပြနှုတ်ဆက်ကြသည်။ မွန်းလွဲတစ်နာရီတိတိ အချိန်ဖြစ်သည်။ ဂျလန်းကျွန်းကို ကျော်တော့ ပင်လယ်ရေပြင်ကြီး။ ယနေ့ ရာသီဥတုက အလွန်သာယာ ကောင်းမွန်နေသည်။ ကောင်းကင်ပြာပြာ ပင်လယ်ရေပြာပြာအောက်၌ ကျွန်တော်တို့ မော်တော်ကြီးအရှိန်ဖြင့် ပြေး လွှားနေသည်။

မာန်အောင်ကျွန်း၊ ဘင်ဆင့်ကျွန်း၊ ပိုးကျွန်း၊ သရောသဟန်ကြီး ကျွန်းကိုလွန်တော့ နေဝင်ချေပြီ။ ပင်လယ်ရေ ရောင်ပြန်ကြောင့်အလင်း ရောင်ကတော့ ရှိသေးသည်၊ လက မထွက်သေး။ မြင့်သိန်းက ဆလိုက်မီး ကြီး ဖွင့်၍မောင်းသည်။ ကတန်ကျွန်းကြီးအနီး ရောက်ပြီဖြစ်၍ မြင့်သိန်းက ရေကြောင်း ကျွမ်းကျင်နေပြီဖြစ်သည်။ မြို့ကြီးနှင့်နီးသော ကျွန်းများဖြစ်၍ လျှပ်စစ်မီးရောင်က ထိန်ထိန်လင်းနေကြသည်။

မြိတ်ကျွန်းစုအချင်းချင်း ဖြစ်သော်လည်း မြို့ကြီးများအနီး၌ ကပ် လျက်ရှိသောကျွန်းများက ဟိုတယ်များ၊ ကုမ္ပဏီလုပ်ကွက်များဖြင့် စည်ကား ခေတ်မီနေသော်လည်း မြို့ကြီးများနှင့်ဝေးသော ကျွန်းများက အချို့လူနေ သော်လည်း အချို့လူမနေ။ ကျွန်းပေါင်း (၈၀၄) ကျွန်းတွင် လူမနေသော ကျွန်းကများသည်။ နာမည်မရှိသောမထင်ရှားသော ကျွန်းကလေးများက လည်း အလွန်များပါသည်။

ကျွန်တော်တို့သွားခဲ့သော အီဒါးကျွန်းလို အရိုင်းကျွန်းများ၊ အဖိုး တန်ကျွန်းများ မည်မျှရှိဦးမည်မသိပါ။ ခေတ်မီနိုင်ငံကြီးများက ကြော်ငြာ ပြီးဟ်အသီးသီးသို့ ရောက်အောင် သွားကြသော်လည်း ကျွန်တော်တို့လို ခြေ ကြောပါသည့် ရတနာမှုဆိုးများပင် မြိတ်ကျွန်းစုကို မနှံ့ပါ။ မြန်မာပြည်သား လူအများစုကတော့ မြန်မာပြည်တွင်းကိုပင် နှံ့စပ်အောင် လှည့်ပတ်သွား လာနိုင်ခြင်း မရှိကြသေးပါ။





ထို့ကြောင့် ဒေသန္တရဗဟုသုတခေါင်းပါးပြီး မြန်မာတိုင်းရင်းသား အချင်းချင်းကိုပင် စုံအောင်မသိကြ။ နေရာစုံ မရောက်ဖူးကြ။ ထို့ကြောင့် မြို့ကြီးများနေလူများက လွဲ၍ နယ်စွန်နယ်ဖျားနေ တိုင်းရင်းသားများ လူ နေမှုအဆင့်အတန်း နိမ့်ကျ၍ ခေတ်နောက်ကျကျန်ခဲ့ခြင်း ဖြစ်ပေလိမ့် မည်။ ကျွန်တော်တို့ နိုင်လတ်၏ ဆမ္ဘိုင်းဟိုတယ်ရှေ့ မော်တော်ဆိပ်သို့ မော် တော်ကြီးကပ်တော့ ဟိုတယ်ကြီးမှာ မီးထိန်ထိန်လင်းနေသည်၊ အချိန်က ည (၈) နာရီ။

လုံခြုံရေးအစောင့်၏ အကြောင်းကြားချက်အရ မန်နေဂျာကိုအောင် ချမ်း အပြေးထွက်၍ ကြိုဆိုသည်။

"ဆရာတို့ . . . ကြွကြပါ။ ဆမ္ဘိုင်းဟိုတယ်က ကြိုဆိုပါတယ်"

"ခင်ဗျားတို့ သူဌေးနိုင်လတ်ရော . . . ကိုအောင်ချမ်း"

ကျွန်တော်တို့အဖွဲ့များ ပစ္စည်းများကို မော်တော်ပေါ်ကချ၍ အခန်း ထဲသွင်းပြီး နေရာချထားနေကြစဉ် ကျွန်တော်နှင့် အောင်မြင့်ဒင် အဘ ဦးလှဒင်တို့က ညှော်ခန်းစားပွဲတွင် ထိုင်၍ မန်နေဂျာကိုအောင်ချမ်းနှင့် စကား ပြောနေကြခြင်းဖြစ်သည်။

"ဟင် . . . ဆရာတို့ သတင်းမရဘူးလား။ ဆရာတို့စီးတဲ့သင်္ဘော မှာ ဂျီပီအက်ဆက်သွယ်ရေး စက်ပါတယ်လေ"

"သတင်းမရဘူးဗျ . . . ငါတို့သင်္ဘော အီဒါးကျွန်းမှာ မုန်တိုင်း မိတုန်းက ဖြစ်လိမ့်မယ်။ ဘာထူးသလဲ ပြောစမ်းပါဦး။ . . . ကိုအောင်ချမ်း ရယ်"

"ဦးအောင်မြင့်ဒင်ဖုန်းက ဘန်ကောက်က ဆင်းလာတယ်၊ ဆရာ နိုင်လတ်ဖုန်းနဲ့ပေါင်းပြီး ရန်ကုန်ကို လိုက်မလို့တဲ့၊ အဲဒါဆရာတို့ မော်တော် ကြီးကိုစောင့်ပြီးလို့ လမ်းကြိုရင်ဝင်ကြိုဖို့ အကြောင်းကြားတာ၊ ဆရာနိုင် လတ်ကတော့ သူ့ကုမ္ပဏီကိစ္စ အရေးကြီးလို့ ဆင်းသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အေး ... အေး၊ ငါကလည်း ဆရာထောင်မှူးကြီးတို့ အပြန်မှ အဘဦးလူဒင်ကို လန်ပိကျွန်းပြန်ပို့ရင်း ရနောင်းဆင်းမလို့ပါ။ ကဲ.. ကိုအောင်ချမ်း ဟိုတယ်က စက်နဲ့ နိုင်လတ်ဆီကို ဆက်သွယ်ပါ။ ဒီနေ့ည ဟိုတယ်ကို ပြန်ရောက်ကြပြီ၊ ကိစ္စတွေအားလုံး အောင်မြင်တယ်။ မနက်ဖြန် မနက် ဟိုတယ်ကထွက်လာပြီး ရနောင်းကို လာကြမယ်လို့၊ ညဦးပိုင်းလောက် ရောက်လိမ့်မယ်လို့ ... ပြော"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်တော်က အဘဦးလူဒင်ကို အောင်မြင့်ဒင် ခေါ်လာခြင်းမှာ သူ့ အပြန်အဖော်ရစေရန်နှင့် ရတနာပစ္စည်းများ ခွဲဝေကန်တော့ရန် ဟိုတယ်တွင် ကောင်းမွန်စွာ အနားယူစေပြီး ကျွေး[illegible]ပြုစုရန်ဟုသာ သဘောပေါက်ထားပါသည်။

"ကဲ ... ဒီပုံဆို ကိစ္စဝိစ္စတွေ ပြီးပေမဲ့ ဆရာတို့ ပြန်လို့မဖြစ်သေးဘူး။ ကျွန်တော့်မိသားစုနဲ့ နိုင်လင်္ဘမိသားစုပါ ရန်ကုန်ကို အလည်လိုက်ကြမယ်ဆိုတော့ ကျွန်တော် သွားကြိုတုန်း ဆရာတို့ဟိုတယ်မှာ စောင့်ကြရလိမ့်မယ်။ ခရီးသွား ဗီဇာတွေကိစ္စကတော့ နိုင်လတ် ကြိုတင်လုပ်ထားလိမ့်မယ်"

"အောင်မြင့်ဒင်ရေ ... ဒီလိုလုပ်ရအောင်။ ငါတို့ကလည်း ဟိုတယ်မှာ ဖိမ်နဲ့ နပ်နေချင်သူတွေမဟုတ်ဘူး။ မင်းအပြန် ငါတို့ပါလိုက်မယ်။ အဘဦးလူဒင်ကို ဝင်ပို့ရင်း ငါတို့ ဆင်းနေခဲ့မယ်။ ပြန်လာမှ ဝင်ကြို၊ ဖြစ်တယ် မဟုတ်လား"

"ဖြစ်တော့ ဖြစ်ပါတယ်။ ဒါပေမဲ့ ဆရာတို့ ဒီဟိုတယ်မှာ အနားယူရင်း စောင့်တာပိုမကောင်းဘူးလား"

"ငါတို့က ခြေဖွေပါသူတွေလေ။ လန်ပိကျွန်းနဲ့ ကလဲယားကျွန်းတို့ လေ့လာချင်သေးတယ်။ အခုလည်း ခရီးကြုံပြီး အချိန်လည်း ရလို့ပါ။ အဘဦးလူဒင်က ဒေသခံဆိုတော့ ပိုအဆင်ပြေမှာပေါ့"





"အေး ... ကောင်းကွာ။ ငါကလည်း မင်းတို့နဲ့ မခွဲချင်သေးဘူး။ လန်ပိကျွန်းအိမ်ကို စိတ်မချလို့၊ နို့မို့ဆို ရန်ကုန်အထိလိုက်တယ်"

"အခုလည်း လိုက်လို့ရပါတယ် ... အဘရယ်။ ကျွန်တော်တို့က ရတနာပစ္စည်းတွေနဲ့ အဘကိုကန်တော့ပြီး ကျွန်းပြန်ပို့မှာပါ။ ကျွန်းရောက်မှ အိမ်သားတွေကို အသိပေးပြီး ကျွန်တော်တို့နဲ့အပြန် ရန်ကုန်လိုက်ခဲ့ပေါ့။ ဒီကျွန်းပြန်တော့လည်း အဘမြေး အောင်မြင့်ဒင် ရှိတာပဲ။ စိတ်ချလက်ချ အားလုံး အဆင်ပြေပါတယ်။ ခရီးကြုံတုန်းလိုက်ခဲ့ပါ။ ကျွန်တော်တို့ အဘကို မန္တလေးအထိ ခေါ်သွားပြီး ပြုစုပါ့မယ်"

"အဟဲ ... မိန်းမနဲ့ တိုင်ပင်လိုက်ဦးမယ်ကွာ"

ထိုစဉ် မမကြီးက ...

"အဘ လိုက်ခဲ့ပါ။ ကျွန်မတို့ မန္တလေးအိမ်ကြီးက အကြီးကြီးပါ။ ဧည့်သည်လာရင် ဟိုတယ်မှာတည်းစရာ မလိုပါဘူး။ ကျွန်မတို့အိမ်ကြီးမှာပဲ တည်းလို့ရပါတယ်။ နောက်ပြီး ပြင်ဦးလွင်မှာလည်း မိုးမခအိမ်သစ်ကြီးရှိသေးတယ်၊ မောင်မောင်ဆောက်ထားတာ။ သစ်တော်သီးခြံ၊ မွေးမြူရေးခြံ၊ စိုက်ပျိုးရေးခြံတွေနဲ့ တောစပ်နဲ့နီးလို့ ဝါသနာပါရင် အမဲလိုက်လို့လည်း ရပါသေးတယ်"

"အမယ် ... မင်းတို့ဘဝက တယ်ပြည့်စုံတာပဲ။ ချမ်းသာကြပေတာကိုး"

"အဘ ... ကျွန်တော်နဲ့ တပည့်တွေက ဥစ္စာပစ္စည်းငွေကြေးကို မက်မောပါဘူး။ စွန့်စားပြီးရှာမယ်၊ ပြီးရင် ပေးကမ်းလှူဒါန်းပစ်တာပါပဲ။ အဘလိုက်လာရင် ကျွန်တော်တို့ ဦးစီးပြီး ဆောင်ရွက်ထားတဲ့ ပုဂံခေတ် မြစိမ်းဘုရားနဲ့ ကျေးရွာတွေကို ခေတ်မီအောင် ဆောင်ရွက်ထားတဲ့ လုပ်ငန်းတွေကိုလည်း ပြချင်ပါသေးတယ်။ အဘ အလွန်စိတ်ဝင်စားသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . အတော်အကြံကြီးတဲ့ လူစွန့်စားတွေပဲ။ ရက်လည်း ရက်ရောပါရဲ့။ ဒီနေ့ပဲ ကြည့်ပါလား။ အသက်စွန့်ရှာဖွေပြီး ရလာတဲ့ရတနာ တွေကို တစ်ဝက်ခွဲပြီး ဂျလန်းကျွန်းဆရာတော်ကို လှူပစ်တာ။ တပည့် တွေကလည်း ကောင်းပါ့။ ခေါင်းဆောင်ဆရာ လုပ်သမျှ ကျေနပ်တယ်။ နည်း နည်းမှ အတွန့်မတက်ကြဘူး။ အံ့ဩဂုဏ်ယူပါရဲ့ကွာ"

"အဘကလည်း ကျွန်တော် ဘယ်တော့မှ မတရားမလုပ်ဘူး။ ကိုယ်ကျိုးစွန့် အနစ်နာခံတာလည်း သူတို့အားလုံးသိကြတယ်။ ကျွန်တော် သူတို့အပေါ်မှာ ကူညီထားတာတွေလည်း အများကြီးပါ။ အခုဟာက ညီ အစ်ကိုအရင်း မိသားစုတွေလိုပဲ၊ ဘယ်သူ့အကူအညီလိုလို အားလုံးက ဝိုင်း ဝန်းကူညီထောက်ပံ့ဖို့ ဝန်မလေးကြပါဘူး"

"ဟုတ်တယ် အဘ၊ ကျွန်တော်တို့ ထောင်ထဲမှာ ရှိတန်းကလည်း ဆရာက အများကြီး ကူညီခဲ့တာ။ ဒါကြောင့် ယိုးဒယားနိုင်လတ်ကပါ ဆရာ ခို အရမ်းလေးစားတာ"

"အေးကွယ် . . . စွန့်စားတယ်၊ ပေးကမ်းလှူဒါန်း စွန့်ကြဲတယ်၊ စိတ်ကောင်းထားတယ်၊ သူတစ်ပါးကို ရက်ရက်ရောရော ကူညီတယ်။ ဒါဟာ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ အရည်အချင်းပဲ။ အဘလည်း အ သက်လုံးရှာပြီး လှူဒါန်းပေးကမ်းနေတာ။ မင်းတို့ဆရာ ထောင်မှူးကို မမီ ဘူး။ အရည်အချင်း အစွမ်းအစက လိုသေးတယ် ထင်ပါရဲ့"

ထိုစဉ် မန်နေဂျာကိုအောင်ချမ်းက သူ့ဆရာနိုင်လတ်နှင့် အဆက် အသွယ်ရကြောင်း။ ရနောင်းမြို့တွင် စောင့်မျှော်နေမည်ဟု အကြောင်းပြ ကြောင်း ပြောကြားပြီး အောင်မြင့်ဒင်နှင့် သူ့ဘကြီးအား အခန်းပေးရန် ထ သွားသည်။ ကျွန်တော်တို့ကတော့ ယခင်အခန်းရှိပြီးဖြစ်သည်။ တပည့်များ အတွက်သာ အခန်းလိုသည်။

သယ်ပိုးယွန်းပွင့်စံတိုအုပ်စု ပြန်သွားကြပြီဖြစ်၍ နိုင်လတ်က ကျွန် တော်တို့အဖွဲ့အတွက် သီးသန့်ပေးထားသော အခန်းများ ရှိနေပါသေးသည်။





ကျွန်တော်တို့ အဝတ်အစားလဲ၊ ရေမိုးချိုးပြီး ဟိုတယ်ညှော်ခန်းတွင် ပြန်ဆုံ ကြပါသည်။ ည (၉) နာရီခန့် ရှိပြီဖြစ်၍ အခြားညှော်သည်များ ညှော်ခန်းတွင် မရှိတော့ပါ။ အောင်မြင့်ဒင်က သူ့အဘနှင့် ကျွန်တော်တို့အတွက် အကောင်း ဆုံးအမြည်းများ စီစဉ်ပေးသည်။ စားကြသောက်ကြရင်း ည (၁၀) နာရီ ထိုး သွားသည်။ ကျွန်တော်နှင့် အောင်မြင့်ဒင်တို့ ခရီးစဉ် အစီအစဉ် ဆွဲကြပြီး အိပ်ရာဝင်တော့ ည (၁၁) နာရီ ထိုးလုပြီ။ မမကြီးကတော့ အခန်းထဲတွင် အိပ်ပျော်နေလောက်ပြီဖြစ်သည်။

ကျွန်တော်နှင့် တပည့်များ မအိပ်နိုင်ကြသေးပါ။

"ကဲ . . . တပည့်တွေ ရတနာတစ်ဝက်တော့ ကျန်သေးတယ်။ အောင်မြင့်ဒင်နဲ့ နိုင်လတ်ကိုလည်း သူတို့ ကူညီထားတာတွေများတော့ ပေး ချင်တယ်။ မင်းတို့ကိုလည်း ခွဲပေးချင်တယ်။ အဘဦးလှုဒင်ကိုလည်း ပေးရ ဦးမယ်။ ဘယ်လို စီစဉ်ကြမလဲ။ အကြံပေးကြပါဦး"

"ဆရာ့ သဘောပါ။ တပည့်တွေက ကျေနပ်ပြီးသားပါ။ ကျွန် တော်တို့ သုံးစရာလည်း ရှိနေပါသေးတယ်။ လိုရင်လည်း မမကြီးရှိနေတာ ပဲ။ ပူစရာမလိုပါဘူး"

"အေး . . . အေး . . . အလုပ်တစ်ခုပြီးတော့လည်း အောင်မြင်တဲ့ အထိမ်းအမှတ်အနေနဲ့ တစ်စုံတစ်ရာတော့ အမှတ်တရ ကျန်သင့်တာပေါ့။ ကျန်တာတွေကတော့ ငါတို့ စုပေါင်းအလှူပေါ့ကွာ"

"ကောင်းပါတယ် ဆရာ"

ကျွန်တော်တို့ အစီအစဉ်ဆွဲပြီး လုံခြုံသော ဟိုတယ်ကြီးအတွင်း စိတ်ချလက်ချ အိပ်ရာဝင်ခဲ့ကြပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

❑

နောက်တစ်နေ့မနက် (၆) နာရီခန့် အိပ်ရာက ထကြပြီး ခရီးထွ
ရန် ပြင်ဆင်ကြရသည်။ မြင့်သိန်းက မော်တော်ကြီးအား စစ်ဆေးပြီး
လက်၏ ရေယာဉ်မှူးအား ပြန်၍လွှဲသည်။ ခရီးစဉ်စရန် လိုအပ်သော
ဖြည့်စစ်ဆေးနေကြသည်။

တကယ်တမ်း ခရီးထွက်မည်ဆိုတော့လည်း ရတနာသေတ္တာ
ကရှိနေ၍ ကျွန်တော်တပည့်များအား အကုန်မခေါ်နိုင်ပါ။ လုံခြုံသေ
ဟိုတယ်ခန်းထဲ၌ပင် အစောင့်အရှောက်က လိုပေသေးသည်။ ထို့ကြေ
သာ့ယာဝတီသား မုဆိုးအောင်သန်းနှင့် တင်သောင်းကို အစောင့်ထား
အရက်မသောက်၊ အနားယူရင်း တရားမှတ်ရန် နေခဲ့ချင်သော ပုဏ္ဏား
လူကြီးအနေဖြင့် ထားခဲ့ရပါသည်။

ကျွန်တော်တို့ ခရီးစထွက်တော့ မနက် (၇) နာရီတိတိ။ ခရီးသ
က ကျွန်တော်၊ မမကြီး၊ မြင့်သိန်းနှင့်ကျော်ကြီး၊ အဘဦးလူဒင်နှင့် သူ့
အောင်မြင့်ဒင်၊ မော်တော်မောင်းသူနှင့် စက်ဆရာအားလုံးပေါင်းမှ (၈)
သာ။ ရာသီဥတုက ပြေလအတွင်းဖြစ်၍ ကြည်လင်နေပါသည်။ ဘာ





နှင့် သကြန်လည်း ကျတော့မည်။ မိုးရာသီလည်း စပေရော့မည်။ ဤ
အတိုင်းဆိုလျှင် ကျွန်တော်တို့ ညီသည်များနှင့် မန္တလေးတွင်သာ သကြ
ကျရန် များပါသည်။

မော်တော်ကြီးစထွက်ပြီး ကတန်ကျွန်းမှ စင်ရော်ငှက်များ လိုက်
လာသော်လည်း ပင်လယ်ထဲရောက်လာတော့ စင်ရော်များ ကျန်ခဲ့ကြတော့
သည်။ သရောသယန်ကြီးကျွန်းအနီးရောက်တော့ ကျွန်းပေါ်မှာ စင်ရော်
ငှက်များ မော်တော်ပေါ်သို့ ကပ်လာကြပြန်သည်။ ကျွန်းကြီးကိုလွန်တော့
ပင်လယ်ရေပြင်ကျယ်ကြီး။ ဒုံးကျွန်းကိုကျော်ပြီး ကွမ်းသီးကျွန်းအနားရောက်
သည်အထိ ကျွန်းဆက်မရှိ။ မော်တော်ကြီးက စက်ရှိန်ကောင်းကောင်းဖြင့်
လျှင်မြန်စွာ ပြေးလွှားနေသည်။

မော်တော်ပေါ်တွင် စက်ဆရာက ပဲ့ပိုင်းတွင်ထိုင်နေပြီး မြင့်သိန်း
နှင့် ကျော်ကြီးက မော်တော်ယာဉ်မောင်းအခန်းတွင် မော်တော်ဘုတ်မောင်း
သူနှင့် အဖွဲ့ကျနေသည်။ မော်တော်အတွင်းခန်း၌ ကျွန်တော်နှင့် မမကြီး၊
အောင်မြင့်ဒင်တို့ မြေးအဘိုး (၄) ယောက်သာ ရှိသည်။ ခရီးပန်းကြသဖြင့်
စကားမပြောနိုင်ကြဘဲ ငိုက်မြည်း၍ လိုက်ပါလာကြသည်။

ကွမ်းသီးကျွန်းနှင့် ဘင်ဆင့်ကျွန်းကြားရောက်တော့ အဝေးက
ရေပန်းတိဖွားဖွားဖြင့် လာနေသော FOR TUNE EXPRESS အမြန်ရှ
ပြေးယာဉ်က ဥသြဆွဲ၍ လမ်းရှင်းသည်။

"ပွမ် ပွမ် . . . ပွမ် ပွမ် . . ."

ကျွန်တော်တို့ မော်တော်ကြီးကလည်း သိရှိကြောင်း အချက်ပြ
သည့်အနေဖြင့် . . .

"တွီ ဟီ ဟီ . . . တွီ ဟီ ဟီ"

ဟု အချက်ပေးသည်။

သဘော်(၂)စင်း အပြိုင်ဖြတ်ကြစဉ် လျှင်မြန်သော အရှိန်အဟုန်
ကြောင့် ရေပန်းများ ဖွေးသွားသည်။ ထိုအခါမှ အဘနှင့်မမကြီး အောင်



www.burmeseclassic.com

www.burmeseclassic.com



မြင့်ခင်တို့ ငိုက်မြည်းရာမှ နိုးကြသည်။ အချိန်က နေ့လယ်စာ စားချိန်။ မပါကြီးနှင့် ကျော်ကြီးက ဟိုတယ်မှ အသင့်ယူဆောင်လာသော ထမင်းချိုင့်များကို ဖွင့်၍ နေ့လယ်စာ စီစဉ်ပေးသည်။ ကျွန်တော်တို့ နေ့လယ်စာစားရင်း စကားပြောကြသည်။

ကျွန်တော်က ...

"အဘတို့ငယ်စဉ်က တစ်ကျွန်းနဲ့တစ်ကျွန်း ဘယ်လိုကူးကြသလဲဟင် ... အဘ"

"စက်လှေကြီးကို အဘတို့တွင်းလှေ တွဲချည်ပြီး ခရီးသွားရတာပေါ့။ ဒီခရီးမှာ ဒေသခံစက်လှေတွေက ကူညီကြပါတယ်။ ခရီးသွားဖော်ချင်း အဘတို့က တစ်ခါတစ်ရံ စက်လှေပေါ်က ထမင်းတောင် ကပ်စားရသေးတယ်"

"အဘတို့ကလည်း ရလာတဲ့ သားငါးတွေကို ဝေမျှလက်ဆောင်ပေးရတာပေါ့ကွယ်။ ရေလုပ်သားချင်း ကိုယ်ချင်းစာ နားလည်မှုရှိကြပါတယ်။ တစ်ခါတလေလည်း အဘတို့ရလာတဲ့ သစ်မွှေး၊ ငှက်သိုက်၊ ငါးကြီးအန်ဖတ်နဲ့ တောကောင်သားတွေဟာ စက်လှေပေါ်မှာ ခရီးသွားတွေဝယ်တာနဲ့ အရောင်းအဝယ်ဖြစ်ကြတယ်"

"သွားချင်တဲ့နေရာရောက်မှဆင်းပြီး ကိုယ့်လက်လှော်လှေနဲ့ ကိုယ်သွားလိုတာ ဆက်သွားပေါ့။ ဒီလိုနဲ့ ကျွန်းတွေ အနှံ့သွားခဲ့တာပါပဲ ... မောင်ရယ်"

"အဘတစ်ဦးတည်းပဲလား။ အဖော်မပါဘူးလား"

"အဲဒီအချိန်တုန်းကတော့ သန့်တုန်းမြန်တုန်း၊ သတ္တိကလည်းကောင်း၊ လောဘကလည်းရှိတော့ ဘာကိုမှလည်း မကြောက်ပါဘူး။ တူမီးသေနတ်တစ်လက်နဲ့ သွားလိုရာ တစ်ဦးတည်းသွားတာပဲ။ အဖော်ပါရင် ရှုပ်ယှက်ခွဲပေးနေရဦးမယ်လေ"

"အဘ အသက်အန္တရာယ်နဲ့ မကြုံဘူးလား"

---





"ကြုံပါ့ဗျာ .. ကြုံတာမှမကြာခဏပဲ။ ရေသတ္တဝါတွေနဲ့ တိုက်ပွဲ၊ ကုန်းသတ္တဝါတွေနဲ့ တိုက်ပွဲ၊ အဖိုးတန်ရတနာတွေရလာလို့ တောပုန်းတွေနဲ့ တိုက်ပွဲ စုံပါ့ဗျာ"

အဘက အင်္ကျီချွတ်၍ သူ့ရင်ဘတ်နှင့် ပခုံး၊ နံစောင်း၊ လက်မောင်းတို့တွင်ရှိသော ကြီးမားသော အမာရွတ်များကို ပြရင်း ...

"ဒါတွေကတောထဲမှာ ဝက်ဝံနဲ့တိုးပြီး သူသေကိုယ်သေ သတ်တုန်းက ရလာတဲ့ ဒဏ်ရာတွေ၊ တောကောင်က သူ့မှာရှိတဲ့ လက်သည်းနဲ့ အစွယ်အားကိုးသလို အဘကလည်း တူမီးသေနတ်နဲ့ ဓားမြှောင်ကို အားကိုးရတာပေါ့။ တူမီးသေနတ်နဲ့ ပစ်တာမသေလို့ ဓားမြှောင်နဲ့ ဝင်ထိုးရင်း နပန်းလုံးရတာ။ ဝက်ဝံသေတော့ အဘလည်း သေလုမြောပါးပဲ။ အဲ့ဒါ ဆလုံကျွန်းတစ်ကျွန်းမှာ ဖြစ်ခဲ့တာ။ ဆလုံမိသားစုနဲ့ ဆလုံဆေးဆရာတယ်လို့ အခုလို အသက်ရှင်လျက် တွေ့ရတာ။ ဆလုံလူမျိုးတွေကျေးဇူး အဘပေါ်မှာ ရှိတယ်။ ဒါကြောင့် သာသနာပြု ဂျလန်းကျွန်းဆရာတော် ရောက်ရှိလာတော့ ဆလုံလူမျိုးတွေ ဘာသာရေး၊ ကျန်းမာရေး ပညာရေးတိုးတက်စေဖို့အတွက် အဘလည်း ဆရာတော်ဆီမှာ ပဋိညာဉ်ပေးပါး ဒါယကာခံပြီး ပြန်ကျေးဇူးဆပ်နေတာ။ မင်းတို့လိုတော့ အကြီးအကျယ် မတတ်နိုင်ဘူးပေါ့ကွာ"

"အဘရယ် ... စေတနာသာ အရေးကြီးပါတယ်။ ညောင်စေ့လောက်လှူပေမဲ့ ညောင်ပင်ကြီးလောက် ရနိုင်ပါတယ်။ ကျွန်တော်တို့ကတော့ လုပ်အားလှူတယ်ပဲ ပြောရမှာပါ။ ကိုယ့်ကိုယ်ပိုင်ပစ္စည်းမှ မဟုတ်။ ရှေးဟောင်းတွေရဲ့ ရတနာတွေပဲ။ ကျွန်တော်တို့က အသုံးစရိတ် အကုန်အကျ ရင်းနှီးပြီး အလှူအတန်း လုပ်ရတာပါ"

"အဲ့လိုလည်း ဘယ်ဟုတ်မလဲ ... ငါပြောရယ်။ မင်းတို့ အသက်နဲ့ရင်း စွန့်စားပြီး ရလာတာ မင်းတို့ဥစ္စာပဲပေါ့။ အဲ့လိုမှ မရှာရင်လည်း ဥစ္စာ

---



www.burmeseclassic.com

www.burmeseclassic.com



ရွှေငွေတွေက မြေဩဇာဖြစ်ပြီး အလကားဆုံးရှုံးသွားမှာပဲ။ ဒါနဲ့ အခုရတနာမြေပုံကို ဘယ်လိုရတာလဲ''

''အင်း . . . အဲဒီ ကိစ္စကလည်း အကျိုးပေးလို့ပြောရမယ် ထင်ပါရဲ့ အဘရယ်။ ကျွန်တော်တို့က အလုပ်ကနားပြီး မြန်မာတစ်ပြည်လုံး လှည့်ပတ်နေတာ ဒေသန္တရ ဗဟုသုတနဲ့ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးလည်းပါပါတယ်။ သူတော်စင်တွေ မဟုတ်ပေမဲ့ လူစွန့်စားတွေပါ။ အဲဒါကြောင့် သွားရင်းလာရင်း မွေးလူနာတစ်ယောက်ကို လမ်းခရီးမှာ ကားပျက်နေလို့ ဆေးရုံကို အချိန်မီပို့ပေးပြီး ငွေကြေးထောက်ပံ့ခဲ့တယ်။

အဲဒါ သူတို့အဖေက သစ်တောခေါင်းကြီးဆိုတော့ တောထဲမှာ ကျားနဲ့ ရင်ဆိုင်နေရတဲ့ ရသေ့ကြီးတစ်ပါးကို အသက်ကယ်ခဲ့လို့ ရသေ့ကြီးက ကျေးဇူးပြန်ဆပ်ခဲ့တာ။ တောခေါင်းကြီးကလည်း သူ့သမီးကိစ္စအတွက် ကျေးဇူးပြန်ဆပ်တာပါ။ တော်ရုံလူဆိုရင်တော့ လက်လျှော့လောက်ပါပြီ။ ရတနာမြေပုံမှာ ညွှန်းခဲ့တဲ့အတိုင်း ခက်ခက်ခဲခဲရှာဖွေတော့ နေရာမှန်ကို တွေ့ပါတယ်။ ဒါပေမဲ့ ရတနာမရှိဘူး။ ကြေးနီမြေပုံလိပ်ကလေးတစ်ခုသာ ထပ်ရတယ်။ အဲဒီ ဒုတိယမြေပုံက မြိတ်ကျွန်းစုကို ညွှန်းထားတယ်။ ပထမ ကျွန်တော်တို့ သိတာက အီးဂဲလ်လင်းယုန်ကျွန်း။ ဒါပေမဲ့ တကယ်တမ်း ကွင်းဆင်းကြည့်တော့ မြိတ်ကျွန်းစုမှာ အဲဒီနာမည်မရှိဘူး။ အဘက ဂျလန်းကျွန်းဆရာတော်နဲ့ဆက်ပေးပြီး ဆရာတော်က သူ့တပည့်မုဆိုး ကိုကပေါင်းနဲ့ ဆက်ပေးလို့ အီဒါးကျွန်းအမှန်ကို တွေ့ရပြီး ရတနာတွေ့ရခဲ့တာပါ။ သက်ဆိုင်သူတွေကိုလည်း ဝေငှပေးဖို့ ကျွန်တော်တို့ ကြံရွယ်ထားပါတယ်''

''အေးကွယ် . . . ဖွဲလည်း ကောင်းပဲ့၊ သတ္တိလည်း ကောင်းပဲ့ ငွေကုန်ကြေးကျလည်း ခံနိုင်ပဲ့၊ စွန့်လည်း စွန့်စားနိုင်ပဲ့ကွယ်''

''ဒါကတော့ ကျွန်တော်တို့ ဝါသနာပါအဘ။ အခုလည်း အကျိုးပေးလို့ ဆိုရမလားမသိ။ ရတနာရှိရာ ရတနာလာဆိုသလို ရတနာသိုက်





အညွှန်းတွေ ကျွန်တော်တို့ ဆရာတပည့် မကြာခဏ ရတတ်ပါတယ်။ ဒါကြောင့်လည်း တောကောင်ပစ်တဲ့ မုဆိုးတွေကနေ တစ်နိုင်ငံလုံးလှည့်ပတ်ရှာတဲ့ ရတနာမုဆိုးတွေဖြစ်လာကြတာပါပဲ''

စကားကောင်းနေကြဆဲ ကျွန်တော်တို့ မော်တော်ဘုတ်ကြီးတာင်ဆင့်ကျွန်းကို ကျော်လွန်၍ မာန်အောင်ကျွန်းအနီး ရောက်လာသည်။

ပုလဲကျွန်းကြီးကို လှမ်းမြင်နေရသည်။ မကြာမီ ကျွန်တော်တို့ မော်တော်ကြီး အဘဦးလူဒင်တို့၏ လန်ပိကျွန်းကြီးသို့ ရောက်ပေတော့မည်။ ပုလဲကျွန်းကြီးအနီးတွင် မြန်မာ့ရေကြောင်း ကမ်းရိုးတန်းသွား မြစ်ကြီးနား သင်္ဘောကြီးဖြင့် ဆုံပြန်သည်။ ကျွန်တော် ကော့သောင်းဆိအုန်းစိုက်ပျိုးရေးစခန်းတွင် တာဝန်ကျစဉ် ပထမဦးဆုံးစီးခဲ့ရသည့် သင်္ဘောကြီးဖြစ်သည်။ မြစ်ကြီးနား၊ တောင်ကြီး၊ ဟားခါးဟူ၍ သင်္ဘောကြီး (၃) စီးရှိသည်။ သူ့အပတ်စဉ်နှင့်သူ ပြေးဆွဲသည်။ ကျွန်တော်တို့ အကျဉ်းဦးစီးဌာန ရဲဘက်များနှင့် ရိက္ခာများသယ်ရန် သင်္ဘောကြီးများအား အသွားအပြန် ငှားရသည်။

ကျွန်တော်တို့မော်တော်ကြီး လန်ပိကျွန်း ဆိပ်ကမ်းရောက်တော့ ညနေစောင်းပါပြီ။ ကျွန်တော်တို့ ဆင်းကျန်ခဲ့ကြသည်။ အောင်မြင့်ဒင်တို့က ပင်လယ်ထဲ မမှောင်စေရန် ဆက်လက်ထွက်ခွာသွားကြသည်။ သူတို့ ကော့သောင်းဝင် သတင်းပို့ပြီးမှ ရနောင်းဘက်ကမ်း ကူးရမည်ဖြစ်သည်။ ကော့သောင်းဆိပ်ကမ်းနှင့် ရနောင်းမြို့က ဟိုဘက်ကမ်းသည်ဘက်ကမ်း မြင်နေရသည်။ လှေမော်တော်များ နေ့၊ ည ဥဒဟို ဖြတ်သန်းနေကြ၍ ကော့သောင်းရောက်လျှင် စိုးရိမ်စရာ မရှိတော့ပါ။

ကျွန်တော်တို့ ထုံးစံအတိုင်း သဲပြင်ပေါ်တွင် ဖိနပ်ချွတ်၍ လမ်းလျှောက်ကြသည်။ မမကြီးက အပျိုမလေးကဲ့သို့ သဲပြင်ပေါ်တွင် ပြေးလွှားရင်း ရောင်စုံခရုကလေးများကို ကောက်နေတော့ ကျွန်တော်ပါ ဝိုင်းကူကောက်ပေးရသည်။ မြင့်သိန်းက အမှတ်တရ ဓာတ်ပုံများ ရိုက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြီးကတော့ အဘဦးလူဒင်နှင့် ထွက်ခွာသွားသော မော်တော်ကြီးကို မျက်စိတစ်ဆုံးငေး၍ လက်ပြနှုတ်ဆက်နေကြသည်။

"ကဲ ... လာကြ ... ငါ့မြေးတို့၊ အဘအိမ်ကို သွားကြစို့"

ကျွန်တော်တို့ အဘအိမ်တွင် ခေတ္တနားကြပြီး ရေချိုးကြသည်။ သဘာဝတွင်းရေချိုက ချိုး၍ အလွန်ကောင်းသည်။ ရေချိုး အဝတ်အစားလဲပြီးတော့ မယ်မြနှင့် သောင်းစိန်ပြင်ပေးသော အမြည်းများဖြင့် ယမကာဝိုင်းဖွဲ့ကြသည်။ အဘဦးလူဒင်ကတော့ သူ့ထုံးစံအတိုင်း ကျော်ကြီးသဘော်ပေါ်ကယူခဲ့သော ဝီစကီအကောင်းစားများကို မသောက်။ သူသောက်နေကျ ယိုးဒယားအရက် မဲခေါင်ကိုသာ သောက်သည်။ သူသောက်သည်က အရက် (၃) ပက်၊ (၃) ခွက်တိတိ၊ အမြည်းများများ စားပြီး ညစာထမင်းမစားတော့။

ယနေ့ညတော့ မမကြီးကို အဖော်ရစေရန် ပြင်သစ်ဝိုင် တိုက်ရသည်။ သူလည်း ကျွန်တော်တို့နှင့် အဖော်လုပ်၍ ဝိုင်တစ်ခွက်ကို ကုန်အောင်သောက်သည်။ လွတ်လပ်ခြင်းအရသာမှာ ကျွန်တော်တို့အတွက် ငယ်မူပြန်ချင်စရာပင်။ ပင်လယ်ထဲက ကျွန်းတွင် အနားယူအပန်းဖြေရင်း ပင်လယ်လေကောင်းလေသန့်ကို ရှူရှိုက်ရင်း ပင်လယ်စာကိုစား၍ လှိုင်းပုတ်သံ၊ လေတိုက်သံကို နားခံရင်း ညဘက်အိပ်စက်ရသည်မှာ အမှတ်တရ ညတစ်ညဖြစ်ပါသည်။

✿ ✿ ✿

❑

နောက်တစ်နေ့မနက်တွင် မနက်စာစားကြပြီး အဘက လန်ပိကျွန်းမြောက်ပိုင်းရှိ အမျိုးသားအဏ္ဏဝါဥယျာဉ်ဘက်သို့ လိုက်ပို့သည်။ ကျွန်တော့်အထင် အမျိုးသားအဏ္ဏဝါဥယျာဉ်ဆိုသည်မှာ ပင်လယ်သတ္တဝါများအား ပြသထားသော ဥယျာဉ်ငယ်ကလေးဟု ထင်မိသော်လည်း မဟုတ်ပါ။ သဘာဝတောရိုင်းတိရစ္ဆာန်အမျိုးမျိုးအား သဘာဝအတိုင်း လွှတ်ကျောင်း၍ မွေးမြူထားခြင်းဖြစ်သည်။

အဘဦးလူဒင်က ...

"လန်ပိကျွန်းပုံစံက ပုစွန်တုပ်ကွေးပုံစံ။ အင်္ဂလိပ်အက္ခရာ (7) ဆဲဗင်းနဲ့ တူတယ်။ ကျွန်းပေါ်မှာ (၁၅၂၅) ပေမြင့်တဲ့ တောင်တန်းကြီးရှိတယ်။ ကျွန်းပုံစံအတိုင်း မြောက်ကနေတောင်ကို တန်းနေတယ်။ ကျွန်းမြောက်ပိုင်းမှာ မြေပြန့်ရှိလို့ သဘာဝတောရိုင်းဥယျာဉ် လုပ်ထားတာ။ အလွန်လှတဲ့ ကျွန်းကြီးဖြစ်လို့ ကမ္ဘာလှည့်ခရီးသွားတွေတောင် လာပြီးလေ့လာကြတယ်။ လန်ပိကျွန်းဆိုတာက တရုတ်နာမည်။ ကျွန်းကြီးက အလျား(၂၀) မိုင်၊ အနံက (၁၀)မိုင်လောက် ရှိတယ်"

"အဘ ... သဘာဝတောမဲ့ဥယျာဉ်လို့ ခေါ်ရင် ပိုမှန်မယ်ထင်တယ်။ ဘာကောင်တွေရှိသလဲ အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ရိုင်း၊ ကျား၊ တောဝက်၊ ဆတ်၊ ပြောင်၊ တောကျွဲ၊ ချေ၊ သမင်နဲ့ သိန်းငှက်၊ လင်းယုန်၊ မြွတ်ကျွန်းစုထွက် သစ်ပင်အမျိုးမျိုးနဲ့ သစ်ခွပင်အမျိုးမျိုးကို ပြသထားပါတယ်"

ကျွန်တော်တို့ ဥယျာဉ်အစကိုသာ လှေ့လာပြီး အတွင်းထဲ ဝင်မကြည့်ရဲပါ။ မမကြီးက တောကောင်ကြီးများအား ကြောက်၍ မဝင်ရဲသောကြောင့်ဖြစ်သည်။ ပင်လယ်ကမ်းခြေဘက်သို့ လျှောက်ခဲ့ကြတော့ ကမ်းခြေသဲသောင်ပေါ်တွင် ဆင်ရိုင်းခြေရာများအား တွေ့ရသည်။

"အေး ... အထဲမဝင်တာလည်း ကောင်းပါတယ်။ တစ်ခါက ဆင်ရိုင်း အထီးတစ်ကောင်က လူ (၂) ယောက်ကို အန္တရာယ်ပေးဖူးတယ်။ လှေတွေကိုလည်း ဖျက်ဆီးပစ်ဖူးတယ်။ ကျွန်း တစ်ကျွန်းနဲ့တစ်ကျွန်း နီးတော့ ဆင်ရိုင်းတွေက တစ်ကျွန်းနဲ့တစ်ကျွန်း ရေကူးပြီး သွားကြတယ်လို့ ဆိုတယ်။ ဒုံးကျွန်းနားက ဆင်နီးတောင်မှာလည်း သဘာဝ ဆင်ရိုင်းတွေ နေကြတယ်လို့ ဆိုတယ်"

မကြွေဂလက်ရွာ၊ မိုလ်ချိုကျွန်း ပတ်လည်မှာတော့ ရောင်စုံငါးတွေ၊ လိပ်ကြီးတွေ၊ သိန်းငှက်တွေနဲ့ ရှားပါးအဖိုးတန် ပင်လယ်ဇီဝမျိုးစိတ်တွေရှိနေတယ်။ လန်ပိကျွန်းမြောက်ဘက်ပိုင်း လမုတောနဲ့ ပင်လယ်ဒီရေတောစပ်မှာတော့ ရေငန်မိကျောင်းတွေ ကျက်စားကြတယ်။ လန်ပိကျွန်းပတ်လည်မှာ ဘေးမဲ့တောဖြစ်လို့ ငါးမဖမ်းရဘူး၊ အပေးသွားဖမ်းကြရတယ်။ တံငါသည်တွေရှိပေမဲ့ ခွင့်မပြုဘူး။ ဒီကျွန်းရဲ့တောင်ပိုင်းက အရောင်းအဝယ်သမားတွေ နေကြတဲ့ အိမ်ဆိုင်တွေရှိတယ်။ ဘေးမဲ့ကျွန်းဆိုတော့ ကင်းမွန်ငါးတွေ၊ ရေရှူတွေ၊ ပင်လယ်ဂဏန်းတွေ အလွန်ပေါတာပေါ့ကွယ်"

"အဘ ... ငါးကြီးအန်ဖတ်ဆိုတာ အလွန်ဆေးဖက်ဝင်တယ်ဆို။ ဘယ်လိုဟာမျိုးပါလဲ"

"လူတွေခေါ်ကြတာပါကွယ်။ တကယ်တော့ ဝေလငါးကြီးတွေ **စိတ်လိုက်**ရင်း အထီးကထွက်တဲ့ သုက်ရည်တွေပါ။ ပင်လယ်ထဲ မျောနေ





တာ။ အဲဒါကို တံငါသည်တွေက ဆယ်ယူပြီး ငါးကြီးအန်ဖတ်ဆိုပြီး ရောင်းကြတာ။ အားဆေးပေါ့ကွယ်။ ငါးကြီးဆီလို အင်မတန်ညှီပြီး လူကို အားဖြစ်စေတယ်။ ဒီရာသီမှာ မရနိုင်ဘူး။ ဆောင်းရာသီမှ ရနိုင်တာ။ သဘာဝ ပင်လယ်ထွက် အားဆေးကြီးပေါ့ကွယ်"

"ကလဲယားကျွန်းက လန်ပိကျွန်းနဲ့ ဘယ်လောက်ဝေးသလဲ .. အဘ"

ကျွန်တော်က မေးတော့ ...

"ဒီကနေ (၁၀) မိုင်လောက်ဝေးတယ်။ ဒေသခံတွေက ကုလားကျွန်းလို့ ခေါ်ကြတယ်။ အခုတော့ ရေလုပ်ငန်းကုမ္ပဏီတွေက ကမာ (ပုလဲ) မွေးမြူရေးလုပ်ငန်း လုပ်ကြတယ်။ ကုလားကျွန်းက အလျား (၁၀)မိုင်ရှိတယ်။ မြောက်ဘက်ခေါင်းပိုင်းက ကြီးပြီး ကားတဲ့နေရာမှာ (၅) မိုင်ကျယ်တယ်။ တောင်ဘက်ပိုင်းက ရှူးသွားတယ်။ ပင်လယ်ဘက်အစွန်ဆုံးကျွန်းဖြစ်လို့ ရေနက်တယ်။ ပင်လယ်ကူးသင်္ဘောကြီးတွေ ဝင်ထွက်နိုင်တယ်။ သန္တာနီ၊ သန္တာနက်ထွက်လို့ အဖိုးတန်ကျွန်းပဲ။ လန်ပိကျွန်းထက်တော့ ငယ်တာပေါ့။ တစ်ဝက်လောက်ပဲရှိတယ်"

"ကဲ ... အိမ်ပြန်ကြစို့။ ငါ့မြေးတွေ ထမင်းဆာရော့မယ်။ ဒီနေ့ အဘအိမ်မှာ မယ်မြနဲ့ သောင်းစိန်ကို ကျွန်းတောင်ပိုင်းသွားပြီး ဈေးဝယ်ခိုင်းထားတယ်။ ငါ့မြေးတွေကို အထူးဟင်းလျာ ချက်ကျွေးမလို့ကွယ့်"

"ဘာဟင်းတွေများလဲ ... အဘရယ်"

"စားရတော့ သိမှာပေါ့ကွယ်"

ကျွန်တော်တို့ ပြန်ခဲ့ကြရာ အိမ်ပြန်ရောက်တော့ မွန်းတည့်ခါနီးပြီ။ ခေတ္တနား၍ တွင်းရေချိုး အေးအေးလေးချိုးကြပြီး အဝတ်အစားလဲ၍ နေ့လယ်စာစားကြရန် ပြင်ဆင်နေကြစဉ် စက်လှေတစ်စီး ကမ်းကပ်သံကြားရသည်။ မကြာပါ။ ဂျလန်းကျွန်းရွာမှ သူကြီးဦးလော်ကဲ၊ အဘဦးဟုခိုင်တို့ အထုပ်အပိုးများဖြင့် ကမူးရှူးထိုး အပြေးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... သူကြီးဦးလော်ကဲပါလား။ ဘာဖြစ်လာတာပါလိမ့်"

အဘဦးလှုဒင်က ...

"ဟ ... လော်ကဲ ဘယ်လိုဖြစ်လာတာလဲ"

ဦးလော်ကဲက မောကြီးပန်းကြီးဖြင့် အထုပ်အပိုးများအား ကွပ်ပျစ်ပေါ်သို့ ပစ်ချရင်း ...

"ဦးလှုဒင်ရေ ... ဒုက္ခတော့ ရောက်ကုန်ကြပြီဗျို့။ ဩော် ... ဆရာထောင်မှူးတို့လည်း ရှိနေတာကိုး။ အတော်ပါပဲ"

"ဦးလော်ကဲ ... ဘာဖြစ်လို့လဲ"

"ဒီလို ... ဆရာထောင်မှူးရေ့၊ ညက ဆရာတို့ အီဒါးကျွန်းမှာ ကျန်ရစ်ခဲ့တယ်ဆိုတဲ့ ကျွန်တော့် ထွင်းလှေကြီး ဂျလန်းကျွန်းလှေဆိပ်ကို ပြန်ရောက်လာတယ်။ ဘယ်သူမှပါမလာဘဲ တည့်တည့်မတ်မတ် ပြန်ရောက်လာတာ အံ့ဩစရာမကောင်းဘူးလား။ တိုက်တိုက်ဆိုင်ဆိုင် ညဦးပိုင်းမှာ လှေကြီးပြန်ရောက်ပြီး သန်းခေါင်လောက်မှာ ဆလုံမုဆိုးကပေါင်း တဲပေါ်မှာ အိပ်ပျော်နေရာက တောကြီးမြွေဟောက်ကိုက်လို့ သေတယ်။ မနက်ကျတော့ ဆလုံနတ်ဆရာက သူ့ကို အိပ်မက်ပေးတယ်တဲ့။ အီဒါးကျွန်းက ရတနာတွေနဲ့ ပတ်သက်တဲ့သူတိုင်းကို နတ်ဘုရားက လက်စားချေမယ်တဲ့။ အဲဒါကြောင့် နတ်ဘုရားနဲ့ပတ်သက်တဲ့ ကျွန်းစုနယ်မြေမှာ မနေဘဲ လော လောဆယ် နတ်ဘုရားစိတ်ဆိုးနေတုန်း ရေခြားမြေခြား သွားရှောင်နေဖို့ပါ အကြံပေးတယ်။ အဲ့ဒါကြောင့် ကျွန်းက ရှောင်လာတာ။ ဆရာလေးတို့နဲ့ တွေ့တာ အတော်ပါပဲ။ ကျုပ်က မြိတ်မြို့ကို လိုက်လာပြီး ရန်ကုန်ကိုလိုက်ခဲ့ဖို့ အကူအညီတောင်းမလို့ပါ။ ရော့ ... ဟောသည်မှာ ကျုပ်ကိုပေးထားတဲ့ ကျွန်းက ရတနာတွေ၊ တစ်ပြားတစ်ချပ်မှ မလျှော့ပါဘူး"

"ဩော် ... သူကြီးရယ် အစွဲအလမ်း ကြီးလိုက်တာ။ ထွင်းလှေကြီးက ရေကြောင်း၊ လေကြောင်းသင့်လို့ ကျွန်းကို ပြန်ရောက်လာတာနေမှာပါ။ မုဆိုးကိုကပေါင် သေရတာကတော့ တောထဲမှာနေတာပဲ တိုက်





ဆိုင်တာ ဖြစ်ပါလိမ့်မယ်။ ရတနာတွေကို ဆရာတော်ကို လှူခဲ့ရင်လည်း ရရဲ့သားနဲ့။ နောက်ပြီး ဆရာတော်ရှိနေတာပဲ။ စိတ်ထဲမလုံခြုံရင် ဆရာတော်ကျောင်းမှာ ခဏရှောင်နေလိုက်ပေါ့။

"ဆရာတော်က ဆရာတော်ပဲ ... ဆရာလေး။ ကျုပ်က ဆလုံလူမျိုး။ ဆလုံနတ်တွေက အလွန်ဆိုးတာ။ ကျုပ်သိတယ်။ ကျုပ်ကို ကူညီပါ။ ဟော့ဒီမှာ ကျုပ်မိသားစုပိုင် ရွှေပုလဲကြီးကို ပေးပါ့မယ်"

ဦးလှုဒင် ...

" ခင်ဗျားရော ရန်ကုန်လိုက်မှ ဖြစ်မယ် "

"ကျုပ်က ရန်ကုန်လိုက်ဖို့ နဂိုကတည်းက စီစဉ်ပြီးသားပါ "

"အဲဒါ အတော်ပဲပေါ့။ ခင်ဗျားလည်း ရတနာတွေ ဝေစုရထားတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ... ဒါပေမဲ့ ကျုပ်က ခေတ်လူကြီးပဲ။ အယုံအကြည် အစွဲအလမ်း မထားပါဘူး။ ကြောက်လည်း မကြောက်ပါဘူး"

"အင်း ... ခင်ဗျားက ဆလုံလူမျိုးမှ မဟုတ်တာ။ နောက်ပြီး ဒီရတနာသိုက်ကိစ္စမှာ ထဲထဲဝင်ဝင် ပါတာမဟုတ်ဘူး"

"ဘယ့်နှယ်မပါရမှာလဲ ... ဦးလော်ကဲရယ်။ ဒီကိစ္စတွေက ကျုပ်ပြီး ဆရာလေးတို့ကို ဂျလန်းကျွန်း ခေါ်လာတာ။ ကျုပ်က အခရာမဟုတ်ဘူးလား။ နတ်ဆရာစကား မယုံစမ်းပါနဲ့ဗျာ။ အဲ ... တစ်ခုကတော့ ခင်ဗျားရန်ကုန်လိုက်ရင် ကျုပ်နဲ့ အဖော်ရတာပေါ့"

"ဘယ်တော့လောက် ရန်ကုန်ပြန်ကြမှာလဲ။ ကျုပ်တော့ ကျောသုံ့တူး ဖြစ်နေတယ်။ မြန်မြန်သွားချင်တယ်ဗျာ "

"စိတ်ချပါ ... သူကြီး။ ကျွန်တော်တို့ မော်တော်ကြီး ရနောင်းသွားပြီး အောင်မြင့်ဒင်တို့မိသားစုနဲ့ နိုင်လတ်တို့မိသားစုကို သွားကြိုခိုင်းထားတယ်။ သူတို့တွေရောက်တာနဲ့ အမြန်ဆုံး ပြန်ကြမှာပါ "

"ကဲ ... ထမင်းစားကြစို့"


www.burmeseclassic.com

www.burmeseclassic.com



အဘက လောဆော်နေစဉ် လန်ပိဆိပ်သို့ ကျွန်တော်တို့မော်တော် ကြီးဆိုက်သံ ကြားရသည်။

"တွိဟီဟီ ... တွိဟီဟီ ... "

"ကဲ ... မြင့်သိန်းတို့ သွားကြိုလိုက်ကြဦး။ လူစုံမှ နေ့လယ်စာကို မြိန်မြိန်စားကြတာပေါ့"

မမကြီးကလည်း မနေပါ။ မိန်းမဖော်များ ပါလာမည်ဖြစ်သဖြင့် ထလိုက်သောကြောင့် ကျွန်တော်လည်း မနေသာတော့။ ဆိုင်ရာက ထ ကမ်းစပ်ဆင်းရတော့သည်။ မော်တော်ကြီးအပေါ်တွင် အောင်မြင့်ဒင်တို့ မိသားစုနှင့် နိုင်လတ်တို့ မိသားစုပါလာသည်။

နိုင်လတ်က ...

"ဆရာတို့ ... အဆင်ပြေရဲ့လား"

"ပြေပါ့ဗျာ ... ညကလည်း ကောင်းစွာ အိပ်ရပါတယ်။ အခု မနက်လည်း လန်ပိကျွန်း ဘေးမဲ့ဥယျာဉ်ဘက် အဘဦးလူဒင်က လိုက်ပြ ပြီး ပြန်နားရင်း နေ့လယ်စာစားဖို့ ပြင်ဆင်နေကြတာ။ မင်းတို့လာတာနဲ့ အတော်ပါပဲ"

ကျွန်တော်တို့ ဧည့်သည်များအား ကြိုပြီး အဘဦးလူဒင်တို့ အိမ် ဝိုင်းထဲ ဝင်လာကြတော့ သူကြီးဦးလော်ကဲကို တွေ့သည်နှင့် အောင်မြင့်ဒင် က ...

"ဟယ် ... ဂျလန်းရွာသူကြီး ဦးလော်ကဲ မဟုတ်လား။ အဘ အိမ်ကို လာလည်တာလား"

ကျွန်တော်က အကျိုးအကြောင်းရှင်းပြတော့ အောင်မြင့်ဒင်က–

"ကျွန်တော်တို့ကတော့ ဒီပွဲမှာ ကိုယ်တိုင်ပါဝင်တာပါ။ ဒါပေမဲ့ ရတနာကိစ္စက ကျွန်တော်တို့နဲ့ မဆိုင်ပါဘူး။ ကျွန်တော်တို့ ယူလည်း မယူ ပါဘူး။ ဆရာ့အစီအစဉ်အတိုင်း ဝေခြမ်းပြီး လှူဒါန်းမှာပါ"





"ကဲ ... ဒါတွေ ထားစမ်းပါကွာ။ လုပ်သင့်လို့ လုပ်တယ်။ ရသင့် လို့ ရတယ်။ သင့်သလို သုံးစွဲမယ်။ ဒါပဲပေါ့။ ကဲ ... လာကြ။ နေ့လယ်စာ ထမင်းလက်ဆုံ မြိန်မြိန် စားလိုက်ကြရအောင်"

ကျွန်တော်တို့ နေ့လယ်စာစားတော့ ဟင်းများက အတော်စုံသည်။ အဘက အထူးလက်ရာဆိုသည့်အတိုင်း အဘတို့အိမ်ကချက်သည့် ထမင်း ဟင်းများအပြင် လန်ပိကျွန်းတောင်ပိုင်း တရုတ်ဆိုင်မှာမှ သွားဝယ်လာ သော ဝက်ခြေထောက်စွပ်ပြုတ် ဝက်ခေါင်းသုပ်၊ ဝက်လက်ပေါင်း။ ဝက်အူမ ကြီးသုပ်၊ ကဏန်းပေါင်း၊ ပုစွန်တုပ်ဟင်းတို့ ဖြစ်ကြပါသည်။

"အဘ ... အထူးလက်ရာဆိုတာ ဒါလား"

"အေးလေကွာ ... မယ်မြနဲ့ သောင်းစိန်က ရိုးရိုးပဲချက်တတ် တာ။ အိမ်က အဘွားကြီးက ဝက်သားလည်း မစားဘူး။ အဲ့ဒါကြောင့် ဒီနေ့ အထူး တရုတ်လက်ရာ ရှယ်ဟင်းနဲ့မင်းတို့ကို ဝယ်ကျွေးတာ .. ဟား .. ဟား ... ဟား ..."

ပင်လယ်ကျွန်းစုထဲ ခရီးသွားနေရ၍ ယနေ့ အဘဦးလူဒင်ဧည့်ခံ ကျွေးမွေးသည့် တရုတ်လက်ရာ ဟင်းလျာများမှာ လွန်စွာထမင်းကို မြိန် စေပါသည်။ ဧည့်သည်များလည်း ထမင်းမြိန်ကြသည်။ အမှန်တော့ ခရီး သွားနေရပြီး ပတ်ဝန်းကျင်အနေအထား၊ စုပေါင်းစား၍လည်း ထမင်းမြိန် ခြင်းဖြစ်ပါမည်။

ထမင်းစားပြီးတော့လည်း အဘဦးလူဒင်၏ ခြံထွက်အသီးအနှံ များကို စားကြရင်း စကားကောင်းကြပြန်ပါသည်။ ကျွန်တော်တို့ ပြောကြ သည်ကတော့ အီဒါးကျွန်းခရီးစဉ်နှင့် ရန်ကုန်သွားမည့် ခရီးစဉ်အကြောင်း ဆွေးနွေးကြခြင်းဖြစ်ပါသည်။

ကျွန်တော်က အောင်မြင့်ဒင်၏ ဇနီး ကလျာဝတီအား ...

"မကလျာ ... ဘန်ကောက်မှာ တွေ့တုန်းကတော့ ကျွန်တော် တို့နဲ့အတူ ရန်ကုန်လိုက်မဲ့အစီအစဉ် မရှိပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် .. ဆရာ၊ အဘွားက နုတ်ထိန်းကတစ်ဆင့် ပြောလာပါတယ်။ ကျိုက်စွန်ပါဆရာတော့်က တိုးချဲ့ကျောင်းဆောင်အတွက် အလှူငွေလိုတယ်လို့ ပြောတယ်တဲ့။ အဲ့ဒါ ဆရာတို့ကို ကျွန်မတို့ ပေးလိုက်တဲ့ ဘတ်ငွေ (၂) သိန်းနဲ့ မရဘူး။ (၅) သိန်းတဲ့။ အဲ့ဒါကို အဘွားမအားလို့ ကျွန်မတို့ ကိုယ်ထိလက်ရောက်သွားလှူဖို့ အမိန့်ချပါတယ်။ အဲ့ဒါကြောင့် ကျွန်မတို့ ရဲနောင်းကို အရေးပေါ်ဆင်းလာတုန်း ကိုနိုင်လတ်မိန်းမကလည်း လိုက်ချင်တယ်ပြောလို့ ဆရာတို့ ရန်ကုန်ပြန်အမီ ဆင်းလာကြတာပါ"

"ကောင်းပါရဲ့ဗျာ။ ကျွန်တော်တို့လှူခံတွေပါတော့ ခရီးစဉ် အဆင်ပြေတာပေါ့"

"ကဲ ... စားသောက်ပြီး ထွက်ကြစို့။ နောက်ကျရင် ရေလမ်းခရီး အန္တရာယ်များတယ်"

"ဆရာရယ် ... သူ့ဆရာနဲ့ သူ့သဘော်ပါ။ Auto Pilot လုပ်ပြီး မျက်စိမှိတ်ပြီး မောင်းလို့ရပါတယ်"

မြင့်သိန်းက ဝင်နောက်သည်။ နိုင်လတ်နှင့် အောင်မြင့်ဒင်ကတော့ ဘာတွေ ဆွေးနွေးနေသည်မသိ။ ယိုးဒယားလို ပြောနေကြသဖြင့် နားမလည်ပါ။ ကျွန်တော်တို့အုပ်စု လန်ပိကျွန်းကမ်းစပ်သို့ ဆင်းခဲ့ကြပါသည်။

❁ ❁ ❁

☐

မွန်းလွဲ (၁)နာရီခန့် ရှိပါပြီ။ ကောင်းကင်တွင် တိမ်ဆိုင်ဖြူဖြူများ ဖြစ်ထွန်းနေသည်။ လေပြေလေညင်းကလေး တိုက်ခတ်နေသည်။ ပင်လယ်ပြင်၌ လှိုင်းကြက်ခွပ်ကလေးများ လှုပ်ရှားနေသည်။ ကင်းမွန်ငါးများအုပ်စုလိုက် ရေပေါ် တဖွားဖွားတက်ပြီး ပလုံစီအောင် ပြန်ငုပ်နေကြသည်။ အဝေးဆီ၌ လင်းပိုင်များ တရှူးရှူး နှာမှုတ်၍ အုပ်စုလိုက် ပျော်မြူးနေကြသည်။ ပင်လယ်ရာသီဥတု ခန့်မှန်းချက်အရ ယနေ့ရာသီဥတု အလွန်သာယာမည်ဟု အတွေ့အကြုံရှိသော အဘဦးလှဒင်က ခန့်မှန်းပါသည်။

ကျွန်တော်တို့ မော်တော်ဘုတ်ကြီး အလာတုန်းကလိုပင် ပုလဲကျွန်းအနီးဖြတ်စဉ် FOR TUNE EXPRESS ရေရှုပ်ယာဉ်ဖြင့် ဆုံပြန်၍ နှုတ်ဆက်ကြပြန်သည်။

"ပွမ် ... ပွမ် ... ပွမ် ... ပွမ် ..."

"တွီ ဟီ ဟီ ... တွီ ဟီ ဟီ ..."

ကျွန်တော်တို့ မော်တော်ကြီး မာန်အောင်ကျွန်း၊ ဘင်ဆင့်ကျွန်း၊ ကွမ်းသီးကျွန်း၊ ဒုံးကျွန်း၊ သရေသဟန်ကျွန်းသို့ ဖြတ်တော့ နေဝင်ပြီ။ ပင်လယ်ထဲ၌ ရွှေရောင်တောက်ပနေသော ပတ်ဝန်းကျင်မြင်ကွင်းနှင့် ပင်



www.burmeseclassic.com

www.burmeseclassic.com



လယ်ရေပြာပြာ တောစိမ်းစိမ်း၊ တောင်ညိုညိုက အလွန်ဆန်းသစ်သော အံ့မခန်းစရာ မြင်ကွင်းဖြစ်သည်။ ကတန်ကျွန်းကြီးအနီးရောက်တော့ နေဝင်သွားပြီ။ သို့သော် ပစ်လယ်ရေရောင်ပြန်ကြောင့် အလင်းရောင်ဖြူဖြူက ရှိနေပါသေးသည်။ မော်တော်ကြီးကို မီးများဖွင့်သည်။ ဆလိုက်ထိုးချ၍ မော်တော်မောင်းသည်။ ဆဗ္ဗိုင်းဟိုတယ်ရှေ့လေ့ဆိပ်သို့ မော်တော်ကပ်တော့ ည (၇) နာရီ ကျော်ချေပြီ။

ဆဗ္ဗိုင်းဟိုတယ်ကြီးက မီးများထိန်လင်းပြီး ဧည့်သည်များဖြင့် စည်ကားနေသည်။ ထိုနေ့ညစာကို နိုင်လတ်နှင့် အောင်မြင့်ဒင်တို့က အတူစီစဉ်ပေးပြန်သည်။ အဘဦးလှဒင်နှင့် သူကြီးဦးလော်ကဲတို့ကတော့ နိုင်ငံခြားစီစကီနှင့် ဟိုတယ်အစားအစာကောင်းများ စားသောက်ဖိမ်ယူကြရင်း အိုင်းကျွန်းကိစ္စကို မေ့နေကြဟန်တူသည်။

ကျွန်တော်တို့ကတော့ စားရင်းသောက်ရင်း ရန်ကုန်ပြန်ကြရန် လေယာဉ်လက်မှတ်ကိစ္စအတွက် တယ်လီဖုန်းများဖြင့် အလုပ်ရှုပ်နေကြသည်။ မနက်ဖြန်အတွက် ချက်ချင်းမရနိုင်ဟု အကြောင်းပြန်သည်။ ကျွန်တော် အောင်မြင့်ဒင်နှင့် နိုင်လတ်တို့ ညှိကြရာ ဟိုတယ်တွင် နိုင်ငံခြားသားများ တည်းခိုကြသဖြင့် ဒေါ်လာ (အမေရိကန်) အဝင်ရှိသည်။ ထို့ကြောင့် ဒေါ်လာဖြင့် ပေးဝယ်ပါမည်ဆိုမှ ပုဂ်လေကြောင်းလိုင်းက လက်ခံသည်။

ကျွန်တော်တို့ဘက် အခက်အခဲက အဘဦးလှဒင်နှင့် ဂွလန်းကျွန်း သူကြီး ဦးလော်ကဲတွင် အမျိုးသားမှတ်ပုံတင် မရှိခြင်းပင်။ ထိုအတွက်မြို့ရဲအုပ်ကြီး ဦးမောင်မောင်ဝင်းကို အကူအညီတောင်းရာ ဦးမောင်မောင်ဝင်းက မြို့နယ် (လ. ဝ. က) ဖြင့် ညှိ၍ ထောက်ခံစာ (ယာယီမှတ်ပုံတင်) လုပ်ပေးမည်ဆို၍ စိတ်အေးရသည်။ အောင်မြင့်ဒင်နှင့် နိုင်လတ်တို့မိသားစုကတော့ PASS PORT (VISA) ပါ၍ ပြဿနာ မရှိပါ။ နောက်တစ်နေ့တွင် ထောက်ခံစာထုတ်၊ လေယာဉ်ရုံးတွင် လက်မှတ်ဝယ်သဖြင့် အချိန်ကုန်ရာ





နောက်တစ်ရက်ကျော်မနက် (၁၀) နာရီလေယာဉ်ကိုရသည်။ တကယ်ထဲ ပျံသန်းတော့လည်း မြိတ်–ရန်ကုန်ခရီးစဉ်မှာ မိနစ် (၅၀) ခန့်သာ။ အဘဦးလှဒင်နှင့် ဆလုံသူကြီး ဦးလော်ကဲတို့မှာ လေယာဉ်အတွက်တွင် လေယာဉ်မစီးဖူးသဖြင့် ကြောက်လန့်နေကြသော်လည်း ကောင်းကင်ရောက်၍ အရှိန်ရတော့ အတော်သဘောကျနေကြသည်။

မင်္ဂလာဒုံလေယာဉ်ကွင်းရောက်တော့ (၁၁) နာရီခန့်သာ ရှိသေးသည်။ နေ့လယ်စာ စားချိန်ဖြစ်သဖြင့် လေဆိပ်ဧည့်ခန်းတွင် ဧည့်သည်များအား အနားယူစေ၍ ဧည့်ခံကျွေးမွေးရင်း ...

“ကဲ ... မြင့်သိန်းနဲ့ ကျော်ကြီး။ လေဆိပ်အပြင်ထွက်ပြီး ကားငှား ကြကွာ။ Super Custom (Diesel) ကားဖြစ်ရင် ပိုကောင်းမယ်။ တို့အုပ်စုနဲ့ အံကိုက်ပဲ။ (Air-con) ကောင်းမှုဖြစ်မယ်နော်။ ဒီကနေ မန္တလေးအထိ သွားမှာ။ လမ်းခရီးမှာလည်း ဝင်စရာရှိသေးတယ်။ နေ့တွက်နဲ့ ငှား၊ ကျသလောက်ပေးမယ်ပြော”

“ဟုတ် ... ဆရာ”

လေယာဉ်ပေါ်၌ Air-con၊ လေဆိပ်ဟိုတယ်တွင်လည်း Air con၊ တစ်ခါ ကားငှားပြန်တော့လည်း Air con ပါမှဆိုသဖြင့် အဘဦးလှဒင်က–

“ဟ ... ဆရာလေးရဲ့ မင်းတို့ဟာက တယ်ဖိမ်ခံလွန်းတာပဲ။ တော်ရုံတန်ရုံဆို ရပါတယ်။ ငါတို့ ပင်လယ်ထဲ ကျွန်းတွေပေါ်မှာ နေလာတာ အနှစ် (၇၀) လောက်ရှိပြီ။ နေလို့ရပါတယ်ကွ”

“အဘရေ ... ခရီးသွားတယ်ဆိုတာ Air-con ကလေးနဲ့မှ သက်သာတာ၊ ခေတ်ကြီးက ပြောင်းနေပြီ ... အဘရဲ့”

“အေးပါကွာ ... မင်းတို့ခေတ်ကိုး။ ရှာတာလည်း အသက်စွန့် ရှာတယ်။ သုံးတော့လည်း အသက်စွန့်သုံးမဲ့ကောင်တွေ။ လုပ်လိုက်စမ်းပါ”

“ဝါး ... ဟား ... ဟား ...”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အဘဦးလူဒင်ကို သဘောကျ၍ ဝိုင်းရယ်ကြသည်။ ဆလုံသူကြီး ဦးလော်ကဲကတော့ ပြုံးရုံသာ။ သူ့ကျွန်းကိုစွမ်းများအား ပြန်လည်သတိရလာဟန်တူပါသည်။

ကျွန်တော်တို့ နေ့လယ်စာ စားသောက်နေကြစဉ် မြင့်သိန်းနှင့် ကျော်ကြီးတို့ ကားသမား တရုတ်လေးတစ်ယောက်နှင့်အတူ စားသောက်ခန်းထဲသို့ ဝင်လာကြသည်။

"ဆရာရေ ... ဟန်ကျတာပဲ။ ဒါ ကျွန်တော်တို့ တိုက်ထဲမှာ ရှိနေတုန်းက ၄/၅ တိုက်ထဲမှာ အတူနေလာခဲ့တဲ့ ကျော်ကျော်တဲ့။ ကျွန်တော်တို့ကတော့ ဖိုးကျော်လို့ခေါ်တယ်။ သူက သူ့ကိုယ်ပိုင် Super Custom (Diesel) ကားသစ်နဲ့ (3.0) ဆိုတော့ Air-con လည်း နိုင်တယ်"

"ကားခကကောကွာ"

"ဆရာထောင်မှူးကြီး ... ကြည့်ပေးပါ။ ကျွန်တော် မပြောလိုပါဘူး။ ကြိုက်သလိုသုံးပါ။ ကြိုက်သလောက်ပဲပေးပါ။ ကျွန်တော်က ကိုယ်ပိုင်ကားမောင်းတာ ပြဿနာမရှိပါဘူး"

"အိမ်ထောင် မရှိဘူးလား"

"မရှိသေးဘူး ဆရာ"

"အဲ့ဒါပြောတာပေါ့ ... ဆရာရဲ့။ ဒီလိုမှန်းသိရင် ကျွန်တော်တို့ ဆလုံမတစ်ယောက်လောက် ခေါ်လာပြီး ဖိုးကျော်နဲ့ ပေးစားတာပေါ့ဗျာ။ ဟား ... ဟား ... ဟား ..."

"တော်ပါ ... ကိုကြီးမြင့်သိန်းရယ်၊ ကိုကျော်ကြီးပြောပြလို့ ကျွန်တော် သိပြီးပါပြီ"

"အေးအေး ... အဆင်ပြေတာပေါ့။ မင်း မနစ်နာစေရပါဘူး။ ငါ အဆင်ပြေအောင် ပေးမှာပါ"

"ရပါတယ် ... ဆရာ၊ ကျွန်တော် ထောင်ထဲမှာတုန်းက ဆရာ့ အချုပ်ဆောင် (၂) မှာလည်း နေဖူးပါတယ်။ ဆရာ မမှတ်မိလို့ပါ"





"အေးကွာ ... လူကများတော့ ငါလည်း မမှတ်မိတော့ဘူး။ တပည့်ရင်းတွေသာ မှတ်မိတာ။ မင်း နေ့လယ်စာထမင်းကော စားပြီးပြီလား။ မစားရသေးရင် မြင့်သိန်းတို့နဲ့ တစ်ခါတည်း ဝင်စား။ ပစ္စည်းတွေ လေဆိပ်က ထုတ်ပြီးတာနဲ့ ပဲခူး ကျိုက်စွန်ပါဘုန်းကြီးကျောင်းကို သွားပြီး အဲ့ဒီမှာပဲ ညအိပ်မယ်။ နောက်တစ်နေ့မှာ ဒေညီသည်တွေနဲ့ ပဲခူးဘုရားတွေဖူးပြီး ပဲခူးဟိုတယ်မှာ ညအိပ်မယ်။ နောက်တစ်နေ့ ကျောက်ဆည်၊ ကျောက်ဆည်က မန္တလေး၊ မန္တလေးကာနေ ပြင်ဦးလွင်၊ အပြန်မန္တလေးမှာ ခရီးဆုံးမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒါနဲ့ မင်းက ဘာမှုနဲ့ ထောင်ကျတာလဲ"

"ဆေးမှုပါ ဆရာ။ ဒါပေမဲ့ ကျွန်တော် အခု လိမ္မာနေပါပြီ။ ဒါကြောင့် မိဘတွေက ကားဝယ်ပေးထားတာပါ"

"အေး ... အေး ... လိမ္မာရင် မင်း ငါတို့နဲ့ တစ်သက်လုံး တွဲလို့ရပါတယ်။ ဟိုအဘနှစ်ယောက်နဲ့ အမျိုးသမီးတွေကလွဲရင် ကျန်တာ ငါ့တပည့် ထောင်ထွက်တွေ။ ငါတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ရှုစောင့်ရှောက် ကူညီတယ်။ မဆင်းရဲစေရဘူး"

"ဟုတ်ကဲ့ပါ ဆရာ။ အားကိုးပါတယ်။ တပည့်ကိုလည်း ကြိုက်သလို စမ်းကြည့်နိုင်ပါတယ်"

"အေး ... အေး ... ဝမ်းသာသကွာ"

ကျွန်တော်တို့ နေ့လယ်စာစားပြီးသည်နှင့် ပစ္စည်းများ ရွေး၊ ကားပေါ်တင်ပြီးခရီးထွက်ခဲ့ကြပါတော့သည်။ ပဲခူးအထိ လမ်းမကြီးက ဖြူးနေသည်။ ဘုရားကြီးမှ ဝမ်းဘဲအင်း၊ ဒေးစွန်ပါတော ဘုရားလမ်းက ဈေးဆိုင်များဖြင့်စည်ကားနေသည်။ ကျွန်တော်တို့ကားကို ဒေးစွန်ပါဘုရားအဝင်လမ်းတွင် ကားဆရာနှင့်အတူ အစောင့်ထားခဲ့သည်။ ရတနာတစ်ဝင်းအားဆောင်သန်းနှင့် တင်သောင်းတို့က ခရီးဆောင်သေတ္တာထဲထည့်၍ သယ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ သုံးရန် ငွေများကိုတော့ ပုဏ္ဏားက ထိန်းသိမ်းပြီး စနစ်တကျ ထုတ်ပေးသည်။

ဒေးစွန်ပါဘုရားစောင်းတန်းတွင် သီလရှင်များနှင့် ရသေ့ဝတ်များအား အတော်များများ တွေ့ရသည်။ မမကြီး၊ အောင်မြင့်ဒင်ဖနီးနှင့် နိုင်လတ်ဖနီးတို့က မိန်းမသားများပီပီ လှူကြသည်။ ဒေးစွန်ပါဘုရားအား ဖူးကြပြီး ကုန်းမြင့်ပေါ်တွင် ကျွန်တော်တို့အုပ်စုဖွဲ့ပြီး ဒေးစွန်ပါတောကြီးအား ကြည့်ရှုမိသည်။ ယခင်ကလို တောကြီးစိမ်းစိမ်းမရှိတော့။ ဝါးရုံတောများသာ တစ်ပြန့်တစ်ပြော မင်းမူနေသည်။ ဝါးတောက အရွက်ကြွေနေသည်။ သကြန်မိုးရွာထားသဖြင့် ဝါးရုံပင်ရင်းတွင် တောစာပင်ပေါက်ကလေးများ ထွက်ပြူနေ၍ စိမ်းစိုနေသည်။

ကျွန်တော်တို့အုပ်စု ခေတ္တနားပြီး ဒေးစွန်ပါဘုရားပေါ်မှ ဆင်း၍ ကျိုက်စွန်ပါဘုရားဘက်သို့ တောလမ်းကလေးအတိုင်း တောင်ဆင်းတောင်တက် လမ်းလျှောက်ခဲ့ကြသည်။ အကွေ့အကောက်အတက်အဆင်းများကြောင့် မောလျှင် လမ်းဘေး၌ ရိုက်ထားသော ဝါးခုံတန်းကလေးများ၌ ထိုင်၍ နားကြသည်။ ဤသို့ဖြင့် (၃) မိုင်ခရီးကို တလှုပ်လှုပ် လှမ်းခဲ့ကြသည်။ ယခင်အခေါက်က စာရေးဆရာများနှင့် လာကြသော ခရီးစဉ်ကို ပြန်၍ သတိရမိသည်။

ထိုစဉ်က ကျိုက်စွန်ပါဆရာတော်၏ တပည့်ရင်း ကွယ်လွန်သွားပြီဖြစ်သော ခရီးသွားခေါင်းဆောင်စာရေးဆရာ ဦးစိန်လှိုင် (ဥဩာ) ကို သတိရမိသည်။ သည်တစ်ခါတော့ ယိုးဒယားမင်းသမီး(နတ်) ဆုပန်ကလျာလည်း မတွေ့ရ။ လမ်းပြခွေးနက်ကြီးကိုလည်း မတွေ့ရသဖြင့် ဖြတ်လမ်းမတွေ့။ ခရီးက အတော်လှမ်းသလို ဝေးလွန်းသည်ဟုထင်မိသည်။ (၃)မိုင်တောလမ်းခရီးကို အမျိုးသမီးများပါလာ၍ (၂) နာရီခန့် ကြာသွားသည်။ ကျိုက်စွန်ပါတောင်ခြေ၊ နဂါးရုံဘုရားရောက်တော့ ခေတ္တနားကြသည်။ ပြီး





မှ အင်္ဂတေလှေခါးထစ်များအတိုင်း ကျိုက်စွန်ပါတောင်ပေါ်သို့ တက်ကြပါသည်။

တောင်ပေါ်ရောက်တော့ ကိုရင်ကလေးများက သွေးဆေးချိုနှင့် ရေအေးအေးတိုက်သဖြင့် အမောပြေကြရသည်။

"ဆရာတော် . . . ရှိသလား"

"ရှိပါတယ်၊ တရားထိုင်နေပါတယ်"

ကျွန်တော်တို့ ကျောင်းကြီးပေါ် ဘုရားခန်းရှေ့တွင် နေရာယူပြီး ဘုရားဝတ်ပြု၍ ထိုင်ကြတော့ တောတောင်များကို ဖြတ်သန်းတိုက်ခတ်လာသော တောင်ပေါ်လေကလေးက အေးမြလှသည်။ အောင်မြင့်ဒင်နှင့် မိန်းမများက ယိုးဒယားမင်းသမီး (နတ်) ဆုပန်ကလျာ၏ ပုံတူပန်းချီကားကြီးကို ကြည့်၍ ရှိခိုးနေကြသည်။ ကျွန်တော်တို့ အမျိုးသားများက ကျောင်းဆောင်ကြီး၏ အပြင်ဘက်သို့ထွက်၍ အပေါ်စီးမှ တောတောင်လျှိုမြောင်များကို မျက်စိတစ်ဆုံး ကြည့်ရှုနေကြသည်။ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးကို ဟိုးခပ်ဝေးဝေး အနောက်ဘက်တွင် လှမ်းမြင်နေရသည်။ ကျိုက်စွန်ပါတောင်မှာ အတော်မြင့်သော တောင်တစ်လုံးဖြစ်ပါသည်။

ဆရာတော်ကြွလာသည်ဆိုသဖြင့် ကျွန်တော်တို့ ကျောင်းခန်းမထဲ ပြန်ဝင်ခဲ့ကြသည်။ ဆရာတော်က ကျွန်တော့်ကို မြင်သည်နှင့် . . .

"သြော် . . . ဒကာထောင်မှူးကြီးကိုး။ ဒကာကြီးတို့အဖွဲ့က ဦးစိန်လှိုင်တစ်ယောက်တော့ ဆုံးရှာပြီလို့ ပဲခူးက ဒကာတွေပြောလို့ သိရပါတယ်။ ကိုညိုမှိုင်းတို့၊ ကိုတင်ထွန်းတို့ကော မပါကြဘူးလား"

"တင်ပါ့ . . . မပါပါဘုရား။ ဒီအဖွဲ့က တပည့်တော် တပည့်များနဲ့ မိန်းမများ၊ မြိတ်ကျွန်းစုက ဧည့်သည် (၂) ဦးပါ ဘုရား"

"ယိုးဒယားနတ်သမီးဆုပန်ကလျာ အဆက်အနွယ်တော်ရှင် ထင်ရှား ဘုန်းကြီးကို အိပ်မက်ပေးထားပါတယ်။ ဘုန်းကြီးကလည်း ဒါယိကာမ



www.burmeseclassic.com

www.burmeseclassic.com



အရင်းဆိုတော့ ကျောင်းဆောင်သစ် တိုးချဲ့ဆောက်ဖို့အတွက် အလှူငွေ မပြည့်စုံတာနဲ့ ကြုံတုန်းအလှူခံမိပါတယ်''

''တင့်ပါ ဘုရား။ အဲ့ဒီအလှူငွေကိစ္စကို တပည့်တော်နဲ့ လွှဲပြီးကာ မှ သူမရဲ့မြေးတော် ကလျာဝတီကို ကိုယ်တိုင်သွားနိုင်းလို့ တပည့်တော်ဆေ ခဲ့ရခြင်းဖြစ်ပါတယ် ဘုရား''

''အိမ်း အိမ်း ...ဘုန်းကြီး သိပြီးပါပြီ။ မင်းသမီး ဆုပန်ကံလျှ အလုပ်များနေမှတ်ပါတယ်။ အဲ့ဒီတော့လည်း ဘုန်းကြီး ဆက်လုပ်ချင်တဲ့ ကျောင်းဆောင်သစ်အတွက် သမီးကလျာဝတီတို့ကိုပဲ ရှင်းလင်းပြရမှာ ပေါ့''

သူတို့အတွင်းရေးဖြစ်၍ ကျွန်တော်တို့ ကျောင်းပြင်စင်္ကြံလမ်းတွင် ပေးရာ ကျောင်းကပ္ပိယများက ထိုင်ခုံများခင်းပေးသဖြင့် ထိုင်ရင်း အပ ဖြေကြရာ အအေးပုလင်းများလာ၍ တိုက်ကျွေးပြန်သည်။

သူတို့ကိစ္စတွေပြီးတော့ ညနေစောင်းချေပြီ။ ကျောင်းတွင် ချ ပြုတ်သူမိန်းမများက ကျွန်တော်တို့ ညစာအတွက် ချက်ပြုတ်ရန် ပြင်ဆ နေကြပါသည်။ ဟင်းကတော့ သက်သတ်လွတ်ဟင်း အမျိုးမျိုးပင်ဖြစ် သည်။

''ကဲ ...ဒကာတို့ ညစာသုံးဆောင်ပြီး ကျောင်းကြီးပေါ်မှာ အိပ်ဖို့ စီစဉ်ပေးလိမ့်မယ်။ အထဲမှာ အိုက်တယ်ဆိုပြီး အပြင်စင်္ကြံဝေ ထွက်မအိပ်ကြနဲ့။ အအေးမိသွားမှာ စိုးလို့ပါ။ ညဦးပိုင်းသာ အိုက်တာ သန်းခေါင်ကျော်ရင် အရမ်းအေးပါတယ်''

''တင်ပါ့ ဘုရား''

ကျွန်တော်တို့အား ညစာစားပွဲကြီးပြင်ဆင်နေသလို ကိုရင်များ ပျာခင်းသူ၊ ဖုံခင်းသူ၊ စောင့်ခေါက်သူ၊ ခေါင်းအုံးသယ်သူများနှင့် မြိုင် သည်။ သက်သတ်လွတ်ဟင်းများဖြင့် ထမင်းတဝစားပြီး မိုက်လေးဝေ မြိုင် အိပ်ရာဝင်ရှိသာ။ ညပိုင်း ဆရာတော်က အသုဘကမ္မဋ္ဌာန်း စီ





သဖြင့် ထပ်မံဆုံတွေ့ရန် အကြောင်းမရှိ။ မနက်အရုဏ်မှ ပြန်ဆုံနိုင်မည် ဖြစ်သည်။ အောင်မြင့်ဒင်ဖနီးတို့ကတော့ ကိုယ်တိုင်ကိုယ်ကျဆရာတော်နှင့် တွေ့ပြီး လှူဒါန်းရသဖြင့် အလွန်သဘောကျနေကြပါသည်။ နိုင်လတ်ဖနီး နှင့် မမကြီးတို့ကလည်း ငွေများလှူဒါန်းကြပါသည်။

ထိုညက ဆရာတော်က သူ၏ သီးသန့်အိပ်ခန်းတွင် တရားထိုင် သဖြင့် ကျွန်တော်တို့အဖွဲ့က တောင်စောင်းပေါ်တွင် သံပတ်ဂလန်များဖြင့် အခိုင်အမာ ဆောက်ထားသော ကျောင်းဆောင်ကြီး ဘုရားခန်းရှေ့တွင် တန်းစီ၍ အိပ်ကြသည်။ ဆရာတော်၏ အစီအစဉ်အရ မီးစက်ကြီးကို တစ်ည လုံး မောင်းထား၍ ထိန်ထိန်လင်းနေပါသည်။

ထိုညက ကျိုက်စွန်ပါ ဘုန်းကြီးကျောင်းပေါ်တွင် ကျွန်တော်တို့ အုပ်စုအေးချမ်းစွာ အနားယူအိပ်စက် အပန်းဖြေခဲ့ရပါသည်။ မနက် (၄)နာရီ ခန့်တွင် အိပ်ရာထကြ၍ ဘုရားဝတ်ပြုကြပြီး (၄ း ၃၀) နာရီတွင် ဆရာတော် အား အရုဏ်ဆွမ်းကပ်သည်။ ဆရာတော်က အမှာစကားပြောပြီး ဘုရား ဆောင်ဝင်တော့မည်ဖြစ်သဖြင့် ကျွန်တော်တို့ နှုတ်ဆက်ကန်တော့ရသည်။

မနက်စာစားကြပြီး မနက် (၆) နာရီတိတိတွင် ကျွန်တော်တို့ အုပ်စု ကျိုက်စွန်ပါ တောင်ပေါ်က ဆင်းခဲ့ကြပါသည်။ မနက် ဝေလီဝေလင်း ဖြစ်သဖြင့် တောငှက်ကလေးများ စိုးစီစီ မြည်နေကြပြီး ဝါးတောကြီးက နှင်းငွေ့ဝေ၍ စိမ်းမြနေပါသည်။

ကျွန်တော်တို့ တောလမ်းကလေးအတိုင်း တဖြည်းဖြည်း ဆင်းခဲ့ ကြပါသည်။ မနက်ခင်းဖြစ်သဖြင့် လမ်းလျှောက်ရသည်မှာ မနေ့ကလောက် ညောင်ပန်းပါ။ တောလမ်း (၃) မိုင်ခရီးက ယနေ့တော့ (၁) နာရီကျော်ကျော် ခြင်း ဒေးစွန်းပါ ဘုရားသို့ ပြန်ရောက်သည်။ ကျွန်တော်တို့ အလှူငွေထည့် ဘုရားကန်တော့ကြပြီး ပြန်ဆင်းလာကြရာ ကားထားရာ ဘုန်းကြီးကျောင်း ဝင်းပြန်ရောက်တော့ ကားသမားကျော်ကျော်က သူ၏ Super Saloon ကားသစ်ကြီးအား တိုက်ချွတ်သေးကြောပြီး အဆင်သင့်စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးကျော် ... မင်း ဘာစားပြီးပြီလဲ"

"ကားသမားပဲ ... ဆရာရယ်၊ နီးစပ်ရာဆိုင်မှာ Breakfast ဆွဲပြီးပါပြီ။ ပဲခူးမြို့ထဲသွားရင် ဆီတော့ အပြည့်ထည့်မှ ဖြစ်မယ်ဆရာ။ လမ်းမှာ ခရီးမထောက်တော့ဘူးပေါ့"

"ရပါတယ်ကွာ ... မင်းကို (၅) သိန်း အရင်ပေးထားမယ်။ လို မှ ထပ်ပေးမယ်"

"အဲ့သည်လောက် မလိုဘူး ဆရာ၊ တစ်သိန်းလောက်ဆို လုံ လောက်ပါတယ်။ ကျွန်တော် ဒီဇယ်ဖိုးလောက်ပဲ ကြိုတင်တောင်းတာပါ"

"အေး ... အေး ... ပုဏ္ဏား ထုတ်ပေးလိုက်"

"ဟုတ်ကဲ့ ဆရာ"

ထိုစဉ် အောင်မြင့်ဒင်နှင့် နိုင်လတ်တို့က ...

"ဆရာ ... ကျွန်တော်တို့ ပေးပါ့မယ်"

"မင်းတို့ ရန်ကုန်ကို ရောက်တာနဲ့ ကုန်ကျစရိတ်တွေအား ငါတို့တာဝန် ဖြစ်သွားပြီ။ လှူတာ၊ တန်းတာ ပေးတာကမ်းတာကလွဲလို့ မင်း တို့ ထုတ်စရာမလိုဘူး။ မင်းတို့နှစ်ယောက် ဘန်ကောက်နဲ့ ရုံနောင်းမှ တာဝန်ကျေခဲ့ကြပြီ။ ဒီဘက်အပိုင်းမှာက ငါတို့အဖွဲ့တာဝန်"

ကျွန်တော်တို့ ပဲခူးမြို့ထဲ ပြန်ဝင်၍ ရွှေမော်ဓောဘုရားကြီးအား ဖူးကြသည်။ ပြီးနောက် ရွှေသာလျောင်း၊ ရွှေဂူကြီး၊ ရွှေဂူလေး ကလျာ သိမ်၊ ကိုးသိန်းကိုးသန်း၊ နေ့လယ်စာ စားချိန်တွင် ပဲခူးဟိုတယ်ဝင်၍ စား ကြသည်။

အချိန်က နေ့လယ်(၁၂)နာရီခန့်သာ ရှိသေးသဖြင့် ပဲခူးဟိုတယ် တွင် ညမအိပ်တော့ဘဲ ခရီးဆက်၍ ထွက်ခဲ့သည်။ ဘုရားကြီးလမ်းမှ ရန်ကုန်–မန္တလေးအမြန်လမ်းပေါ်သို့ တက်ခဲ့သည်။ ဦးတည်သည်က နေပြည် တော်သို့။ ရန်ကုန်–မန္တလေး အမြန်လမ်းမှာ ယိုးဒယား(ထိုင်း) အမြန်လမ်း





ကြီးများဖြင့်တော့ အလွန်ကွာခြားလှသည်။ အရှိန်နှုန်းမြန်လာသည်နှင့် ကားသမားဖိုးကျော်အား သတိပေးရသည်။ ဖိုးကျော်ကတော့ သူ့ထင်နှင့် သူ အထင်ကြီးဟန်ရှိသည်။

(၁၁၅) မိုင် FEEL ဆိုင်ကြီးတွင် ကားအားအနားပေးရင်း ညစာ စားကြသည်။ ကျွန်တော့် အစီအစဉ်က နေပြည်တော်ဟိုတယ်တွင် ဝင်၍ အိပ်ရန် ဖြစ်သော်လည်း အဖွဲ့က ညဘက်ခရီးဆက်သွားလိုသည်။ ကားပေါ် တွင်ပင် မှေးတော့မည်ဆိုသဖြင့် ကားကို ဆက်မောင်းနိုင်းရသည်။

သို့သော် ဒရိုင်ဘာတာဝန်ကိုတော့ လွှဲပေးရသည်။ ၁၁၅ မိုင်မှ ထွက်သည်နှင့် မြင့်သိန်းက မောင်းပြီး ကျော်ကြီးအား တာဝန်လွှဲပေးရန် ကားဆရာကျော်ကျော်အား အနားယူစေပြီး အိပ်ချိန်ပေးရန် ဖြစ်သည်။ တစ် လမ်းလုံး ကားအနားမပေးဘဲ လူလဲ၍ မောင်းလာသည်။ နေပြည်တော် မြို့ထဲ မဝင်တော့ဘဲ မြို့ရှောင်လမ်းမှ ပတ်မောင်းပါသည်။ မိတ္ထီလာကျော် ပြီး ကျောက်ဆည်မြို့ထဲရောက်တော့ မနက်(၅)နာရီ ဝေလီဝေလင်းအချိန်။ ကျွန်တော်စားနေကျ ဈေးရှေ့လက်ဖက်ရည်ဆိုင်က ဖွင့်နေပါပြီ။ မြင့်သိန်း က ...

"ဆရာ ... BREAKFAST ဆွဲမယ်မဟုတ်လား"

"အေး ... ကား ခဏရပ်။ အညောင်းအညာဖြေပြီး နွားနို့စစ်စစ် နဲ့ ဖျော်တဲ့ ကျောက်ဆည်လက်ဖက်ရည်၊ မလိုင်နဲ့ နံပြားပူပူလေး၊ ဆိတ်ရိုး စွပ်ပြုတ်ပူပူကလေး စားကြသောက်ကြတာပေါ့"

"အကောင်းဆုံးပေါ့ ... ဆရာရယ်။ ကျောက်ဆည် လက်ဖက်ရည် မသောက်ရတာလည်း ကြာပါပြီ"

ကျွန်တော်တို့ ဝင်ရောက်စားသောက်ကြရာ ဧည့်သည်များလည်း နှစ်ခြိုက်ကြသည်။ သူတို့က ခရီးပန်းလာကြသဖြင့် ဆိတ်ရိုးစွပ်ပြုတ်နှင့် နံပြားပူပူလေးကို စားပြီး ကျောက်ဆည်နွားနို့လက်ဖက်ရည်ကို သောက်



www.burmeseclassic.com

www.burmeseclassic.com



ရာသဖြင့် လွန်စွာ သဘောကျနေကြသည်။ စားသောက်ပြီးတော့ ကားဆရာ ကျော်ကျော်က ...

"ဆရာ ... ကျွန်တော် ဘယ်ကို မောင်းရမလဲ"

"ဖိုးကျော် ... မင်း နားနေပါ။ ဒီဘက်အပိုင်းက ငါ့တပည့်တွေ လမ်းကျွမ်းတယ်။ ရန်ကုန်လိုကားမရှုပ်ပေမဲ့ ငါတို့သွားလိုရာကို ငါ့တပည့် တွေ သိတယ်။ ကဲ ... ကျော်ကြီး ကျောက်ဆည် ဆူးကုန်းရပ်မြောက်ပိုင်း က တောခေါင်းကြီးအိမ်ကို မောင်း"

"ဟုတ်ကဲ့ ... ဆရာ"

ကျွန်တော် လက်ဖက်ရည်ဆိုင်တွင် ဆုံနေကျ အဘဦးအောင်သန်း ကို သတိရမိသည်။ ယနေ့ ကျွန်တော်တို့အဖွဲ့က စောရောက်သဖြင့် အဘ နှင့်မဆုံဖြစ်ပါ။ ဆူးကုန်းရပ် မြောက်ပိုင်းတောခေါင်းကြီး အိမ်ရှေ့ရောက် တော့ ကားရပ်သည်နှင့် ကလေးများနှင့် ဆရာမကလေးကဆင်း၍ ကြို သည်။

"ဟော့ ... ဆရာထောင်မှူးကြီးတို့ ပြန်ရောက်လာကြပြီ"

"အဘနေကောင်းရဲ့လား ... ဆရာမ"

"ကောင်းပါတယ် ... ဆရာ။ အိမ်ပေါ်ကိုကြွပါဦး "

ထိုစဉ် လသားကလေးတစ်ဦးကို ချီ၍ ဆရာမ၏အစ်မ အိမ်ပေါ်က ဆင်းလာသည်။

"ဟာ ... ဆရာထောင်မှူးကြီးတို့ အဖွဲ့ပဲ၊ ဝမ်းသာလိုက်တာ။ ဒါ ဆရာတို့ ကူညီပြီး မွေးပေးတဲ့ကလေး။ သောကြာသား၊ မောင်သုတတဲ့"

ဝဝတုတ်တုတ် ဖြူဖြူဖွေးဖွေး ချစ်စရာကလေးအား ကျွန်တော် က ယူချီတော့ မမကြီးက လုချီသည်။

"မမကြီးတို့လည်း မြေးကလေးရရင် ကောင်းမှာနော်"

မြင့်သိန်းက ...

"မကြာပါဘူး ... မမကြီးရယ်၊ ဒီခေတ်က မြန်ပါတယ်"





ကလေးကို မမကြီးလက်ထဲက လုချီကြသည်။ ထိုစဉ် တောခေါင်း ကြီးကိုယ်တိုင် ဆင်းခေါ်သဖြင့် ကျွန်တော်တို့ အိမ်ပေါ်သို့ တက်ခဲ့ကြပါ သည်။

"ကဲ ... ထိုင်ကြပါ။ ဝမ်းသာလိုက်တာ ဆရာလေးတို့ရယ်၊ အခု ဘယ်က ပြန်လာကြတာလဲ"

"မြိတ်ကျွန်းစုကလေ ... အဘရဲ့။ ရတနာသိုက်သွားတူးပြီး ပြန် လာကြတာ။ အဲ့ဒါ အောင်မြင်လာလို့ အဘကို ဝင်ကန်တော့တာပါ"

"တတ်လည်း တတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေပဲ။ ကျုပ်ကို မကန်တော့ ပါနဲ့။ ကျုပ် မလိုချင်ပါဘူး"

"မဟုတ်သေးဘူး ... အဘရဲ့။ အဘ မြေပုံပေးလို့ ရလာတာ လေ"

"ကျုပ်က မြေပုံပဲပေးနိုင်တာ။ ဘာမှ စွမ်းဆောင်နိုင်တာ မဟုတ် ဘူး။ ကျုပ် အစွမ်းအစနဲ့သာဆိုရင် ဘာမှလုပ်နိုင်မှာ မဟုတ်ဘူး။ အလဟဿ ဖြစ်မှာ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ ... အဘရယ်၊ အဘနဲ့ ထိုက်လို့ ကျွန်တော်တို့နဲ့ ဆုံဆည်းရတာ။ အဘလည်း အသက်ကြီးပြီပဲ။ ရထိုက် သလောက် ယူပါ။ ရတနာပစ္စည်း တစ်ဝက်တိတိကိုတော့ ကျွန်တော်တို့ ဆလုံလူမျိုးတွေ ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေးကိစ္စတွေအတွက် ဂျလန်းကျွန်းဆရာတော်ကို လှူခဲ့ပါပြီ။ ကျန်တစ်ဝက်ကိုတော့ ကျွန်တော် တို့ ဒီကိစ္စမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့တဲ့ ဆရာတပည့်တွေ သဘော တူညီချက်နဲ့ ခွဲဝေပေးတာပါ"

"ကဲ ... ပစ္စည်းသိမ်း ... ပုဏ္ဏား။ အောင်သန်းနဲ့ ဇင်သောင်း တို့ အဘဝေစုကို ထုတ်ကြ။ အထုပ်မှာ စာရေးထားတယ်"

"ဟုတ်ကဲ့ ... ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အထုပ်ကို ဖြေပြတော့ ရွှေပုလဲ၊ ငွေပုလဲနှင့် လက်ဝတ်ရတနာများ။

"ဟာ . . . ဒါလောက်ကြီး ကျုပ်ကို မပေးနဲ့လေ၊ မလိုချင်ပါဘူး။ ရလည်း မရထိုက်ပါဘူး"

"အဘ အသက်ကြီးပါပြီ။ သားသမီးတွေအတွက် အမွေပဲ မှတ်လိုက်ပါ။ ကျွန်တော်တို့အဖွဲ့က ကျေနပ်စွာ ခွဲဝေပေးတာပါ"

"အင်း . . . မင်းတို့လို စိတ်ကောင်းထားသူတွေ ဒီခေတ်မှာ ရှားသလို ဟိုဘက်ခေတ်တွေကလည်း မရှိခဲ့ပါဘူး။ ကဲ . . . သမီးတို့၊ ညီ့သည်တွေကို ထမင်းကျွေးဖို့ စီစဉ်ကြ။ ကျေးဖူးရှင်တွေ ကျေးဖူးကတော့ ထပ်နေပြီ။ ဘယ်လို ကျေးဖူးပြန်ဆပ်ရမှန်းတောင် မသိတော့ဘူး။ ကဲ . . . သမီးတို့ ဆရာလေးတို့ကို ထိုင်ကန်တော့ကြ"

"မဟုတ်တာ . . . အဘရယ်၊ ကူညီထိုက်လို့ ကူညီတာပါ။ ကျွန်တော်တို့အုပ်က များတော့ ထမင်းလည်း မစားတော့ပါဘူး။ အချိန်ကလည်း စောပါသေးတယ်။ နောင်ကြုံမှပဲ စားပါတော့မယ်"

"ကဲ . . . အဘကို ကန်တော့ကြမယ်။ တို့ရဲ့ ရတနာသိုက်ပိုင်ရှင် ကျေးဇူးရှင်"

"ထောင်မှူးကြီးကတော့ လုပ်ပြီ"

ကျွန်တော်တို့အားလုံး ထိုင်ကန်တော့တော့ အဘက ဆုပေးပါသည်။

"ကဲ . . . အားလုံး ကျန်းမာချမ်းသာကြပါစေ၊ ကျေးဇူးသိတတ်သူများဖြစ်ကြ၍ စိတ်သွားတိုင်း ကိုယ်ပါ၊ လိုရာဆန္ဒနဲ့ ပြည့်စုံကြပါစေ၊ အမြဲတမ်း ခရီးသွားနေကြသူများ ဖြစ်ကြ၍ အန္တရာယ်ကင်း ဘေးရှင်းကြပါစေ ရှာ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"





အားလုံးကို နှုတ်ဆက်ပြီး ကျွန်တော်တို့ တောခေါင်းကြီးအိမ်မှ ပြန်ထွက်တော့ မနက် (၈) နာရီခန့်သာ ရှိသေးသည်။ မြို့အထွက် မြို့သစ်ရွှေရောက်တော့ အဘဦးအောင်သန်း လက်ဖက်ရည်သောက်ရန် စက်ဘီးကလေးဖြင့် ထွက်လာသည်။ ကျွန်တော်တို့ ကားရပ်ပြီး နှုတ်ဆက်တော့ အတင်းသူ့အိမ်သို့ အလည်ခေါ်သည်။ မဝင်မကောင်းတတ်၍ ဝင်တော့ နွားနို့နှင့် မလိုင်လုံးများ ကျွေးသည်။ ဇီးယို၊ မန်ကျည်းသီးတော်ဖီများ လက်ဆောင်ပေးသည်။ ထို့ကြောင့် ကျွန်တော်ကလည်း ပုဏ္ဏားကို မျက်ရိပ်ပြ၍ မြတ်ချွန်းစုလက်ဆောင်အဖြစ် ငွေပုလဲ(၅)လုံးကို လက်ဆောင်ပေးခဲ့ပါသည်။

ကျွန်တော်တို့ အဘအား နှုတ်ဆက်ပြီး ဆက်ထွက်လာရာ ကြောင်ခန်းကုံးရွာမှတစ်ဆင့် အုန်းလက်ကောက်ရွာ ဘုန်းကြီးကျောင်းသို့ ဆင်းလာရာ ကျွန်တော် ဦးဆောင်၍ ပြုလုပ်ထားသော မြစိမ်းဘုရား၊ ရွာလမ်းမကြီးနှင့် ခေတ်မီကျေးရွာများကိုပြတော့ အောင်မြင့်ဒင်တို့ အလွန်အံ့ဩခြင်းသာကြသည်။ အုန်းလက်ကောက် ဆရာတော်ဘုရားကျောင်းတွင် ခေတ္တဝင်၍ မြတ်လက်ဆောင်ငှက်သိုက်နှင့် ကျောက်သွေး၊ စားစရာများ လှူဒါန်းသည်။ အောင်မြင့်ဒင်ဇနီးနှင့် နိုင်လတ်ဇနီးတို့က ငွေလှူဒါန်းကြသည်။ ဆရာတော်က နေ့လယ်စာ စီစဉ်ပေးသဖြင့် ဘုန်းကြီးကျောင်းတွင် အနားယူပြီး စားကြရသေးသည်။

စားပြီးသည်နှင့် ဆရာတော်အား နှုတ်ဆက်ကန်တော့ပြီး ကျွန်တော်တို့ စုပေါင်းဖောက်လုပ်ထားသည့် လမ်းမကြီးအတိုင်း ကားမောင်း၍ နို့တောင်ရွာ၊ မြောက်ရွာ၊ ကုန်းသာရွာ၊ ဇေယျာရွာတို့ကို ဖြတ်ကျော်ပြီး အမရပူရ လေယာဉ်ကွင်း အဝင်လမ်းမှထွက်၍ ဘဲလင်းကျောက်စခန်းဘက်မှ ကျောက်ဆည်မြို့ကို ဖြတ်ကာ မန္တလေးမြို့ကြီးဆီသို့ ဦးတည်မောင်းခဲ့ကြပါသည်။ ညက ခရီးသွားရင်းသာ မေးရသဖြင့် ခရီးသွားအဖွဲ့များ အိပ်ငိုက်၍ လိုက်ပါလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့ ၃၅ လမ်း၊ မမကြီးတို့အိမ်ရောက်တော့ ညနေစောင်းပါပြီ။ ခေတ္တနား၊ ရေမိုးချိုးပြီး ညနေချမ်းတွင် ခြံထဲ၌ စားသောက်ပွဲလုပ်ကြသည်။ ခရီးစဉ်ဆုံးပြီဖြစ်၍ ထိုညက မမကြီးတို့အိမ်ကြီးတွင် တဝစားသောက်ပြီး စောစီးစွာ အိပ်ရာဝင်ကြရာ အတုံးအရုံးပင်။ ကျွန်တော်တို့ အိမ်ရှင်များကတော့ မနက်ဖြန် ပြင်ဦးလွင် မိုးမခခြံကြီးသို့ သွား၍ အနားယူကြရန် အစီအစဉ်ဆွဲရသည်။

မမကြီး၏ အကြံပေးချက်အရ အောင်မြင့်ဒင်၏ဇနီး၊ နိုင်လတ်၏ဇနီး၊ မမကြီးနှင့် ယွန်းပွင့်စံတို့အတွက် အမှတ်တရ ဆင်တူရွှေပုလဲ နားကပ်တစ်ရံစီ ယွန်းပွင့်စံရွှေဆိုင်က လုပ်ပေးရန်၊ ကျွန်တော်တို့ ယောက်ျားများအတွက်လည်း ရွှေပုလဲတစ်လုံးစီ ကွပ်ထားသော ရွှေလက်စွပ်တစ်ကွင်းစီ လုပ်ပေးရန် မမကြီးအား အပ်ရသည်။ ကျွန်တော်တို့ အိပ်ရာဝင်သည်ထိ မမကြီးမှာ ဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်ဆဲဖြစ်သည်။

နောက်တစ်နေ့ မနက်တွင်လည်း ဧည့်သည်များ ခရီးပန်းကြ၍ မနက် (၉) နာရီခန့်မှ အိပ်ရာထကြသည်။ ကျွန်တော်နှင့် တပည့်များက နာမည်ကြီး မန္တလေးနန်းကြီးသုပ်များ ဝယ်၍ အသင့်စီစဉ်ထားရသည်။ ယွန်းပွင့်စံက ရွှေဆိုင်တစ်ဖက်နှင့် မမကြီးက ခရီးက ပြန်ရောက်စဖြစ်၍ မအားကြ။ မနေ့က ညကလည်း ကျွန်တော်တို့ ညစာစားပွဲအတွက် အရေးပေါ် ဝယ်ပေးရခြင်းဖြစ်ပါသည်။

မနက်စာ မန္တလေးနန်းကြီးသုပ်၊ ကော်ဖီ၊ လက်ဖက်ရည်ဖြင့် ဧည့်သည်များ နှစ်ခြိုက်ကြသဖြင့် တော်ပါသေးသည်။ ကျွန်တော်တို့ မန္တလေး (၃၅) လမ်းအိမ်မှ ထွက်လာကြတော့ မနက် (၁၀) နာရီတိတိ၊ ကျွန်တော်တို့ အောင်ပင်လယ်ကိုလွန်ပြီး ကျောက်မီးတာဆုံရောက်တော့ မမကြီးက တားရပ်ခိုင်းသည်။ ကျွန်တော်တို့ ဆရာတပည့်များ သဘောပေါက်ကြပါသည်။ မမကြီး အမှတ်တရ အကြော်စားရန်ဖြစ်သည်။ ဟိုစဉ်တုန်းက မမကြီး





က ဆီးသီးခြံပိုင်ရှင်ကျောက်ပွဲစား၊ ကျွန်တော်က အုန်းသုံးလုံးကျောင်းဆရာ။ ရှမ်းရွာကြီးဆိုသော ရွာတွင် ဆုံတွေ့ခဲ့ကြသည်။

တစ်နေ့ မမကြီး မန္တလေးသို့ အလုပ်ကိစ္စနှင့်ပြန်တော့ ကျွန်တော် စက်ဘီးဖြင့် ဤကျောက်မီးတာဆုံရွာသို့ လိုက်ပို့ပြီးကတည်းက မမကြီးဖြင့် လွဲခဲ့ခြင်းဖြစ်သည်။ ပြန်ဆုံတော့လည်း မမကြီး အိမ်ထောင်ကျပြီး ယွန်းပွင့်စံအားမွေး၍ ယောက်ျားဖြစ်သူ ကွယ်လွန်သွားမှ ကျွန်တော်နှင့် ဤနေရာ ကျောက်မီးတာဆုံရွာ အကြော်ဆိုင်တွင် ပြန်ဆုံကြခြင်းဖြစ်သည်။ ထို့ကြောင့် မမကြီးက ပြင်ဦးလွင်ဘက်သွားတိုင်း ဤရွာအကြော်ဆိုင်တွင် အမှတ်တရ အကြော်စားမြဲ။ အကြော်ကလည်း လတ်ဆတ်၍ ပဲဆီစစ်စစ်ဖြင့် ကြော်ထားသဖြင့် အလွန် စားကောင်းသည်။ အချဉ်ရည်ကလည်း ရေပ်ဆီမဟုတ်၊ မန်ကျည်းသီးမှည့်ကို ရေစိမ်၍ မန်ကျည်းရည်နှင့် ငံပြာရည်ကို နှံ့ပင် စပ်ထားသည်။

အကြော်စားပြီးတော့ ကျွန်တော်တို့ ပုဂံခေတ်က ရှမ်းမင်းသမီး တည်ထားခဲ့သော ဒုဋ္ဌဝတီမြစ်ကမ်းဘေးမှ ရွှေစာရံဘုရားကို ဝင်ဖူးကြသေးသည်။ ရွှေစာရံမှာ သည်ဘက်ခေတ်တွင် တောဘုရားမဟုတ်ပါ။ လွန်စွာ သပ္ပာယ်သည်။ ဘုရားဖူး အလှူငွေထည့်ပြီးတော့မှ ပြင်ဦးလွင်တောင်ဘက် ခရီးစကြပါသည်။ လမ်းများမှာ ယခင်လိုမကျဉ်း။ အချို့နေရာတွင် အပြန်လမ်း၊ အသွားလမ်း ၂ လမ်းဖောက်ထား၍ အန္တရာယ်မရှိတော့ပါ။ တောပြုန်းသွား၍ တောင်ခေါင်းတုံးများ ဖြစ်သွားသော်လည်း ပြင်ဦးလွင်က လှပဆဲပင်။ သို့သော် အအေးဓာတ်က (၂) မိုင်စခန်းရောက်သည်အထိ စိမ့်ခဲ မအေးတော့ပါ။ သို့သော် သာယာသော မြင်ကွင်းကြောင့် ဧည့်သည်များ နှစ်ခြိုက်ကြသည်။

အနီးစခန်း မိုးမခခြံနှင့် အိမ်ရောက်တော့ ပို၍ သဘောကျကြသည်။ မမကြီး ညကတည်းက ဖုန်းဆက်ထားသဖြင့် နေရာထိုင်ခင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စာ စားသောက်ရန် အဆင်သင့်ပြင်ဆင်ထားသည်။ အချိန်က (၁၂) နာရီ ကျော်ပါပြီ။ နေ့လယ်စာ အသင့်စားကြသည်။ နိုင်လတ်နှင့် အောင်မြင့်ဒင်တို့က ကျွန်တော့်စိတ်ကြိုက် ဆောက်ထားပြီး ညှိခန်းကျယ်ကြီးနှင့် အိပ်ခန်းပေါင်းများစွာ ပါဝင်သော ဟိုတယ်လိုအိမ်ကြီးကို သဘောကျကြသည်။ ကျွန်းသားများဖြစ်ကြသော အဘဦးလူခင်နှင့် ဂျလန်းကျွန်းရွာသူကြီးဦးလော်ကဲကတော့ ပြောဖွယ်မရှိ၊ အလွန် သဘောကျကြသည်။

ပြင်ဦးလွင် မိုးမခအိမ်ကြီး၌ တစ်ပတ်တိတိ အနားယူနေထိုင်ပြီးမှ ကျွန်တော်တို့ မန္တလေး ပြန်ဆင်းကြသည်။ မန္တလေး၊ စစ်ကိုင်း၊ အမရပူရတွင် ဘုရားစုံဖူးပြီးမှ ညသည့်များလေယာဉ်ဖြင့် ပြန်ကြသည်။ ကျွန်တော်တို့အဖွဲ့ အမှတ်တရလက်ဆောင်ပေးလိုက်သည်ကတော့ မမကြီး၏ ယွန်းပွင့်စံရွှေဆိုင်လက်ရာ အမျိုးသမီးများအတွက် ရွှေပုလဲနားကပ်တစ်ရံစီ၊ အမျိုးသားများအတွက် ရွှေရောင်ပုလဲကွပ်ထားသော လက်စွပ်တစ်ကွင်းစီ အမှတ်တရ ဖြစ်ပါတော့သတည်း။

စာဖတ်ပရိသတ်များကို အစဉ်လေးစားလျက်
ထောင်မှူးကြီးသိန်းဝင်း

